
www.burmeseclassic.com

# ခိုင်ဇော်သက်

## မိုး . . . ကြွေးတင်သလား



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၆၅/၂၀၀၄ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၆၈/၂၀၀၄ (၃)

တန်ဖိုး - ၂၃၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေသည့်ကာလ - ၂၀၀၄ ခုနှစ်၊ ဧပြီလ

မျက်နှာဖုံးပုံနှိပ် --------- ဦးတိုးဝင်း
(နေလရောင်အော့ဖ်ဆက်)
(၀၂၄၃၁) အမှတ် (၉၆/ခ)
(၁၁) လမ်း၊ ရန်ကုန်မြို့။


အတွင်းပုံနှိပ် ---------- ဦးဝင်းအောင်
သန်းထိုက်ရတနာပုံနှိပ်တိုက်
(၀၅၁၃၁) အမှတ် (၈၄/၈၆)၊
လမ်း (၅၀)၊ ၁ ရပ်ကွက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေတိုက်)
(၀၁၆၉၂)၊ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။



BURMESE CLASSIC

**ဒို့တာဝန်အရေး ၃ ပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

**နိုင်ငံရေးဦးတည်ချက် ၄ ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် ၄ ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် ၄ ရပ်**

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

ခိုင်ငြိမ်းသက်

# မိုး..ဖြိုးတစ်သလား

www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးဖွင့်ထားတဲ့ သီချင်းသံကကျယ်လောင်လွန်းပါလား၊ စိတ်ပျက်တယ်. . . အခန်းထဲမှာဝင်နေရပြန်တော့ ကြာရင်စိတ်ရှုပ်လာသလိုပါပဲ၊ အမှန်ဝန်ခံရရင် သည်အိမ်ကြီးကိုငြီးငွေ့နေပြီ၊ တစ်ယောက်တစ်မျိုးနှင့် နေချင်သလိုနေ ပျော်ချင်သလိုပျော်နှင့်. . .။

မာမီရှိတုန်းက မာမို့သံယောဇဉ်ကြောင့် မနေချင်ဘဲ နေရတယ်၊ အခုမာမီမရှိတော့ဘူး၊ တွယ်တာစရာ မရှိတော့ဘူးလို့ပြောရင် ဒက်ဒီစိတ်ဆိုးမလား. . . .။

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

မောင်နှမခုနှစ်ယောက်ရှိတာ ကျန်တဲ့ခြောက်ယောက်ကိုရော သံယောဇဉ်မရှိတော့ဘူးလား. . .။

အဖေဆိုတဲ့သံယောဇဉ်. . .

မောင်နှမဆိုတဲ့သံယောဇဉ်ရှိပါတယ်၊ ဒါပေမယ့် အနားမှာအတူနေပြီး တွယ်တာမနေချင်တော့။

ကျန်တဲ့အစ်မနှစ်ယောက် အစ်ကိုတစ်ယောက်ကလည်း အိမ်ထောင်ကျနေပြီ၊ အငယ်သုံးယောက်မှာလည်း အငယ်ဆုံးညီဝေဠုတစ်ယောက်နှင့် ကျွန်တော်ပဲကျန်တော့တာ၊ အိမ်ထောင်တွေကျနေပြီး အားလုံးဟာစုနေကြတယ်၊ ပြီးတော့. . ဒက်ဒီဆီက မခွဲရသေးတဲ့အမွေကိုမျှော်ကြတယ်. . . ယောက်ဖတွေကတစ်မျိုး မရီးကတစ်ဖုံ အမျိုးမျိုးသောလူတွေထဲမှာ ချစ်ခြင်းမေတ္တာထက် ငွေမျက်နှာကများနေသလိုပါပဲ။

"ကိုကို သည်မှာဘာထိုင်လုပ်နေလဲ"

"ဝေဠုပြန်လာတာစောလှချည်လား"

"ညဘက်ပြန်ထွက်မယ်လေ၊ သူငယ်ချင်းတွေနဲ့ ချိန်းပြီးသား"

"မင်းပဲကောင်းတယ်"

"ကိုကိုကမကောင်းရအောင် ဘာဖြစ်နေလို့လဲ"

"ငါမအေးချမ်းဘူး"





"မအေးချမ်းဘူး၊ ဘာဖြစ်နေလဲ သည်လောက်ပျော်စရာကောင်းတဲ့ဘဝမှာ ငွေလိုချင်ရင် ဒက်ဒီ့ဆီလက်ဖြန့်ရုံပဲ"

ဒက်ဒီ့ဆီလက်ဖြန့်ရုံတော့ ဟုတ်တာပေါ့၊ မောင်နှမတွေက လက်ဖြန့်ရုံတင်မဟုတ် လက်ထပ်ပြီးတဲ့လူတွေက ချွေးမသားမက်အကုန်လက်ဖြန့်ကြတာ။

"ငါ့မှာ ပြေးစရာမြေမရှိသလိုပဲ. . မာမီမရှိကတည်းက ငါမပျော်ဘူး. . "

"ဒါဆို သဘောလိုက်ပါလား. . ကျွန်တော့်သူငယ်ချင်း တင်အောင်လတ်တို့နဲ့စီစဉ်ပေးမယ်"

"ငါသဘောလိုက်ချင်ရင် အစောကြီးထဲက မောင်မောင်တို့နဲ့လိုက်မှာပေါ့၊ ငါလေ ငွေတွေကိုလောဘတကြီး မရှာချင်တော့ဘူး"

"ကိုကိုတော့ ရူးနေပြီ"

"အင်း. . ထင်တာပဲ"

ဝေဠုပြန်ဝင်သွားတော့ တစ်ယောက်တည်းထိုင်နေခဲ့မိတယ်၊ မာမီ့ကိုသတိရနေပါလား၊ မာမီကလည်းပြောဘူးပါတယ်၊ ငွေတွေသိပ်များလာတော့လည်း ဘာသုံးရမှန်းမသိဘူး မာမီဖြင့် ငွေတွေကြားမှာမပျော်ပါဘူးသားရယ်တဲ့၊ အခုမှ သူ့ကိုယ်ချင်းစာနေမိသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး. . . သတင်းစာပုံးထဲမှာ ကိုလေးနာမည်နဲ့ စာတစ်စောင်တွေ့တယ်"

"စာ. . ပေး ပေး"

ဘယ်ကစာပါလိမ့်. . . စာအိပ်ပေါ်ကလက်ရေး မြင်တာနှင့် ဝမ်းသာလိုက်တာ၊ အောင်ဝေရဲ့စာပါလား၊ အောင်ဝေ့ကိုမေ့နေပြီလို့ပဲဝန်ခံရမှာပါ၊ ဘာပဲပြောပြော ခုချိန်မှာတော့ အောင်ဝေ့ဆီကစာတစ်စောင်ရောက်လာတာဟာ ဝမ်းသာစရာပါပဲလေ. . .။

ဒကာကြီး သက်မင်းခိုင်. . .

ဘယ့်နှယ့်ဒကာကြီးဖြစ်သွားပါလိမ့်၊ လက်ရေးကတော့ အောင်ဝေ့ရဲ့လက်ရေးပါပဲ၊ ဆိုင်းထိုးထားတဲ့လက်ရေးကို ကြည့်တော့ ဦးဉတ္တမတဲ့. . ဘာတွေဖြစ်ကုန်ပါလိမ့်။

ဘာလို့မသိပါဘူး။

ခုတလော မင်းကိုသတိရနေတယ်။

အခု ငါဘုန်းကြီးဝတ်လိုက်ပြီ. . .။

ကျန်ခဲ့တဲ့နှစ်က ခဏတဖြုတ် ဒုလဘ္ဘဝတ်ရင်းက အေးချမ်းမှုကိုတွေ့ခဲ့တယ်၊ ဒါကြောင့် ပျော်သလောက် ဝတ်မယ်ဆို နေလာတာ. .။

အခုရက်မှာ မင်းကိုဘာလို့မှန်းမသိ သတိရ နေခဲ့တယ်. . .



ပြီးတော့ တစ်ခုအကူအညီတောင်းစရာလေးလည်း ရှိလာတယ်၊ ငါ့ရဲ့ကျောင်းမှာ မိဘမဲ့ကလေးတွေနဲ့ ကိုရင်လေး တွေတော်တော်များများနဲ့ အရွယ်စုံရှိကြတယ်၊ သူတို့ခမျာ စာမသင်ရရှာဘူး၊ ရွာမှာက မူလတန်းကျောင်း တက်ချင် ရင်တော့ ဆယ်မိုင်လောက်ဝေးတဲ့ရွာအထိသွားရတာ၊ သူတို့လေးတွေက မသွားနိုင်ကြရှာဘူးလေ၊ ဒါ့ကြောင့် စာသင်ပေးနိုင်မယ့်လူရှိရင် သိပ်ကောင်းမှာ၊ မင်းကို ခေါ်ချင်ပေမယ့် မင်းလိုငွေဆိုတာပူပင်စရာတစ်ကွက် မရှိတဲ့လူကလည်း ငါတို့ရွာလေးမှာနေနိုင်ပါ့မလား. . နေနိုင်မယ်ဆိုရင်တော့ ကူညီပါလား. . .။

နေမယ်. . .

နေမယ်. . .

သိပ်စဉ်းစားမနေတော့ဘူး. . .

ဘဝမှာ ခုချိန်ခံစားနေရတာ နေစရာမရှိသလို ပဲမို့. . အောင်ဝေ့ဆီပဲသွားမယ်။

ဟုတ်သေးပါဘူး. . .

ဦးပဉ္စင်း ဦးဉတ္တမဆီပဲသွားမယ်။

ပြေးစရာမြေရှိသွားပြီပဲပြောရမလား. . .။

* * * * * * * * * * *

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသား. . . သည်လောက်ဝေးတဲ့ရွာလေး တစ်ရွာမှာ မင်းသွားနေမယ်ဟုတ်လား. . . နေမှာက ဘုန်းကြီးကျောင်း၊ မင်းဟာက ဟုတ်ရောဟုတ်သေးရဲ့လား. . .၊ မင်းရူးတော့မရူးပါဘူးနော်”

ဒက်ဒီလိုပင် မျက်လုံးတော်တော်များများက ကြည့်နေကြတာ၊ ဒါပေမယ့် မောင်နှမတွေက ဘာမှမပြောပါဘူး၊ လက်ဖြန့်မယ့်လူတစ်ယောက်လျော့သွားရင် နည်းသလားလို့ပဲတွေးကြမှာပါ။

“ကျွန်တော် မာမီမရှိကတည်းကမပျော်ဘူး”

ဒက်ဒီကသူ့ကို စိတ်မှန်ရဲ့လားလို့ ကြည့်နေပုံရပါတယ်။

တစ်နေ့လာ လက်ဖြန့်ငွေတောင်း လျှောက်လည်ပြန်လာ။

တစ်နေ့လာ လက်ဖြန့်ငွေတောင်း လျှောက်လည်ပြန်လာ။

ကြာတော့ ငြီးငွေ့လာတာအမှန်ပါပဲ၊ ရင်ထဲက ခံစားမှုအစုစုကို ရင်ဖွင့်ဖို့ကလည်း နားထောင်ပေးတတ်သော မာမီမရှိတော့။

“အင်းလေ. . . မင်းသဘောပဲ ငွေလိုရင်တော့ အချိန်မရွေးမှာ. . . အနီးဆုံးမြို့ကဘဏ်တစ်ခုခုမှာ ငွေထားပေါ့”





“ရပါတယ် ဒက်ဒီ. . . ကျွန်တော်ဘုန်းကြီးကျောင်းမှာ နေမှာပါ။ ဘာမှကုန်စရာမရှိပါဘူး၊ လိုရင်မှာပါ့မယ်”

အဲလိုမပြောရင် ဒက်ဒီစိတ်မကောင်းဖြစ်မှာစိုးလို့ ငွေလိုရင်မှာပါမယ်သာပြောတာ. . . ရွာမှာနေရတာ အများကြီးငွေလိုမည်မထင်ပါ။

“အဲသည်ရွာမှာ မီးရှိရဲ့လား၊ မီးမရှိတဲ့ရွာမှာမနေချင်ပါဘူး”

မမလတ်ရဲ့အသံ. . . .

အလင်းရောင်ကိုတော့ လူတိုင်းတမ်းတတာပါပဲ၊ ဒါပေမယ့်. . . အေးမြတဲ့အလင်းရောင်မှကောင်းပါမည်၊ ရင်ထဲမှာတော့. . . မီး ရှိရှိမရှိရှိ ပျော်လိုပျော်ငြားသွားနေတော့မယ်။

“မောင်လေး. . . သန္တာနဲ့လက်ထပ်ဖို့ကရော”

“သန္တာ့ကိုကျွန်တော်မှမချစ်တာ. . . မာမီကသဘောတူထားလို့သာ မကောင်းတတ်လို့ ခင်ခင်မင်မင်နေတာ. . . သန္တာ့အတွက်လည်း ကျွန်တော်မရှိရင်ဘာမှမဖြစ်ပါဘူး”

“နင့်ဟယ်. . . မသွားလို့မဖြစ်ဘူးလား”

“မမကြီး ကျွန်တော်သွားမယ်”

ခုမှ သူ့ကိုမသွားစေချင်တဲ့မမကြီးကလည်း တစ်နေ့ကုန် ဖဲဝိုင်းတကာမှာနေပြီး သူရှိနေသည်ရှိမနေသည်ပင် သိဖော်



www.burmeseclassic.com

www.burmeseclassic.com



ရတာမဟုတ်ပါဘူး၊ သွားမယ်လို့ဆုံးဖြတ်ပြီးပြီ. . . ဘယ်သူ တားတားသွားကိုသွားမယ်။

"ဒက်ဒီ့ကိုပြောပြီးပြီဆို ကျွန်တော်ကားလက်မှတ် သွားဝယ်တော့မှာ"

"မင်း ကားကိုယူသွား. ."

"မယူဘူးဒက်ဒီ. . . ဟိုမှာဘယ်လိုအနေအထား ရှိမယ်ဆိုတာ မသိသေးဘူးလေ. . . လိုတာမှန်သမျှ ပြန်လာ ယူပါ့မယ်"

"အေး အေး"

အဲလိုပြောတော့ သဘောကျသွားပုံပါပဲ၊ လက်ဖက်ရည် ဝိုင်းမှာပြောပြီးတာနှင့် လိုမည်ထင်သမျှကိုဝယ်ဖို့ စဉ်းစားပါတယ်၊ အောင်ဝေ. . ဟုတ်သေးပါဘူး. . . ဦးဇင်းအပြောအရဆို သူတို့ ရွာလေးမှာ မူလတန်းကျောင်းတောင်မရှိတော့ စားစရာ သောက်စရာလည်း ပြည့်ပြည့်စုံစုံရှိမည်မထင်ပါ။ ပစ္စည်း တော်တော်များများ ဝယ်သွားချင်တယ်။

အရောက်လာခဲ့မည်လို့လည်း ဦးဇင်းဆီ စာပြန် လိုက်ပြီလေ။

ဘယ်ရယ်လို့မသိ။

ကြည်နူးစိတ်မရှိတော့သလောက် ဖြစ်နေသော စိတ်အစဉ်မှာ. . . ခုတော့ အတန်ငယ်ကြည်လင် ကြည်နူး သွားသလိုပါပဲ။





"သားရေ. . . သန္တာ့ဆီကဖုန်းလာတယ်"

"ဟုတ်ကဲ့"

တယ်လီဖုန်းကို ကိုင်လိုက်တယ်ဆိုရင်ပဲ. . .

"ကိုသက် ဘာအရှူးထတာလဲ. . . အဓိပ္ပာယ်မရှိ ဘာလို့ရွာမှာသွားနေမှာလဲ"

မြန်လှချည်လား. . .။

ရွာမှာသွားနေမယ့်ကိစ္စက ချက်ခြင်းသန္တာ့ဆီ ရောက်သွားပါလား. . .။

"ဆောရီးသန္တာ. . . လူဆိုတာ ကိုယ့်အတွေး ကိုယ့် ဆုံးဖြတ်ချက်နဲ့ကိုယ်ပေါ့. . . ရူးတယ်ထင်လဲ ရူးတယ်ပဲထားပါ"

"ကောင်းပြီလေ. . . ဒါဆိုလဲပြီးတာပဲ၊ ကိုယ့်လမ်းကိုယ် လျှောက်ကြတာပေါ့"

မာမီရှိတုန်းက မာမီစိတ်ချမ်းသာပါစေဆို ဘာမှ မပြောခဲ့တာ။

ခုတော့ မချစ်တဲ့သူနဲ့လည်း ဘဝခရီးကိုမလျှောက် ချင်ပါဘူး။

ပိုတောင်အေးချမ်းသွားသေးတယ်၊ သန္တာ့အတွက် လည်း သူလိုလူမရှိရင် ဘာမှမနစ်နာသွားပါဘူး. . .။

ဈေးသွားမယ်. . . လက်မှတ်ဝယ်မယ်၊ လိုချင်တာ တွေဝယ်မယ်. . ပြီးရင် ရွှေတိဂုံဘုရားသွားဖူးမယ်၊ မာမီနှင့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူထိုင်ပြီး စကားတွေပြောနေခဲ့ဘူးတဲ့ မာဗိုမွေးနံ့အငွေ့ကြည့်တောင်မှာ သွားထိုင်နေမယ်။

အခန်းလေးက ခုတော့လည်း လွမ်းဆွတ်စရာလိုလို။

"မပျော်ဘူးဆိုရင်တော့ အချိန်မရွေးပြန်လာပါ ကိုကိုရာ. . . ပျော်စရာကောင်းမယ့် နေရာတစ်နေရာရာကိုတော့ ကိုကိုနဲ့အတူ ကျွန်တော်လိုက်ရှာပေးပါ့မယ်"

ဧမြူကတော့ သည်သို့ပြောပါတယ်။

ပျော်မပျော်က ချက်ခြင်းပြောလို့ဘယ်ရပါ့မလဲ။

ငယ်ထဲက အတူနေခဲ့ဘူးတဲ့သူငယ်ချင်းတစ်ယောက်နှင့် နီးနီးကပ်ကပ်နေရရင်တော့ ဘာပဲပြောပြော စိတ်အေးချမ်းသာတော့ရှိနိုင်မည်ထင်ပါရဲ့. . . ။

* * * * * * * * * *

"ဆရာမ မိုးသိပ်ရွာနေတယ်၊ ရွှံ့တွေလည်း အရမ်းချော်နေပြီ ကျွန်တော်တို့ဆင်းလျှောက်ကြမယ်"

မြတ်ထွန်းလေးက စက်ဘီးကယ်ရီယာက ခုန်ချလိုက်ပါတယ်၊ နှစ်ယောက်လုံးလည်း ရွှဲနေပြီ၊ ကန်သင်းပေါင်ပေါ်မှာလည်း ရွှံ့တွေချွဲပြစ်လာပြီလေ၊ ရွာရောက်ဖို့ကလည်း သုံးမိုင်လောက်လိုသေးတယ်၊ လျှောက်ပေါ့. . . အိမ်ရောက်အောင်တော့ လမ်းလျှောက်ရလိမ့်မည်။





လှည်းလမ်းအထိ စက်ဘီးကိုတွန်းလာခဲ့ရတယ်။

မိုးကာပါပေမယ့်လည်း မိုးမလုံနိုင်။

"ဆရာမ. . . အတော်ပဲ အတော်ပဲ ဟိုးရှေ့မှာ ဦးသောင်းကြီးရဲ့လှည်းလာနေတယ်. . မြို့ကပြန်လာတာနေမှာ. . ကျွန်တော်တို့လိုက်သွားကြမယ်"

"အင်း. . . ဒါဆိုထားလိုက်လေ"

တကယ်တော့ တားစရာတောင်မလိုပါဘူး။

ကျွန်မတို့ကိုတွေ့တာနှင့် လှည်းကရပ်သွားပါပြီ၊ မိုးကလည်း အတန်ငယ်စဲစပြုနေပါတယ်။

"ဆရာမ. . လှည်းကြုံလိုက်ခဲ့ပါလား. . စက်ဘီးကိုတင်မလား၊ ကျွန်တော်ညည်သည်သွားကြိုတာ"

ဦးသောင်းကြီးက ညည်သည်ဆိုမှ. . . လှည်းပေါ်ကြည့်မိတာ၊ လှည်းကအမိုးပါတော့ ရုတ်တရက်မမြင်လိုက်၊ ညည်သည်အမျိုးသားက မိုးကာကိုခေါင်းစွပ်ပါခြုံထားတယ်၊ မိုးလည်းတော်တော်စဲပြီး ညည်သည်ပါနေတာမို့ လိုက်မသွားတော့ပါဘူး။

"ဦးလေးသောင်း မြတ်ထွန်းလေးကိုတင်ခေါ်သွားပေးပါ။ ကျွန်မဖြည်းဖြည်းပဲ ဘီးနင်းပြီးလိုက်တော့မယ်"

"ဆရာမ တစ်ယောက်တည်းဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ကလေးလိုက်သွား. . လိုက်သွား၊ တစ်ယောက်တည်းနင်းရတာဆိုတော့ သက်သာသွားပါပြီ၊ ရှံ့ထဲရုန်းနင်းရင်ရပါပြီ၊ ကလေးသာလိုက်သွားပါ"

မြတ်ထွန်းလေးကို လှည်းနှင့်တင်ပေးလိုက်ပါတယ်၊ တစ်ယောက်တည်း စက်ဘီးနင်းပြီးပြန်လာတယ်လေ၊ မိုးလည်းစဲပြီမို့ ခပ်ဖြည်းဖြည်းနင်းခဲ့ပါတယ်။

စပါးခင်းတွေကို ဖြတ်တိုက်လာတဲ့လေက မိုးလေလည်းဖြစ်ပြန် ကွင်းပြင်တွေဖြတ်လာသလို ကျွန်မကိုယ်တိုင်ကလည်း မိုးစိုနေတာကြောင့် အေးလာသလိုပါပဲ။

နှာချေလာတယ်။

နေမကောင်းလို့ မဖြစ်ပါဘူး။

ကျောင်းမှာက ဆရာမလေးယောက်ပဲရှိတယ်၊ မဝါက မီးဖွားနေတော့ ကျွန်မခွင့်ယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်၊ နေမကောင်းလည်း ကျောင်းတက်ရမယ်၊ မိုးကနေ့တိုင်းလိုမိနေတော့ အအေးမိပေါင်းလဲများပါပြီလေ။

ဒါပေမယ့် တစ်ခုတော်သေးတာ. . .

မနက်ဖြန် ဥပုဒ်နေ့။

တစ်ရက်တော့ နားခွင့်ရမယ်။

ဥပုဒ်နေ့ဆိုရင်တော့ ဘုန်းဘုန်းကျောင်းသွားရမယ်။

"ဟယ်. . . မမိုးအေး၊ မိုးတွေမိလာပြီ"





"ကြီးဒေါ်ပု. . . မိုးရွာထဲဘယ်လဲ"

"ညည်းဘကြီးက ပျားရည်လိုချင်လို့တဲ့၊ မစိန်နုတို့အိမ်သွားတောင်းမလို့"

ခြံဝင်းထဲထိ စက်ဘီးကိုစီးဝင်ခဲ့ပါတယ်။

"ဒေါ်လေး. . . ကျွန်မပြန်လာပြီ"

"မိုးအေးရေ. . . ဒေါ်လေးမီးဖိုထဲမှာ"

"လာမယ်ဒေါ်လေး. . . ကျွန်မ ရေချိုး အဝတ်လဲလိုက်ဦးမယ်"

"ရေချိုးရင်မြန်မြန်ချိုး မိုးအေး၊ မိုးအရမ်းအေးနေတယ်"

ဒေါ်လေးအသံကြောင့် ကျွန်မပြုံးရတယ်။

မိုးအလွန်အေးတဲ့အချိန်မွေးလို့ အဖေက ကျွန်မကို မိုးအေးလို့မှည့်ခဲ့တာပါ၊ ရေချိုးဖို့ ရေတွင်းဘက်ထွက်ခဲ့မိတယ်၊ ရေတွင်းက ဟိုဘက်အိမ်နဲ့ ကျွန်မတို့အိမ်ကြားထဲမှာရှိတယ်လေ။

"ဟဲ့ မိုးအေး. . . ခုမှပြန်ရောက်တာလား"

"နှင်းနု ဘာဟင်းတွေချက်နေလဲ၊ နင်က တင်မောင်သန့်အကြိုက် ဟင်းတွေချည်းချက်မနေနဲ့လေ. . . အမေကြိုက်တဲ့ဟင်းလည်း ချက်ပါဦး"

"မိုးအေးကတော့ ငါနဲ့အမေနဲ့ကို ရန်တိုက်ပေးလေပြီ၊ ငါက ငါ့ယောကျ်ားအကြိုက်လည်း ချက်ပါတယ်၊ အမေ့ဖို့လည်း အကြိုက်ချက်ပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းနုနဲ့သူ့ယောက်ျား တင်မောင်သန့်ဟာ ကျွန်မရဲ့ ငယ်သူငယ်ချင်းတွေပါ၊ တစ်ရွာတည်းအတူနေခဲ့တယ်၊ ကျောင်းအတူတက်ကြတယ်၊ တက္ကသိုလ်တက်ကြတော့ ကျွန်မနှင့် နှင်းနုက အဝေးသင်ပဲယူကြပြီး တင်မောင်သန့်က စိုက်ပျိုးရေး တက္ကသိုလ်သွားတယ်လေ၊ အခုတော့ စိုက်ပျိုးရေးမန်နေဂျာလေး ဖြစ်လာပြီ၊ နှင်းနုကတင်မောင်သန့်နှင့်လက်ထပ်ပြီး မျက်စေ့ မမြင်ရှာသော အမေ့ကိုပြုစုလို့ အလုပ်မလုပ်တော့ ပါဘူး။

ရေချိုးပြီး သနပ်ခါးလိမ်းနေတုန်း စိမ့်အေးလာတာမို့ အမြန်နွေးနွေးထွေးထွေးဝတ်ရတယ်။

"ဒေါ်လေး ဘာချက်နေလဲ"

"မိုးအေး. . ရော့. . ရေနွေးပူပူသောက် ဒေါ်လေး မုန့်လာချဉ်ရည်ချက်နေတာ၊ ဖိုးပုက ငါးလာပေးလို့"

"မွှေးနေတာပဲ. . . ဆာနေတာနဲ့အတော်ပါပဲ"

"ဖိုးပုက ငါးလာပို့တယ်လေ. . . ငါးကြော်ပြီးတော့ ဘုန်းဘုန်းကျောင်းသွားပို့မလို့တဲ့"

"မနက်ဆွမ်းပုဒ်မှ သွားပို့မှာမဟုတ်ဘူးလား"

"မဟုတ်ဘူး မိုးအေးရဲ့၊ သည်နေ့ညနေ ဘုန်းဘုန်း သူငယ်ချင်းတစ်ယောက် ရန်ကုန်ကရောက်မယ်ဆိုလို့တဲ့. . . အဲဒါ ဖိုးပုတို့အိမ်က ညှိသည်အတွက် ထမင်းဟင်းပို့မှာ. ."





ဟုတ်သားပဲ. . .

ဖိုးပုအဖေ ဦးလေးသောင်းတောင်မှ ဧည့်သည်ကို လှည်းနှင့်သွားကြိုတာ အခုမှသတိရတယ်။

"ဟုတ်တယ်ဒေါ်လေး. . ကျောင်းအပြန် ဦးလေးသောင်း လှည်းနဲ့ ဧည့်သည်ကိုကျွန်မတွေ့ခဲ့တယ်၊ မြတ်ထွန်းလေး ကိုတောင် အဲသည့်လှည်းပေါ်တင်ပေးလိုက်သေးတာ"

"ဘုန်းဘုန်းရဲ့ငယ်သူငယ်ချင်းလို့ပြောတာပဲ၊ အင်္ဂလိပ် စာအရမ်းတော်တယ်တဲ့၊ ကိုရင်လေးတွေ ကျောင်းသားလေး တွေကို စာသင်ပေးမယ်လည်းပြောတာပဲ"

"သူကကျောင်းဆရာလား"

"မဟုတ်ဘူး. . . ဘာအလုပ်မှမလုပ်ဘူး၊ အရမ်း ချမ်းသာတယ်ပြောတာပဲ. ."

အရမ်းချမ်းသာတယ်. . .။

အလုပ်မလုပ်ဘူးတဲ့. . . ဒါဆိုရင်တော့ မကောင်းဘူး၊ သိပ်ချမ်းသာတဲ့လူက ကျွန်မတို့ရွာလေးမှာ ပျော်မှာလား. . .၊ ကြာကြာနေမှာတဲ့လား၊ မဖြစ်နိုင်ပါဘူးလေ၊ ဘုန်းဘုန်း သူငယ်ချင်းမို့သာ ခဏလာလည်တာဖြစ်ပါလိမ့်မယ်။

"ဒေါ်လေး ထမင်းစားရအောင်"

ငါးနှင့်မုန့်လာချဉ်ရည်ဟင်းပူပူလေးက မွှေးကြိုင်နေ ပါပြီ၊ ဒေါ်လေးနှင့်ထမင်းအတူ ကျူမြင်ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးအေးရေ. . . ငါ ငှက်ပျောတစ်ဖီးလာပို့တာ. . . ကို ယူလာလို့. ."

"ဝင်လေဟယ်. . ."

"မဝင်တော့ဘူး. . . အမေထမင်းစားတော့မှာမို့"

နှင်းနုဆီက ငှက်ပျောဖီးကို လှမ်းယူလိုက်တယ်၊ ဒေါ်လေးက အမေ့အတွက်ဆို ချဉ်ရည်ဟင်းတစ်ခွက် ထည့်ပေးလိုက်ပါတယ်၊ နှင်းနုထွက်သွားတော့မှ ဒေါ်လေးက ဘာပြောသလဲဆို. . .။

"နှင်းနုတောင် ကိုယ်ဝန်ရှိနေပြီ မိုးအေးရေ. . . ညည်းကတော့ ခုထိအိမ်ထောင်ပြုဖို့မစဉ်းစားဘူးလားတဲ့. . ."

အိမ်ထောင်ပြုဖို့တဲ့. . .။

ဘယ်မှာလဲချစ်သူ. . ဘယ်မှာလဲအချစ်. . .။

မြားနတ်မောင် အိပ်ပျော်နေသလားကွယ်. . .။

* * * * * * * * * * *

"ဦးဇင်းစာရတော့ အရမ်းပျော်သွားတယ်. . . တစ်နေ့တစ်နေ့ငြိုးငွေ့နေတာပါပဲ၊ ဒါပေမယ့်. . . သည်မှာလဲ ပျော်နိုင်မလား. . ဘာကိုမှမသေချာပါဘူး၊ ပျော်စရာနေရာ မရှိသလိုပါပဲ"





"အဲဒါ မင်းအလုပ်မှမလုပ်တာပဲ သက်မင်းခိုင်ရာ"

ဦးဇင်းနှင့်စကားပြောရတာ ရှုတ်တရက်အဆင်မပြေ။

အရင်လို မင်းတွေငါတွေနှင့်ကလည်း ပြောလို့မဖြစ်။

ဦးဇင်းလို့သာခေါ်နေ ကျွန်တော်လဲပြောမရတော့ တပည့်တော်လို့ပြောရတယ်၊ ဦးဇင်းကတော့ သက်မင်းခိုင် လို့ပဲခေါ်ပါတယ်။

"မင်းသည်မှာပျော်သရလောက်တော့နေပါ. . ၊ မပျော် တော့လည်းပြန်ပေါ့ကွာ၊ ကလေးတွေစာသင်. . ရွာမှာလျှောက် လည်ပေါ့"

"တင်ပါ့. . ကောင်းတာပေါ့ ဘုရား"

"ဖော်ကြီး. . ဖော်ကြီး"

"ဘုရား. ."

"သက်မင်းခိုင်ကို ရွာထဲလိုက်ပြ၊ ပျော်အောင် မင်းဂရုစိုက်၊ ပြီးတော့ စာသင်ခိုင်း"

"ဟုတ်ကဲ့"

မိုးကလည်းရွာ. . . .

ဘုန်းကြီးကျောင်းဝင်းကြီးကလည်း အကျယ်ကြီး၊ ချက်ခြင်းတော့ဘယ်မှမသွားချင်၊ ဖော်ကြီးနှင့်အတူ နေရမည့် နေရာကိုလိုက်ခဲ့တယ်၊ ဦးဇင်းကတော့ မနက်ဖြန်ဥပုဒ်

www.burmeseclassic.com



တရားပွဲအတွက် လူကြီးနှစ်ယောက်နှင့် စကားပြောကျန်ခဲ့တယ်လေ။

"အစ်ကိုက ဘုန်းဘုန်းအနားမှာမနေဘူးလား"

"ဟာ. . အရင်ကသူငယ်ချင်း၊ အခုက ဦးဇင်းဆိုတော့ စကားပြောတာအမှားပါရင် ငရဲကြီးမှာလည်းစိုးပါတယ်၊ အတူလည်းမနေရဲပါဘူး၊ မင်းနဲ့နေမယ်ဇော်ကြီးရာ"

"ကျွန်တော်က သည်အခန်းမှာနေတာ၊ ဘုန်းဘုန်းက သည်အခန်းမှာ လှူသမျှ သစ်သီးတွေ မုန့်တွေသိမ်းတာဆိုတော့ စားချင်ရင်စားလို့ရတယ်၊ ဆွမ်းတော်တင်ဖို့နဲ့ ဘုန်းဘုန်းဖို့ ဦးဖယ်ထားပြီးသား အားလုံးဟာ ကျွန်တော့်အတွက် စားခွင့်ရတယ်"

တယ်ဟုတ်ပါလား. . . .။

ဇော်ကြီးကြည့်ရတာ ပျော်တတ်ပြီး သဘောကောင်းပုံပါပဲ။

"ငါလည်း သည်မှာပဲနေမယ်"

ဘုန်းကြီးကျောင်းမှာမီးစက်တော့ရှိသားလား။ ဒါပေမယ့် အရေးကြီးတဲ့အခါမှ မီးစက်ဖွင့်သတဲ့လေ၊ မဟုတ်ရင်တော့ မီးအိမ်နဲ့ပဲ နေကြသတဲ့။

မိုးကလည်း ကောင်းလွန်းပါတယ်. . .။





ပိတ်ထားတဲ့ ပြတင်းတံခါးကို ဖွင့်ကြည့်လိုက်တယ်. . . ရုတ်တရက်မို့ ကိုယ့်ဆီဝင်လာတဲ့ ပိတောက်ကိုင်းတွေကြောင့် လန့်တောင်လန့်တယ်. . . ပိတောက်ပင်ကြီးက ကျောင်းခန်းထဲတောင် ဝင်နေပြီ. . .။

ပတ်ဝန်းကျင်က စိမ်းစိုနေတာပါပဲ. . .။

"အစ်ကို ထမင်းစားမယ်. . ."

"အေး. . . လာပြီ"

ဇော်ကြီးနှင့်အတူ ထမင်းစားတဲ့အခန်းဆီ လိုက်ခဲ့တယ်. . . ကိုရင်လေးတွေက ဘုရားစာတွေရွတ်နေကြပြီပဲ. . ထမင်းစားတဲ့အခန်းကြီးထဲမှာ ကျောင်းသားလေးတွေ ဆယ်ယောက်လောက်ရှိမယ်. . .

"ထိုင်လေ. . . အစ်ကို"

တစ်ယောက်ချင်းနာမည်တွေတော့ ဇော်ကြီးက ရွတ်ပြပါတယ်. . . အကုန်မမှတ်မိ. . .။

စိန်ကတုံးလို့ပြောတဲ့ ကတုံးလေးက ရယ်ကျဲကျဲပြုံးပြတဲ့အခါ ကျိုးနေတဲ့သွားလေးတွေကြောင့် ရယ်စရာလေးဖြစ်နေလို့ သဘောကျစွာ စိန်ကတုံးကို မှတ်မိသွားပါတယ်. . .။

"အစ်ကို. . . သူက ဖိုးပု၊ နေ့ခင်းက အစ်ကိုလာတော့ လှည်းနဲ့လာကြိုတဲ့ ဘကြီးသောင်းရဲ့သား. . . ဖိုးပုက ဖိုးဖက်ရွာ မူလတန်းကျောင်းမှာ ကျောင်းတက်တယ်. . . သေးတန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . ."

"ငါးကြော်နဲ့ ထမင်းဟင်းတွေ ဖိုးပုတို့အိမ်က အစ်ကိုလာမယ်ဆိုလို့ လာပို့တာ. . ."

"အားနာစရာကွာ. . ."

"အားမနာရပါဘူး. . . စား. . . အစ်ကို"

ထမင်းကလည်း စားလို့ကောင်းလိုက်တာ. . . ကားစီးရ၊ လှည်းစီးရနဲ့မို့ ပင်ပန်းနေတာလည်း ပါမယ်ထင်ပါရဲ့ ထမင်းစားရင်းတောင် အိပ်ချင်နေတယ်. . . ဦးဇင်းက ညီ့သည်တွေပြန်ရင် တရားထိုင်တော့မှာတဲ့. . .။

"ဖော်ကြီး ကျောင်းမတက်ဘူးလား. . ."

"ကျွန်တော် ရှစ်တန်းမှာ အဖေကပိုးထိလို့ ဆုံးတယ် အစ်ကို၊ အမေက ကျွန်တော်သုံးတန်းထဲကဆုံးတာ. . . အဖေက မဆုံးခင်တဖွဖွ ဘုန်းဘုန်းနဲ့နေပါဆို အပ်ခဲ့တယ်. . . ဘုန်းဘုန်းက စာဆက်သင်စေချင်ပေမယ့် ရှစ်တန်းဆိုတာ မြို့ထိတက်ရမှာ စရိတ်များလွန်းနေပြီ. . . မသင်တော့ပါဘူး အစ်ကိုရယ်. . ."

"မင်းမှာ စာသင်ချင်စိတ်ကို မရှိတော့တာလား"

"သည်လိုတော့လည်း မဟုတ်ပါဘူး. . . သင်ချင်ပါတယ်။ ဒါပေမယ့် အစ်ကိုရယ် ကျွန်တော့်ကြောင့် ဘုန်းဘုန်းခမျာ အလှူရှင်လိုက်ရှာရမှာ. . . ဘယ်သူမှ





ဒုက္ခမပေးချင်ပါဘူး. . . ရွာမှာဆို ဟိုဘက်မူလတန်းကျောင်းထိ သွားတက်တဲ့ကလေး ရှားမှရှားပါပဲ. . .။ ကျွန်တော်တို့ရွာမှာတော့ ဘုန်းဘုန်းရယ်၊ ကိုတင်မောင်သန့်ရယ်၊ မနှင်းနုရယ်၊ မမိုးအေးရယ်၊ ကိုချိုဖုံရယ်ပဲ ဘွဲ့ရတာရှိတယ်. . .။ တစ်ချို့က ဆယ်တန်းလောက်၊ ရှစ်တန်းလောက်နဲ့ ထွက်ကြတယ်. . .။ ကြီးဒေါ်ခင်ရဲ့သား ကိုဝင်းယှိုင် ဆိုတာကတော့ တကယ့်စံပြပါပဲ အစ်ကိုရာ. . . ဆရာဝန်ဖြစ်သွားတယ်. . . အခုတော့ တာဝန်နဲ့ ချင်းတောင်မှာရောက်နေတယ်"

"ဪ. . . ဟုတ်လား"

ဖော်ကြီးနဲ့နေရတာ ကောင်းပါတယ်၊ တစ်ရွာလုံးအကြောင်း အကုန်သိရတာပေါ့လေ၊ ထမင်းစားပြီးတော့ အိပ်ချင်လာသလိုပါပဲ. . ဖော်ကြီးခင်းပေးတဲ့အိပ်ယာပေါ်မှာ ကျောဆန့်ရင်း နေမိတယ်. . .။

တံခါးဖွင့်ထားတော့ ပိတောက်ရွက်တွေက အခန်းထဲ ဝင်နေတော့တယ်၊ လေဝှေ့ရင် ပိတောက်ရွက်တွေ ဖျတ်ဖျတ် လူးလိမ့်ခါနေတော့တာပါပဲလား. . အမှောင် တဖြည်းဖြည်း ကြီးစိုးလာနေပြီ. . .။

မျက်ဝန်းတွေကလည်း စင်းနေပေါ့. . .

"သက်မင်းခိုင် အိပ်နေလား. . ."

"တင်ပါ့. . . အိပ်နေပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းကို ဇော်ကြီးပြန်ဖြေနေသံ ကြားရပါတယ်. . .။ ပြန်ပြောဖို့အတွက် နှုတ်ခမ်းတွေကို ဖွင့်နိုင်စွမ်း မရှိတော့တာမို့ ဆက်အိပ်နေလိုက်ပါတယ်. . .။

"ငါ့သူငယ်ချင်းကို ဂရုစိုက်ပါဇော်ကြီး. . . သူက ငွေပဲပြည့်စုံတာ မေတ္တာမပြည့်စုံခဲ့ရှာပါဘူး. . . ဂရုစိုက် ကြားလား. . ."

ဦးဇင်းရဲ့ စေတနာလို့ သိပါတယ်. . .။

ဟုတ်ပါလား. . . ငါဟာ ငွေပဲပြည့်စုံခဲ့တာ။ မာမီကတော့ ငါ့ကိုချစ်ပါတယ် ဒါပေမယ့်. . . ခုချိန်မာမီလည်း မရှိတော့ပါဘူး. . .။

* * * * * * * * * * *

"မိုးအေးရေ. . . သည်မှာဆွမ်းချိုင့်"

"ဒေါ်လေးပါမလာတာတော့ ဘုန်းဘုန်းက မေးတော့မှာပါပဲ. . ."

"ငါ့ခြေထောက်ကြီးလည်း ကြည့်ဦးမှပေါ့ဟယ်။ ပြောလိုက်ပါ. . . ခြေထောက်သက်သာတာနဲ့ သက်သာ ချင်းလာခဲ့ပါမယ်လို့ ကျောင်းကိုမလာနိုင်ပေမယ့် အိမ်မှာ ဥပုဒ်စောင့်နေပါတယ်လို့ ပြောပါ. . ."



"မနက်ဖြန်ဆို ဘုန်းဘုန်းလည်း ဆွမ်းခံကြွမှာပဲ ဒေါ်လေးရယ်. . ."

ဘုန်းဘုန်းက ဥပုဒ်တစ်ရက်မှာတော့ တရားနာမယ့် သူတွေ တရားပေးရမှာရှိလို့ ဆွမ်းခံမကြွပါဘူး. . .။ ကျန်တဲ့ ရက်တွေမှာတော့ မိုးရွာရွာ၊ နေပူပူ ဆွမ်းခံကြွပါတယ်။ ဒေါ်လေး ပြင်ပေးတဲ့ဆွမ်းချိုင့်ကိုယူပြီး ထွက်လာခဲ့ပါတယ်. . .။

"အပျိုကြီးကတော့ ဘုန်းဘုန်းကျောင်း သွားနိုင်တာ ပေါ့ဟယ် ငါတို့ကတော့ သား . . . တွေနဲ့. . . ဥပုဒ်လည်းမစောင့်နိုင်ပါဘူး. . ."

"နှင်းနုရေ. . . ငါလည်းအစာအိမ်ပြန် . . . လို့ ဥပုဒ် မစောင့်နိုင်ပါဘူးဟယ် ဒေါ်လေးက ဘုန်းဘုန်းဆီ ဆွမ်းချိုင့် ပို့ခိုင်းလို့ပါ. . . ဘုန်းဘုန်းကြိုက်တဲ့ ငါးဖယ်သုတ်ကလေး လည်းပါတယ်. . . ငါ့လို လွတ်လွတ်လပ်လပ်နေချင်ရင် အပျိုကြီးလုပ်ပါလားဟဲ့. . . သွားမယ်"

စက်ဘီးတော့ ယူမလာခဲ့။

ဆွမ်းချိုင့်တစ်ဖက်နှင့် စက်ဘီးစီးရင် ဂရုစိုက်နေရမှာမို့ လမ်းလျှောက်လာခဲ့ပါတယ်. . .။

"မမိုးအေး. . . ကျောင်းပိတ်လို့ ဥပုဒ်စောင့်လား"

"အစာအိမ်ဖြစ်နေတယ်ဒေါ်ဒေါ် ဥပုဒ်စောင့် နိုင်ပါဘူး. . . ဆွမ်းချိုင့်သွားပို့ရုံလေးပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ညည်းဦးကြီးကတော့ သွားနှင့်ပြီ..."

ဘုန်းဘုန်းကျောင်းက ရွာပြင်ထိ တော်တော် လျှောက်ရပါတယ်။ ချောင်းကလေးကို ဖြတ်တဲ့နေရာမှာ ခင်းထားတဲ့ဝါးတံတား ကလေးကိုမြင်တော့ ကြည်နူးမိပါတယ်။ ကျွန်မနှင့်တံတားလေးတစ်ခုဖြစ်လာဖို့ တပည့်လေးတွေစုပြီး ခင်းထားကြတာပါ...။

အခုတော့ ဝါးလေးတွေပင် အတော်ဆွေးစပြုနေပါပြီ...။ မိုးကလည်း သည်းလွန်းတာကိုး... တစ်ခါတစ်ခါ ချောင်းရေက ဝါးတံတားလေးကိုပင် ကျော်ဖြတ်သွားတတ်တာကိုး...။ ဝါးလေးတွေက ဆွေးလာတာ ဘာဆန်းသလည်း။ တစ်ခါတစ်ရံမှာတော့ သစ်သားတံတားလေးတစ်ခုလောက် ကောင်းကောင်းဆောက်ချင်မိပါတယ်...။

ဘုန်းဘုန်းကျောင်းကတော့ သစ်ရိပ်ဝါးရိပ်တွေနှင့် အေးချမ်းနေပါတယ်။ မိုးကြောင့်လည်း သစ်ပင်ကြီးတွေဟာ စိမ်းညို့ပြီး အမှောင်ရိပ်တောင် ကြီးစိုးနေသလိုပါပဲ။

"မမ"

"စိန်ကတိုး... အပေါ်ထပ်မှာ တရားနာနေကြပြီလား။ ဘုန်းဘုန်းတရားပေးနေပြီလား... မမ ဆွမ်းစားဆောင်ကို အရင်သွားမယ်... ဘယ်သူရှိလဲ"

"ကိုဇော်ကြီးတို့ရှိတယ်..."





"အေး...အေး"

အရှေ့ဖက်အဆောင်မှာတော့ တရားပေးနေပြီထင်ပါရဲ့... ဆွမ်းစားဆောင်ဖက်ကို ကွေ့ပတ်ဝင်လာခဲ့ပါတယ်... အခန်းထဲမှာတော့ ဘာဟင်းတွေချက်နေသည်မသိ မီးခိုးတွေအူနေတယ်လေ...။

"ဇော်ကြီး..."

"ဆရာမအေးလား... ကျွန်တော်ရှိပါတယ်..."

ဇော်ကြီးအသံကြောင့် အခန်းထဲဝင်လိုက်တာ မျက်ဝန်းတစ်စုံနှင့် တည့်တည့်တွေ့ပါတော့တယ်...။

"ဆရာမအေး... ဒါက ဘုန်းဘုန်းသူငယ်ချင်း အစ်ကို သက်မင်းခိုင်.. အစ်ကို ဆရာမအေးက ကျွန်တော်မှူလတန်းတုန်းကတည်း ဆရာမ..."

"ကျွန်မ မမိုးအေးပါ..."

"ကျွန်တော် သက်မင်းခိုင်ပါ..."

တရားပွဲပြီးတာနဲ့ ဆွမ်းစားမှာမို့ရော၊ ညီသည်လူကြီးတွေရော စားကြမှာမို့ ထမင်းဝိုင်းက ငါးဝိုင်း၊ ခြောက်ဝိုင်းမက ပြင်ရမှာ။

"စားပွဲခုံတွေ ခင်းကြရအောင်လား... ဇော်ကြီး"

"ခင်းမယ်ဆရာမအေး။ ဆရာမနေပါ... ကျွန်တော်နဲ့ ဘလေးတွေခင်းပါမယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ငါလည်းကူခင်းမှာပေါ့ ဖော်ကြီးရဲ့. ."

ဆွမ်းစားဆောင်မှာ စားပွဲတွေခင်းကြရတယ်. . . ကိုသက်မင်းနိုင်ဆိုတဲ့လူက. . . ခုလိုတော့လည်း ကူညီတတ်သားပဲ။ စားပွဲတွေဝိုင်းခင်းတယ်. . . ဝတ်ထားတဲ့ ဆိပ်ခွန်ပုဆိုးအစိမ်းလေးနဲ့ မီးခိုးရောင်အင်္ကျီလေးကလည်း တန်ဖိုးကြီးမှန်း သိသာပါတယ်. . .

"ဘယ်ဝိုင်းမှာ ထမင်းဟင်းတွေဘယ်လိုပြင်ရမလဲ ဖော်ကြီး"

"အစ်ကိုက ထမင်းပန်းကန်၊ ဟင်းပန်းကန်တွေ လိုက်ချပေး. . . ဟင်းတွေ ပြင်ဆင်တာကတော့ ဆရာမအေးက ဟိုဘက်ခန်းကတည်းက ပြင်နေကြပါ. . ."

"အေး. . . အေး"

"ဟိုနေ့က လမ်းမှာဆရာမအေးနဲ့ ဆုံတယ်ထင်တယ်"

ကိုသက်မင်းနိုင်က ဖော်ကြီးခေါ်သလို ဆရာမအေးတဲ့. . . ဒါကြောင့်မို့"

"မိုးအေးကို မိုးအေးလို့ပဲခေါ်ပါ. . . မမိုးအေးလို့လည်းမခေါ်ပါနဲ့။ ခင်မင်မှုနဲ့ မိုးအေးပဲခေါ်ပါ"

"ကောင်းပါပြီ မိုးအေး"

"ကျွန်မ ဟိုဖက်ရွာမှာ ကျောင်းဆရာမပါ. . . နေ့နဲ့လှမ်းတော့ စက်ဘီးနဲ့သွားပါတယ်. . ."





"သည်ရွာမှာ အနည်းဆုံးမူလတန်းကျောင်းလေး တစ်ကျောင်း ရှိသင့်ပါတယ်ဗျာ. . . မြေနေရာဆိုလည်း ဘုန်းဘုန်းကျောင်းဝန်း အကျယ်ကြီးပဲဟာ. . . ကျောင်းတစ်ကျောင်းရဖို့ ဘယ်ကိုလျှောက်ရမလဲ. . ."

"ဒါကတော့ ကိုသက်မင်းနိုင်ရယ်. . . မြေနေရာရှိပါပြီ။ ကျောင်းဆောက်ဖို့ ငွေလိုတယ်. . . ကျောင်းတစ်ကျောင်း ခွင့်ပြုချက်ရပြန်တော့ လာသင်ဖို့ ဆရာ၊ ဆရာမက အစပေါ့. . . အားလုံးကို ငွေအရင်လိုလာမယ်. . . ရပ်ရွာလူကြီးတွေက အလှူခံဦးတော့. . . ကျွန်မတို့ရွာမှာ သိပ်ပြည့်စုံတဲ့လူမရှိလှပါဘူး. . . ကျွန်မတို့ရွာလေးတွေမှာ စေတနာပြည့်စုံပေမယ့် ငွေမပြည့်စုံပါဘူး. . ."

"ဪ. . ."

"စားဝတ်နေရေးလုံးပန်းနေရလို့ တစ်ချို့ကလေးတွေက လေးတန်းလောက်ပဲသင်ပြီး ကျောင်းထွက်ကြရတယ်. . . တစ်ချို့ဆို ဟိုဘက်ရွာတောင် လိုက်မသင်နိုင်ရှာပါဘူး. . ."

"ဪ. . . ဟုတ်လား"

ဘုန်းဘုန်းနဲ့လူကြီးတွေ ဆွမ်းစားကြတဲ့အခါမှာ သူကဘုန်းဘုန်းနားမှာ ယပ်တောင်တစ်ချောင်းနဲ့ခပ်ရင်း ဘာတွေပြောနေသည်မသိ. . .။

"မမိုးအေး. . . ဝင်စားပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မစားတော့ဘူးကိုပုညႉ . . အိမ်ပြန်ရောက်မှပဲ ဒေါ်လေးနဲ့စားတော့မယ်ႉ . ."

ထမင်းဝိုင်းတွေပြန်သိမ်းပြီးပြီဆိုရင်တော့ အိမ်ပြန်မယ်လေႉ . . ဒေါ်လေးကတော့ ထမင်းစားစောင့်ချင်မှ စောင့်မှာပါ။ ဒေါ်ကြီးစိန်တို့ဝိုင်းဘေးမှာထိုင်ပြီး ထမင်းလိုက်ဖြည့်ပေးနေမိတယ်ႉ . . ဟင်းတွေကတော့ အမိက ငါးပိရည်တို့စရာပါပဲ။ ပဲပြုတ်ကြော် တစ်ခွက်၊ မျှစ်ဟင်းနဲ့ ငါးကြော်ပဲပါပါတယ်။ ဒါတောင် တစ်ခါတစ်ခါ ငါးကြော် မပါပါဘူး။ ရွာမှာက ငါးတော့ပေါပါတယ်ႉ . . ငါးဟင်းပဲ အချက်များကြတာႉ . .။

"မိုးအေးႉ . . ဘုန်းဘုန်းခေါ်နေတယ်"

ဘုန်းဘုန်းကို ကန်တော့ပြီး အနားမှာထိုင်ရပြန်ပါတယ်။

"မကျင်ဥရောႉ . . မိုးအေး"

"ဒေါ်လေး ခြေထောက်အရမ်းရောင်နေလို့ ဘုန်းဘုန်းႉ . . အိမ်မှာတော့ ဥပုဒ်စောင့်ပါတယ်"

"နင့်ဖို့ နွယ်ချိုဆေးပေါ်ထားတာရှိတယ် ဇော်ကြီးဆီမှာ တောင်းယူသွား ဆေးသောက် သက်သာရင် ဥပုဒ်စောင့်ဦး ကျန်းမာရေးဂရုစိုက်ႉ . . လူကမကျန်းမာရင် တစ်ခြားဘာ အလုပ်မှမလုပ်နိုင်တော့ဘူးႉ . . မိုးအေးက တပည့်တွေအပေါ် စိတ်နှစ်လွန်းတယ်ႉ . . ကိုယ့်ကျန်းမာရေးလည်းဂရုစိုက်"





"ဟုတ်ကဲ့ ဘုန်းဘုန်း"

တစ်ကယ်ဆို ဘုန်းဘုန်းကို ဦးဇင်းမဝတ်ခင် ကိုအောင်ဝေ ဘဝထဲကခင်တာပါ။ ဘုန်းဘုန်း ကိုအောင်ဝေ အချိန်က ကျွန်မတို့ထက်အတန်းကြီးပါတယ်ႉ . . ဘုန်းဘုန်း ဘွဲ့ရတဲ့နှစ်မှာမှ ကျွန်မက ဆယ်တန်းအောင်တာပါႉ . .။

"သက်မင်းခိုင်ကို မိုးအေးနဲ့ဇော်ကြီးလက်ထဲအပ်ရမှာပဲႉ . . မင်းတို့နှစ်ယောက် သက်မင်းခိုင်ကို ပျော်အောင် လျှောက်ပို့ပေးပါဟာႉ . . ဖြစ်နိုင်ရင်ငါက ငါ့သူငယ်ချင်းကို ရွာမှာတစ်သက်လုံးပျော်စေချင်တာႉ . ."

ဘုန်းဘုန်းအပြောကြောင့် ကိုသက်မင်းခိုင် ရယ်နေပါတယ်၊ သည်လိုလူက ရွာမှာတစ်သက်လုံးပျော်မတဲ့လားႉ . . ကျွန်မကတော့ မထင်ပါဘူးႉ . . အလွန်ဆုံးတစ်လ၊ နှစ်လဆို ပျင်းလာမှာပါလေႉ . . ကြည့်ကြည့်ရဦးတော့မှာပေါ့ႉ . .

* * * * * * * * * * * *

www.burmeseclassic.com



"ဖော်ကြီးကတော့လေ. . . ဆရာမအိမ်ကြမှစားပါ
မယ်ဆို"

"စားပါဆရာမအေးရဲ. . . ဘုန်းဘုန်းကိုယ်တိုင်က
ဆရာမအေးကိုပါ အစ်ကိုတို့ ကျွန်တော်တို့နဲ့အတူ ထမင်း
ဝင်စားခိုင်းလို့ ပြောတာပါ. . . ပြင်ပြီးနေပြီပဲ စားပါ"

ထမင်းဝိုင်းက ပြင်ပြီးနေပါပြီ. . .

ဒါကြောင့် မိုးအေးပါ အတူဝင်စားပါတယ်. . .

မိုးအေးကိုမြင်ရတာ အေးချမ်းလွန်းသလိုပါပဲ၊ သနပ်ခါး
ထူထူလေးလိမ်းပြီး ဆံပင်ကို ဆံတုံးလေးထုံးထားတယ်၊ စံပယ်
ကုံးလေးက ဆံနွယ်မှာခိုတွယ်ပြီး မွှေးပျံ့နေတာပါပဲ. . .

"အစ်ကို. . . ငါးကြော်စားလေ။ အရိုးတော့စူးမယ်"

"ငါ. . . ကလေးမဟုတ်ပါဘူးဖော်ကြီးရာ. . .
ငါးရိုးလောက်တော့ စားတတ်ပါတယ်"

"သိဖူးလေ. . . အစ်ကို ချမ်းသာတယ်၊ သူဌေးသား
လို့ပြောတော့ ငါးရိုးနွှင်ပေးတဲ့လူများရှိလားလို့"

"ကြံဖန်ဖော်ကြီးရာ. . ."

ဖော်ကြီးပြောတော့ မိုးအေးက ရယ်နေတယ်လေ
ဒါပေမယ့် ငါးရိုးနွှင်ပေးတတ်သူတစ်ယောက်တော့ ကျွန်တော်
ဘဝမှာ ရှိခဲ့ပါတယ်. . .





မာမီပါပဲ. . .

မာမီကတော့ ဘာလို့ရယ်မသိ။ သားသမီးအားလုံး
အပေါ် တာဝန်ကျေခဲ့သလောက် ကျွန်တော့်အပေါ်ကြတော့
အချစ်ပိုခဲ့သလိုပါပဲ. . . ဒါကြောင့်လည်း မာမီပျောက်ဆုံး
သွားခြင်းဟာ ကျွန်တော့်အတွက် နေမင်းကြီးကွယ်ပျောက်
သွားသလိုကို ခံစားရပါတယ်. . .

"ဖော်ကြီးပြောလို့ သတိရသွားတယ်. . . ကျွန်တော့်
ဘဝမှာ ထမင်းစားရင် အရိုးနွှင်ပေးတဲ့လူတစ်ယောက်
ရှိခဲ့ဖူးပါတယ်. . . အဲဒါ ကျွန်တော့်အမေပဲ"

"ကိုသက်မင်းခိုင်အမေက အခုသည်လာတော့
ရန်ကုန်မှာကျန်ခဲ့တာပေါ့ ဟုတ်လား. . ."

"မဟုတ်ပါဘူး မိုးအေး. . . ကျွန်တော့်မာမီဆုံးတာ
ခြောက်လကျော်ပြီ"

"ဟုတ်လား. . . မေးမိတာစိတ်မကောင်းပါဘူးရှင်၊
ကျွန်မကတော့ အဖေရောအမေပါ မရှိတော့ဘူး
ကိုသက်မင်းခိုင်ရဲ့ အမေ့ညီမ ဒေါ်လေးနဲ့နေပါတယ်. . .
ဒေါ်လေးနဲ့လည်း တွေ့ဖူးအောင် အိမ်လာလည်ပါဦး. . .
ဖော်ကြီးကို ပို့ခိုင်းပေါ့. . ."

"သည်ရွာမှာ ဆေးခန်းလည်းမရှိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မတို့ကျောင်းရှိတဲ့ စံပြရွာမှာတော့ ဆေးပေးခန်းလည်းရှိတယ်။ ကျန်းမာရေးမှူးတစ်ယောက်ရှိတယ်. . . ရွာမှာနေမကောင်းရင်တော့ ဟိုဘက်ရွာလှည်းနဲ့သွားပေါ့. . . တစ်ခုကောင်းတာက ရွာမှာဘုန်းဘုန်းရှိနေတာပဲ ကိုသက်မင်းခိုင်၊ ဘုန်းဘုန်းက ဘွဲ့ရပညာတတ်ဆိုတော့ ရွာမှာ ဘုန်းဘုန်းစကားနားထောင်ကြတာမဟုတ်လား၊ နေမကောင်းလို့ကတော့ ဘုန်းဘုန်းကကြည့်ပြီး လိုမယ်ထင်တာညွှန်တာပါပဲ. . . ဖိုးပုအဖေ ဦးလေးသောင်းက လှည်းနဲ့ဒိုင်ခံပို့တယ်. . . ကျန်းမာရေးဗဟုသုတလေးတွေ ရှိလာကြတော့ အကြောင်းမဲ့သေရတာမျိုးနည်းလာတာပေါ့ ကိုသက်မင်းခိုင်ရယ်. . .”

“ရွာမှာတော့ ဘုန်းဘုန်းကိုတင်မောင်သန့်၊ ဆရာမအေးနဲ့ မလေးနှင်းနုတို့ကိုပဲ အားလုံးကတိုင်ပင်ကြတယ်. . . အခု အစ်ကိုပါရောက်လာပြီ။ အစ်ကိုက ဘုန်းဘုန်းနဲ့အတူ ဘွဲ့ရတာဆို အင်္ဂလိပ်စာလည်း အရမ်းတော်တယ်တဲ့. . .”

ထမင်းစားပြီးတော့ ထမင်းပန်းကန်များကို မိုးအေးက ကူဆေးပါတယ်။

“ကိုသက်မင်းခိုင် ပျင်းရင်တော့ ရွာဖက်လာ[လည်]လှည့်ပါ. . . ကျွန်မကတော့ ကျောင်းဖွင့်ရက်တွေဆို ကျောင်းသွားနေရလို့ ညနေမှပြန်ရောက်ပါတယ်. . .





ဇော်ကြီးရေ ကိုသက်မင်းခိုင်ကို ငါတို့အိမ်တွေဘက် ပို့ပေးဦးနော်၊ တင်မောင်သန့်တို့ နှင်းနုတို့နဲ့လည်း တွေ့ရတာပေါ့.”

“ဟုတ်ကဲ့. . . ဆရာမအေး”

ဓမ္မာရုံကြီးပေါ်မှာတော့ ဥပုဒ်လာစောင့်တဲ့ အဖိုးကြီး၊ အဖွားကြီးတွေရှိနေကြပါတယ်. . . စားသောက်ပြီးတော့ မိုးအေးပြန်မယ်ဆို နှုတ်ဆက်သွားတာပေါ့. . . ဇော်ကြီးကတော့ မိုးနည်းနည်းလေးပါးတဲ့နေ့မှာ ခြံထဲဆင်းပြီး မြက်ရှင်းမယ် အစ်ကိုရာတဲ့. . .။

စိန်ကတုံးလေးတို့ကတော့ အပူအပင်ကင်းစွာ ကစားနေကြပါတယ်။ သူတို့ကစားတဲ့အနားမှာ ရပ်ပြီးကြည့်နေမိပါတယ်။ သည်ကလေးလေးတွေဟာ မိဘမဲ့လေးတွေ တော်တော်များများပါကြသတဲ့။ သူတို့ စာလည်းမသင်ကြရဘူးတဲ့။ ဦးဇင်းက သူတို့ကို သေစာရှင်စာလေးမှ တတ်ပါစေတော့ဆိုပြီး ညဖက်ဇော်ကြီးကို ကကြီး၊ ခခွေး သင်ခိုင်း၊ တစ်နှစ်သုံးလေးသင်ခိုင်းဆိုပေမယ့်လည်း ဇော်ကြီးက စာသင်ဝါသနာမပါဘူးဆို မသင်တဲ့နေ့က မသင်ဘူးရှိသေးတယ်။ ငွေမရှိလို့ ဆင်းရဲလို့ စာမသင်ရဘူးဆိုတဲ့ ကလေးတွေ ကိုမြင်ရတာ သူ့အတွက်တော့ ထူးဆန်းနေတာပါပဲလေ။ သူတို့ညီအစ်ကိုတွေ၊ မောင်နှမတွေအားလုံး ဒက်ဒီဆီမှာ လက်ဖြန့်ပြီးယူနေတဲ့ ငွေတွေဟာ များမှများပါပဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



ဇော်ကြီးကတော့ မြက်ရိုင်းတွေခုတ်နေလေရဲ့. . . သရက်ပင်ကြီးတွေကလည်း ကောင်းမှကောင်း၊ ပိန္နဲပင်တွေလည်းရှိ၊ သီးပင်စားပင်တွေနဲ့ အေးချမ်းလိုက်တာ။ ဦးဇင်းက တစ်နေ့လုံးရွာကိစ္စတွေကူညီပြီးရင် တရားထိုင်နေချိန်က များပါတယ်။

"အစ်ကို. . . ပျင်းနေပြီလား"

"မပျင်ပါဘူး. . . ကလေးတွေကစားနေတာ သဘောကျလို့ပါ"

"မနက်ဖြန်ကာကြရင် ရွာထဲလျှောက်သွားကြတာပေါ့။ ဆရာမအေးတို့အိမ်တွေလည်းလိုက်ပို့မယ် ကိုတင်မောင်သန့်တို့အိမ်၊ ဖိုးပုတို့အိမ်တွေလည်း လိုက်ပို့မယ်. . ."

"သွားတာပေါ့ကွာ. . ."

သည်ရောက်တဲ့ရက်မှာ မပျော်သေးဘူးဆိုပေမယ့် အိမ်မှာနေရတုန်းကလိုတော့ မငြီးငွေ့နေပါဘူးလေ. . .

* * * * * * * * * * * *



မိုးတိတ်နေပြီး ကျနေကလေးကလည်း ထွက်နေတော့ ကျောင်းအပြန်စက်ဘီးစီးလို့ကောင်းပါတယ်။ မြတ်ထွန်းလေးကတော့ စက်ဘီးနောက်မှနေ သူကျက်ရမယ့် မြန်မာကဗျာတစ်ပုဒ်ကို ကောင်းကောင်းအော်ဆိုနေလေရဲ့ တစ်ကယ်တော့ မြတ်ထွန်းလေးက နှင်းနုရဲ့ တူကလေးပါ. . . သူငယ်တန်းထဲက ကျွန်မနဲ့အတူ ကျောင်းလိုက်တက်ခဲ့တာ။ အခု တတိယတန်းရောက်ပြီ၊ ပဉ္စမတန်းရောက်ရင်တော့ မြို့ကျောင်းပြောင်းရလိမ့်မယ်။

"ဆရာမ"

"ဟင်. . . ဘာလဲ"

"ညဖက် ဘုန်းဘုန်းကျောင်းမှာ စိန်ကတုံးတို့ အင်္ဂလိပ်စာလည်းသင်၊ စာလည်းသင်သွားကြည့်မလို့. . . ဒေါ်လေးနုကတော့ မင်းရောသင်ချင်မလားတဲ့. . ."

"ဘုန်းဘုန်းကျောင်းက ကလေးတွေကို ကိုသက်မင်းခိုင် စာသင်ပေးမယ်ထင်ပါရဲ့. . ."

"ဆရာမရော သင်ပေးပါလား. . ."

"ဆရာမသင်ပေးချင်ပါတယ်. . . ဒါပေမယ့် သားသိတဲ့အတိုင်း တစ်နေကုန်ကျောင်းမှာလည်းပင်ပန်း၊ စက်ဘီးနင်းရတာကမော၊ အိမ်ရောက်တော့ ဒေါ်လေးကို

www.burmeseclassic.com



အိမ်အလုပ်တွေကူနဲ့ ပင်ပန်းပြီးစာဆက်မသင်နိုင်တော့ဘူး. . . ကလေးတွေအတွက် လိုအပ်တယ်ဆိုတာသိပေမယ့် ဘာမှ လုပ်မပေးနိုင်ပါဘူး. . ."

တကယ်ဆို ကျွန်မဟာဆရာမတစ်ယောက်ပါ။ ဒါပေမယ့် ရွာမှာစာမသင်နိုင်တဲ့ ကလေးတစ်ချို့နဲ့ ဘုန်းဘုန်း ကျောင်းမှာရှိတဲ့ ကလေးတွေကို စာသင်ပေးနိုင်ခြင်း မရှိခဲ့ပါဘူး။

သည်အကြောင်းကို ဘုန်းဘုန်းကို ပြောပြဖူး ပါတယ်. . .

လူဆိုတာ အင်အားနဲ့ထိုက်တန်အောင်တော့ အလုပ် လုပ်ရမှာပေါ့. . . ကိုယ့်အင်အားထက်ကျော်လွန်ပြီး ပင်ပန်းအောင်လုပ်ပြန်ရင်လည်း ရေရှည်ကျန်းမာဖို့ကလည်း လိုသေးတယ်လေ. . . မိုးအေးက ဝတ္တရားတာဝန်အားလုံး ကျေပါတယ်. . . စေတနာလည်းရှိနေတာပဲတဲ့. . .

"သူတို့စာသင်ရင် သားသွားကြည့်ပေါ့. . ."

"ဆရာမလိုက်ခဲ့ပေါ့. . . ဟော. . . ဟိုမှာ. . . ကိုဇော်ကြီးနဲ့ ဘုန်းဘုန်းသူငယ်ချင်း"

ကိုသက်မင်းခိုင်နဲ့ ကိုဇော်ကြီးတို့ပါလား။ ဘယ်သွား မလို့ပါလိမ့်. . . အနားရောက်တော့ စက်ဘီးပေါ်ကခုန်ဆင်း လိုက်တယ်။

"ကိုသက်မင်းခိုင်. . . ဘယ်လဲ"



"မိုးအေး. . . ကျောင်းကပြန်လာပြီလား. . . ကျွန်တော်နဲ့ဇော်ကြီး ရွာထဲလျှောက်ကြည့်နေတာပါ. . ."

"ဒါဆို ကျွန်မတို့အိမ်ဝင်ပါဦး. . . ပြီးတော့မှ နှင်းနုတို့ အိမ်လည်းလိုက်ပို့မယ်. . ."

ကိုသက်မင်းခိုင်နဲ့ဇော်ကြီးကို အိမ်ခေါ်လာခဲ့ပါတယ်။ မြတ်ထွန်းလေးကတော့ သူ့အိမ်ပေါက်ဝရောက်တာနဲ့ မြေးဝင် သွားပြီလေ. . .

"ဒေါ်လေး. . . ကျွန်မပြန်လာပြီ. . ."

"အေး. . . လာ. . . မီးဖိုထဲမှာ ဒေါ်လေးရှိပါတယ်"

ကိုသက်မင်းခိုင်နဲ့ဇော်ကြီးကို အိမ်ရှေ့ခန်းမှာ ထိုင်ခိုင်းခဲ့ပြီး ဒေါ်လေးကို မီးဖိုထဲမှာဝင်ခေါ်ရတယ်. . .

"ဒေါ်လေး. . . ဘုန်းဘုန်းသူငယ်ချင်း ကိုသက်မင်းခိုင် လေ. . . ကျွန်မဒေါ်လေး ဒေါ်ကျင်ဥပါ. . ."

"မောင်သက်မင်းခိုင်ရောက်မှ ဘုန်းဘုန်းကျောင်းကို ဒေါ်လေးကမရောက်နိုင်ဘူး၊ ခြေထောက်နာနေလို့ပါ. . ."

"ဒေါ်လေးခြေထောက်က ဘာဖြစ်လို့လဲ"

"အသက်ကြီးပြီမဟုတ်လား ဒူးတွေကနာ၊ ခြေလက် တွေကနာနဲ့ ဇရာကနှိပ်စက်နေပါပြီကွယ်. . . ခဏနေဦး. . . ဒေါ်လေး စားစရာတစ်ခုခုစီစဉ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ. . . ဒေါ်လေး"

"ကိုသက်မင်းခိုင်နဲ့ဖော်ကြီးကို ကျွန်မ လက်ဖက်သုတ်ကျွေးပါ့မယ်. . . ခဏစောင့်နော်"

ဒေါ်လေးနဲ့စကားပြောနေခိုက်မှာ ကျွန်မလက်ဖက်သုတ်ပါတယ်၊ တင်မောင်သန့် ခရီးကအပြန်လက်ဆောင်ပေးတဲ့ ပုစွန်ခြောက်ဘူလေးကလည်းရှိနေတော့ လက်ဖက်သုတ်ကလေးက ပိုအရသာရှိမှာပါပဲ. . .

"စားနော်. . ကိုသက်မင်းခိုင်. . . ငရုပ်သီးစိမ်းစပ်စပ်ကလေးကတော့ ကြိုက်မှန်း၊ မကြိုက်မှန်းမသိလို့ အတောင့်လိုက်ဘေးမှာပုံထားတယ်. . . ပုစွန်ခြောက်တွေ ဘူတွေနဲ့ဆို အထင်မကြီးနဲ့ တင်မောင်သန့် လက်ဆောင်ပေးထားတာပါ"

"ကျွန်တော်လည်း လက်ဖက်သုတ်ကြိုက်ပါတယ် စားပါ့မယ်. . ."

ကိုသက်မင်းခိုင်နဲ့ဒေါ်လေးကတော့ စကားတွေပြောကြတာစုံလို့. . .

"ဘွဲ့ရပြီးတော့ ရှင်ဘာအလုပ်မှမလုပ်ဘူးပေါ့. . . ဟုတ်လား"

"ဟုတ်တယ်. . . တစ်နေ့တစ်နေ့ လျှောက်လည်တာပေါ့။ ကြာတော့ လျှောက်လည်ရတာတောင် ပျင်းလာတယ် ပျင်းတော့ မာမီနဲ့ပဲအနားနေလာမိတာ. . . မာမီကလည်း



ဒက်ဒီနဲ့ သားသမီး သမက်ချွေးမအားလုံး အပြင်ထွက်နေတော့ တစ်ယောက်တည်းကျန်နေခဲ့ရတာများလာတော့ ကျွန်တော် အနားမှာအဖော်ရှိလာတာကို အရမ်းသဘောကျတယ်. . ."

ကိုသက်မင်းခိုင်နဲ့ စကားတွေထိုင်ပြောနေရတာ စိတ်ဝင်စားစရာကောင်းပါတယ်။

သူတို့တွေအပြင်ထွက်လျှောက်လည် အလုပ်မလုပ်ကြပါပဲ အဖေဆီလက်ဖြန့်သုံးကြတာတဲ့. . . အံ့သြစရာပဲ။ သူတို့အဖေကလည်း ချမ်းသာလွန်းအားကြီးပါတယ်. . . အဲသည် ငွေတွေများရရင် ကျွန်မကတော့ ကျွန်မရဲ့ ကျောင်းကလေးမှာ ပျက်စီးနေတဲ့ အရာတွေအားလုံး ပြုပြင်ချင်ပါတယ်. . .။

"ဒါဆို. . . အခု. . . မင်းထွက်လာတော့ မင်းအမေ တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

"မာမီဆုံးသွားပြီ ဒေါ်လေးရဲ့. . . ခြောက်လကျော်ပြီ။ မာမီလည်းမရှိရော ကျွန်တော်လည်းလေ အထီးကျန်ဆန်လိုက်တာ။ နေစရာနေရာမရှိတော့သလိုပဲ. . . အိမ်မှာ နေရင်သတိရနေတယ်ဆို. . . တစ်နေ့တစ်နေ့ လျှောက်လည်တာ မိုးလင်းကမိုးချုပ်၊ တစ်ခါတစ်လေ အိမ်ကိုတစ်ပတ် ဆယ်ရက် မပြန်ဘဲကိုလည်တာ. . . ဒါပေမယ့် ဘာနေနေရာ

www.burmeseclassic.com



ရောက်ရောက် မာမီနဲ့ပြောတဲ့ စကားတွေပဲ အမှတ်ရနေတယ်။ ကြာတော့ နေစရာနေရာမရှိ၊ ပြေးစရာမြေမရှိသလိုဖြစ်ပြီး မွန်းကြပ်နေတာပါပဲ. . .”

သူက သူ့မိသားစုတွေအကြောင်း ပြောပြနေပါတယ်။ အဲလိုမျိုး ပျော်ရွှင်ပြည့်စုံနေတဲ့လူတွေရှိမယ်လို့ ထင်ထားခဲ့ပေမယ့် ခုတော့ နားနဲ့ဆတ်ဆတ်ကြားရ၊ တွေ့ရတာပါပဲ။

“သိပ်စိတ်ပျက်နေတုန်း ဦးဇင်းစာကိုရတယ်၊ ရရခြင်း ထွက်လာတာပါ”

“သည်မှာတော့ မင်း. . . ပျော်ပါ့မလား. . . ဒေါ်လေးတို့ဆီမှာက အေးချမ်းပေမယ့် အစစရှားပါးတယ် ပြောရမှာပါပဲ၊ လူတိုင်းက ရှာဖွေရသမျှထဲက ကောင်းပေ့ဆိုတဲ့ စားဦးစားဖျားလေးတွေ ဘုန်းဘုန်းကျောင်းလှူပြီးရင် ကိုယ်တိုင်တော့ ကြုံသလို ဟင်းသီးဟင်းရွက်လေးတွေနဲ့ စားလိုက်ကြတာပါပဲ. . . မင်းစားရနေရတာဖော့ ဆင်းရဲမှာပေါ့ကွယ်”

“ကျွန်တော် စိတ်ချမ်းသာချင်တာပါ. . .”

“ရှင် တကယ်ပဲ စိတ်ချမ်းသာချင်တာလား. . .”

“တကယ်ပေါ့ မိုးအေးရဲ့”

“ဒါဆို အချိန်ဖြုန်းမနေနဲ့. . . အလုပ်လုပ်”

“မိုးအေး. . . သမီး. . . မောင်သက်မင်းခိုင် စိတ်ရှုပ်ပင်ပန်းလို့ထွက်လာတာ။ နားပါစေဦး. . . မင်း ခဏတဖြုတ်





စိတ်အေးအေးနဲ့ နား. . . ပြီးတော့မှ ရှေ့လျှောက်ရမယ့်လမ်း စဉ်းစားပါ. . .”

“ဟုတ်ကဲ့. . . ဒေါ်လေး”

ဖော်ကြီးကတော့ လက်ဖက်သုတ်စားလိုက်၊ ရေနွေးကြမ်းသောက်လိုက်နဲ့ ဘာမှဝင်မပြောပါဘူး။ ကိုသက်မင်းခိုင်လို ပြည့်စုံကြွယ်ဝစွာနေခဲ့သူက သည်မှာပျော်မတဲ့လား. . .

* * * * * * * * * * *

စိန်ကတုံးလေးဟာ ကကြီးဟို့ ပုတ်လောက် ရေးပြတောင်မသိပါဘူး. . . ဦးဇင်းကလည်း ပြောပါတယ်။ ငယ်ငယ်က သစ်ပင်ပေါ်က လိမ့်ကျထားတဲ့စိန်ကတုံးဟာ စာသင်ရင်မှတ်ဉာဏ်မလိုက်နိုင်ပါဘူးတဲ့။ ကကြီးခခွေး လောက်ကတော့ ဖော်ကြီးသင်ပေးလို့ တစ်ချို့ကလေးတွေက ဖတ်တတ်၊ ရေးတတ်ကြပါတယ်။

“သက်မင်းခိုင်. . . ဖော်ကြီးကိုလည်း စာသင်ပေးပါဦးဒါ. . . အလှူရှင်ရှာနေတယ်။ တွေ့တာနဲ့သူ့ကို ကျောင်းပြန်ထားမယ်။ ဖော်ကြီးက စာဖော်တယ်. . .”

“မြို့ကျောင်းတက်သင်ရမှာမို့ ခက်နေတာပေါ့ဆရာ”

“ဟုတ်တယ်. . .”



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် သင်ပေးမယ်. . ."

"ဘယ်လို. . ."

"ဖော်ကြီး မြို့ကျောင်းတက်သင်ဖို့ တပည့်တော် တာဝန်ယူမယ်ပြောတာပါ. . . အခုမှ ကျောင်းတွေဖွင့်ကာစပဲ မဟုတ်လား မြို့တက်စာသင်ရမယ့်နည်းကို တပည့်တော်စဉ်းစား ပါတယ်"

"ဘာတွေ စဉ်းစားမိလဲ"

"တပည့်တော် ထော်လာဂျီတစ်စီးဝယ်မယ်"

"ထော်လာဂျီ တစ်စီး. . . ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား. . . ထော်လာဂျီတစ်စီးဝယ်ပြီး ရွာကနေ မိုးအေးတို့ကျောင်းတက်ချင်တဲ့ ကလေးတွေရယ်၊ ဟိုး. . . မြို့ကျောင်းထိတက်ပြီးသင်ချင်တဲ့ ကလေးတွေရယ် နေ့တိုင်းကျောင်းပို့မယ်ဘုရား. . . တပည့်တော် ကူညီနိုင်သလောက်ပေါ့. . . တပည့်တော် ဒရိုင်ဘာလုပ်ပြီး လုပ်အားဒါနပေါ့. . ."

"သက်မင်းခိုင်. . . ဝမ်းသာစရာပါပဲ အံ့လည်းဩတယ်၊ ဝမ်းလည်းသာတယ်. . . ရွာမှာမကြုံဖူးတဲ့ ထူးခြားဖြစ်စဉ်လေးပါ. . . ရွာကလူကြီးတွေနဲ့ပြောပြမယ်. . . မင်းရမယ့် ကုသိုလ်က ရေတွက်မရနိုင်လောက်အောင်ပါပဲ. . ."

ကိုယ့်ကိုယ်ကိုတောင် အံ့ဩတယ်. . .





ဘာလို့များ သည်လိုစိတ်ကူးမျိုးကို တွေးတော မနေတော့ဘဲ ချက်ခြင်းဆုံးဖြတ်ချက်ချလိုက်သလဲ. . .

ဟိုဘက်ရွာထိ ကျောင်းသွားမတက်နိုင်ရင် သည်ကလေးတွေဟာ စာတတ်ပါတော့မလား. . .

မူလတန်းပညာလေးမှမတတ်ရင် အလယ်တန်း၊ အထက်တန်းထိတော ဘယ်လိုပညာတတ်လာပါ့မလဲ၊ သူတို့ကို ဘယ်လိုနည်းနဲ့ ကျောင်းတက်လို့ရအောင် လုပ်ပေးနိုင်မလဲ ချက်ခြင်း အဖြေရသွားပါတယ်. . ။

ထော်လာဂျီတစ်စီးနဲ့ဆို. . .

မြို့ကျောင်းထိ ပို့လိုက်မယ်. . .

မြို့ကအပြန် မိုးအေးတို့ရွာ မူလတန်းကျောင်း ဝင်ကြိုမယ်ဆို. . . ကလေးတော်တော်များများဟာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာတွေ သင်နိုင်ကြမယ်လေ။

"သည်ရွာမှာ မင်း. . . ပျော်ပါ့မလား"

"ခုလောလောဆည်တော့ မပျော်သေးပါဘူးဘုရား. . . ဒါပေမယ့် တပည့်တော် ထော်လာဂျီမောင်းတဲ့တာဝန်ရှိလာရင် တာဝန်ကိုလေးစားရမှာပေါ့ ဘုရား. . ."

ဦးဇင်း. . . ပြုံးနေတယ်။

ဟုတ်တယ်လေ. . . ။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်တစ်ခုရှိရင် ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ၊ ကိုယ့်တာဝန်တော့ ကိုယ်ကျေရမှာပဲမဟုတ်လား. . .

မြို့ကို ငွေလှမ်းမှာပြီး ထော်လာဂျီဝယ်ဖို့ အမြန်ပြင်ဆင်မယ်။

ဒါဆို. . . အလုပ်ကလေးတော့ ရှိလာမှာပဲ

ထော်လာဂျီမောင်းသမားလေး ကျွန်တော်ပေါ့နော်. ။

ဦးဇင်းကတော့ အချိန်မဆွဲချင်ဘူး. . . အားလုံးပျော်စေချင်တယ်. . . ငါ. . . ရွာထဲကြွဦးမယ်ဆို ချက်ခြင်းထွက်သွားတော့တာပါ. . . ။

"ဦးသက်. . . ဘုန်းဘုန်းအရမ်းဝမ်းသာသွားတယ် ဦးသက်က စာမသင်ရတဲ့လူတွေကို သင်ပေးမှာဆို. . ."

"ဟုတ်တယ်. . . ဖိုးချိုရဲ့. . . မင်းတို့ရော ဆရာမမိုးအေးရဲ့ကျောင်းမှာ စာသင်ချင်သလား. . ."

"သင်ချင်ပါတယ်. . ."

အားလုံးအော်ကြတဲ့အထဲမှာ စိန်ကတုံးရဲ့ အသံလေးပါပါတယ်။ ဘာပဲပြောပြော သူ့ကိုလည်း မိုးအေးရဲ့ကျောင်းမှာ သူငယ်တန်းတော့ ထားပေးရမှာပါပဲ. . . ဉာဏ်မလိုက်နိုင်လို့ ကျကာမှကျ။ ကလေးတစ်ယောက်စီကို ဝမ်းနည်းစိတ်မရောက်စေချင်ပါဘူး. . .





"အစ်ကို"

"ဘာလဲ. . . ဇော်ကြီး"

"တကယ်ပဲ မြို့ကျောင်းကို ထော်လာဂျီနဲ့ပို့မှာလားဟင်"

"တကယ်ပေါ့. . . ညာပြောစရာအကြောင်းမှ မဟုတ်တာကွာ. . . အစ်ကိုမနက်ဖြန် မြို့တက်မယ်. . . ဒက်ဒီဆီကို ငွေလွှဲဖို့ပြောပြီးတာနဲ့ ထော်လာဂျီတစ်စီးဝယ်လာမယ်၊ နောက်တစ်ပတ်လောက်ဆို ငါတို့အကောင်အထည်ဖော်နိုင်ပြီ။ အစ်ကိုမြို့သွားရင်မင်းလိုက်ခဲ့. . . ကျောင်းအရင် အပ်ထားရအောင်. . ."

ဇော်ကြီးက ချက်ခြင်းဆိုသလို အခန်းပြင်ထွက်သွားပါတယ်။ စိန်ကတုံးရဲ့ ကိုဇော်ကြီးငိုနေတယ်ဆိုတဲ့အသံဟာ သူ့စိတ်ကို ထိခိုက်စေပါတယ်လေ. . . ကလေးတွေဟာ စာသင်ချင်ပါလျှက် စာမသင်ရပါလား။ ဝေဠုတို့များ ဆယ်တန်းအကြိမ်ကြိမ်ကျပြီးမှ အိမ်ကိုဘာသာစုံဆရာတွေခေါ် သင်လို့အောင်ရတာ. . . ။

တစ်ခြားဘာအလုပ်မှ လုပ်မပေးနိုင်စေကာမူ ထော်လာဂျီလေးလောက်တော့ မောင်းပေးရင်းပျော်အောင်နေကြည့်ရမှာပါ။

မာမီသာရှိရင် ဘယ်လိုပြောမလဲ. . .

www.burmeseclassic.com



သူ. . . ခုလိုမျိုးလုပ်နေသမျှအပေါ် ဘယ်လို ခံစားပေးမလဲ မသိပါဘူး. . .

* * * * * * * * * * * *

ကျွန်မ အံ့ဩမိတယ်. . .

ဟုတ်ချင်မှဟုတ်မှာပါလေလို့ တွေးနေဆဲမှာကို ရွာထဲမှာဆူညံဆူညံနဲ့ ထော်လာဂျီတစ်စီးဟာ တကယ်ပဲ ရောက်လာခဲ့တာပါလား။ ကျောင်းဖွင့်တာ မကြာသေးပါဘူး။ ကလေးတွေ ကျောင်းထားလို့မီပါသေးတယ်နော်ဆိုပြီး. . . ကိုသက်မင်းခိုင် လာမေးတဲ့အခါမှာတော့ အံ့ဩရာက ကြည်ကြည်နူးနူးနဲ့ကို ဝမ်းသာသွားတာပါ. . .

"ကိုသက်မင်းခိုင်. . . ဖေကြီးကို ကျောင်းသွား အပ်ပြီးပြီဆို. . ."

"ထော်လာဂျီဝယ်တဲ့နေ့ကပဲ မြို့ရောက်လို့ ကျောင်းဝင် အပ်ခဲ့တယ်. . . ကျွန်တော်လည်း အခုမှ ကလေးတွေရနေ တာပါ. . ."

"နောက်ဆိုရင် မပျင်းရတော့ဘူးပေါ့. . . မိုးလင်း တစ်ခေါက်၊ ညနေတစ်ခေါက် ကျောင်းကားမောင်းရမှာ"





"မိုးအေးလည်း စက်ဘီးနဲ့မသွားနဲ့တော့. . . ကျွန်တော့်ကားနဲ့လိုက်စီးနော်. . . စီးမယ်မဟုတ်လား. . ."

"ဟုတ်ကဲ့. . . စီးရမှာပေါ့။ ကျွန်မရဲ့ကလေးတွေ ပါနေမှတော့ ကျွန်မလည်းလိုက်စီးရမှာပေါ့"

သူတို့နှစ်ယောက် နှင်းနုတို့အိမ်ဝင်ခဲ့တယ်. . .

အမေက မျက်စေ့သာမမြင်ရှာတာ. . . အဝတ်စုတ် တလေးနဲ့ သူထိုင်တဲ့ဘေးပတ်ဝန်းကျင်ကို လိုက်ပွတ်ပြီး ကြမ်းတိုက်နေပါတယ်၊ ခြေသံကြားတာနဲ့ ချက်ခြင်းလှမ်းမေးတယ်။

"မိုးအေးလေး. . . လာ"

"ဟုတ်ကဲ့ အမေ. . . ဘုန်းဘုန်းသူငယ်ချင်း ကိုသက်မင်းခိုင်ပါ ပါလာပါတယ်. . ."

"နှင်းနုပြောတာပဲ. . . ကလေးက ထော်လာဂျီ ဝယ်ထားတယ်ဆို. . . ကလေးတွေကျောင်းပို့ စာသင်ပေးမလို့ဆို ကောင်းတဲ့ဒါနပါပဲကွယ် အမေဖြင့် သာဓုခေါ်နေရပါတယ်. ."

"အိမ်ရှေ့က အသံတွေကြားပါတယ်လို့. . . မိုးအေးပါလား"

"နှင်းနုလေ ကိုသက်မင်းခိုင်. . . ကျွန်မတို့က ငယ်သူငယ်ချင်းတွေ. . . ကျွန်မတို့ငယ်ငယ်ကဆို ဟိုဘက် ရွာထိကို လမ်းလျှောက်ကျောင်းတက်ကြရတာ. . . အဲသည်တုန်းက နှင်းနုအဖေ ဦးကြီးမော် ရှိသေးတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့တွေ ပင်ပန်းကြတယ်ဆို ဦးကြီးမော်က မြင်းတစ်ကောင် ဝယ်ပြီး မြင်းနဲ့ကျောင်းပို့တယ်. . . တင်မောင်သန့် တစ်ယောက်ပဲ အဲသည်တုန်းက စက်ဘီးရှိတာ. . .”

ကျွန်မတို့ငယ်ငယ်က ကျောင်းတက်ကြတဲ့ အကြောင်းတွေပြောရရင် ခုချက်ခြင်း ကလေးပြန်ဖြစ်သွားသလိုပါပဲ။ သိပ်ကိုပျော်ရွှင်ခဲ့ကြပါတယ်။ ပင်ပန်းတာမှန်ပေမယ့် ကလေးဆိုတော့ ပျော်နေတာပါပဲ. . .

မိုးတွေထဲ အဝေးကြီးလမ်းလျှောက်ရတော့ နေ့စဉ် ရက်ဆက်မိုးမိပြီး ကျွန်မအိပ်ယာထဲလဲတဲ့အထိ ဖျားဖူးတယ် အဆုပ်အအေးမိတာဆို ကံကောင်းလို့မသေတာ. . .”

“တင်မောင်သန့်ရော”

“သည်နေ့ပြန်လာမှာမဟုတ်ဘူး. . . သူလည်း မိုးတွင်း ဆိုတော့ စိုက်ပျိုးရေးတွေနဲ့ အလုပ်များနေတာပေါ့ဟယ်. . .”

အမေကတော့ ကိုသက်မင်းခိုင်ကို ခဏခဏ လာလည်ပါ။ နေ့ခင်းတွေမှာ အမေရှိပါတယ်. . . ပျင်းရင် လာလည်တဲ့လေ. . .

“မိုးအေး. . . ငါထမင်းချက်လိုက်မယ်။ ကိုသက်မင်းခိုင် ပါစား. . .”

“ဟာ. . . မစားတော့ဘူး မနှင်းနု. . . ဘုန်းဘုန်းကို အပြန်မှစားမယ်ပြောခဲ့ပြီး ဘုန်းဘုန်းကျောင်းမှာ ကူညီမြင်ဆင် ရမှာတွေရှိသေးလို့ပါ. . . ပြန်ဦးမှပဲ. . .”





မိုးဖွဲဖွဲရွာနေတယ်. . .

ကိုသက်မင်းခိုင်နဲ့ဖော်ကြီးကတော့ ထီးလည်းယူမလာ ခဲ့ဘူးတဲ့လေ။ နှင်းနုတို့အိမ်က ထီးတွေယူပေးလိုက်ရတာပေါ့။ ကျွန်မကတော့ ဟိုဘက်အိမ်တင်ပြန်ရမှာ. . . နှင်းနုတို့အိမ်မှာပဲ နေခဲ့ဦးမယ်ဆို ကျန်နေရစ်တာပေါ့. . . မိုးတွေထဲ ထွက်သွားတဲ့ သူတို့ကို ကျွန်မနဲ့နှင်းနု ရပ်ကြည့်နေမိပါတယ်. . .

မြင့်မားတဲ့အရပ်နဲ့ အသားညိုညိုတွေက ယောကျ်ား ဆံသပါတယ်. . .

“မိုးအေး. . .”

“ဟင်”

“နင်နဲ့လိုက်တယ်”

“ဟယ်. . . နှင်းနု”

“တကယ်ပြောတာ. . . နင်တို့နှစ်ယောက် တွဲလျှောက် သွားတာလေ။ အရပ်မြင့်မြင့်ကြီးတွေနဲ့ အရမ်းလိုက်တာ. . . အရွာလည်ပြီ၊ ဖူးစာကရွာလည်ချင်တော့ မြို့မှာနေရတာ အောင် မပျော်ဘူးဆိုပြီး မိုးအေးရှေ့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်. . . အပျိုကြီးတော့ သည်တစ်ခါ ထော်လာပြီ ခင်းသမားနဲ့ သံယောဇဉ်ငြိမှာပါပဲ. . .”

www.burmeseclassic.com

www.burmeseclassic.com



နှင်းနုက သူပြောချင်ရာပြောပြီး ရယ်တော့တာပါပဲ။ အမေကတော့ ပြုံးပြီးတစ်ဖက်လှည့်နေပါတယ်။ နှင်းနု လက်မောင်းကို ဆိတ်ဆွဲခဲ့ပြီး မိုးဖွဲဖွဲမှာပဲတစ်ဖက်အိမ်ကို ပြေးထွက်လာခဲ့ရတယ်။ ကျွန်မနှလုံးသားမှာ အချစ်ဆိုတာရော ရှိလို့လား။ တင်မောင်သန့်နဲ့နှင်းနုဆို ဆယ်တန်းအောင်ထဲက ချစ်သူတွေဖြစ်သွားကြတာ။ ကျောင်းတုန်းက ကျွန်မကိုချစ်တဲ့ သူတွေရှိပါလျက် ကျွန်မကမှမချစ်ခဲ့တာ. . .

"ဟဲ့. . ဟဲ့. . . ဩော်. . . သည်ကောင်မလေး. . . ငါ့ကိုတောင် မမြင်နိုင်အောင် ဘာဖြစ်လာသလဲ. . ."

ဒေါ်လေးကိုပင် ဝင်တိုက်မလိုဖြစ်သွားအောင် မမြင် တော့ပါလား နော်. . .

* * * * * * * * * * *

ဦးဇင်းက ပြုံးရင်းကြည့်နေတယ်။ ထော်လာဂျီပေါ်မှာ ပလပ်စတစ်တွေခင်းပြီး ဝိုင်းထိုင်လိုက်ကြတာ. . . လူပြည့်နေ နေပြီ။ ဒါတောင် ရွာလယ်ကြရင် ချစ်မွေးတို့ မောင်နှမ မိုးအေးတို့၊ မြတ်ထွန်းလေးတို့ခေါ်ရဦးမယ်။ ထော်လာဂျီ ဆူဆူညံညံကို ရွာထဲကအိမ်တွေ တစ်ယောက်မဟုတ်



တစ်ယောက်ကတော့ ထွက်ကြည့်ကြလေရဲ့။ ကလေးတွေ တလည်း အော်ဟစ်ဆူညံလက်ပြကြနဲ့. . .

ကျေးဇူးတင်လိုက်တာ. . . သည်နေ့မှမိုးမရွာဘူး။ မိုးကာဂျက်ကင်လေးကိုတော့ လိုလိုမယ်မယ် ဝတ်လာခဲ့တယ်။ ချစ်မွေးတို့မောင်နှမကို ဝင်ခေါ်ရတယ်။

"ကိုသက်မင်းခိုင်. . . မြို့ကနေ ကိတ်မုန့်တစ်ဗူး လောက်ဝယ်လာပေးပါလား. . . မနက်ဖြန် ဘုန်းဘုန်းကို ကပ်ချင်လို့ပါ. . ."

"ဟုတ်ကဲ့"

ဈေးမှာတဲ့လူကလည်းမှာပေါ့။

ရပါတယ်. . . မြို့ကတော့ နေ့တိုင်းရောက်နေမှာ ပါပဲ. . .။

မိုးအေးတို့အိမ်ရှေ့မှာတော့ မြတ်ထွန်းလေးနဲ့မိုးအေး ရပ်စောင့်နေပါတယ်။

"ဆရာမခြင်းတောင်း ကျွန်တော်ကိုင်ပေးပါရစေ. . ."

ကားပေါ်ကဆင်းပြီး မိုးအေးရဲ့ခြင်းကလေးကို ဆွဲယူလိုက်တယ်။ ကားပေါ်ကနေ ချစ်မွေးကလှမ်းအော်ပြီး ဆရာမ. . ဆရာမဖို့ အမေ့အပင်ကခူးခဲ့တာ နှင်းဆီပန်းလေး။

အဝါရောင်နှင်းဆီပွင့်ကလေးကိုယူပြီး မိုးအေးက ဆံထုံးမှာ ပန်လိုက်ပါတယ်. . .

www.burmeseclassic.com



"မိုးအေး. . . သည်နားထိုင်လေ. . ."

"ဟုတ်ကဲ့. . ."

သူ့နောက်နားလေးမှာ ကပ်ထိုင်ပါတယ်

မွှေးပျံ့နေတာ သနပ်ခါးနံ့လား. . .

နှင်းဆီပန်းနံ့လား. . .

"မိုးမရှာဘူး. . . ကောင်းလိုက်တာ"

"ဖော်ကြီးရေ. . . ကလေးတွေမဆော့စေနဲ့နော် လိမ့်ကျနေဦးမယ်. . ."

ထော်လာဂျီက နွားလှည်းလမ်းမှာမောင်းရတာ။ လှည်းလာရင်တော့ ဘေးဖက်အတော်ချထားရမယ်။ လမ်းတွေ သည်ထက် နည်းနည်းကျယ်အောင် ဖေါက်ချင်တယ်လို့ ပြောမိတယ်။

"မိုးကုန်ရင်တော့ လမ်းချဲ့ရတာကောင်းလာမှာပါ. . . ဂဝံနဲ့ကျောက်စရစ်တွေ ဖြို့ကမှာမယ်လေ. . ."

"ကိုသက်မင်းနိုင် ပြင်ဆင်မယ်ဆို ရွာမှာပြင်စရာ တွေအများကြီးပဲ. . ."

"တဖြည်းဖြည်းပေါ့ မိုးအေးရယ်. . . အခုဆို ထော်လာဂျီတစ်စီးပိုင်ပြီလေ. . ."

သူပြောရင်း ရယ်မိတယ်။





မာမီက ကိုသက်အတွက်ဆို ဝယ်ပေးခဲ့တဲ့ ပါဂျရို ခဲရောင်ကားကတော့ အိမ်ကကားရုံထဲကနေ ပြုံးမလားပဲ။ ထော်လာဂျီပေါ်မှာ ပါလာတဲ့လူတွေရဲ့ ပျော်ရွှင်မှုကိုမြင်ရတာ သူ့. . . မပြုံးဘဲတော့ မနေနိုင်အောင် ခံစားရပါတယ်. . .

"ဖော်ကြီးရေ. . . ကျောင်းရှေ့ရောက်ရင် ကလေး တွေကို ချချပေးလိုက်ပါကွာ. . ."

မိုးအေးတို့ကျောင်းလေးရှေ့ ထော်လာဂျီရပ်လိုက်တယ်။ ကလေးတွေက ထော်လာဂျီနားမှာဝိုင်းပြီးပျော်နေကြတယ်။

"မိုးအေး. . . ညနေစောင့်နော်"

"စောင့်ရမှာပေါ့ရှင်. . . စက်ဘီးမှပါမလာတာ။ ရှင့်ထော်လာဂျီမှမစီးရင်ကျွန်မလမ်းလျှောက်ရတော့မယ်။ သွားမယ်. . ."

ကလေးတစ်သိုက်နဲ့ မိုးအေးကတော့ ကျောင်းဝင်း ကျယ်ကြီးထဲဝင်သွားကြပြီ။ ကားပေါ်မှာတော့ ဖော်ကြီးနဲ့သူ နှစ်ယောက်ထဲသာ ကျန်နေရစ်ပါတယ်။ မျက်စေ့တဆုံး ကြည့်နေပြီးမှ မြို့ဆီဦးတည်ခဲ့ပါတယ်။

"အစ်ကို အပြန်ကြတစ်ယောက်တည်း ဖြစ်နေမှာ. . ."

"ရပါတယ် ဖော်ကြီးရယ်. . . မင်းသာစာကြိုးစား။ တစ်နေ့ ရွာမှာ ကိုဝင်းလှိုင်လို ဆရာဝန်တစ်ယောက်ဖြစ်ရင် ဘယ်လောက် ဂုဏ်ယူရသလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်တစ်ယောက်ဖြစ်တောင် စာသင်နိုင်ဖို့ ကျွန်တော်မမျှော်လင့်ပါဘူး အစ်ကိုရာ. . . ဆရာမအေးလို ကျောင်းဆရာဖြစ်ရင်ပဲ ကျေနပ်ပါပြီ"

"ဘယ်ဟုတ်မလဲ. . . ဦးဇင်းကလည်းပြောပါတယ်။ ဇော်ကြီးကဉာဏ်သိပ်ကောင်းတယ်တဲ့. . . မင်း ဆရာဝန်ဖြစ်မယ်ဆိုလည်း ဖြစ်တဲ့အထိ အစ်ကိုသင်ပေးမှာပေါ့ကွာ မင်းသာကြိုးစားပါ"

"ဟုတ်ကဲ့. . . ကျွန်တော် စာကြိုးစားပါ့မယ် အစ်ကို"

ဇော်ကြီးကို ကျောင်းရှေ့ချထားပေးခဲ့တယ်။ ပြီးတော့ ရွာကမှာတာတွေဝယ်ရင်း ဦးဇင်းဖို့လည်း လိုမယ်ထင်တဲ့ ပစ္စည်းတွေ ဝယ်ရတယ်။

"သက်မင်းခိုင်. . . သက်မင်းခိုင် မဟုတ်လား. . . မင်းကွာ မှတ်တောင်မမှတ်မိဘူး. . ."

ဇေယျာပါလား. . .။

ဇေယျာနှင့်တက္ကသိုလ်တုန်းက တစ်နှစ်လောက် တွဲဖူးပါတယ်။ နောက်ပိုင်းကြတော့ ဇေယျာက သူ့မိဘတွေ ပြောင်းတယ်ဆို ပုသိမ်ပြောင်းသွားလို့ မတွေ့ရတော့ပါဘူး။

"မင်း ဘယ်ရောက်နေလဲ. . . လာလည်တာလား. . . မင်းကွာ ကျောင်းတုန်းကရှိုးတွေ ဘယ်ရောက်ကုန်လဲ။ ပုဆိုးကတိုတို"



"ငါ. . အခု ရွာမှာနေတယ်၊ အောင်ဝေကို မင်းသိတယ် မဟုတ်လား. ဒီ. အောင်ဝေကဦးဇင်းဝတ်သွားပြီ. . . သူ့ဘုန်းကြီးကျောင်းမှာ ငါနေတယ်. . ."

"မင်းမှာ ကားပါလာလား. . ."

"ပါတယ်လေ. . . သည်မှာ"

တက္ကသိုလ်မှာပါဂျဲရိုးနှင့် ကျောင်းတက်တဲ့ သက်မင်းခိုင် က ထော်လာဂျီနဲ့ပါလားဆို တအံ့တဩ ကြည့်နေပါတယ်။

"မင်း. . . ရွာကကောင်မလေးနဲ့ယူလိုက်လို့ မင်းဒက်ဒီ အမွေဖြတ်လိုက်သလား"

သူ့အတွေးနဲ့သူပြောသောစကားကြောင့် ကျွန်တော် သဘောကျလွန်းစွာ အော်ရယ်ရပါတယ်။

စဉ်းစားတတ်ပုံကလည်းကွာ

"ငါ. . . အခုထိ လူပျိုပါပဲ. . . လူပျိုစစ်စစ်ပါ. . . ရည်းစားကတော့ သန္တာရှိခဲ့သလိုလိုလေ. . ."

"ဘာလို့ ရွာမှာမင်းနေတာလဲ"

"ပျော်ချင်လို့"

ဇေယျာက နားမလည်သလို ကြည့်နေပါတယ်။

"ဒါ. . . ငါ့မိန်းမရဲ့စတိုးဆိုင်. . . ငါ မိန်းမယူလိုက်ပြီး သည်မှာနေတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ကောင်းတာပေါ့။ ငါကမြို့ကိုနေ့တိုင်းရောက်မှာ. . . မင်းနဲ့တွေ့ရတာပေါ့ကွာ. . . ခုတော့ ငါသွားတော့မယ်. . ."

နည်းနည်းနောက်ကျရင် ဦးဇင်းကမျှော်တော့မှာ။ သူ့အပေါ်ထားတဲ့ဦးဇင်းရဲ့ သံယောဇဉ်က နည်းတာလိုက်လို့. . .။ ဒါကြောင့် ထော်လာဂျီလေးမောင်းရင်း ရွာဆီပြန်ခဲ့တယ်။ လမ်းတစ်လျှောက် ရွာစဉ်တွေမှာ လိုက်ချင်တဲ့လူရှိရင် လိုက်ဖို့လည်းခေါ်တင်ခဲ့တာပေါ့. . .

"ကျေးဇူးပါပဲ လူကလေးရယ်. . . နေ့တိုင်း ရွာကိုလမ်းလျှောက်ပြန်နေရတာ ခုလိုကားကြုံလေးရတာ ဝမ်းသာစရာ"

"ကြုံရင်လိုက်ခဲ့ပါ. . . နေ့တိုင်းလိုက်ရင် လည်းရတယ်။ ကျွန်တော်ထမ်းခေါ်ရတာမှမဟုတ်တာ အဖွားရဲ့. . ."

"ထမ်းမခေါ်ရပေမယ့်လည်း တစ်ချို့က ခေါ်ချင်မှခေါ်ချင်မှာပေါ့ကွယ်. . ."

"ခေါ်ပါတယ်. . . ကျွန်တော့်ထော်လာဂျီကိုတွေ့လို့ကတော့ အဖွားတို့အချိန်မရွေးတားဆီးပါ"

"သာဓုပါတော် သာဓုပါ သာဓုပါ"

အပြန်လမ်းတစ်လျှောက် ကားကြုံတွေခေါ်သွားတာလည်း စကားပြောဖော်လေးရတာပေါ့. . . မိုးဖွဲဖွဲကြောင့်



မိုးကာက ခေါင်းဆောင်းလေး ဆောင်းလိုက်တယ်။ အဖွားတို့တတွေခမျာ ထီးစုတ်ကလေးဆောင်းတဲ့လူနဲ့၊ ခမောက်လေးဆောင်းတဲ့လူနဲ့ သူတို့တတွေက သူတို့ရောင်းတဲ့ကုန်တွေရဲ့အကြောင်း၊ သားသမီးတွေအကြောင်း ပြောလာလိုက်ကြတာ။ ပြီးတော့ ရယ်ကြမောကြနဲ့။

"အရှေ့တံတားမှာဆင်းမယ် လူလေးရေ. . ."

"ခဏနေဦးအဖွား ခဏနေဦး. . . ကျွန်တော်ဆင်းရလွယ်အောင်ရပ်ပေးမယ်. . ."

အမေ့အရွယ်တွေထက်တောင် အသက်ကြီးဦးမယ်။ သူတို့ခမျာ စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားနေကြတာ နေပူမရှောင်၊ မိုးရွာမရှောင်။ သူတို့ကိုသနားရင်တော့ အတတ်နိုင်ဆုံး ကူညီရမှာပါပဲ။

လက်ပြထွက်ခွါကြတဲ့သူတို့အပြုံးတွေမှာ ပတတမြူစင်ခြင်းရှိတယ်. . .။ သူလည်း တကယ့်အပြုံးနဲ့ လက်ပြန်ပြနေမိပါရောလား။

* * * * * * * * * * *

"စိန်ကတုံးရေ. . . ဆောတာလည်းဆော့။ မြေပေါင်းထဲလည်းကျနေဦးမယ်. . . မင်းတို့တွေ ဘုန်းဘုန်းကျောင်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လောက်မဆော့ကြနဲ့လေ. . . ဟိုမှာက ကျောင်းဝင်း အကျယ်ကြီး သည်မှာက ရေမြောင်းတွေနဲ့ အန္တရာယ်ရှိတယ်. . ."

ကလေးတွေက များလာတယ်။

ဆော့လိုက်ကြတာ ဝက်ဝက်ကွဲ။

ရေထဲလိမ့်ကျရင် ကျွန်မကလည်း ရေကူးတတ်တာမဟုတ်။ တကယ်ကို မျောက်ရှုံးအောင်ဆော့နိုင်လွန်းကြပါရဲ့။

ကိုသက်မင်းခိုင်ရဲ့ ထော်လာဂျီက ဇော်ကြီးကို သွားခေါ်နေပြီလေ။ ပြန်အလာကိုစောင့်နေရတာဆိုတော့ မြို့အလာလမ်းကိုသာ တမျှော်မျှော်။

"ဟိုးအဝေးမှာလာနေပြီ. . . လာနေပြီ"

ထော်လာဂျီသံ သဲ့သဲ့ကြားရင်ပဲ ကလေးတွေက အလာမစောင့်နိုင် ပြေးကြိုကြလေရဲ့။ စိတ်လည်းညစ်ပါတယ်။ ပျော်လည်းပျော်ပါတယ်။ ကလေးတွေနော် ကားကို ဘာမှတ်သလဲ တိုက်မိကြမယ် သိပ်ပျော်မြူးမနေကြနဲ့။ တိုက်မိခိုက်မိရင် ကိုသက်မင်းခိုင်လည်းမကောင်း၊ နင်တို့လည်း မကောင်းဘူးဟဲ့လို့ အော်လည်းအော်၊ ကလေးတွေက သူတို့အာရုံမှာ ထော်လာဂျီဟာ တကယ့်လေယာဉ်ပျံတစ်စင်းပါပဲ။

"နေကြဦး နေကြဦး၊ ဦး ချီတင်ပေးမယ်. . . မင်းတို့ကွာ အတင်းလုတက်၊ ခုန်တက်ကြနဲ့ အကုန်လိမ့်ကျကုန်ကြမယ်"





တကယ့်ကလေးတွေပါ။

အတင်းစုပြုံတိုးတက်ကြတာ။

သူတို့အားလုံးပါမှ မောင်းမှာကိုများ။

အဲဒါကြောင့် ကလေးအတွေးဆိုတာ တကယ်မှန်တာပါလား။ ကျန်နေရစ်မှာ စိုးရွံ့ကြပုံပါပဲလေ။

"ပြောမရဘူးလား၊ ပြောမရရင် နောက်နေ့ ဘုန်းဘုန်းနဲ့တိုင်ပြီး ကြိမ်လုံးတစ်လုံးယူလာမှာနော်. . . "

ဇော်ကြီးကတော့ ကြိမ်လုံးနဲ့ထိန်းတော့မတဲ့။

ထော်လာဂျီပေါ် လူစုံပြီလေ။

"ကိုသက်မင်းခိုင်. . . နှာချေနေပါလား"

"မနက်က မိုးတော်တော်မိတယ် မိုးအေးရဲ့. . . ကျွန်တော်က နဂိုရ်ကလူနုမဟုတ်လား။ မိုးမိသိပ်မခံနိုင်ဘူးလေ. . . မိုးမိတော့ နှာစေးချင်လို့ ဆေးကြိုသောက်ထားရတယ်. . ."

"ထီးဆောင်းပါလား. . . အင်းလေ. . . အဲလိုဆိုတားမောင်းလို့ဘယ်ရပါ့မလဲ. . . မိုးကာလည်းဝတ်. . . အထဲမှာ နွေးနွေးထွေးထွေး အနွေးထည်လည်းဝတ်၊ ဆေးလည်းကြိုသောက်၊ ဇော်ကြီးပါတုန်းဆို ဇော်ကြီးကို ထီးဆောင်းခိုင်းပေါ့. . . "

စိတ်မှာတကယ့်စေတနာအရင်းခံပါ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအတွက်ကောင်းအောင် ကိုသက်မင်းခိုင်က ငွေကုန်၊ လူပန်းခံပြီး ကြိုးစားတဲ့အချိန်မှာ ကျန်းမာရေး ထိခိုက်မှာ စိုးရိမ်တာတစ်ခုပါ။ ဒါပေမယ့် ကျွန်မရဲ့စကားတွေကို နှင်းနုရဲ့အပြောတွေသတိရတော့ ပြောရမှာမဝံ့ရဲတော့ ပြန်ပါဘူး. . .။

“ကြာတော့လည်း ခံနိုင်ရည်ရှိလာမှာပေါ့ မိုးအေးရယ်၊ ယောက်ျားလေးဖြစ်ပြီး နုနေရတာဘယ်ကောင်းမလဲ. . .”

“ကိုယ်က အကျင့်မရှိသေးရင်အရမ်းကြမ်းလို့ ဘယ်ရပါ့မလဲ. . . တော်ကြာ. . .”

“တော်ကြာ. ဘာဖြစ်လည်း. . . သေမှာစိုးလို့လား။ မပူနဲ့. . . သူငယ်ချင်းတစ်ယောက်လုံး ဘုန်းဘုန်းဝတ်နေတော့ သရဏဂုံတင်ပေးမှာ အသေအချာပါပဲ. . .”

“ဘာတွေလျှောက်ပြောနေတာလဲ. . . ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ. . . ကိုသက်မင်းခိုင်နော်. . .”

သူ ရယ်နေတယ်။

ဟိုလျှောက်ပြော၊ သည်လျှောက်ပြောနဲ့။

မိုးက အခုအချိန်တော့ မရွှာတော့ပြန်ပါဘူး။

ထော်လာဂျီထံ ဆူညံညံကတောင် ကလေးတွေရဲ့ အော်ဟစ်ဆူညံနေသံကို မကျော်နိုင်တော့ပြန်ပါဘူး။ နေ့တိုင်း နေ့တိုင်း ခုလိုမျိုး ဆူညံသံတွေနဲ့ ရင်းနှီးစွာသွားကြရမှာပါပဲ။





“ဘုန်းဘုန်းဆီမှာ ဗမာဆေးကောင်းကောင်းတွေ ရှိတယ်။ တောင်းသောက်လိုက်နော်. . .”

အိမ်ရှေ့ကားရပ်အပေးမှာ ခုလိုမျိုး ပြောလိုက်မိပါတယ်။

အားလုံးအတွက် ကူညီပေးနေတဲ့သူတစ်ယောက်မို့ စိုးရိမ်ပူပန်မိတာပါလို့ တွေးမိတဲ့ကြားထဲက နှင်းနုသိရင်ဆိုပြီး တွေးမိပြန်တဲ့အခါ. . .

* * * * * * * * * * *

“ဆေးသောက်ထားလား သက်မင်းခိုင်”

“သောက်ထားပါတယ် ဘုရာ့. . .”

“မိုးကာဝတ်. . . အထဲမှာ အနွေးထည်ထူထူဝတ်. . .”

ဦးဇင်းက အဲလိုမျိုး ပြောတဲ့အခါမှာ မိုးအေးလည်း ခုလိုပြောပါလားလို့သတိတရဖြစ်သွားရပါတယ်။ စိတ်ပူပန်မှုဆိုတာ သံယောဇဉ်ရဲ့အစွယ်အပွားပဲမဟုတ်လား။ မာမီမရှိထဲက ဘယ်သူကများ သူ့အတွက် စိတ်ပူပန်ပေးခဲ့ပါသလဲ. . .။

အခုဆို ဦးဇင်းလည်းရှိတယ်. . .။

မိုးအေးလည်းရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှာကြည်နူးမှုတွေရှိတာ ဝန်ခံရမှာပါပဲလေ။

"ဘာပြောပြော. . . မင်းရှိတာ ကလေးတွေအတွက် တကယ်အားရှိသွားတယ်။ ဇော်ကြီးအတွက်ကတော့ တကယ့်ကို ကံကောင်းတာပါပဲကွာ. . . ဒါလည်း ဇော်ကြီးမြင့်တိုင်း သူ့အဖေ ဆုံးကာနီးအပ်ခဲ့ပါလျှက် ဘာမှလုပ်မပေးနိုင်ဘူး။ ဘာမှ လုပ်မပေးနိုင်ဘူးလို့ စိတ်မကောင်းဖြစ်နေတာ. . . တကယ်ပါ မင်းကူညီတာ အရမ်းဝမ်းသာရတယ်. . ."

"ရပါတယ်ဦးဇင်းရယ်. . . ဒါက ဘာများကုန်ကျတာ လိုက်လို့။ သူ့အတွက် တကယ်အကျိုးရှိတာတွေ့ရတာ တပည့်တော်လည်း အရမ်းဝမ်းသာပါတယ်. . . ကလေးတွေ ဆူညံဆူညံနဲ့ တစ်ခါတစ်ခါ စိတ်ရှုပ်တယ်၊ တစ်ခါတစ်ခါ ပျော်ပါတယ်"

"ကြာတော့ အဲသည့်ဆူညံသံတွေ မကြားရရင် မင်း နေတတ်မှာမဟုတ်တော့ဘူး၊ ဒါလည်း ကိုရင်တွေရဲ့စာအံသံ ကလေးတွေရဲ့စာအံသံမှမကြားရင် မနေနိုင်တော့ဘူး. . ."

တနင်္ဂနွေကျောင်းပိတ်ရက်မို့ကျောင်းမပို့ရဘူးလေ။ ဘုန်းဘုန်းနဲ့ ထိုင်စကားပြောနေကြတယ်။ သည်အခိုက်မှာ အိတ်ကလေးဆွဲပြီး ကျောင်းပေါ်တက်လာတဲ့လူကိုမြင်တော့ ဘုန်းဘုန်းက လှမ်းနှုတ်ဆက်ပါတယ်။





"တင်မောင်သန့်. . . လာ"

"ဘုန်းဘုန်း ကျန်းနေမလားလို့ တပည့်တော် နေ့ခင်းက မလာတာ. . ."

"တရားထိုင်ချိန်ပြီးတော့ ခဏကျိန်းတယ်. . . ခုတလော ခေါင်းမူးမူးနေလို့ ဆေးသောက်နေရတယ်. . ."

"သွေးပေါင်လည်း ချိန်ကြည့်ဦးနော်ဘုရား. . . တော်ကြာ သွေးတိုးနေသလား၊ သွေးကျနေသလား မသိဘဲနေမှာ. . ."

"သွေးတိုးမရှိပါဘူး. . . သွေးကျရင်သာ ကျမယ်. . . ခုတလော ညညတရားထိုင်နေတာပါ. . . သိပ်ရောဂါဖြစ်စရာ အကြောင်း မရှိပါဘူး. . ."

ကိုတင်မောင်သန့်နဲ့ သူ့ကိုမိတ်ဆက်ပေးပါတယ်။ ကိုတင်မောင်သန့်ဆိုတာ မနှင်းနုရဲ့ခင်ပွန်းဆိုတာလည်း မိုးအေး ပြောပြထားလို့ သိပြီးသားပါ။

"ကိုသက်မင်းခိုင်ဆိုတာ မိတ်ဆက်ပေးစရာတောင် မလိုပါဘူး။ ကျွန်တော်တို့တစ်ရွာလုံးမှာ ကလေး၊ လူကြီးအားလုံး အလွတ်ရနေတဲ့ နာမည်ပါ. . ."

"လူကြီးလည်းသိ၊ ကလေးလည်းသိ၊ ခွေးလည်းသိ ဆိုပါတော့"

"ထော်လာဂျီသံ ဆူညံလွန်းလို့ ခွေးတွေလည်း သိတာတော့ အမှန်ပါပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းနဲ့ကိုတင်မောင်သန့် စကားပြောနေတုန်း ဖော်ကြီးတို့ဟင်းချက်နေရာဆီ ဝင်လာခဲ့ပါတယ်။ အာရုဏ်ဆွမ်းအတွက် ဘာတွေများချက်နေကြပါလိမ့်။ ထင်းတွေက စိုတယ်လေ။ ဘာလို့များ ထင်းတွေကို မိုးလုံလေလုံနေရာမှာ မထားရတာပါလိမ့်။ မီးခိုးတွေက အူနေတာပါပဲ။

"ဖော်ကြီး..."

"အစ်ကို..."

"မင်း ဘာချက်မှာလဲ။ ဦးထွန်းရော..."

"ဦးထွန်း ရွာထဲသွားတယ်။ ကျွန်တော် မနက်အတွက် ရှိတဲ့အာလူးပဲချက်မလား၊ အာလူးနှာတာပါ။ အာရုဏ်ကြမှ ထချက်မယ်"

"မီးခိုးတွေအူလွန်းတယ်။ ဘာချက်နေလဲ"

"ရေနွေးတည်တာပါ အစ်ကို"

"ထင်းကလည်း မခြောက်ဘူးလား... မိုးရေမစိုတဲ့ နေရာထားမှပေါ့ကွာ..."

ဆွမ်းချက်ဆောင်ကလေးက သွပ်မိုးတွေက ပေါက်ထဲ နေရာ ပေါက်နေပါပေါ့လား... မြင်ဦးမှပါ။ မီးခိုးငွေ့တွေ အရမ်းအူနေပါလား။



"ဖော်ကြီးရေ... မနက်ဖြန် မြို့ကျောင်းသွားပို့ရင် လောင်စာတောင့်တော့ ဝယ်ခဲ့ပါကွာ။ မင်းထင်းတွေက ခုပုံဆို ကြာရင်မျက်ခမ်းစပ်ဖြစ်မယ်... ဟင်းတွေဆိုလည်း မီးခိုးစော်တွေ နံကုန်မှာပေါ့..."

ဒါကြောင့်မို့ ချက်တဲ့ဟင်းတွေက အရသာမကောင်းတာ။ ခက်ပါလား။ လက်သမားအလုပ်တော့ သူလည်းမတတ်ပါဘူး။ ဒါပေမယ့် သည်ရေယိုနေတဲ့အမိုးကိုတော့ မြင်ရလိမ့်မယ်။ ဘုန်းကြီးကျောင်းကလည်း ဟောင်းအိုနေပါပြီ။ တဖြည်းဖြည်း ချင်းတော့ မြင်ယူရမှာပါပဲ။

ဖော်ကြီးဆယ်တန်းဖြေမယ့်နှစ်မှာတော့ ဆွမ်းဟင်းချက်တာကအစ တစ်ယောက်လောက်ကိုရှာရမှာပါပဲ။

ဘယ်တုန်းကမှ အိမ်ကိုစိတ်မပူခဲ့တဲ့ သက်မင်းခိုင် တစ်ယောက် အခုတော့ ဘုန်းဘုန်းကျောင်းကို မြင်ဆင်ဖို့ စိတ်ပူပန်တတ်နေပြီလား။

* * * * * * * * * * *

"မိုးရွာနေတယ်နော်... မိုးအေး... အဝတ်ကခုမှ လျှော်ရသလား... အအေးမိတော့မှာပါပဲ"

www.burmeseclassic.com



အိမ်ရှေ့ရေတွင်းမှာ အဝတ်လျှော်နေတော့မှ မိုးကရွာတယ်။ သည်တော့လည်း မိုးရွာကြီးထဲမှာပဲ အဝတ်ဆက်လျှော်နေလိုက်တော့တာပေါ့။ ဒေါ်လေးကတော့ စိတ်ပူပန်စွာအော်နေတယ်။ ကျွန်မမိုးရေကြောက်တဲ့သူမှ မဟုတ်တာ။ သည်အခါမှာ မိုးရေကြောက်ပြီး မိုးမိတိုင်းနှာစေးတတ်တဲ့ကိုသက်မင်းခိုင်ကို သတိရရပါတယ်။

ထော်လာဂျီသံ သဲ့သဲ့ပါလား. . .။

သေခဲဦးမယ်. . .။

အခုပဲ စိတ်မှာသူ့အကြောင်း သတိရနေတာ။ ကိုသက်မင်းခိုင်ရဲ့ ထော်လာဂျီသံကတော့ အဝေးကပင် ကြားနိုင်ပါသည်ပဲလေ။

ဘယ်သွားတာလဲ. . .။

သည်နေ့ကျောင်းမရှိပါဘဲနဲ့. . .

မိုးတွေထဲ သွားပြန်ပါပြီ။

ကျွန်မကတော့ သူ အပြင်သွားမယ်မှတ်တာ။ သူကပြန်လာတာပါလား။ ဘယ်တုန်းက ထွက်သွားလိုက်ပါလိမ့်။

"မိုးအေး. . . မိုးရေထဲမှာပါလား. . ."

"ရှင်ကရော. . ."

"ကျွန်တော် မြို့တက်သွပ်ဝယ်တယ်"



ဟုတ်သားပဲ။ အခုမှ ထော်လာဂျီပေါ်မှာ ထပ်ထားတဲ့သွပ်တွေကို တွေ့တာပါလား။ မြို့ထိတောင် သွပ်သွားဝယ်သတဲ့။ မိုးတော့ သူ့ဘေးမှာလူတစ်ယောက်ပါလာသေးတယ်။

"သွပ်က ဘာလုပ်မှာလဲ ကိုသက်မင်းခိုင်"

"ဦးဇင်းရဲ့ဆွမ်းချက်ဆောင်က အရမ်းမိုးယိုနေတယ်လေ။ ဒါကြောင့် သွပ်နဲ့ပြန်ပြင်မယ်။ လက်သမားဦးလေးကိုလည်း မြို့က တစ်ခါတည်းငှားလာတာ. . ."

မိုးကာဝတ်ထားပေမယ့် သူလည်း မိုးရွှဲနေပါပြီ။

မြို့ထိသွားတာပါလား. . .။

"မိုးအေး. . . နေမကောင်းဖြစ်မယ်"

"အဲဒါ ရှင့်ကိုယ်ရှင် ပြော. . ."

"ဟုတ်ပါ့ဗျား. . . အခုတောင်ကျွန်တော် ဖျားချင်ချင်ဖြစ်နေပြီ. . ."

"ဒါဆိုလည်း ဆေးကြိုသောက်ထားဦး။ ကျွန်မတို့ကို ကျောင်းပို့မယ့်လူမရှိဘူး ဖြစ်နေမယ်. . ."

"စိတ်ချပါ။ ဘယ်လောက်နေမကောင်းပါစေ။ ကျောင်းကြိုကျောင်းပို့ မပျက်စေရပါဘူး။ သွားမယ် မိုးအေးရေ။ ဒေါ်လေးကိုလည်း နှုတ်ဆက်တယ်ပြောပါ။ ညနေမှ ကျွန်တော်လာခဲ့ဦးမယ်။ ဒေါ်လေးနဲ့ အမေဆယ်ဖို့ မုန့်ဝယ်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ထော်လာဂျိသံကို ဖုန်းနိုင်ဖို့ဖော်ပြောရင်း ထွက်ခွာသွားပါပြီ။ အဝတ်တွေကို အမိုးဖောက်သွားလှမ်းပြီး တစ်ခါတည်း ရေချိုးလိုက်ပါတယ်။ သနပ်ခါးသွေးနေခိုက်မှာ ဒေါ်လေးက ကျွန်မကိုပြောတယ်။

"ခုနက ထော်လာဂျိသံကြားပါလား။ ဘယ်က ပြန်လာလဲ. . ."

"ဘုန်းဘုန်းကျောင်းမှာ ဆွမ်းချက်ဆောင်မိုးယိုတာ မိုးမလို့ သွပ်ဝယ်တယ်၊ လက်သမားခေါ်လာတယ် ပြောတာပဲ။ ညနေကြမှ ဒေါ်လေးနဲ့အမေ့ဖို့ မုန့်ဝယ်လာတာ လာပို့မလို့တဲ့"

"ကောင်လေးက မဆိုးပါဘူး။ ဘုန်းဘုန်းပြောတော့ အရမ်းချမ်းသာပြီး မေတ္တာငတ်နေတယ် ပြောတာပဲ။ သူသိပ်ချစ်တဲ့ သူ့အမေကလည်းဆုံးသွားတယ်တဲ့။လီမွှာရေးခြား ရှိပါတယ်။"

"ဒေါ်လေးကို မုန့်ဝယ်ဝယ်လာလို့ လီမွှာသွားတာ မဟုတ်လား"

"ဟယ်. . . သည်ကောင်မလေး"

ဒေါ်လေးကို နောက်ပြောင်ပြီးတော့ ရယ်ရသေးတယ်။ သနပ်ခါးထူထူလေးလူးပြီးတော့ နွေးနွေးထွေးထွေး အဝတ်လဲထား လိုက်တဲ့အခါမှာ. . .

သူရော. . ရေမိုးချိုးပြီး နွေးနွေးထွေးထွေးနေရဲ့လား ဘာတွေ စဉ်းစားနေပါလိမ့်။ ဘာလို့သူ့အကြောင်းကို သတိတရ ဖြစ်နေရတာလဲ။ မဖြစ်သင့်ပါဘူး။



"ဒေါ်လေးကို နှင်းနုကပြောတယ်"

"နှင်းနုက ဘာပြောလဲဟင်"

"မိုးအေးလည်း မငယ်တော့ဘူးတဲ့။အိမ်ထောင်ပြုသင့်နေပြီတဲ့။ ဖူးစာရေးနတ်က ကြည့်မနေရက်လို့ ကိုယ့်ရှေ့အရောက်ပို့လိုက်တာကို ဒေါ်လေးတို့လူကြီးတွေက ကြည့်မနေသင့်ဘူးတဲ့။ မိဘဝတ္တရားထဲမှာ ထိမ်းမြားခြင်းလည်းပါတာမို့ ဒေါ်လေးတို့ တာဝန်အများဆုံးရှိတယ်လို့ပြောတယ်. . ."

ဒေါ်လေးဘယ်သူ့ကို ရည်ညွှန်းပြောနေတယ်ဆိုတာ သိပါတယ်။ ဒါကြောင့်မို့လည်း ဒေါ်လေးရေ နှင်းနု လျှောက်ပြောတိုင်း မယုံနဲ့နော်။ မဟုတ်တာတွေ။ ယောကျ်ားလေး ဘက်က ဘယ်လိုစိတ်မှမရှိပါဘဲ မိန်းကလေးဖက်က သိပ်ပြောနေရင် သူချမ်းသာလို့လို့အပြောခံရမယ်။ နောက်တို့ အဲလိုမျိုး မတွေးပါနဲ့ ဒေါ်လေး။ သိရင်တောင် ရှက်စရာကောင်းပါတယ်။

"အင်းလေ. . . ဒေါ်လေးကလည်း အိမ်ထောင်ဆိုတာ လူငယ်ချင်းနှစ်သက်တာမျိုးပဲ ကြိုက်ပါတယ်. . ."

"ဟုတ်ပါတယ်။ မပြောပါနဲ့ဒေါ်လေး။ ရှက်စရာကောင်းပါတယ်။ သူ့လိုသိပ်ချမ်းသာတဲ့လူကိုဆို ပိုလို့တောင် မပြောသင့်ပါဘူး။ သူကဖွင့်ပြောလာရင်တောင်မှ ငြင်းရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာလို့ ငြင်းရမှာလည်း. . ."

"ဒေါ်လေးကလည်း သူ့ဗိုက်ဆံမက်လို့လို့ အထင်မခံနိုင်ဘူး။ ရှေ့ဆက်ပြီး ပြောမနေချင်တော့ပါဘူး။ သူလိုမျိုး လူ့ပတဲ့၊ ပြည့်စုံတဲ့ မိန်းကလေးတွေ တွေ့ခဲ့ဖူးသူက ကျွန်မလို ရွာကျောင်းဆရာမလေးကို စိတ်ဝင်စားမတဲ့လား. . ."

* * * * * * * * * * * *

ဖျားချင်နေလို့ ဆေးကြိုသောက်နေရတယ်။ မိုးမိတာကလည်း နေ့စဉ်လိုဖြစ်နေခဲ့တာမဟုတ်လား။ ဆွမ်းချက်ဆောင်ငှလေး ပြင်နေပြီလေ။ ဦးဇင်းကတော့ သိပ်မလိုအပ်ရင် ဘာမှမပြင်စမ်းပါနဲ့သက်မင်းခိုင်၊ မင်းရဲ့ငွေတို့ ရွာသူရွာသားတွေ၊ ကလေးတွေ အတွက် အကျိုးရှိမယ့်နေရာတွေမှာ သုံးစမ်းပါ။ ငါ့ကျောင်းအတွက် သိပ်အကုန်အကျမခံပါနဲ့တဲ့။

"ဘယ်ဟုတ်ပါ့မလဲ ဦးဇင်းရယ်. . . ကျောင်းကိုလည်း တဖြည်းဖြည်းချင်းဖြစ်မယ်"

"သက်မင်းခိုင်. . . မင်း ငွေသုံးသိပ်များရင် မင်းအိမ်က တစ်မျိုးမြင်မလား။ တော်ကြာ ဦးဇင်းက သက်မင်းခိုင်ကိုခေါ်ပြီး ငွေတွေသုံးခိုင်းနေတယ်မြင်ရင် မကောင်းဘူး. . ."





"ဦးဇင်းကလည်းမဟုတ်တာ. . . မထင်ပါဘူး။ တပည့်တော် အခုသုံးနေတာ ကိုယ်ပိုင်ငွေတွေပါ။ ဘယ်လောက်မှလည်း မကုန်ပါဘူး။ ကုသိုလ်ရမယ့်အလုပ်ကို လုပ်ပါရစေ။ တပည့်တော်ဒက်ဒီဟာ သူ့သားသမီးတွေ ငွေကိုဘယ်နည်းနဲ့ သုံးသုံး ဘယ်တော့မှ မတားပါဘူး. . ."

"ဒါဆိုလည်း ကောင်းပါတယ် ဒါပေမယ့်. . ."

"ဘာကိုမှ စိတ်မှာမထွေးပါနဲ့ဦးဇင်း။ မာမီဆုံးတော့ မာမီက သူပိုင်ငွေတော်တော်များများကို တပည့်တော် ဘဏ်စာအုပ်ထဲ လွှဲထည့်ပေးခဲ့ပါသေးတယ်"

အတိုင်းအတာပမာဏ များပြားလွန်းပေမယ့် ငွေတော်တော်များများလို့သာ သူသုံးလိုက်ပါတယ်။ မာမီက သူ့တစ်ယောက်ကို မောင်နှမတွေထက် လေးငါးဆပိုပေးခဲ့တာ သိလို့လည်း အစ်မကြီးနဲ့တောင် စကားများရတယ်။ သူ့အိမ်မှာနေပြီး မာမီ့ကိုကပ်ချွဲ နေတာကိုး. . . ပိုရမှာပေါ့တဲ့။

မာမီရဲ့ မျှဝေခံစားပေါ် အဖြစ် သူ ရှိနေခဲ့တာတွေဟာ မာမီ့စိတ်ကို ကြည်နူးစေခဲ့လို့ဆိုတာ မောင်နှမတွေ နားမလည်နိုင်ခဲ့ပါဘူး"

"သိပ်များနေတဲ့ငွေတွေကို နေရာအမျိုးမျိုးမှာ တပည့်တော် သုံးဖူးပါပြီ. . . အခုသုံးနေရတာက နှစ်သက်စရာ ပိုကောင်းသလိုခံစားရပါတယ် တိတ်ဆိတ်ပြီး တယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



စီးခဲ့တဲ့ ပါဂျဲရိုးကားထက်စာ ဆူညံနေတဲ့ထော်လာဂျီပေါ်မှာ ပျော်ရွှင်နေကြတာဟာ တပည့်တော် အတွက်တော့ အံ့ဩစရာ တစ်ခု ဖြစ်နေသလိုပါပဲ. . ."

"တကယ်တော့ သက်မင်းခိုင်ကို ဦးဇင်းမပြောရက်ခဲ့ဘူး။ အခု မင်းချမ်းသာနေတာဟာ မင်းလုပ်အားတစ်ပြား မပါပါဘူး။ အရင်ဘဝကလုပ်ခဲ့တဲ့ ကုသိုလ်ဒါနတွေရဲ့ အသီးအပွင့်တွေပါ။ နောက်ဘဝကို အပါယူချင်တယ်ဆိုရင်တော့. . . ယူလို့ရမယ့် နည်းလမ်းတွေကို သည်စာအုပ်တွေမှာသာ ရှာဖွေဖတ်ပါ။ ဦးဇင်းကတော့ စာအုပ်တွေကတစ်ဆင့် အေးချမ်းတဲ့ဘဝကို ရှာရင်း လက်တွေ့တွေ့လာခဲ့တာပဲ။"

ဦးဇင်းရဲ့ စာကြည့်ခန်းမှာရှိတဲ့ စာအုပ်တွေက မှန်ဘီရို အဟောင်းကြီးတွေမှာ ပြည့်လျှံနေတာပါပဲ။ နေ့ခင်းအားလပ်နေရင်တော့ စာအုပ်တွေ ယူဖတ်ရဦးမယ်။ သည်လို ပျင်းစရာကောင်းမည်ထင်သည့် စာအုပ်မျိုးတွေကို ဟိုအရင်က ကိုင်တောင် မကြည့်ခဲ့ပါဘူး။

ကျောင်းစာသင်ချိန်မှာ ကျောင်းစာအုပ်ကလွဲပြီး ဘယ်လိုစာအုပ်မှ မဖတ်ခဲ့ပါဘူး။ အိမ်မှာလည်းဘာစာအုပ်မှ မရှိခဲ့ဘူးလေ။

"ညဖက်ကြရင် ကိုရင်လေးတွေ ဝတ်တက်ပြီးချိန်မှာ မင်းစိတ်ပုတီးစိတ်ကြည့်ပါလား. . . သူတို့နဲ့အတူ ဘုရားရှိခိုး စိတ်ပုတီး စိတ်ကြည့်သင့်တယ်. . ."





"တင်ပါ့ ဘုရား. . ."

ကိုရင်းလေးတွေနှင့်အတူ ဖော်ကြီးတို့တွေပါ ဘုရားစာတွေရွတ်ချိန်ဆို သူက အိပ်ဖို့အိပ်ယာခင်းနေပြီလေ။ ဒါကို ဦးဇင်းက မြင်ပုံရပါတယ်။

"လေလွင့်ပြီး ဟိုသည်လျှောက်သွားနေတတ်တဲ့စိတ်ကို ခုလိုမျိုး မထိမ်းချုပ်ပေးရင်တော့ သွားသည်ထက်သွားနေမှာပဲ"

"ဦးဇင်းဘုရား. . . ဒေါ်တင်ကြွယ် အမောဖေါက်နေလို့ ကြွပေးပါဦးဘုရား. . ."

ဦးဇင်းကတော့ ရွာထဲက သာရေးနာရေးတွေ အတွက်လည်း ကူညီနေရတာပါပဲ။ ဖော်ကြီးကလည်း စာကျက်နေတော့ အနားမှာအနှောက်အယှက်မဖြစ်ချင်တာနဲ့ ကျောင်းဝင်းထဲဆင်းခဲ့ပါတယ်။ လှေကားထစ်တွေမှာ သုံးလေးထစ်က ချိုင်တွေပဲ့နေပါလား။ သစ်တွေက အတန်ငယ်ကောင်းပုံရပေမယ့် နှစ်များစွာကြာခဲ့ပုံနဲ့ ဟောင်းအိုနေပါပြီ။ သည်ကျောင်းအိုကြီးကိုတော့ တဖြည်းဖြည်း တစ်နေရာချင်း မြမြင်ယူမှုပါ။

"ကိုသက်မင်းခိုင်. . . ဘယ်လဲ"

"ဦးထွန်း. . . ရွာထဲက ပြန်လာသလား"

"ဟုတ်တယ်. . . ဦးဘဘွားတို့အိမ်က မနက်ဆွမ်းချက် ဆွမ်းအတွက် ကုလားပဲလေးလာယူပါဆိုတာနဲ့ သွားယူတာပါ။ ဪဪ. . . အမေဆယ်ကို နှုတ်ဆက်လို့တောင်ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ သူတို့ဝက်သားဟင်းချက်မှာမို့ အခုညစာကို လာစားပါတဲ့. . .”

“ဟုတ်ကဲ့. . . ဦးထွန်း”

ဦးဇင်းက များသောအားဖြင့် သက်သက်လွတ် ဆွမ်းပေးပါတယ်။ ဒါကြောင့် ကျောင်းမှာကများသောအားဖြင့် ပဲနဲ့အာလူး၊ ဟင်းသီးဟင်းရွက်တွေသာ အချက်များတာပါ။ ရွာထဲက ခင်မင်နေကြသူတွေကတော့ ဟင်းကောင်းကောင်း လေးချက်ရင် သူ့ကို ထမင်းစားဖိတ်လေ့ရှိပါတယ်. . .။

“စိန်ကတုံးရေ. . . ကိုဇော်ကြီးကိုသွားပြောလိုက်၊ ဦးသက် ရွာထဲသွားတယ်လို့. . . အမေဆယ်တို့အိမ်မှာ ရှိမယ်လို့. . .”

ဆူညံသံတွေများလွန်းတဲ့ ထော်လာဂျီကို ထားမစ်ခဲ့ မယ်လေ။ ရွာထဲကို ခြေကျင်ပဲလာခဲ့ပါတယ်။ လက်နှိပ်ဓါတ်မီး ကောင်းကောင်းတစ်လက်တော့ ဆောင်ထားရတာပေါ့. . .။ ညဖက်ဆို မီးမှမရှိတာ။ အကောင်ရှည်တွေ ကြောက်တယ်. . .

ဦးဇင်းကတော့ ရွာမြောက်ဖျားက ဒေါ်ကြွယ်တို့ အိမ်မှာ ရှိနေမှာပါပဲ။ တင်ဒွေးဖြစ်ဖြစ်၊ လွန်းကြွယ်ဖြစ်ဖြစ်တော့ အပေါ် ခေါ်သွားတတ်ပါတယ်. . .။

ဝင်လုဆဲဆဲနေမင်းကြီးက မိုးရာသီရဲ့ညနေခင်းမှာ မိုးတိမ်တွေကို အံ့တုရင်း ဝါကျင့်ကျင့်အလင်းရောင်ကို ပေးနေ





ပါတယ်။ ငှက်ကလေးတွေအများကြီးပျံသွားပါလား။ မြန်မြန် ပျံကြ. . . မိုးမိနေဦးမယ်။

* * * * * * * * * * *

“ဒေါ်လေး. . . အမေက အိမ်မှာထမင်းလာစားပါတဲ့”

“ဟဲ့. . . နှင်းနုလား။ ဒေါ်လေးစားပြီးပြီ. . . နည်းနည်း မိုးချုပ်ရင် အစာမကျေလို့ စောစောစားလိုက်တယ်. . .”

“ဒေါ်လေးကလည်းလေ. . . ကျွန်မ ဒေါ်လေးနဲ့ မိုးအေး အကြိုက် ဝက်သားမုန်းရည်ချက်တယ်. . .”

“ဒါဆိုလည်း နှင့်သူငယ်ချင်းခေါ်သွား. . . သူမစားရသေးဘူး. . .”

ကလေးတွေရဲ့စာအုပ်တွေမှာ အမှတ်ခြစ်နေတာ မပြီးသေးလို့ ထမင်းစားဖို့ကို မစားနိုင်သေးပါဘူး။ နှင်းနု လာခေါ်နေသံ ကြားရပါတယ်။ ချက်ခြင်းဆိုသလို အခန်းထဲ ဝင်လာတဲ့ ခြေသံကြောင့်နှင်းနုလားလို့ မေးလိုက်တယ်။

“မိုးအေး. . . လာ. . . ထမင်းစားရအောင်”

“ငါခဏနေမှ လာခဲ့ပါမယ်ဟာ. . . သည်မှာ အမှတ် ခြစ်နေလို့”

"ဒါတွေပြီးမှဆက်လုပ်. . . ထမင်းဝိုင်းက အဆင်သင့်ဖြစ်နေပြီ. . . တင်မောင်သန့်က ဒေါ်လေးနဲ့နင့်ကို သွားခေါ်ဆိုလို့"

လက်ကိုအတင်းဆွဲနေတာကြောင့် ဘောလ်ပင်ထားပြီး သူဆွဲခေါ်ရာနောက်လိုက်ခဲ့ရပြန်ပါတယ်။

"မိုးအေး. . . လာဟေ့. . . ဒေါ်လေးရော"

"ဒေါ်လေးက စားပြီးနေပြီ. . . တင်မောင်သန့်ရဲ့"

အိမ်ပေါ်တက်ပြီးမှ ထမင်းဝိုင်းမှာ အမေ၊ တင်မောင်သန့်နဲ့အတူရှိနေတဲ့ ကိုသက်မင်းခိုင်ကို တွေ့ရတာပါ။ နှင်းနုတို့များ အတော်နှုတ်လုံတယ်။ ထမင်းဝိုင်းမှာ ကိုသက်မင်းခိုင်ပါအတူရှိနေတယ်ဆိုတာ တစ်ခွန်းလေးမှမဟ။ နှင်းနုတို့လှမ်းကြည့်တော့ ပြုံးတုံ့တုံ့အမူအယာနဲ့ကျွန်မကို လှမ်းကြည့်လိုက်သေး။ နည်းနည်းမှမကောင်းဘူး။

"လမ်းလျှောက်လာတာလား ကိုသက်မင်းခိုင်"

"ထော်လာဂျီယူလာရင် ကလေးတွေခမျာ သံယောဇဉ်ပွားပြီး လိုက်စီးကြဦးမှာ. . . မိုးချုပ်နေပြီလေ. . . ဒါကြောင့်လမ်းလျှောက်လာတာ. . ."

ထမင်းဝိုင်းစားကြတယ်။

တင်မောင်သန့်ကတော့ သူတို့အသစ်စမ်းသပ်တဲ့ စပါးမျိုးတွေအကြောင်း၊ မြေဩဇာတွေအကြောင်း သူစိတ်ဝင်စားသမျှတွေကို အားပါးတရ ပြောပြနေပါတယ်။ ကိုသက်မင်းခိုင်ကတော့ ခေါင်းလေးတငြိမ့်ငြိမ့် နားထောင်နေတာပါပဲ။



"ကိုသန့်ရေ ရှင်စိတ်ဝင်စားတိုင်း စပါးတွေ၊ မြေဩဇာတွေ၊ ရာသီဥတုတွေချည်း ပြောမနေနဲ့။ ကိုသက်မင်းခိုင်ကိုလည်း ပြောပါစေဦး. . ."

"ကျွန်တော့်မှာ ဘာပြောစရာမှမရှိပါဘူး မနှင်းနုရယ်။ ကိုတင်မောင်သန့်ပြောပြတာတွေ ဗဟုသုတရပါတယ်. . ."

"နာရီကလည်း ကြည့်လှချည်လား ကိုသက်မင်းခိုင် . . . ဘာကိစ္စရှိလဲ"

"ဦးဇင်းက ကိုရင်တွေဝတ်တက်ပြီးချိန် ကျွန်တော့်ကို ဘုရားရှိခိုးပြီး ပုတီးစိတ်ခိုင်းတယ်. . . ဒါကြောင့် အမြီပြန်ချင်လို့ပါ"

"အချိန်ရပါသေးတယ်ရှင်. . . ဖြည်းဖြည်းစားပါ"

"မိုးအေး. . အသံတိတ်လှချေလား. ဘာမှပြောစရာမရှိဘူးလား"

"ငါက ဘာပြောရမှာလဲ တင်မောင်သန့်ရဲ့. . ."

"နင့်လည်းနင့်ကျောင်းအကြောင်း၊ နင့်ကလေးတွေ စာသင်ရတဲ့အကြောင်း ပြောပေါ့"

"ငါ့ကျောင်းနဲ့ငါ့ကလေးတွေအကြောင်းပြောရင် ကိုသက်မင်းခိုင် ထွက်ပြေးလိမ့်မယ်။ တစ်နေ့တစ်နေ့ကျောင်းပို့

www.burmeseclassic.com



ကျောင်းကြိုနေရတာ ကလေးတွေရဲ့ဒုက္ခတွေ အတော်များများ မျှဝေခံစားနေရတယ်လေ ဟုတ်တယ်နော်. . ."

ကျွန်မ. . . ခုလိုပြောတော့ ကိုသက်မင်းခိုင်ပြုံးတယ်

တစ်ချက်တစ်ချက်မှာ စိတ်ရှုပ်ခေါင်းနောက်မိပေမယ့်လည်း ဒုက္ခလို့တော့မယူဆပါဘူး မိုးအေးရယ်. . . ကလေးဆိုတာ ဆိုးပေမယ့်အပြစ်ကင်းပါတယ်တဲ့. . . ထမင်းဝိုင်းသိမ်းတော့ နှင်းနုကို ကူသိမ်းပေးရတယ်။ မီးဖိုထဲရောက်မှာ. . .

"ကိုသက်မင်းခိုင်ပါလာစားမှာ ငါ့ကိုမပြောဘူး. . ."

"တမင်မပြောတာ. . . နင်လာမစားမှာစိုးရိမ်လို့. ."

"နှင်းနုကလည်းဟယ်. . ."

"အရင်က ကိုသန့်နဲ့နင် အလုပ်တွေလုပ်ကြတော့ ငါ့မှာအလုပ်မရှိလို့ စိတ်မကောင်းဖြစ်နေတာ။ ငါ အခု အလုပ်ရပြီ မိုးအေး"

"ဟယ်. . . နင်ကလည်း. . . နင့်မှာကိုယ်ဝန်လည်း ရှိနေပြီ။ အမေ့ကိုလည်း စောင့်ရှောက်ရဦးမှာ. . . ဘာအလုပ်လုပ်ချင်ရပြန်တာလဲ. ."

"ငါ. . . အခု မြားနတ်မောင် လုပ်မလို့လေ. . ."

"ဟယ်. . . နှင်းနု. . . အစုတ်ပလုတ်ရယ်. . ."

လက်မောင်းကို တော်တော်လေးနာအောင် လိမ်ဆွဲလိုက်တယ်။ နှင်းနုတို့က ဝါသနာမသေးဘူး။ တက္ကသိုလ်





ဆက်နေကြတုန်းကလည်း ဟိုကောင်လေးနဲ့သဘောတူ၊ သည်ကောင်လေးနဲ့သဘောတူနဲ့. . .။

"မိုးအေးရေ ပြန်မယ်. . . လာလေ. . . အိမ်ထိ ပို့ပေးမယ်"

ဟိုဖက်အိမ်ပြန်တာကိုများ ကိုသက်မင်းခိုင်က ပို့ပေးဦးမတဲ့။ နှင်းနုက တိုးတိုးလေးပြောပါတယ်၊ တွေ့လား အတူပြန်ချင်နေတယ်. . . မှောင်ရိပ်မှာ ဘာပြောမလဲမသိဘူးတဲ့လေ. . .။

* * * * * * * * * * *

မိုးဖွဲဖွဲလေး ရွာနေတယ်. . .

ထီးဖွင့်ပြီးတော့ ရော့. . . မိုးအေးဆောင်းလို့ ပေးလိုက်တယ်။ မိုးအေးက တစ်ဖက်အိမ်တင် ပြန်မှာပဲ မဟုတ်လား၊ ရတယ်. . . ကိုသက်မင်းခိုင်။ ရှင်ဖာသာဆောင်းပါ ရှင်က အအေးမိမခံနိုင်ဘူး ဖျားချင်ချင်ဖြစ်နေတာ။

"ဒါဆို ကျွန်တော်မိုးပေးမယ်. . . မောင်နှမတွေပဲ မဟုတ်လား. . ."

"ကိုသက်မင်းခိုင်. . . ဓါတ်မီးပါရဲ့လား။ ကျောင်းအပြန် လမ်းကမှောင်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ပါပါတယ်. . ."

"မိုးမမိစေနဲ့ဦး. . ."

"ဟုတ်ကဲ့ပါ. . . ဖျားတော့လည်း မိုးအေးတို့ရှိတာပဲ ဆေးတိုက်ကြပေါ့. . ."

"ဆေးတိုက်တာက ရပါတယ်. . . နေမကောင်းတော့ ကိုယ်ပဲခံစားရတာပေါ့. . ."

"ခံစားရတာထားပါ၊ မိုးအေးဆေးတိုက်ရမယ်နော်"

"တိုက်ပါတယ်. . ."

မိုးနည်းနည်းပိုသည်းလာတယ်။

မိုးအေးကို အိမ်ရှေ့လှေကားအထိ ပို့ပေးလိုက်ပါတယ်။ ဂရုစိုက်ပြန်နော်တဲ့. . .။ လှည့်ထွက်လာခဲ့ပြီး ခြံဝအရောက်မှာမှ လှည့်ကြည့်မိတာပါ။ လှေကားထိပ်မှာ သူမရပ်ကြည့်နေဆဲ ဆိုတာ မှောင်ရိပ်မှာဝိုးတဝါးမြင်နေရတယ်။ ခြေလှမ်းတွေ တုံ့ဆိုင်းရပါလား. . .

"အစ်ကို. . ."

"ဖော်ကြီး. . . မှောင်ထဲမှာကွာ. . . မီးမပါဘဲ ဘာလို့ လာရတာလဲ"

"ဘုန်းဘုန်းကလွှတ်လို့ပါ။ အစ်ကို့ကို ကိုတင်မောင်သန့်တို့အိမ်မှာဝင်ကြိုခဲ့၊ အဖေါ်မပါဘူးဆိုလို့။ ဘုန်းဘုန်းကတော့ ဒေါ်တင်ကြွယ် ဆုံးသွားပြီမို့ ကျောင်းပြန်ကြွသွားပြီ"





နောက်ဆိုရင်တော့ ရွာထဲကိုမိုးချုပ်ပိုင်းမလာတော့ဘူး။ ဘုန်းဘုန်းကို သံယောဇဉ်နဲ့ နောက်ဆံတင်းစေမယ့်ကိစ္စမျိုး နောက် ဆင်ခြင်မှပါ။

ဖော်ကြီးနဲ့အတူ ကျောင်းကိုပြန်ခဲ့တယ်လေ. . .။ လယ်ကွက်တွေဖြတ်လျှောက်တဲ့အခါမှာ မိုးကောင်းကင်ပြာက အလင်းရောင်တွေရှိနေသလိုပါပဲ။ မိုးပျောက်ပျောက်ကြားက ကြယ်ကလေးတစ်လုံး၊ နှစ်လုံး ရှိနေပါလား. . . လယ်ကွင်းပြင်ကို ဖြတ်တိုက်လာတဲ့ မိုးလေပြင်းကြောင့်လား. . . လေက အေးမြလွန်းပါတယ်။ ရှေ့မှာ မီးအုပ်ဆောင်းနဲ့လာနေတာ ရွာသားတွေထင်ပါရဲ့။

"ဖော်ကြီး. . . ဩော်. . . ဦးဇင်း သူငယ်ချင်းပါလား"

"ကိုဖိုးညို. . . ဘယ်လဲ"

"ဟိုဖက်ရွာက ပြန်လာတာ. . . မင်းတို့ရော"

"ရွာထဲက ပြန်လာတာပါ. . ."

သူ့ကိုဆို ဦးဇင်းသူငယ်ချင်းမှန်း အားလုံးလိုလိုက သိနေကြပါပြီ။

"မြန်မြန်လျှောက် ဖော်ကြီး. . . မိုးသည်းလာပြီ"

"ကျွန်တော်ကတော့ မိုးမိရင်ပျော်တယ်. . ."

"မင်းအရွယ်က ငါလည်းမိုးထဲထွက်ပါတယ်. . . အခုတော့ မိုးထဲမထွက်တာလည်းကြာပြီလေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြန်ရောက်တော့ ဘုန်းဘုန်းက တရားထိုင်နေပြီ။

ခပ်ထိုင်းထိုင်းဖြစ်နေတဲ့ အဝတ်အစားတွေလဲပြီး အိပ်ယာပေါ်ခွေနေမိပါတယ်။

သည်အခါမှာ နူးညံ့သောအပြုံးတစ်ပွင့်ကို အမှတ်ရပါလား။ ဘဝမှာသတိရခြင်းဆိုတာ မာမီ့ဆီမှာပဲ ရှိနေခဲ့တယ်။ အခုတော့ သတိရခြင်းတွေဟာ သူမဆီကိုရောက်နေခဲ့ပါပေါ့လား. . .

လေပြင်းပြင်းတိုက်လိုက်တိုင်း. . . ဝီတောက်ကိုင်းတွေက ပြတင်းတံခါးရွက်ကို လာတိုက်နေလိုက်တာ. . .။ တံခါးနား ကပ်လျက် သစ်ကိုင်းတွေကိုတော့ ခုတ်ဦးမှပါပဲ။

လှေကားတွေပြင်ဖို့တော့. . . မြို့မှာသစ်တွေမှာထားခဲ့ပြီ. . .။

တဖြည်းဖြည်းချင်းပေါ့လေ။

"အစ်ကို့. . . အိပ်ပြီလား. . ."

"အိပ်ချင်လာသလိုပဲကွာ. . ."

"ဆေးသောက်အိပ်ပါဟး. . . အစ်ကို။ ကျွန်တော်ရေနွေးငှဲ့ပေးမယ်. . ."

"ဆေးက ဘယ်ကရမှာလဲ. . ."





"ဆရာမအေး ပေးထားတယ်. . . အစ်ကိုမိုးမိလာရင် ရေနွေးလေးနဲ့ညအိပ်ယာဝင်တိုက်လိုက်ပါတဲ့၊ ဒေါ်လေးကိုယ်တိုင်ဖော်တဲ့ မြန်မာဆေးလို့ပြောတယ်အစ်ကို၊သောက်လိုက်နော်။ ကျွန်တော်ရေနွေးသွားယူမယ် ဆေးမသောက်လို့ အစ်ကိုဖျားရင် ဆေးမတိုက်ရကောင်းလား ကျွန်တော့်ကို ဆရာမအေးဆူလိမ့်မယ်"

မြန်မာဆေးဆို ခါးသလား၊ ချိုသလား၊ ငန်သလား၊ ချဉ်သလား သူ. . . အမြဲ ချေးများခဲ့တာ။ အခုတစ်ခါတော့ ခါးချင်လည်းခါး၊ ငန်ချင်လည်းငန် မငြင်းတော့ပါဘူး။ မိုးအေးရဲ့ စေတနာလို့၊ အကြင်နာလို့ ယုံကြည်မှတော့ ဖသေဆေးဆိုလည်း သောက်ရမှာပဲ မဟုတ်လား. . .

"အစ်ကို. . . သည်မှာပုလင်းနဲ့နော်။ မိုးမိရင် သောက်ရမှာ ရေနွေးကိုတော့ ကျွန်တော်ယူလာပေးမယ်. . ."

ဆေးက ခါးသလိုပါပဲ. . .

ခါးလည်း ခါးပေါ့လေ။

ဆေးခါးခါးကိုသောက်ပြီး မျက်နှာကရှုံ့မဲ့မဲ့ ဖြစ်နေရတဲ့အထဲ ပီတိတွေရှိတာတော့ ဝန်ခံရလိမ့်မယ် မိုးအေးရယ်. . .

စိတ်ပူပန်မှုသောကဆိုတာ သံယောဇဉ်အိမ်ကလေးထဲမှာတော့. . . အကာအရံလေးတစ်ခုလို ပါဝင်နေတာပဲ မဟုတ်လား။

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်မင်းခိုင်ကား လာမှာမဟုတ်လား မိုးအေး...ငါ မြို့အပြန် လမ်းကြုံလိုက်မလို့"

"လာမှာပေါ့ တင်မောင်သန့်ရဲ့..."

"မနက်စောစောထဲက နေထွက်နေတာ... သည်နေ့ ရာသီဥတုကောင်းတယ်ဟာ..."

ထော်လာဂျီသံကို သိပ်မကြာခင်မှာ ကြားရပါတယ်။ မြတ်ထွန်းလေးကတော့ အဝေးကမြင်ရတယ်ဆိုရင် ခုန်ပေါက်လက်ပြပြီး တားနေလေရဲ့...

"ငါတို့ရွာမှာ သည် ထော်လာဂျီလေးတစ်စီးရှိလာတာ ဦးလေးသောင်းတို့နွားလေးတွေ အတော်အနားရသွားရှာတာ"

ကိုသက်မင်းခိုင်... နေမှကောင်းရဲ့လား။

ကျာကင်ထူထူ ဝတ်ထားတယ်။

တင်မောင်သန့်ပါ လမ်းကြုံလိုက်လာတယ်လေ။ ကလေးတွေကတော့ ထုံးစံအတိုင်း ဆူညံဆူညံပျော်ကြ၊ အော်ကြနဲ့။

"ကိုသက်မင်းခိုင်... နေမကောင်းဘူးလား..."

ကျေးဇူးတင်တယ် တင်မောင်သန့်ရယ်၊ သည်မေးခွန်းကို ကျွန်မမေးချင်နေတာပါ။

"အေးဗျာ... နေသိပ်မကောင်းချင်ဘူး။ ညက ဖော်ကြီးတိုက်လို့ ဆေးတစ်ခွက်သောက်ထားရတယ်..."





သည်မနက် နေသာလို့တော်ပါသေးတယ်...ကျွန်တော်က သိပ်အကြွမ်းမခံနိုင်ဘူး..."

"အကျင့်မရှိရင် သိပ်မကြမ်းနဲ့ ကိုသက်မင်းခိုင်... မိုးတွင်းမှာမိုးမိတာများရင် မကောင်းဘူး..."

တင်မောင်သန့်တို့ စကားပြောနေတာများ ကလေးတွေရဲ့ဆူညံသံကြားမှာတော့ သူတို့စကားပြောသံကို မကြားတစ်ချက်၊ ကြားတစ်ချက်...

"မိုးအေး... နင်ကလည်း တိတ်နေတာပဲလား... ဘာလဲ... နင်ရောနေမကောင်းဘူးလား"

"ကောင်းပါတယ်၊ ထော်လာဂျီသံက ဆူညံနေတော့ အော်ပြောနေရတာမောတယ်... ကလေးတွေကလည်း ဆူညံနေတာ"

"ငါ... သည်ည မြို့လုဖက်ကွင်းဆင်းရမှာ... အိမ်ပြန်နိုင်မှာမဟုတ်ဘူး မိုးအေး... အမေနဲ့နှင်းနုကို ဂရုစိုက်လိုက်ပါဟာ..."

"နင်မပြောလည်း ငါဂရုစိုက်ပါတယ်။ ခုမှ အမေနဲ့ [illegible]န်းမကို ချစ်ရကောင်းမှန်းသိနေပြန်ပါပြီ။ တစ်ပါတ်မှာ သုံးလေး[illegible]တ်လောက် မပြန်နိုင်တဲ့လူကများ... နှင်းနုမို့ပေါ့။ ငါဆိုရင် [illegible]င့်တို့မယုံပေါင် အလုပ်များလို့ မပြန်နိုင်တာဟုတ်ရဲ့လား..."

www.burmeseclassic.com



"နင်ကလည်းဟာ နှင်းနုကိုသွားမထောင်နဲ့နော်။ နင့်ကြမှ အနားမှာတစ်ဖဝါးမခွါတဲ့လူကိုရှာထား. . . ဒါကြောင့် ကိုထွန်းဇံကိုပဲ ယူပါဆို. . ."

"တင်မောင်သန့်နော်. . . သည် ကိုထွန်းဇံမပါရင် မပြောတတ်ဘူးလား"

ကိုထွန်းဇံဆိုတာ မြို့နယ်ပညာရေးမှူးရုံးက စာရေးကြီးပါ။ ကျွန်မတို့ကျောင်းကလေးဆီ အကြောင်းမရှိ အကြောင်းရှာ ရောက်လာတတ်တဲ့ လူပျိုကြီးမို့ တင်မောင်သန့်တို့က ကျွန်မနဲ့နောက်တတ်ကြပါတယ်။ အချစ်ဆိုတာ လွတ်လပ်တဲ့ လူချင်း တွေ့ကြ၊ ခင်ကြတိုင်း ချစ်သွားတတ်ကြတာမှ မဟုတ်တာ။ ကျောင်းကလေးရှေ့ ထော်လာဂျီရပ်တာနဲ့ ကလေးတွေက ဆူညံအော်ဟစ်ခုန်ဆင်းကြပြီ။ စိန်ကတုံး ချော်လဲလို့လည်းထူရသေးတယ်။ ကလေးတစ်အုပ် ဆူညံစွာကျောင်းထဲ ဝင်ခဲ့ပြီး ကျောင်းပေါက်ဝရောက်ထိ ထော်လာဂျီသံမကြားလို့ လှည့်ကြည့်မိပါတယ်။

ထော်လာဂျီက ရပ်ထားဆဲ။

ဘာလို့ပါလိမ့်. . . .

ကျွန်မလှည့်ကြည့်တော့မှ ကိုသက်မင်းခိုင်ထ လက်လှမ်းပြပြီး ထော်လာဂျီထွက်သွားပါတယ်. . .



ဘာဖြစ်လို့လဲ. . .

တင်မောင်သန့်လည်း ပါနေတာ. . .

"မမိုးအေး. . . ညည်းကလေးတွေကတော့ စုံပြပါပဲ။ ရေအိုးခွဲပစ်လိုက်ပြန်ပြီ. . ."

ရောက်တာနဲ့ ကလေးတွေရဲ့ပြဿနာပေါင်းစုံကလည်း ရှင်းရသေး။

ရေအိုးကလည်း တစ်ပါတ်တစ်ခါလောက် ဝယ်ရတယ်။ ကလေးတွေနဲ့နေရတာကတော့ သည်လိုမျိုးကိစ္စလေးတွေက အမြဲလိုရှိနေမှာပါပဲလေ။

* * * * * * * * * * *

မိုးအေးကို မျက်ဝန်းတဆုံးရပ်ကြည့်နေမိပြီးမှ ထော်လာဂျီထွက်ခဲ့တယ်။ အဲသည်တော့မှ သည်နေ့ တိုတင်မောင်သန့် ပါလာပါလား အမှတ်ရတာပေါ့။ ဇော်ကြီးကတော့ သူ့စာတွေတျက်ထားသမျှ အော်ဟစ်ဆိုနေလေရဲ့။

"ကိုသက်မင်းခိုင်. . . ကျွန်တော်တို့ရွာမှာ ပျော်ရဲ့လား။ ကိုသက်မင်းခိုင်ရှိတာ ရွာမှာတအားမြပဲဗျာ. . ."

"ပျော်တယ်လို့ပဲ ပြောရမှာပါပဲ. . . အိမ်မှာနေတုန်းကလောက်တော့ ငြီးငွေ့နေတယ်မရှိပါဘူး. . ."

www.burmeseclassic.com

www.burmeseclassic.com



"ရွာမှာပျော်တယ်ဆိုရင်တော့ တသက်လုံးနေပါ ကိုသက်မင်းခိုင်... ကြိုဆိုပါတယ်... အိမ်နီးနားချင်းတွေ အဖြစ်လေ"

ရုတ်တရက်တော့ ကိုတင်မောင်သန့် ဘာပြော လိုက်တယ် သဘောမပေါက်ပါဘူး။ နောက်မှ သူတို့နဲ့မိုးအေးက အိမ်နီးနားချင်းတွေမှန်းသိလာမိတယ်။ သည်တော့မှ မိုးအေးနဲ့ သူကိုနောက်လိုက်တာပါလား သဘောပေါက်ရတယ်...

"ဘာများလဲလို့... ကိုတင်မောင်သန့်ရယ်"

"ကိုသက်မင်းခိုင်... ဘယ်လိုသဘောရလဲ"

"အပျိုကြီးဆရာမက ကျွန်တော့်ကို ပါးရိုက် နေပါ့မယ်... ကိုတင်မောင်သန့်ရယ်"

"အင်းလေ... ကိုသက်မင်းခိုင်လည်း မြို့မှာနေလာ တာပဲ... ဘွဲ့ရပြီးသည်ထိ ရည်းစားရှိပြီးသူတော့ ရှိမှာပေါ့"

"မရှိပါဘူးလို့ ပြောမလို့ပါ...

အဲသည့်အချိန်မှာမှ ဖေယျာက လက်လှမ်းပြုပြီး သက်မင်းခိုင်ရေ အပြန်ကြရင်ဆိုင်ကိုဝင်ခဲ့ဦးဆိုလို့ အေး... ဝင်ခဲ့မယ် [illegible]လှမ်းအော်ပြောရတယ်။ ဇော်ကြီးကို ကျောင်းမပို့ဘဲ ကိုတင်မောင်သန့်ကို ရုံးအရင်ဝင်ပို့လိုက်တယ်လေ...။

"အစ်ကို... ညနေ ကျွန်တော်တို့ တစ်ချိန်တော လွှတ်မယ်။ အားကစားပွဲတွေရှိလို့... မြန်မြန်လျှောက်လာ ခဲ့ပြီး ဆရာမအေးတို့ကျောင်းကပဲစောင့်မယ်..."

"အေး... အေး"

ဇော်ကြီးကို ကျောင်းမှာထားခဲ့ပြီးမှ ဖေယျာတို့ဆိုင်ကို လာခဲ့တာ...။

ဖေယျာက မျက်နှာချင်းဆိုင်လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း စကားပြောချင်တယ်တဲ့... ဘာအလုပ်ရှိလို့လည်း ဆိုတော့မှ ငွေချေးချင်တဲ့စကားတွေ ပြောတော့တာပါပဲ...။ ငွေချေးရတာတော့ စိတ်ပျက်တယ်... ချေးတုန်းမှာတော့ စကားပြောရင်တစ်မျိုး၊ ပြန်ဆပ်ခါနီးကြရင်တော့ စကားတစ်မျိုး။ ငွေမချေးချင်ဘူး။ သိပ်လိုအပ်တဲ့ ကျန်းမာရေးကိစ္စတွေကြတော့ မချေးဘူး။ ပေးထိုက်တဲ့ လူကို ပေးလိုက်တာက ကောင်းပါတယ်။

ဒါပေမယ့် ချေးတဲ့ငွေကလည်း နည်းနည်းပဲ...။ ဆယ်သိန်းတဲ့လေ...။

"ငါ... ငွေသိပ်မပိုဘူး ဖေယျာ။ ငါပိုင်တဲ့ငွေအားလုံး ယူမလာဘူး၊ ယူလာတဲ့ငွေနည်းနည်းကလည်း ကုန်သလောက် ဖြစ်နေပြီ..."

"မြို့ပြန်ယူပေးပါလား..."

"မဖြစ်သေးဘူး... ငါ မြို့မပြန်ချင်ဘူး..."

ဖေယျာမျက်နှာမကောင်းဘူး မြို့မှာတုန်းကတော့ ငွေကိုရေလိုသုံးခဲ့တာမှန်ပါတယ်။ သူငယ်ချင်းတွေ ချေးရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း လေးငါးဆယ်သိန်းလောက်ကို ပြောမနေရအောင် ချေးခဲ့ဖူးပါပြီ။ ပြန်ဆပ်တာကခပ်ရှားရှား။

အခုတော့ အဲသည့်ငွေတွေကို ဘယ်လိုအသုံးပြုရင် ရတယ်ဆိုတာ သူ သိသင့်သလောက်သိလာပြီ. . .။

ရွာမှာ လိုအပ်နေတဲ့ပစ္စည်းတွေဝယ်ဖို့ ငွေကို တခြားနေရာမှာမဖြုန်းချင်တော့. . .။

"မရနိုင်ဘူးလား သက်မင်းခိုင်"

"မရနိုင်ဘူး ဇေယျာ"

မျက်နှာမကောင်းတော့ပါဘူး။ မတတ်နိုင်တော့ဘူးလေ. . . ပြန်မဆပ်ခဲ့ရင် ငွေဆယ်သိန်းဆိုတာ ဦးဇင်းကျောင်းကို တော်တော်များများပြင်ပေးလို့ရတယ်။

"ငါသွားမယ်. . . လက်သမားဦးလေးစံကို ဝင်ကြိုရဦးမှာ. . ."

သူငယ်ချင်းတစ်ယောက်ရဲ့လျှော့ဦးမှာ အသေအချာပါပဲ. . . မတတ်နိုင်ပါ။ ငွေကိုတော့ ခုချိန်ဖြုန်းပစ်ဖို့ မစဉ်းစားတော့တာအမှန်ပါပဲ. . .

* * * * * * * * * * * *



"ကိုသန့်ကပြောတယ်. . . ကိုသက်မင်းခိုင်ကို ရွာမှာအမြဲရှိစေချင်တယ်တဲ့. . . ငါတို့ရွာမှာ ကျန်းမာရေးဆို မြို့ထိပြေးကြရတာ. . . အရင်ကဆို လှည်းနဲ့သွားရင်း သေရတဲ့လူတွေမနည်းဘူး။ အခုဆို သူ့ထော်လာဂျီလေးနဲ့ မြို့သွားရင်အဆင်ပြေတာပေါ့. . . ရွာမှာ သူအမြဲနေစေရအောင် နည်းကတစ်နည်းပဲရှိတယ်. . . အဲဒါ နင်နဲ့ပေးစားလိုက်ရုံပဲ. . ."

လာပြန်ပြီ. . .

သည်လင်မယားကတော့ မဟုတ်တော့ပါဘူး။ ယောကျ်ားကတစ်မျိုး၊ မိန်းမကတစ်မျိုးနောက်နဲ့ ကျွန်မကတော့ မိန်းကလေးကစတယ်လို့ အထင်မခံနိုင်ဘူး. . .။ မြင်းကမလှုပ် ခုန်ကလှုပ်တဲ့အဖြစ်မျိုး ရှက်စရာကောင်းပါတယ်။

"နင်တို့ကို ငါ တောင်းပန်ပါတယ်။ ရှက်စရာကောင်းလွန်းလို့ပါဟယ်၊ သူက မြို့မှာမိသားစုလိုက်ရှိနေတာအမေဆုံးလို့ စိတ်ထိခိုက်ပြီး နေစရာမရှိတုန်း ခဏတဖြုတ်စိတ်အနားလာဖြေတာပါ. . . တစ်နေ့ သူ့နေရာသူပြန်မှာပါ"

"အေးလေ. . . ပြောမယ့်သာပြောရတာ။ ဟိုနေ့ကကိုသန့်မေးတာ ပြန်မဖြေဘူးတဲ့. . . ရည်းစားရှိမှာပါဆိုတော့ မရှိဘူးလည်းမပြောဘူး၊ ရှိတယ်လည်းမပြောဘူး. . ."

www.burmeseclassic.com



"သူလည်း ဘွဲ့ရပြီးပြီ၊ အရမ်းချမ်းသာတာပဲ နှင်းနုရယ်၊ ရှိမှာပေါ့။ ချစ်သူရှိမှာပါ"

ပြောမိတယ်...

ဒါဟာ အမှန်ဖြစ်နိုင်တယ်လို့ သေချာသိပါတယ်...

ဒါပေမယ့် ဘာလို့ ရင်ထဲမှာထိခိုက်ကြေကွဲခြင်း ရှိနေရပါသလဲ။ ဆန်ကလည်း စပါးလုံးများလိုက်တာလို့ မဆီမဆိုင်စကားတွေ လျှောက်ပြောနေမိတယ်။ နောက်ဆို သူ့အပေါ် ထားမိသည့်သံယောဇဉ်ကို ဆင်ခြင်သင့်ပါပြီ။

"မိုးအေးရေ... ပြောရင်းဆိုရင်း ထော်လာဂျီသံကြီး ဆူဆူညံ လာပါရောလား.., ဘယ်သွားမလို့လဲ..."

"ကလေးကျွေးအတွက် လိုအပ်မယ့်ကျောင်းသုံးပစ္စည်း တွေဝယ်ဖို့ ဆရာမကြီးက ငါ့ကိုခိုင်းထားတယ်။ အဲဒါ မြို့သွား မလို့"

"ဒါဆို နှစ်ယောက်ထဲပေါ့..."

မစပါနဲ့ပြောတဲ့ကြားက နှင်းနုမျက်နှာကြီးက မချိုမချဉ်။

ငါ့ရင်ထဲကို နင်ဝင်မကြည့်နိုင်လို့ပါ နှင်းနုရယ်... ဝင်ကြည့်ခဲ့မယ်ဆို ကြေကွဲခြင်းတွေရှိနေပါတယ်။ ဘယ်လိုမှ မနီးစပ်နိုင်တဲ့ လူနှစ်ယောက်ဆိုတာသိပါလျှက် သံယောဇဉ် မတွယ်သင့်တော့ပါဘူး... သံယောဇဉ်ဖြစ်စေမည့်အပြုအမူတွေ





တတ်အားသရွေ့ရှောင်မှပါ။ သည်တစ်ခါတော့ မြို့သွားဖို့ ကိုသက်မင်းခိုင်ကားကြုံနဲ့လိုက်ဖို့ ပြောထားမိပြီ...

နောက်ဆိုရင်တော့...

"တာ... ကြာလှပြီမှတ်တာ။ လက်စသတ်တော့ အလှပြင်နေတာကိုး... အရမ်းလှနေပါလား"

"မလှပါဘူး..."

"ဟုတ်ဖူးလေဗျာ... ဟိုအရင်ရက်တွေက အစိမ်း အဖြူဝတ်ထားတော့တစ်မျိုး... အခုလို အပြင်ဝတ်စုံနဲ့က တစ်မျိုးပေါ့။ မိုးအေးအလှမျိုးက ယဉ်တယ်လို့ခေါ်တာ နေမှာ..."

"ယဉ်တယ်..."

"ဟုတ်တယ်လေ... မိန်းကလေးတွေမှာ လှတာ၊ ချောတာ၊ ချစ်စရာကောင်းတာ... အများကြီးရှိတယ်လေ... မိုးအေးက ယဉ်တယ်"

"ဒါဆိုရင်... ကိုသက်မင်းခိုင်က ချောတာ၊ လှတာ၊ ချစ်စရာကောင်းတာ ဒါတွေကိုအများကြီး တွေ့ကြုံဖူးပြီ ဆိုပါတော့..."

"မိုးအေးလည်း တက္ကသိုလ်တတ်ဖူးတာပဲ။ ချောတာ၊ လှတာ၊ ချစ်စရာကောင်းတာတွေမှအများကြီး... အဲလိုမျိုး ချောတဲ့၊ လှတဲ့၊ ချစ်စရာကောင်းတဲ့ ကောင်မလေးတိုင်းကို

www.burmeseclassic.com



ချစ်ရရောလား။ အချစ်ဆိုတာ အဲဒါတွေနဲ့မဆိုင်ဘူး မိုးအေးရဲ့. . . ကျွန်တော် ချစ်မယ်ဆိုရင် သိပ်လှတဲ့ သန္တာဆိုတဲ့ ကောင်မလေးတစ်ယောက် အနားမှာရှိခဲ့ဖူးတယ်. . ."

"သန္တာ. . ."

သူ့မာမီနှစ်သက်သည်မို့ နှုတ်ဖြင့်ခေ့စပ်ခဲ့ဖူးသတဲ့. . .

"ဒါပေမယ့် ကျွန်တော်ချစ်လို့မရခဲ့ဘူး မိုးအေးရဲ့. . . အဲသည်မှာတင် အချစ်ရဲ့အကြောင်း ကျွန်တော် တော်တော်များများသိသွားတယ်။ အချစ်ကို အမိန့်ပေးလို့မရဘူး မိုးအေး သူ့ကိုနင်ချစ်လိုက်လို့ အမိန့်ပေးကြည့် အသေသာခံမယ်။ အချစ်က မချစ်ရင် နားထောင်လိမ့်မယ်မထင်နဲ့ မရဘူး. . ."

သူ ဘာလို့ ကျွန်မကို အချစ်အကြောင်းတွေပြောပြနေတာပါလိမ့်။ ပြီးတော့ သန္တာတဲ့. . . သူ့မာမီသဘောတူခဲ့ပြီး အလွန်လှတယ်တဲ့လား။ မမြင်ဘူးခဲ့ပါပဲနဲ့ ရင်မှာဝန်တိုခြင်းမည်သော အစိုင်အခဲသည် အခုအခံတစ်ခုလို ပြည့်ကြပ်ခံရခက်နေပါလား. . .

"မာမီလည်းမရှိရော. . . သန္တာနဲ့ကျွန်တော့်ရဲ့ မတူတဲ့ စရိုက်တွေ မညီချင်တော့ဘူး. . . ဒါကြောင့် ကျွန်တော်ရွာထွက်လာတော့ သူကလည်း ကိုယ့်လမ်းကိုယ်လျှောက်ကြမယ်ဆို ဇာတ်လမ်းက ပြီးပြတ်သွားတယ်. . ."

"သူက ကိုသက်မင်းခိုင်ကို ဘယ်လိုခေါ်လဲ. . ."





"ကိုသက်လို့ ခေါ်တယ်. . ."

ကိုသက်တဲ့လား. . .။ အင်းပေါ့လေ. . . သူတို့တွေကို မိဘတွေကတောင် ကြည်ဖြူခဲ့ကြတာ. . . သူက မချစ်ခဲ့ပါဘူးတဲ့ ထတယ်လား. . . သူ့ဆီမှာ သန္တာဆိုတာ ဇနီးလောင်းဆိုတဲ့ ခံစားမှုနဲ့ ချစ်ရမယ်လို့ ဖွတ်ချစ်ခဲ့ဖူးသလား. . . ဒါကြောင့်လည်း အချစ်ကို အမိန့်ပေးလို့မရဘူးလို့ သူသိခဲ့တာနေမှာ. . . သိပ်လှတဲ့သန္တာကိုတောင် မချစ်ခဲ့ဘူးဆို. . . ကျွန်မလို မလှမပ တောပန်းလေးကိုတော့ ဝေးရောပေါ့

သူနဲ့ပတ်သက်ပြီး စိတ်ကူးမယဉ်တာဟာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်. . .

"မိုးအေး. . ."

"ရှင်. . ."

"မိုးအေးမှာရော ရည်ရွယ်တဲ့သူရှိလား. . .။ ကိုသန့်ပြောတဲ့ ကိုထွန်းဖေဆိုတာကရော"

"အို. . . ကျွန်မနဲ့ဘာဆိုင်လဲ။ သူကကြိုက်တိုင်း ကျွန်မကကြိုက်ရရောလား. . . ကျွန်မက ကျွန်မကလေးတွေ အလွဲပြီး ဘယ်သူ့မှမချစ်ဘူး"

စိတ်ဆိုးတယ်. . . ကိုတင်မောင်သန့်စတိုင်း သူကပါ ကိုထွန်းဖေနဲ့ထင်ရမလား. . . ဒါကြောင့်တစ်ဖက်လှည့် နေမိပါတယ်။

www.burmeseclassic.com



မိုးဖွဲဖွဲလာပြီ. . .။

"ဟိတ်. . .မိုးရွာလာပြီ၊ ထီးဆောင်းပါလား။ အဲသည့်မှာမထိုင်နဲ့ ကိုယ့်ကျောဖက်မှာကပ်ထိုင်၊ ဒါမှမိုးပက် သက်သာမယ်"

"ရတယ်. . ."

"ဘာဖြစ်နေလဲ. . ."

"ဘာမှမဖြစ်ဘူး. . ."

"ကလေးတွေကို ဆုံးမနေတဲ့ ဆရာမကလည်း စိတ်ကောက်တတ်ပါရောလား. . ."

"စိတ်မကောက်ပါဘူး. . . ဘာလို့စိတ်ကောက်ရမှာလဲ. . ."

"ဒါဖြင့် ကိုယ်ပြောတာနားထောင်. . . ထီးဆောင်းလည်းမိုးပက်မှာ. . . ကျောဖက်လာထိုင်ပါဆို"

သူ့နောက်နားလေး လာထိုင်ရတဲ့ယ်. . .။

လေတိုက်ပြီး မိုးပက်နေတာတော့ သက်သာသွားတာပေါ့လေ၊ သူ့ကိုထီးမိုးပေးရတယ်. . . လေနဲ့နဲ့ပြင်းရင်တော့ ထီးဆောင်းလို့မလွယ်ဘူးပေါ့. . . သူ့မိုးကာဂျာကင်က နွေးနေတာလား၊ စိတ်မှာတော့ ဘာတွေဖြစ်နေသည်မသိ. . .။

* * * * * * * * * * *





မိုးအေးရေ. . .

အချစ်ဆိုတာ ဒါလား. . .

မင်းရဲ့အပြုံး၊ မင်းရဲ့အမဲ့၊ မင်းရဲ့သဏ္ဍာန် အားလုံးဟာ ကိုယ့်မျက်ဝန်း၊ ကိုယ်စိတ်နှလုံးမှာ လှိုက်လှဲကြည်နူးနေစေတာပါလား။

ဖွင့်ပြောရင်. . . မင်းစိတ်ဆိုးမှာလား. . .။

"ဟိတ်. . . မိုးအေးလွန်းလို့ မိုးအေးငြိမ်နေတာလား။ မိုးကလည်းကောင်းပါ့ကွာ. . . မိုးအေးလေးတစ်ယောက်တော့ ကြွက်စုတ်ကလေးဖြစ်ပြီ. . . ကြာသပတေးသမီး မိုးအေးကလေး တကယ့်ကိုကြွက်စုတ်ကလေးဖြစ်တာ. . ."

"အမယ်. . . သူများကို ကြာသပတေးလို့ ဘယ်လိုသိသလဲ. . ."

"ဒါလေးများကွာ. . . သိတာပေါ့"

"ပြော. . . ပြော. . . ဘယ်လိုသိလဲ။ မပြောရင် ကျောကုန်းကို အဆုပ်ကွာအောင်ထုထဲ့လိုက်မယ်. . ."

"ပြောရမှာလား. . ."

"ပြောဆို. . ."

"မိုးအေးကျောင်းသွားနေတဲ့နေ့ခင်းတွေဆို ဖေဖေလေးနဲ့ အမေ့ဆီ ကိုယ်သွားလည်တယ်။ ညာပြီးတော့ ရေနွေးကြမ်းနဲ့ လက်ဖက်သုတ်စားတယ်။ ဟိုပြောသည်ပြောနဲ့ မိုးအေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမေးတာပေါ့။ မိုးအေးက ဒေါ်လေးအပြောအရဆို တော်တော်ဆိုးတယ်နော်။ ငယ်ငယ်က မာလကာပင်ပေါ်က ကျတာ ခုနစ်ခါ။ ရေနစ်တာကလေးခါ. . . "

"သွား. . . မဟုတ်တာတွေ"

လက်စသတ်တော့ ဒေါ်လေးဆီသွားမေးတာပေါ့။ ပြောပြီး ကျောကိုထီးမိုးထားတာကိုဖယ်ထားတယ်။ မိုးပေါက်တွေ ပိုကျလာပြီ။

"ဟာ. . . မိုးအေး. . . ကလေးလား. . . မိုးမိရင် ဖျားမှာနော်"

"ကျွန်မမဖျားဘူး. . . ရှင်ဖျားမှာ"

"ဒါဆို မိုးအေးကကိုယ့်ကိုဖျားစေချင်တယ်ပေါ့. . . ကိုယ်ဖျားလို့ကတော့ မိုးအေးဆေးတိုက်ရမယ်၊ ဆန်ပြုတ် ပြုတ်ပေးရမှာနော်. . . "

"ပေးပါဘူး. . . "

ထီးပြန်မိုးပေးလာတယ်. . .

သည်နေ့မိုးထဲမှာတော့ လမ်းကြုံလိုက်ချင်တဲ့သူ တစ်ယောက်မှမတွေ့ပါဘူး. . . ရင်ထဲကပျော်ရွှင်ကြည်နူးမှုဟာ အံ့ဩဖွယ်ရာပါလား. . . မညာဘူးမိုးအေးလေးရယ်. . . ကိုယ့်ဘဝထဲ ပျော်ရွှင်မှုတွေရောက်လာစေတဲ့သူဟာ မင်းပါလား. . .





"ဂျာကင်အင်္ကျီရဲ့ဇစ် တတ်ထားရဲ့လား. . . "

"ဟင့်အင်း. . . "

"နေမကောင်းဖြစ်မယ်. . . "

"စိုးရိမ်လို့လား. . . "

"မစိုးရိမ်ပါဘူး. . . တော်ကြာ အိမ်မှာဆန်ပြုတ် လာသောက်ရင် ဆန်ကုန်မှာစိုးရတယ်။ ရှင်ကအစားပုတ် တယ်လေ။ ထမင်းတောင် သုံးပန်းကန်သောက် အသာ လေးစားတာ။ ဆန်ပြုတ်ဆိုလို့ကတော့ ပြုတ်လို့သောက်မှာ မဟုတ်ဘူး. . . "

ချစ်သူ့အသံလေးကို အနားမှာကြားနေရတာ ရင်မှာ ကြည်နူးနေသလိုပါပဲ. . .

"မိုးအေး. . . "

"ရှင်. . . "

"ထော်လာဂျီကို ရန်ကုန်ထိမောင်းသွားမယ်ကွာ၊ မကောင်းဘူးလား"

"ကိုသက်မင်းခိုင်. . . ရှင်ဘာတွေဖြစ်နေလဲ။ ကြော်. သိပြီ သိပြီ။ ရှင် သန္တာနဲ့တွေ့ချင်နေလို့မဟုတ်လား. . . ရှင် သန္တာနဲ့တွေ့ချင်လို့ ရန်ကုန်သွားမယ်ဆိုလည်း စောစောက ပြောပေါ့။ မြို့မှာကျွန်မဆင်းနေခဲ့ပါမယ်။ ရန်ကုန်ထိတော့ မလိုက်ပါရစေနဲ့. . . "

www.burmeseclassic.com



မိုးအေးဆီမှာ သန္တာနဲ့ပတ်သက်တဲ့ ခံစားမှုလေ ရှိနေပြီပေါ့။ ဒါကြောင့်လည်း သူ သန္တာ့ဆီပြန်မယ်လို့ ဆိုတာကို အဲသည့်ခံစားမှုလေးဟာ ဝန်တိုမှုလေးဖြစ်စေချင်ပါတယ်။

ဝန်တိုမှုရှိရင် အချစ်လည်းရှိနိုင်တယ် မဟုတ်လား. .

"မိုးအေးကိုပါ ခေါ်သွားမှာ. . ."

"မလိုက်ပါဘူး"

"မလိုက်လို့မရဘူးကွာ. . . မိုးအေးကို ခေါ်သွား ချင်တာ၊ ဘာလို့လဲဆိုတော့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မိသား အဲသည့်လူတွေနဲ့ မိုးအေးကိုတွေ့ပေးချင်တယ်. . ."

ခုလိုမျိုးပြောတော့ ငြိမ်သက်နေပါတယ်. . .

"အဲသည့်လူတွေနဲ့တွေ့ပေးတော့ ရှင့်ဆွေမျိုးတွေ ပြောမှာပေါ့။ တောကကျောင်းဆရာမ ဘာလုပ်ရမလဲ. . . ရှင့်အစ်မတွေကရယ်ကြမှာပေါ့. . ."

"သူတို့က ကျွန်တော့်ကိုဘယ်တော့မှာ မနိုင်ကြဘူး အိမ်မှာကျွန်တော်က လုပ်ချင်ရာလုပ်ရမှ၊ ဖြစ်ချင်တာဖြစ် မှလေ"

"ဒါဆို လူဆိုးပေါ့. . ."

"ဟုတ်တယ်. . . လူဆိုး"

"လူဆိုးဆိုရင်တော့ ဝေးဝေးကရှောင်မှပါ. . ."

ကိုယ်တကယ်ပျော်နေမိပါတယ်. . .





ဘဝဆိုတာ ထူးဆန်းအံ့ဩဖွယ်ရာပါပဲ။

မာမီရှိတုန်းကတော့ ပျော်နေသလိုလိုရှိတဲ့နေရာကနေ စိတ်ညစ်ညူးစွာ ထွက်လာပေမယ့် ကိုယ်အခုတော့ သည် နေရာမှာပျော်ရွှင်နေပါရောလား၊ ထိုင်နေရာက နောက်ဖက်ကို နည်းနည်းကျောလှန်မှီလိုက်တယ်။ မိုးအေးရဲ့နွေးထွေးတဲ့ ကိုယ်လုံးလေးကို မှီသလိုဖြစ်သွားတဲ့အခါ. . .

"ဘယ်လိုဖြစ်နေမှန်းကို မသိဘူး. . ."

တိုးတိုးပြောတဲ့အသံလေးက တကယ်ချစ်စရာ ကောင်းပါလား. . .

"မိုးအေး. . . မိုးအေးကိုချစ်တယ်"

တိုးတိုးလေးပြောတဲ့အခါ ဘာသံမှလည်းပြန်မပြောဘူး။ ဒါကြောင့်မို့. . .

"မိုးအေးကို ချစ်တယ်. . ."

အားပါတရအော်လိုက်တယ်. . မိုးမှုတွေရယ်၊ စပါးခင်း တွေရယ်ကတော့ ပီပီပြင်ပြင်ကြားနိုင်မှာပါပဲ။ အနားရှိနေတဲ့ ကောင်မလေးလည်း မကြားစရာအကြောင်း တစမှမရှိပါဘူး။

"ကိုဘက်မင်းခိုင့်ရယ် ဘယ်လိုဖြစ်လို့ အရမ်းအော်ရ တာလဲ။ တစ်ယောက်ယောက် ကြားသွားမှဖြင့်. . ."

"မိုးအေးကြားအောင်လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကရှင်နဲ့ နီးနီးလေးမှာရှိနေတာ. . . လယ်ကွင်းထဲမှာ လူတွေရှိနိုင်တယ်"

"ကမ္ဘာလောကကြီးတစ်ခုလုံးကြားမယ်ဆိုလည်း ကြားပါစေဗျား. . . ကျွန်တော်က မိုးအေးကို တကယ်ချစ်တာကိုး. . ."

"ပြောတာပဲ. . ."

"မယုံဘူးလား. . ."

"ဟင့်အင်း. . . မယုံပါဘူး။ ရှင့်အချစ်ကိုယုံစားမိပြီး တစ်နေ့ရှင်မြို့ပြန်သွားရင် ကျွန်မအသည်းကွဲနေမှာပေါ့။ မယုံကြည်ပါဘူး"

"ဒါဆိုရင် အခုပဲမြို့မှာ ရုံးတက်လက်မှတ်ထိုးလိုက်ကြရအောင်လား. . ."

"ကိုသက်မင်းခိုင်ရယ်. . ရှင်နစ်နာနေပါဦးမယ်."

သူရယ်နေမိပြီ. . .

သူရယ်သံမှာကို ပျော်ရွှင်ချမ်းမြေ့ကြည်နူးခြင်းတွေ ပျော်ဝင်နေမှာ သေချာပါတယ်။ မိုးအေးကိုချစ်တယ်. . . မိုးအေးကိုချစ်တယ်. . . လို့ တတွတ်တွတ် ရေရွတ်နေမိပြန်ပါရော. . .

"မိုးအေး. . ."

"-------------"





"ချစ်လား. . ."

"မချစ်ဘူး. . ."

သူပြုံးရပြီ. . . တောင်မလေးတွေဆိုတာ အဲလိုမျိုးပဲလား။ နည်းနည်းလေးတော့ မူချင်နေတတ်ကြတာမျိုးလား. .

* * * * * * * * * * *

သည်တောင်မလေးတော့ မူနေပြီလို့ရှင်မထောင်နဲ့။ မိန်းကလေးဆိုတာ ကုန္ဓြေလည်းရှိရဦးမယ်။

ပြီးတော့ အချစ်ဆိုတာ တစ်ခဏလို့သတ်မှတ်တဲ့လူ မဟုတ်တဲ့ ကျွန်မကပိုလို့တောင် စဉ်းစားရဦးမယ်။ ကျွန်မလိုချင်တာ တစ်ခဏအချစ်မဟုတ်ဘူးလေ။ ထာဝရအချစ်. . .

တသက်တာအချစ်ပါ. . .

ဒါကြောင့်မို့ လွယ်လွယ်နဲ့မဖြေနိုင်သလို. . . ချစ်ပြီးရင်လည်း မုန်းမဲ့ မိုးအေးမဟုတ်ပါဘူးရှင်. . .

"မိုးအေး. . . ပြောလေ"

"ချက်ခြင်းဘယ်လိုဖြေမလဲ ကိုသက်မင်းခိုင်၊ ဘဝတစ်သက်တာလုံးအတွက်ရည်စူးတာဆိုတော့ အေးအေးဆေးဆေး စဉ်းစားသင့်ပါတယ်. . . ရှင်ရော. . . ကျွန်မရဲ့ ဝတ်ဝန်းကျင်မှာ ဘယ်နှစ်ရက်၊ ဘယ်နှစ်လ၊ ဘယ်နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်မှာတဲ့လဲ... အခုခဏတဖြုတ်အချိန်လေးမှာ ရှင် ပတ်ဝန်းကျင်အသစ်ရဲ့ မကြုံစဖူးအခြေအနေတွေအပေါ် ပျော်ရွှင်တယ်လို့ထင်နေတာလား... စဉ်းစားပါဦး ကိုသက်မင်းခိုင်"

"ဟင့်အင်း...မစဉ်းစားတော့ဘူး။ ရင်ထဲမှာ သေချာတာ မိုးအေးကိုချစ်တယ်..."

"ချစ်တယ်ဆိုတာ ချစ်နေယုံနဲ့မပြီးသေးဘူးလေ ချစ်လာရင် အတူနေချင်လာမယ်။ ရှင်သည်မှာ တစ်သက်လုံး နေနိုင်မှာလား"

"ဘာလို့ မနေနိုင်ရမှာလဲ"

သက်ပြင်းတရှိုက် ရှိုက်ရတယ်။

ကျွန်မရှိတဲ့ သည်ပတ်ဝန်းကျင်လေးမှာ ရှင် သေတပ် သက်တဆုံး ပျော်ရွှင်စွာနေသွားနိုင်လိမ့်မယ်လို့ကို ယုံကြည်လို့ မရသေးဘူးလေ။ ဒါကြောင့် ကျွန်မ ခေါင်းမညိတ်နိုင်သေးပါဘူး

"ကျွန်မ...အချိန်တွေ စောင့်ကြည့်ပါရစေဦး"

"မိုးအေးက ကိုယ့်ကိုမယုံကြည်တာပဲ"

"ကျွန်မက မိန်းမသားလေ... ကျွန်မခဏလေး မချစ်ချင်ဘူး..."

"မယုံရင် လက်ထပ်ကြမယ်ဆိုတော့လည်း မိုးအေး မဟုတ်ဘူး..."





"လက်ထပ်တာ လွယ်လွယ်လေးပဲ။ စာရွက်တရွက်ပေါ်မှာ အခုလက်မှတ်ထိုးလိုက်၊ အခုလက်ထပ်လို့လွယ်ပါတယ်။ သေတပန်သက်တဆုံး ပေါင်းကြဖို့ သာခက်တာပါ ကိုသက်မင်းခိုင်... ကျွန်မနေရာကနေ စာနာကြည့်ပါ..."

"ဟုတ်ပါပြီလေ... မိုးအေးကကိုယ့်ကို ယုံကြည်လာတဲ့အချိန်ထိ စောင့်ရမှာပေါ့..."

"ကျွန်မကို စိတ်ဆိုးနေသလား"

ချစ်သူရဲ့မကြည်လင်ခြင်းဟာ ကျွန်မစိတ်ကို မနေတတ်အောင်ခံစားရစေပါတယ်။

တကယ်ဆို သူ့ကိုကျွန်မချစ်ပါတယ်။ သူ ပျော်ရွှင်ချမ်းမြေ့တာကိုပဲ ကျွန်မလိုချင်ပါတယ်။ မြင်ချင်ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့စိုးထိတ်မှုမှာ တစ်နေ့ ကျွန်မရဲ့ပတ်ဝန်းကျင်ကို သူငြီးငွေ့သွားမှာပါပဲ။

"ဘာလို့စိတ်ဆိုးရမှာလဲ... မိုးအေးမမှားပါဘူး။ ကိုယ်က စိတ်လောတာပါ။ ကိုယ်အခုလို ပျော်ရွှင်ချမ်းမြေ့မှုကို မရခဲ့တာ မာမီဆုံးထဲကပါ။ အခု ကိုယ်ပျော်ရွှင်နေမိတယ်။ ဒါကြောင့်မို့ စိတ်တွေလည်း လွတ်လပ်ပေါ့ပါးပြီးနေမိတယ်၊ ...မိုးအေးချစ်နိုင်မယ့်နေ့ထိ စောင့်မှာပါ... ကြာလာရင် ခိုင်ခိုင်မြဲမြဲချစ်တတ်တဲ့ ကိုယ့်စိတ်ဓာတ်ကို မိုးအေးနားလည်လာမှာပါလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်. . . ကိုသက်မင်းခိုင်"

ရွှေလျှောက် သူ့နဲ့နီးနီးကပ်ကပ်နေဖို့တွေကို ရှောင်မှ ပါလို့ဆုံးဖြတ်ကာမှ သူကချစ်တယ်တဲ့လား. . .။ ကျွန်မ တကယ့်ကိုစဉ်းစားရဦးမှာ၊ အချိန်ယူရဦးမှာပါ။ ပြီးတော့ သူ့စိတ်ဓါတ်ကိုလည်း လေ့လာရဦးမယ်. . .

ပန်းကလေးတစ်ပွင့်ကို တစ်ခဏနမ်းရှိုက်မယ့် လူလား. . .

ထာဝရမြတ်မြတ်နိုးနိုးပန်ဆင်မယ့်လူလားဆိုတာ ချက်ခြင်းတော့ ဘယ်လိုမှန်းဆလို့ရမှာတဲ့လဲ. . .

အထူးသဖြင့် ရှင် ချမ်းသာတယ်ဆိုတဲ့ အချက်ကိုလည်း ကျွန်မကြောက်တယ်. . .

ငွေရှိနေတော့ အရာရာဖြစ်နေတဲ့ဝန်းကျင်ကလာတဲ့ ရှင်ဟာ ငွေနဲ့ဝယ်ယူလို့မရတဲ့ မေတ္တာ၊ စေတနာတွေရဲ့တန်ဖိုး ကိုရော ဘယ်လောက်ထိ ခံစားတတ်မှာလဲ. . .

ချစ်ရမှာ ဘယ်လိုမှ မဝံ့ရဲတဲ့အဖြစ်ပါပဲလေ. . .

* * * * * * * * * * *

"သည်နေ့တော့လည်း ကိုယ်တိုင်ပြင်နေပါလား. . . တော်ကြာထိမိခိုက်မိပါမယ်။ ဦးစံ လာအောင် စောင့်ပါလား. ."





နေ့ခက်ဖက်ဆင်းတဲ့လှေကားမှာ သံစွန်းတွေ ထွက်နေတယ်လေ။ သံအသစ်လေးတွေနဲ့ ထိမ်းရိုက်ဖို့ ကိုယ့်ဖာသာပြင်နေတာကို ဦးဇင်းမြင်သွားတယ်။ အိမ်မှာဘာမှ မလုပ်ခဲ့ပေမယ့် ယောက်ျားလေးတစ်ယောက်အနေနဲ့တော့ သံရိုက်တူထုလောက်ကရပါတယ်။

"မှန်ပါ့ဦးဇင်း. . ဦးစံမနက်ဖြန်လာမှာပါ. သံစွန်းတွေ အရှမ်းထွက်နေတော့ ကိုရင်လေးတွေဆင်းရင်း သယ်န်းနဲ့ ငြိသွားမှာစိုးရိမ်လို့ သံလိုက်ရိုက်ပေးနေတာပါဘုရား . . . အများကြီးမလုပ်ပါဘူး. . ."

"သံရိုက်တာလောက်က ဇော်ကြီးခိုင်းလေ. . ."

"ဇော်ကြီး စာကျက်နေလို့ပါဘုရာ့. . . တပည့်တော် ရိုက်နိုင်ပါတယ်၊ ဦးဇင်းဘယ်ကြွမလို့ပါလဲဘုရား တပည့်တော် ထော်လာဂျီနဲ့လိုက်ပို့ပေးရမလား ဘုရား. . ."

"နေ. . . နေ. . . နေ. . . ရွာထဲတင်ကြွမှာပါ. . . ကိုရင်တစ်ပါးအဖော်ခေါ်သွားမှာပါ။ သက်မင်းခိုင်သာ နားနား နေနေ နေ. . . သိပ်အပင်ပန်းမခံနဲ့. . ."

ဦးဇင်းရဲ့မေတ္တာစေတနာသိရတယ်။ တကယ်ဆို ခင်ရာဆွေမျိုးဆိုတာလည်း သက်မင်းခိုင်အတွက်မှန်နေသလို မြိန်ရာဟင်းကောင်းဆိုတာလည်း သက်မင်းခိုင်အတွက် မမှားတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အာရုက်ဆွမ်းဆို ဟင်းမရှိရင် ဦးဇင်းက အစ အာလူးဟင်းတစ်ခွက်၊ ပဲနှပ်တစ်ခွက်နဲ့လည်း ဘုန်းပေး နေလေတော့ ကိုယ့်အတွက် ဘာကိုမှချေးများမနေတော့ ပါဘူး. . .

"အစ်ကို. . ."

"ဘာလဲ. . . ဇော်ကြီး"

"ကော်ဖီဖျော်ပေးရမလား. . ."

"မဖျော်ရပါဘူး။ ဘာလို့လဲ ဇော်ကြီးရဲ့. . ."

"မနက်က အစ်ကို ထမင်းသိပ်မစားလို့. . ."

"ဩော်. . . ရင်ပြည့်နေလို့ပါကွာ. . ."

အဲလို မပြောလို့ဖြစ်မလား. . .

ပုစွန်ခြောက်အစာနည်းတော့ အင်မတန်ခါးနေတဲ့ ကြက်ဟင်းခါးသီးဟင်းတစ်ခွက်နဲ့ ထမင်းစားရတာ မစားနိုင်ဘူး လို့ပြောရင် ယောကျ်ားတစ်ယောက်အနေနဲ့ နုဖတ်လွန်းရာ ရောက်တော့မှာပေါ့။

ဦးဇင်းကတော့ ဆွမ်းခံကြွပြီး သပိတ်နဲ့ပဲ ဘုန်းပေး နေကြလေ။ ဥပုသ်တစ်ရက်သာ ဥပုဒ်သည်တွေရှိလို့ ကျောင်းမှာ တရားပေးရင်း ဆွမ်းဘုန်းပေးတတ်ပါတယ်။

"ရင်ပြည့်ရင် လျှက်ဆားစားပါလား. . .။ ဆရာမအေး ပေးထားတဲ့ လျှက်ဆားကုန်ပြီလား. . ."

ရန်ပိုင်ဦးစာပေ



"ရှိပါသေးတယ်ကွာ. . ."

မိုးအေးပေးထားတဲ့ အင်္ဂလိပ်ဆေး၊ မြန်မာဆေးမှုံ့မှုကါ သူ့အိပ်သည့်အိပ်ယာခေါင်းရင်း ကြွက်လျှောက်တန်းပေါ်မှာ ပြည့်လို့ပါ. . .

အဲဒါ သံယောဇဉ်တွေများလား. . .

ဒါပေမယ့် မိုးအေးဆီမှာ ယုံကြည်ရမှုမရှိသေးတာ သူသိပါတယ်။ ဒါကလည်း ခက်ခဲတဲ့ပြဿနာမှမဟုတ်တာ။ အချိန်တွေ ကြာလာတာနဲ့အမျှ သူ့ရဲ့ခိုင်မြဲသောအချစ်ကို မိုးအေးသိလာမှာပါလေ. . .

"အစ်ကို. . . ကျွန်တော် စာတိုက်မှာ စာဝင်ယူတော့ အစ်ကို့နာမည်နဲ့စာတစ်စောင်တွေ့လို့ ခေါင်းအုံးအောက်မှာ ချထားတာ တွေ့လားဟင်. . ."

"မတွေ့ဘူးကွ. . . စာ ဟုတ်ရဲ့လား ဘယ်ကပါလိမ့်. . ."

စာဆိုတော့ ဖတ်ချင်မိတယ်။ သူ့ဆီ တကူးတကန့် ဘယ်သူစာရေးပါလိမ့်။ အိမ်ကလူတစ်ယောက်ယောက် များလား. . . သိချင်စိတ်ကြောင့် အလုပ်ကိုပင်ခဏချထားပြီး စာရှိရာလာခဲ့ရတယ်။

စာအိတ်ပေါ်က လက်ရေးကိုတွေ့ရပြီ။ မမေပေး လက်ရေးပါလား. . .

ဘာလို့လဲလို့ စာကိုအမြန်ဖွင့်ဖတ်လိုက်တယ်။

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုသက်လေး. . . နင့်နှယ်နေနိုင်လွန်းပါလား. . .

အိမ်ကို စာတစ်စောင်မရေးနိုင်ဘူး. . .

ဖုန်းဆက်မယ်ဆိုလည်း ဆက်လို့ရပါလျက် နေနိုင်လွန်းပါတယ်တာ. . .

ငါတို့ကို မောင်နှမသံယောဇဉ်လို သံယောဇဉ်နည်းစေဦးတော့. . . ဒက်ဒီတစ်ယောက်လုံးရှိပါသေးတယ်။ ဟိုနေ့ကတော့ ဒက်ဒီလည်းမနေနိုင်ဘူးထင်ပါရဲ့။ ထမင်းဝိုင်းမှာညည်းတယ်။ ကိုသက်တစ်ယောက် ငွေလှမ်းတောင်းပြီးကတည်းက ဘာမှမဆက်သွယ်ပြန်ဘူးတဲ့။ နင်. . . ဘာတွေလုပ်နေလဲ။ အဲလိုရွာလေးတစ်ရွာမှာ နင်ပျော်နေပြီလားငါတို့မောင်နှမတွေအားလုံး အံ့သြနေမိကြတယ်။ စာရေးဖို့ရင်တောင် နေကောင်းကြောင်းလောက်တော့ ဖုန်းဆက်ပါဟာပြီးတော့ ဖြစ်နိုင်ရင်ပြန်လာခဲ့ပါ။ အိမ်မှာ နင်မရှိတော့အများကြီးခြောက်ကပ်နေတယ်. . .

မမလေးရဲ့ အရေးအသားကြောင့် ပြုံးရတယ်။ တစ်ယောက်နဲ့တစ်ယောက် မနက်မိုးလင်းကနေ ညအထိတွေ့ချင်မှတွေ့တတ်ကြတဲ့မောင်နှမတွေဟာ သူမရှိတော့ခြောက်ကပ်နေတယ်ဆိုတာ သူဘယ်လို ယုံရပါမလဲ. . .

ဒါနဲ့ ကိုသက်. . . ဒက်ဒီကျန်းမာရေးသိပ်မကောင်းဘူးမတော်တဆ တစ်ခုခုဖြစ်သွားရင် အနားမှာရှိနေသမျှလူတွေဟာ



မမနီတို့က အလည်တွေနော်။ နင့်အတွက် အမွေတစ်ပုံရလိုက်မှာစိုးရိမ်လို့ မမလေးပြောတာနော်. . . နင် ပြန်လာဖို့ကောင်းတယ်။

ဒက်ဒီကျန်းမာရေး သိပ်မကောင်းဘူးဆိုလို့ စိတ်တော့ကောင်းပါဘူး။ ဒါပေမယ့် မမနီတို့ အလည်တွေမို့ အမွေမရမှာမို့တော့ တွေးမပူချင်ပါဘူး။ မာမီဆုံးတုန်းကရတဲ့အမွေနဲ့တင်တျနပ်နေပါပြီ။ ဘယ်လိုနေရာတွေမှာ သုံးရမလည်းလို့လည်းတွေးတတ်နေခဲ့ပြီလေ. . .

စိတ်ထဲမှာတော့ တေးမှတ်ထားမိပါတယ်။ ဒက်ဒီကျန်းမမာဖြစ်နေပြီး ပြုစုမယ့်သူမရှိရင်တော့ ရန်ကုန်မြို့ကိုပြန်မယ်လေ. . .

စာပြန်မယ်လို့တော့ စိတ်မကူးပါဘူး။

ဒါပေမယ့်. . . မြို့ရောက်တုန်းမှာတော့ တယ်လီဖုန်းဆက်ပြီး သူ. . . နေကောင်းကြောင်းနဲ့ ဒက်ဒီနေကောင်းလားတော့ မေးလိုက်ဦးမယ်။

တူထုရင်းက လက်မကိုရှုပ်ထုမိလိုက်တဲ့အခါမှာတော့ ထိုယ်ဖာသာ နာနေတဲ့ကြားက ပြုံးရသေးတယ်. . .

သည်လောက်တောင်မှ အသုံးမကျပါလားလို့တွေးပြီးပြုံးမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာနေတုန်းကလည်း ဘာအလုပ်မှလုပ်ကြရတာ မဟုတ်ဘဲလေ။ ဒါပေမယ့် ဘဝဆိုတာ ကိုယ့်ခြေထောက်ပေ ကိုယ်ရပ်နေတာ ပိုခိုင်မြဲသလိုပဲ ခံစားရတယ်. . .

* * * * * * * * * * *

မိုးအေးကို ချစ်တယ်. . .

မိုးအေးကို ချစ်တယ်တဲ့

ရင်မှာ သည်စကားတစ်ခွန်းဟာ ထပ်ခါတလဲလဲပဲ့တင်ရိုက် နေခဲ့တယ်။ ကြည်နူးစိတ်တွေနဲ့ ချမ်းမြေ့ပျော်ရွှင်နေမိတယ် ဆိုတာလည်း မိုးအေးဖာသာ အသိဆုံးပေါ့။ သူ့ကို မိုးအေးလည် ချစ်တာပါပဲ။ ဒါပေမယ့် စိတ်မှာမပွင့်ရဲခြင်းတစ်ခု ရှိနေတယ်လေ တစ်နေ့မှာ သူပြန်သွားခဲ့ရင် ကျွန်မတစ်ယောက်တည် နေခဲ့ရမှာလား. . .

သူက ကျွန်မကို သေတပန်သက်တဆုံးချစ်နိုင်ပါ့မလား ဆိုတဲ့ ခံစားရခြင်းဟာ. . . ချစ်တယ်လို့ ခေါင်းငြိတ်ဖို့ကို မဝံ့ ခြင်းတွေ ဖြစ်ရတာပေါ့. . .

"မိုးအေးရေ. . . ငန်းဆေးရှိသေးလား. . ."

"ဟဲ့. . . ဘာဖြစ်လို့လဲ နင်သောက်မလို့လား။ မိုး ကိုယ်ဝန်ကြီးနဲ့နော်။ ကြုံတဲ့ဆေးတွေ မသောက်နဲ့"





"ငါ မသောက်ပါဘူး။ အမေသောက်မှာပါ. . ."

"အမေ ဘာဖြစ်လို့လဲ"

"ဖျားနေတယ်။ ဗိုက်လည်းအောင့်တယ် ပြောတယ်. ."

"ဖျားနေတယ်ဆိုထားတော့. . .။ ဗိုက်အောင့်နေတယ် ဆိုရင် ငန်းဆေးမသောက်စေနဲ့လေ။ မြို့ဆေးခန်းပြရအောင် ကိုသက်မင်းခိုင်ကို ပို့ခိုင်းမယ်. . ."

"ထော်လာဂျီ ပိုင်တယ်ပေါ့"

"အရေးထဲမှား နောက်နေရပြန်ပြီ။ သွားလိုက်ပါ. . .။ ကိုသက်မင်းခိုင် သည်နေ့လမ်းဖို့ဖို့ အုတ်သယ်မယ်ပြောတယ်။ မြို့သွားလိမ့်မယ်။ အမေ့ကို ဆေးခန်းပို့လိုက်ရအောင်"

"ငါ လိုက်လို့မဖြစ်ဘူး. . . ဗိုက်အောင့်မှာ"

"ငါ ပို့ပေးပါ့မယ်. . .။ ခဏနေ သူ. . . မြို့သွားမှာ။ အမေ့ကိုသာ အဝတ်အစားလေးလဲပေးထား။ ငါလိုက်ပြပေးမယ်"

မနေ့ကညနေ ကျောင်းအဆင်းမှာ သူ. . . သည်နေ့ မြို့သွားမယ့်အကြောင်း ပြောထားတာပဲလေ။ အဝတ်အစား အသင့်အတင့်လဲထားလိုက်တယ်။ ဒေါ်လေးကိုလည်း ပြောပြရတာပေါ့။

"မြို့သွားတာလည်း ကောင်းပါတယ်။ မိုးမရွာရင် တော်သေး. . . မိုးရွာရင်မိုးမိနေဦးမယ်. . . မိုးကာယူသွားနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဒေါ်လေး"

အမေ့ကိုသွားကြည့်တော့ အိပ်ယာထဲမှာခွေခွေလေး မျက်စေ့မမြင်ရှာတဲ့လူမို့လားမသိ။ အမြဲလို ငြိမ်သက်တိတ်ဆိတ်နေရှာပါတယ်။ အခုလိုမြင်ရတော့ စိတ်မကောင်းပါဘူး။ အမေ မြို့ဆေးခန်းသွားမယ်နော် ဆိုတော့. ဗိုက်အောင့်နေလို့ သွားချင်တယ်တဲ့။ ကြည့်ရတာ နှင်းနုတို့စိတ်မကောင်းဖြစ်မှာစိုးလို့ ဗိုက်အောင့်နေတာကို အရေးမကြီးသလိုနေနေပုံရပါတယ်။

ထော်လာဂျီအသံ ကြားရပြီ. . .

ခဏနေတော့ ကိုသက်မင်းခိုင် ဝင်လာပါတယ်. . .

"အမေ. . . နေမကောင်းလို့ဆို"

"မြို့ဆေးခန်း လိုက်ပြချင်တယ် ကိုသက်မင်းခိုင်၊ ဗိုက်အောင့်နေလို့တဲ့လေ. . ."

"မနှင်းနုပြောတယ်. . . ယူစရာရှိတဲ့ပစ္စည်းလေးတွေ ယူလေ မိုးအေး။ ကိုယ်. . . ပွေ့ချီခဲ့မယ်. . ."

မိုးမရွာလို့သာ တော်တော့တယ်. . .

အမေ့ကို ကျွန်မကပွေ့ပြီးရင်ခွင်မှာ မှီနေစေရတယ်။ ကိုသက်မင်းခိုင်ကတော့ ထော်လာဂျီကို အတတ်နိုင်ဆုံး ငြင်သာအောင် မောင်းပေးမယ်လို့ ဆိုပါတယ်။

"အမေ. . နေလို့ကောင်းလား။ အရမ်းနေမကောင်းဘူး ဆိုရင် ပြောနော်"





"နှင်းနုက ကိုယ်ဝန်ကြီးနဲ့ မဟုတ်လားသမီးရယ်. . . သူ စိတ်ပူမှာစိုးရိမ်လို့ ဗိုက်အရမ်းအောင့်နေတာ မပြောရက်ဘူး."

"ဖြစ်ရလေ အမေရယ်။ နှင်းနုကိုမပြောချင်လည်း မိုးအေးခဏသွားခေါ်ပေးစမ်းဆို သမီးကိုပြောရောပေါ့. . ."

မြို့ထိရောက်အောင်မောင်းနေခိုက်မှာ မိုးမရွာလို့ တော်ပါသေးရဲ့။ အမေ ကျွန်မရင်ခွင်မှာ ငြိမ်သက်စွာနဲ့ ဝေဒနာခံစားရင်း လိုက်လာပုံရပါတယ်။

"ဆေးခန်းမောင်းမယ်နော်"

"ဟုတ်ကဲ့. . ."

ဆေးခန်းရောက်တော့လည်း အမေ့ကို ကိုသက်မင်းခိုင်က ပွေ့ချီရပြန်တာပေါ့။ ဆရာဝန်က စမ်းသပ်ပြီးတာနဲ့ ချက်ခြင်း ပြောပါတယ်။

"ဆေးရုံတင်ရမယ်. . . ညီလေးတို့ကလူနာရှင်တွေလား. . . ဆေးရုံချက်ခြင်းသွားပါ။ အူအတက်ပေါက်တယ်"

"ဗျာ. . ."

ကျွန်မနဲ့ကိုသက်မင်းခိုင်မှာ ရုတ်ခြည်းဘာလုပ်ရမှန်း ပင်မသိဖြစ်ရတယ်။ ဆေးရုံချက်ခြင်းသွားဆို သွားရုံပေါ့။ ဒါပေမယ့် အူအတက်ပေါက်တယ်ဆိုရင် ဗိုက်ခွဲရလိမ့်မယ် ထင်တယ်။ ဒါဆို မိသားစုပါမှဖြစ်မှာပေါ့။ နှစ်ယောက်သား ဘယ်လိုဆုံးဖြတ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်မင်းခိုင် . . . မြို့နယ်စိုက်ပျိုးရေးရုံးမှာ တင်မောင်သန့်ရှိနိုင်တယ်။ သွားကြည့်ကြည့်ပေးပါလား။ ကျွန်မတို့ထက်စာရင် တင်မောင်သန့်က မိသားစုပိုဖြစ်တယ်။ ကိုသက်မင်းခိုင်သွားနေတုန်း အရေးပေါ်အခြေအနေဆိုရင်တော့ ကျွန်မပဲလက်မှတ်ထိုးလိုက်ပါ့မယ် . . ."

တင်မောင်သန့်ရှိနေလို့ရှိနေခြား အခေါ်လွှတ်ရပြန်တယ်။ အမေ့ကို မြို့ခေါ်လာမိတာ အရမ်းမှန်သွားတာပဲ။ အူအတက်ပေါက်နေတာကို ကြုံရာဆေးနဲ့ကုနေမည်ကို အသက်အန္တရာယ်တောင် ထိခိုက်လာနိုင်တယ် မဟုတ်လား။

* * * * * * * * * * * *

မြို့နယ်စိုက်ပျိုးရေးရုံးကို မေးလာရတယ်။ ရုံးဝင်းထဲတိထော်လာဂျိုကို မောင်းဝင်လာခဲ့တယ်လေ . . .

"ဦးတင်မောင်သန့်များ လာမလားလို့ပါ"

"ကိုတင်မောင်သန့် ခုနကတောင် ဒေါ်သိန်းသိန်းဝင်းရှေ့မှာ စာရင်းလာဆွဲနေသေးတယ်၊ နေဦး ရှာပေးမယ် . . ."

ခဏရပ်စောင့်နေရတယ်။

ဆယ်မိနစ်လောက်နေတော့ အဲသည်လူနဲ့အတူ ကိုတင်မောင်သန့်ပြန်ပါလာတော့ ပြောမပြနိုင်လောက်အောင်





ဝမ်းသာသွားရတယ်။ အမေ့အကြောင်း ပြောပြပြီးခေါ်လာရတယ်လေ။

"နှင်းနုမသိသေးဘူးပေါ့ . . ."

"မသိသေးဘူး . . ဆေးခန်းရောက်မှ ချက်ခြင်းဆုံးဖြတ်တာလေ။ အခု မိုးအေးအနားမှာရှိတယ် . . ."

ကိုတင်မောင်သန့်ပါလာတော့ တော်သေးတာပေါ့။ မိုးအေးနဲ့သူက လူနာနဲ့ဆွေမျိုးတော်စပ်သည်မှမဟုတ်တာ။ ဆေးရုံကို ပြန်လာခဲ့တယ်လေ။ ကိုတင်မောင်သန့်ကိုမြင်ရင် မိုးအေးလည်းဝမ်းသာမှာပါပဲ။

"ဟယ် . . . တင်မောင်သန့်ပါလာတယ် တော်ပါသေးရဲ့ . . ."

ထင်တဲ့အတိုင်း မိုးအေးလည်း နည်းနည်းတော့ စိတ်ချမ်းသာသွားမှာပေါ့လေ။ တင်မောင်သန့် လက်မှတ်ထိုးဖို့တွေကအစ လိုတာလုပ်နေတုန်း သူတို့နှစ်ယောက် ခုံတန်းလေးမှာထိုင်စောင့်နေရတယ်။

"ကျေးဇူးတင်လိုက်တာ ကိုသက်မင်းခိုင်ရယ်"

"ဘာတွေ ကျေးဇူးတင်နေတာလဲ မိုးအေးရဲ့ . . ."

"ကိုသက်မင်းခိုင် မရှိခင်ကဆို နေမကောင်းဖြစ်ရင်လည်း တော်ရုံလောက်တော့ အိမ်ရှိတဲ့ဆေးနဲ့နေနေကြတာ။ ဝေပြွှာသွားပြီး ကျန်းမာရေးမှုကိုပြဖို့တောင် လည်းရှာနေရတော့

www.burmeseclassic.com



တော်ရုံမသွားဖြစ်ကြဘူး။ ခုလိုသာဆိုရင် ဘယ်လောက် အသက်အန္တရာယ် ရှိသလဲ. . .”

“ဘာများလဲလို့ မိုးအေးရယ်. . . ကောင်းပြီလေ၊ ဒါဆို ကိုယ်သည်ရွာမှာ အမြဲနေတော့မယ်။ မိုးအေး အိမ်မှာခေါ်ထား”

“သွား. . . စကားကောင်းပြောနေရင်”

သူ့ပုခုံးစွန်းကို မိုးအေးကပြင်သာဖွဖွလေးထုလိုက်တော့ ကြည်နူးပီတိဖြစ်ရတယ်။ မြို့ရောက်တုန်းတော့ ဒက်ဒီ့ဆီ ဖုန်းဆက်သင့်ပါလား။ ဆေးရုံမှာ လူနာတွေမြင်တော့ ဒက်ဒီ နေကောင်းရဲ့လားလို့ အိမ်ကိုသတိရမိတယ်။

“တင်မောင်သန့် ဘာတဲ့လဲ. . .”

“ချက်ခြင်းခွဲရမယ်တဲ့. . . သွေးလိုလိမ့်မယ်။ ငါ ရုံးခဏပြန်ပြီး သွေးပေးနိုင်တဲ့လူ လိုက်ရှာရမယ်”

“ဘာသွေးလဲ တင်မောင်သန့်”

“အေဘီတဲ့ဟာ. . . ငါကလည်း အော ဖြစ်နေတယ်”

“ကျွန်တော့်သွေးက အေဘီ. . . ယူလို့ရမယ်ဆို ယူပါ. . .”

“ကိုသက်မင်းခိုင်သွေးက အေဘီလား. . . နေရော ကောင်းရဲ့လား”

မိုးအေးဆီမှာ စိုးရိမ်ပူပန်မှုလေးတွေ့ရတိုင်း ကြည်နူး ရပါတယ်။ သွေးလှူတာကတော့ ကိုးတန်းကျောင်းသားဘဝမှာ





အတန်းပိုင်ဆရာမအတွက် တစ်ခါလှူဖူးထားတာပဲလေ။ လိုအပ်မယ်ထင်တဲ့ စမ်းသပ်စစ်ဆေးမှုတွေပြုပြီးတော့ သွေးတစ်ပုလင်း လှူရတယ်။ ဘာပဲပြောပြော သူ့အပေါ် သားလေးတစ်ယောက်လို ခင်မင်တွယ်တာသော အမေဆယ် အတွက်မို့လည်း ကျေနပ်နေမိပြန်ပါတယ်။

အမေ့ကို လှူရတာ မာမီ့အတွက် ပြုတဲ့တုသိလ်လို့လည်း ခံစားလို့ရတာကိုး. . .

“ကိုသက်မင်းခိုင်. . . နေကောင်းလား။ ခေါင်းမူးရင် ပြောနော်. . . သည်ကုတင်မှာပဲ တစ်ညတော့နားလိုက်”

“ကျွန်တော်တို့ ရွာကိုပြန်အကြောင်းကြားမှကောင်းမယ် ထင်တယ်။ မနှင်းနုလည်း စိတ်ပူနေမယ်။ တညလုံးနားနေရင် ရွာကလူတွေ စိတ်ပူကုန်ကြမှာ”

“သည်လိုလုပ်ပါလား။ ခွဲစိတ်ပြီးရင် ကျွန်မတော် ရွာခဏပြန်မယ်။ နှင်းနုကိုလည်း ပြောခဲ့မယ်။ ကိုသက်မင်းခိုင်က သွေးလှူထားတာဆိုတော့ နားပါဦး။ မိုးအေး. . . နင် ခဏစောင့်နေခဲ့၊ ငါတို့ပြန်လာမှပြန်။ ဒေါ်လေးကို ပြောခဲ့မယ်”

ကိုတင်မောင်သန့်က အမေ့ကိုခွဲစိတ်ခန်းဝင်နေတုန်း တော့ ခဏစောင့်နေပါတယ်။ ခွဲစိတ်ခန်းကထွက်လာအောင်သူ ရွာပြန်ဖို့ပြင်တယ်လေ။ အမေက အသက်ကြီးနေပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သွေးသွင်းထားရသလို အားပြည့်လာအောင်တော့ တော်တော် ကြိုးစားရမယ်လို့ ဆိုပါတယ်။

"မိုးအေးက ထိုင်စောင့်နေရတယ်။ ကျွန်တော်က ကုတင်ပေါ်မှာ ဇိမ်နဲ့အိပ်လို့။ မိုးအေး. . . ပင်ပန်းလိုက်တာ"

"ကျွန်မက ဘာပင်ပန်းစရာရှိလဲ ကိုသက်မင်းခိုင်က သွေးလှူထားရတာ။ နားရမှာပေါ့. . . အမေလည်း နေကောင်း ပါစေ. . ."

"မိုးအေး အနားမှာရှိနေတာ အားလုံးဟာ ပြီးပြည့်စုံ နေသလိုပဲလို့ ကျွန်တော်ခံစားရတယ်. . . ကျွန်တော့် အနားမှာ ခုလိုပဲ အမြဲနေပါလားမိုးအေးရယ်. . ."

မိုးအေးရဲ့မျက်ဝန်းလေးတွေက နွေးထွေးလိုက်တာ။ တကယ်ပြောတာပါ။ မိုးအေးအနားမှာရှိတာ အရာအားလုံး ပြီးပြည့်စုံနေသလိုပါ။ ဘာကိုမှ နောက်ထပ်မလိုအပ်တော့ဘူး။ သူ့ဘဝအတွက် အလိုအပ်ဆုံးအရာကို ခုမှပဲတွေ့လိုက်ရတယ်။

* * * * * * * * * * * *

အမေဆယ့်ကိုတော့ ခွဲစိတ်ခန်းအပြင်ဖက် အရေးပေါ် အခန်းမှာ သည်တစ်ညထားမယ်ဆိုတော့ ဝင်တွေ့လို့မရပါဘူး။





ကျွန်မကတော့ ကိုသက်မင်းခိုင်ကို အနားယူဖို့ပေးထားတဲ့ ကုတင်ဘေးမှာပဲ ထိုင်နေမိတယ်။ တကယ်ဆို ကျွန်မရင်ထဲ မှာလည်း အနားမှာ သူ ရှိနေတာဟာ ပြီးပြည့်စုံနေသလို ခံစားရပါတယ်. . .

"မိုးအေး. . . ထမင်းသွားစားကြရအောင်။ ကျွန်တော် ဆာနေပြီ"

"နေကောင်းရဲ့လား"

"မိုးအေးကလည်းဗျာ. . . သွေးလေးတစ်ပုလင်း လှူတာ ကျွန်တော့်ကို လူမမာကြီးကြနေတာပဲ။ လာပါ. . . အမေကလည်း အရေးပေါ်အခန်းထဲမှာရှိနေတာ စိတ်ချ ရပါတယ်။ ကျွန်တော်တို့ ထမင်းသွားစားရအောင်လား"

မောင်. . . ရှေ့ကိုတည့်တည့်လျှောက်ရင်

မေလည်း တည့်တည့်လိုက်ကာလျှောက်မယ်. . .

မောင်ရေ ဆိုတဲ့ သီချင်းလေး အမှတ်ရလို့ ပြုံးမိတယ်။

သူသွားရာနောက်ကို ကြည်ကြည်နူးနူး လိုက်တတ် နေပြီလား။

သူ ဦးဆောင်ရာနေရာမှာ ကျွန်မ ကျေကျေနပ်နပ် နေတတ်နေပြီလား. . .

"ဘယ်ထမင်းဆိုင်ကောင်းလဲ မိုးအေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့တက်ခဲ့တဲ့ အ.ထ.က ကျောင်းနားကဆိုင်ကောင်းတယ်. . ."

ဒေါ်ကြီးမြတို့ထမင်းဆိုင်လေးက အရင်လည်းကျွန်မတို့ဝယ်စားနေရတာပါပဲ။ အခု ရောက်ခဲ့ပြီ။ ဒေါ်ကြီးမြက ရန်ကုန်သွားလို့ မရှိပေမယ့် သူ့သမီး မမြထွေးတို့ ရှိနေကြပါတယ်။

"မမိုးအေးတို့များ ခုမှတွေ့ရတယ်"

"ရွာမှာက ဆရာမနဲ့တော့ ခွင့်ယူလို့မဖြစ်ဘူးလေ။ အခုတောင် အမေဆေးရုံတက်ရလို့"

မမြထွေးက ကျွန်မနဲ့အတူရောက်လာတဲ့ ကိုသက်မင်းခိုင်ကို ကြည့်ပေမယ့် ဘာမှမမေးပါဘူး. . .

"တစ်ခါလာကြွက်သား၊ တစ်ခါလာဝက်သားနဲ့ စားရတာရိုးနေပေမယ့် ချက်တဲ့လက်ရာက အပြောင်းအလဲနဲ့ဆိုတော့ စားလို့ကောင်းပါတယ်. . ."

ဒေါ်ကြီးမြလက်ရာက ပိုတောင်ကောင်းသေး. . .

"နေကောင်းလားဟင်. . ."

"ဒါပဲ ခဏခဏမေးနေတယ်. . . ကျွန်တော်နေမကောင်းဘူးဆို မိုးအေးပွေ့ထားမလား။ ခုနက အမေ့ကို မိုးအေးပွေ့ထားတာတွေ့ရတော့ ငါ့ကိုများအမေ့လိုပွေ့ထားရင် သိပ်ကောင်းမှာပဲလို့ စဉ်းစားမိတယ်"



"ကိုသက်မင်းခိုင်ကလည်းလေ. . . မပြောကောင်းပြောကောင်းတွေ အရမ်းပြောတာပဲကိုး. . . မပြောပါနဲ့။ ကျွန်မမကြိုက်ဘူး"

"ဖြစ်ချင်တာကို ပြောပြတာပါဗျာ။ မိုးအေးမကြိုက်ရင် မပြောတော့ပါဘူး. . ."

"မပြောပါနဲ့. . ."

"ကောင်းပါပြီဗျာ. . . မပြောဘူး။ မပြောစေချင်ရင် ပွေ့ထား"

"လာပြန်ပြီ"

ကျွန်မ ခုလိုပြောတော့မှ ရှေ့ဆက်မပြောတာ။

သူ့ကို ကျွန်မချစ်တယ်. . .

သူ့ရင်ခွင်မှာ ကျွန်မကိုထွေးပွေ့ထားမှာတို့ ကျွန်မ လိုချင်သလို ကျွန်မရင်ခွင်မှာ သူရှိနေမယ်ဆိုလျှင်း ကြည်နူးခံစားရမှာပါပဲလေ။ ဆေးရုံကို ပြန်လာခဲ့ကြတယ်။ သူ့အတွက် ညည်းမှာနားနေဖို့ ကုတင်တစ်လုံးရတယ်။ သွေးလျှောထားပေမဲ့ အိပ်ရေးဝအောင် အိပ်ပါ၊ နားပါလို့ ဆရာဝန်က ပြောတယ်လေ။ သူတစ်ဘာပြောတယ်မှတ်လဲ. . .

"မိုးအေးကတော့ မအိပ်ဘဲထိုင်နေတယ်။ ကျွန်တော်က အိပ်နေတယ်။ ဟင့်အင်းဗျာ. . . မညီမျှဘူး။ ချစ်သူပင်ပန်းမယ့်

www.burmeseclassic.com



အစား ကိုယ့်ပဲပင်ပန်းခံချင်တယ်. . . မိုးအေး ကုတင်မှာ အိပ်ပါလား။ ကျွန်တော် ထိုင်ခုံမှာနေမယ်"

"ဘယ်ဖြစ်မလဲ။ ကျွန်မက သွေးလှူထားတဲ့ လူမှမဟုတ်တာပဲ ကိုသက်မင်းခိုင်ရယ်. . . အေးအေး အိပ်စမ်းပါ။ ရှင်. . . ပြောရမခက်နဲ့နော်။ ကျွန်မစိတ်ဆိုး လာမယ်။ အိပ်တော့. . . မအိပ်ချင်လည်း မျက်စေ့မှိတ်ထား"

အနားမှာနေရင် စကားတွေပြောနေမှာစိုးလို့ ထွက်လာခဲ့တယ်။ ဆေးရုံရှေ့ လမ်းကွေ့ကွေ့ ဝိုင်းဝိုင်းလေး အတိုင်း လျှောက်နေမိတာပေါ့။ မိုးမရွာတဲ့ညတစ်ညဟာ အတော် အိုက်သားလား. . . ချွေးတွေတောင်ပျံနေတယ်. .

တင်မောင်သန့်တော့ ရွာရောက်လောက်ပါပြီ။ ဒေါ်လေးနဲ့ နှင်းနုတော့သိရောပေါ့လေ. . .

မနက်ဖြန် ကျောင်းတက်ရဦးမယ်။ တစ်ညလုံးအိပ်ရမှာ မဟုတ်ပေမယ့် ကျောင်းမသွားလို့မဖြစ်ပြန်။ နွယ်သာကီပင် လေးတွေ ယိမ်းနွဲ့နေတယ်။ မိုးမရွာပေမယ့် ချက်ခြင်းဆိုသလို မိုးလေအေးတွေတိုက်လာပြန်ပါရော။

ရာသီဥတုက အပြောင်းအလဲမြန်လွန်းနေသလိုပါ ပဲလား. . .

"မိုးအေး. . . မိုးရွာတော့မယ်"

"ဩော်. . . ဘယ့်နှယ်. . . လိုက်လာပြန်တာလဲ"



"မအိပ်ပါရစေနဲ့ မိုးအေးရယ်။ သည့်တစ်ညလေး ချစ်သူအနားမှာနေရတာ အတူတူစကားတွေပြောနေချင်လို့ပါ"

"ကိုသက်မင်းခိုင်နဲ့တော့ ခက်တယ်။ မရဘူး လာ. . လာ ကျွန်မပါပြန်လိုက်ခဲ့မယ်။ အိပ်ယာထဲနေ"

"ဒါဆို မိုးအေးအနားမှာနေ"

သူ့ဘေးနားမှာ ခုံတန်းလေးနဲ့ထိုင်နေရပြန်တယ်။ အဲလို ကြပြန်တော့လည်း မအိပ်ပါဘဲ ကျွန်မကိုစူးစိုက် ကြည့်နေ ပြန်ရော. . ။

"မျက်စေ့မှိတ်ထားချင်မှိတ်ထားနော်. . . မမှိတ် လို့ကတော့ ဆရာမကိုခေါ်ပြီး အိပ်ဆေးထိုးခိုင်းလိုက်မှာ" .

ကျွန်မအဲလိုပြောတော့ ရယ်တယ်။ တစ်ချိန်လုံး စိုက်ကြည့်မနေနဲ့လေ။ ကျွန်မ မနေတတ်တော့ဘူး။ ရင်ခုန်တယ် ဆိုတာကိုလည်း ရှင်မသိစေချင်ဘူး. . .

"သည်တစ်ည ကိုယ့်ကို ခွင့်လွှတ်ပါလား မိုးအေးရယ်။ မိုးအေးနဲ့ မနက်ဖြန်ညဆို တွေ့ရမှာမှမဟုတ်တာ"

"နေ့ခင်းတွေ တွေ့နေရတာပဲလေ. . . နေ့တိုင်းတွေ့ရ တယ်"

"ကျောင်းပိတ်ရက် မတွေ့ရပါဘူး"

"အပိုတွေမပြောနဲ့. ကျောင်းပိတ်ရက်မှာ ရှင့်အကြောင်း အမျိုးမျိုးပြပြီးလာလွန်းလို့ ဒေါ်လေးကောင်ရိပ်မိနေပြီ"

www.burmeseclassic.com



"ဒါဆို ပို‌တောင်‌ကောင်းသေး. . . လူကြီးစုံရာ
တောင်းလိုက်မယ်. . ."

"ရှင့်ကို ကျွန်မမယုံဘူး"

"ယုံပါ. . ."

"မယုံဘူး. . . အိပ်ပါတော့ဆို"

အပြင်မှာ မိုးတွေရွာလာပါရောလား။ ပြင်းစွာသေ
မိုးပေါက်တွေ သွပ်မိုးပေါ်ကို ရိုက်ခတ်နေကြတယ်။ ဆူညံလှ
နေသလိုပါပဲ။ သူ မျက်ဝန်းစုံမှိတ်အိပ်နေတော့ ခိုးကြည့်မိတ
ညှိုစိမ့်နေတဲ့အသားအရည်ရှိပေမယ့် ထူထဲမဲနက်တဲ့ မျက်ခုံးေ
တွေနဲ့။ နှုတ်ခမ်းလေးကတော့ပါးပြီးသေးတယ်။ ယောက်
ပီသတဲ့ရုပ်ရည်ရှိပါတယ်လို့တွေးပြီးတော့ ချစ်စရာကောင်းတ
လို့ တွေးမိတာဟာ သူ့ကိုချစ်နေလို့ဖြစ်ပါလိမ့်မယ်. . .

ဟင်. .

သူက ဖျတ်ခနဲဆို မျက်လုံးဖွင့်လာတဲ့အခါမှာ မျက်
ချင်းဆုံသွားတယ်လေ. . .

မလုံမလဲဖြစ်သွားမလိုကြောင့် တစ်ဖက်မျက်နှာလှည့်
ပြုံးမိတယ်. . .

"မိုးအေးကို ချစ်တယ်"

"အို. . . ဘယ်လိုလဲ။ တစ်ယောက်ယော
နေမှဖြင့်"





"ဘယ်သူမှမရှိဘူး. . . မိုးအေးကိုချစ်တယ်။ အတူ
နေချင်ပြီ။ လက်ထပ်ကြရအောင်"

"ရှင့်ကို ဘယ်သူကချစ်တယ်လို့ ပြောလို့လဲ. . ."

အဲလိုမျိုး။ မျက်စောင်းထိုးမိတယ်။ မိုးတွေပိုသည်း
လာပြီ။ အနားကနေထွက်လာခဲ့မိတယ်။ သည်တစ်ခါ လိုက်လာ
ရင်တော့ တကယ့်ကိုအိပ်ဆေးထိုးခိုင်းမိတော့မယ်။

* * * * * * * * * * * 

"မွှန်မြတ်တဲ့ အလှူပါပဲ"

ဦးဇင်းကတော့ သည်တစ်ခွန်းပဲပြောပါတယ်။ ပြီးတော့
အနားယူဦးတဲ့. . .။ ကိုယ့်အိပ်ယာလေးမှာ ခွေလှဲနေရတော့
တာပေါ့။ ညက ခံစားချက်နဲ့တော့ကွာခြားပါတယ်။ အနားမှာ
ချစ်သူရှိနေတာက တကယ်ပြည့်စုံလွန်းတယ်လေ။ အခုလို
လပ်ဟာနေတဲ့ ခံစားချက်မျိုးမဟုတ်ဘူး။

မျက်စောင်းလေးချိုပြီး မကျေနပ်ဖြစ်နေတဲ့ အပြုအမူ
လေးလည်းချစ်တယ်. . .

"အစ်ကို. . . ကြက်စွပ်ပြုတ်လုပ်နေတယ်. . ."

"ဟာ. . . ဇော်ကြီးရာ ပင်ပန်းအောင်. ."



www.burmeseclassic.com

www.burmeseclassic.com



ခဏနားပြီးရင် မိုးအေးနဲ့ကလေးတွေ ကျောင်းတို့ ရဦးမယ်. . .

"ဦးဇင်းကခိုင်းတာ. . ဈေးမှာကြက်သွားဝယ်ရင်း ဆရာမအေးက အစ်ကို့အတွက်စာပေးလိုက်တယ်. . ."

"မိုးအေးက စာပေးလိုက်တယ်. . . ပေး. . . ပေး"

အလေ့တကြီးဖြစ်သွားလို့ မိုးအေးရိပ်မိလောက် ပါတယ်။

ကိုသက်မင်းခိုင်. . .

ရှင် တစ်နေ့ကုန်နားရအောင် ဦးလေးသောင်းလှည်းနဲ့ အားလုံးကျောင်းသွားကြဖို့ပြင်ပြီးပြီ။ စိတ်အေးလက်အေးနားပါ။ နေကောင်းအောင်နေပါ။ ကျွန်မစကားကိုနားမထောင်ဘဲ ထော်လာဂျီတစ်စီးနဲ့ရောက်လာလို့ကတော့ ရှင့်ကို မြန်မြန် သံယောဇဉ်ထားဖို့ကို လုံးဝစဉ်းစားမှာမဟုတ်ဘူး. . .

မိုးအေး

ဒုက္ခပဲ. . .

ဒါဆို မိုးအေးတို့ကလှည်းနဲ့ ကျောင်းသွားကြမှာကိုး. . .

"ဇော်ကြီး. . ."

"ဗျာ. . ." /

"မင်းရော ကျောင်းမသွားဘူးလား"





"ကျွန်တော် သည်နေ့မသွားဘူးအစ်ကို။ ဦးဇင်းက အစ်ကိုနားမှာနေတဲ့။ ဆရာမအေးနဲ့ ကလေးတွေက ဘကြီး မောင်လှည်းနဲ့ ကျောင်းသွားကြမှာ။ စိန်ကတုံးတို့အုပ်စု ဆရာမ အေးအိမ်ကို သွားကြတာကြာပြီလေ. . ."

မိုးအေးတို့များ ဆရာမပီသစွာ သူလုပ်ချင်ရာကို ရရအောင်စီစဉ်သွားတယ်။ မဟုတ်လို့က လိုက်သွားမှာ။ တော့ သံယောဇဉ်ထားဖို့ကို လုံးဝစဉ်းစားမှာမဟုတ်ဘူး ဆိုတဲ့အတွက် လိုက်လည်းမသွားရဲဘူး. . .

သူကတော့ နားရတယ်ထားပါ. . .

မိုးအေးကတော့ တစ်ညလုံးလည်းမနားရ။ အခုလည်း နားရပါလား။ ချစ်သူပင်ပန်းနေပြီလို့ တွေးမိတဲ့အခါမှာ တ်ထိခိုက် ပင်ပန်းရပါတယ်။

မိုးမရွာပါစေနဲ့. . .

ဆုတောင်းမိတယ်. . .

သူတို့ခမျာ လှည်းကလေးတအိအိနဲ့ ကျောင်းသွား ကြမှာ

"အစ်ကို. ကြက်စွပ်ပြုတ်ရရင်လာပို့မယ် ခဏအိပ်နေ"

"ငါ့ကြောင့် မင်းပင်ပန်းရပြီ။ ကျောင်းလည်းပျက်တယ်"

"ကျွန်တော်ကျောင်းပျက်တာ တစ်ရက်ပါအစ်ကိုရာ။ စ်ကိုကျေးဇူးကြောင့် ကျွန်တော်ကျောင်းနေရတာပါ။ အစ်ကို့ တွက်ပဲ။ အစ်ကိုကျေးဇူးက ဆပ်မကုန်ဘူး. . ."

www.burmeseclassic.com



အဲလိုမျိုးပြောတော့ စိတ်မှာပီတိရော၊ ကြည်နူးချမ်းမြေ့ခြင်းရော ခံစားရတယ်။ သိန်းပေါင်းများစွာသောငွေတစ်ချို့ကို သူငယ်ချင်းတွေကိုချေးငှားပြီးရတဲ့ကျေးဇူးနဲ့တော့ တခြားစီလိုပါပဲ။ ကလေးတစ်ယောက်ကို ကျောင်းထားပေးရလို့ရတဲ့ ပီတိတောင် သည်လောက်များရင် ကလေးတွေ အများကြီးကို ကျောင်းတားပေးနိုင်ဖို့ ကြိုးစားရင် ခုထက်ပိုပြီး ပီတိဖြစ်ရမယ်"

ဘဏ်မှာရှိတဲ့ သူ့ငွေတွေကို ပဒေသာပင်တစ်ခု စိုက်မယ်။ စာမသင်နိုင်တဲ့ကလေးတွေကို စာသင်ပေးမယ်လို့ ပစ္စက္ခဆုံးဖြတ်ချက် ချနိုင်ခဲ့ပါတယ်။

မနက်ဖြန် မြို့ရောက်ရင် အိမ်ကိုဖုန်းဆက်ဦးမှပါ။ ရွာကနေ အဝေးကြီးသွားပြီး စာသင်ရတဲ့ကလေးတွေအတွက် ရွာမှာ မူလတန်းကျောင်းကလေးတစ်ခု ဖွင့်ရရင်ကောင်းမှာ. . ။

အနည်းဆုံး ဦးဇင်းရဲ့ကျောင်းမှာပဲ ဘုန်းကြီးကျောင်းသင်ပညာရေးလေးဖြစ်ဖြစ်ပေါ့. . .

"အစ်ကို. . . ကြက်စွပ်ပြုတ်ရပြီ. . . ပူတုန်းလေးသောက်ရအောင်. . . ကျွန်တော်မှုတ်ပေးမယ်"

"ရတယ်. . . သည်နားပဲထားပြီး မင်း စာသွားကျက်ချေ အစ်ကိုဖာသာ သောက်လိုက်ပါမယ်။ အစ်ကို့ကို ကျေးဇူးတင်တယ်၊ ချစ်ခင်တယ်ဆို စာပိုကြိုးစားပါ။ ရွာမှာမင်းအတွက်လည်း ဂုဏ်ယူစရာလူတစ်ယောက်အဖြစ် အစ်ကိုမြင်ချင်တယ်"



"ဟုတ်ကဲ့. . . အစ်ကို"

ကြက်စွပ်ပြုတ်ကပူနေလို့ ခဏထားလိုက်တယ်။ တင်းမှနေ ပိတောက်ပင်ကြီးကိုမြင်နေရတာပေါ့. . . က်သမား ဦးလေးစံရဲ့ တူထုသံကိုကြားနေရတယ်။ ကျောင်းအိုကြီးကို တတိတိမြင်နေတာ။

"သား. . . စဉ်းစားကြည့်စမ်း။ တစ်နေ့လာ ငွေတွေရှာ၊ ငွေတွေရှာ။ ငွေတွေသုံးကြနဲ့ အနှစ်အရသာဘာရှိလဲ. . . ။ ဲလို တွေးရင်းတွေးရင်း ဘာမှမလုပ်ချင်တော့လို့ မာမီအိမ်ထဲမှာ နေခဲ့တာ နှစ်အတော်ကြာပြီ။ ငါလုပ်တဲ့အလုပ်တွေ မှန်လိုက်တာ လို့ မခံစားရတာကြာပြီသားရဲ့. . . ဒါပေမယ့် မာမီခုထိ ဘာလုပ် မှန်းမသိဘူး. . ."

မာမီပြောတဲ့စကားတွေ အခုမှသဘောပေါက်လာတယ်။ မာမီလုပ်ရမယ့်အလုပ်တွေကို မညွှန်ပြတတ်ခဲ့ပါဘူး။ သူတော့ ငါလုပ်တဲ့အလုပ်တွေ မှန်လိုက်တာလို့ တစတစ ိုးပြီး ခံစားလို့ရနေခဲ့ပါပြီ. . .

* * * * * * * * * * *

"မိုးအေး. . . အားရှိသွားအောင် ကြက်စွပ်ပြုတ်လေး ဒါလေးပြုတ်ထားတယ်။ မနက်က ရွာထိပ်ဈေးလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကြီးနဲ့ တွေ့တယ်လေ။ ကြက်တစ်ကောင်ကို သူတစ်ခြမ်း ဒေါ်လေးတစ်ခြမ်းဝယ်ခဲ့တယ်။ သူကလည်း သူ့ကျေးရွာရှင် မောင်သက်မင်းခိုင် အားရှိအောင် ပြုတ်တိုက်မှာတဲ့။ ဒေါ်လေး ကလည်း မိုးအေးတစ်ညလုံးမအိပ်ရ၊ မနက်လည်းမနားရဘဲ ကျောင်းတက်နဲ့ ပင်ပန်းလို့ ပြုတ်တိုက်တာ. . ."

"ဒေါ်လေး. . . ဖူးစာများအံ့တယ်။ ကြက်စွပ်ပြုတ် သောက်တာတောင် တစ်ကောင်တည်း တစ်ယောက်တစ်ခြမ်း တဲ့လား. . . ကြက်ဖြစ်ရင်ကွယ်. . . ငှက်ဖြစ်ရင်ကွယ် တစ်ကိုင်းတည်းနားချင်တယ်ပဲ ကြားဖူးပါတယ်။ ခုတော့ ကြက်စွပ်ပြုတ် သောက်ရင်ကွယ် တကောင်တည်း သောက်ချင် တယ်ဖြစ်နေပြီ. . ."

နှင်းနုတို့များလေ

အမေနေမကောင်းလို့ စိတ်ပူနေတဲ့ကြားက ကျွန်မကို စရနောက်ရမည်ဆို ကြံကြံဖန်ဖန် ပြောလည်းပြောတတ်ပါတယ်။ တင်မောင်သန့်က ဆေးရုံမှာသွားစောင့်နေတော့ နှင်းနု တစ်ယောက်ထဲမို့ အိမ်မှာလာနေတယ်လေ။

နှင်းနုအပြောကို ဒေါ်လေးကပြုံးပြီးနားထောင် နေတယ်။ ခုချိန်ဆို သူကတော့ မနက်ထဲက ဖော်ကြီးပြုတ် တိုက်လို့ ကြက်စွပ်ပြုတ်သောက်ပြီးရောပေါ့။ သူ့. . . မပါသော ကျောင်းတက်တဲ့ခရီးလေးဟာ ကျွန်မရင်ကိုအရမ်း ခြောက်သွေ့





စေတယ်ဆိုတာ ဝန်ခံရဦးမယ်။ သည်နေ့စိတ်မှာ ခြောက်သွေ့ တိတ်ဆိတ်နေတာပဲ။

သူ့. . . ခွဲခွါသွားရင်. . . .

ကျွန်မ စိတ်ထိခိုက်ရမှာ အဟိုင်းအတာမဲ့တဲ့ ခံစားမှု တစ်ခုဖြစ်မှာပါ။

သူ့. . . ခွဲခွါရင်လို့ တွေးရုံနဲ့ မျက်ရည်စတွေ ဝေ့ဝေ့ဝဲဝဲ ဖြစ်လာတယ်. . .

'တစ်ရက်ထဲ မတွေ့ရသေးတာပါ။

ကျွန်မ ဘာလို့သည်မျှ သူစိမ်းတစ်ယောက်ကို ချစ်မိသွား ရပါသလဲ. . .

အလွမ်းရှိတာ အချစ်ရှိလို့ပေါ့နော်. . .

မိန်းမသားပါရှင်. . .

ဘယ်လောက်လွမ်းဆွတ်နေပါစေ. . . ရှင်ရှိတဲ့ နေရာကို မလာရဲပါဘူး. . .

"ဆရာမအေး. . . ဆရာမအေး. . ."

"ဖော်ကြီးလား. . . လာလေ"

"အစ်ကိုက စာပေးခိုင်းလိုက်လို့၊ ဒေါ်လေး. . . ကျောင်းမှာ ဒန့်ဒလွန်သီးတွေသီးနေလို့ ပေါ်ဦးပေါ်ဖျား ကျွန်တော်ခူးလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဖော်ကြီးရယ်. . . ဘုန်းဘုန်းကျောင်းက ကျောင်းပစ္စည်းကို ဘုန်းဘုန်းသိရဲ့လား"

"သိပါတယ်. . . ရသမျှခူးပြီး ရွာထဲဝေလိုက်ပါဆိုလို့ ဒေါ်လေးတို့လည်း သုံးတောင့်ရမယ်. . ."

သူ. . . စာပေးလိုက်သတဲ့. . .

နှင်းနုရဲ့ ပြုံးပြုံးကြီးကို လျှစ်လျူရှုပြီး ယူထားလိုက်ရတာပေါ့။ ချက်ခြင်းဖတ်လို့မကောင်းပေမယ့် သူဘာတွေ ရေးထားမလဲ သိချင်လိုက်တာ။ နှင်းနုရှေ့ ပိုလို့တောင်ဖတ်လို့ မဖြစ်ပါ။ ဖော်ကြီးထွက်သွားတာနှင့် မနှင်းနုက စလာပါပြီ. . .

"အသံထွက်ဖတ်ပါလားဟယ်. . . ငါလည်း နားထောင်ချင်လို့ပါ"

"နှင်းနုနော်. . ."

စချင်သလောက် စတော့။ အိပ်ခန်းထဲဝင်ခဲ့တယ်။ သူ့လက်ရေးလေးတွေက မလှမပပါဘူး။ ဒါပေမယ့် ကျွန်မရင်ကို များစွာ ရွှင်လန်းသွားစေပါတယ်။

မိုးအေးရေ. . .

အလွမ်းကို လောင်စာမြှင့်ပေးနေသူဟာ ပြင်းစွာသော အချစ်ပဲဖြစ်လိမ့်မယ်ဆိုလို့ ကျွန်မပီတိဖြိုးလေးပြုံးရတယ်။ ဘာလို့ဆိုတော့ ကျွန်မရင်ထဲကအလွမ်းကိုလည်း အချစ်ကပဲ လောင်စာမြှင့်ပေးနေပြန်တော့ သူ့လိုပဲဖြစ်နေပြီမဟုတ်လား. .





"မိုးအေးရေ. . . ကြက်စွပ်ပြုတ်တွေအေးကုန်ပြီ"

နှင်းနုကလေ စာဖတ်နေမှန်းသိလို့ တမင်အော်တာ။ အမေ. . နေကောင်းနေပါတယ်လို့ တင်မောင်သန့်တပည့်လေး တစ်ယောက် လာပြောထားတာနဲ့ နှင်းနုလည်းစိတ်အေးနေပုံရပါတယ်။

"ကြက်စွပ်ပြုတ်ကို နင်သောက်ချင်သောက်နိုင်တယ် နှင်းနု၊ ငါ့အတွက် သည်စာလောက် ဘာမှအရေးမကြီးဘူး"

"သိနေတယ်လေ. . အဲလိုမျိုးဝန်ခံလိုက်စမ်းပါဟာ"

မိုးအေးမရှိတဲ့အချိန်တွေဟာ တကယ့်ကိုလပ်ဟာပြီးတော့ အစိပ်ပွါယ်မဲ့နေသလို ခံစားရစေတယ်ဆိုတာသိလေ ဘဝခရီးကို အတူလျှောက်ချင်လေပါပဲ. . .

ထပ်တူညီသောခံစားမှုတွေ ကျွန်မရင်ထဲလည်း ရောက်နေပါပြီ။ ဒါပေမယ့် သူကရောကျွန်မအနားမှာ သေတပန်သက်တဆုံး နေနိုင်မှာလား။ ကျွန်မက ကျွန်မရဲ့ရွာ၊ ကျွန်မရဲ့ကျောင်း၊ ကျွန်မရဲ့တပည့်ကလေးတွေတို့ခွဲခွါပြီး သူ့နောက်မလိုက်နိုင်ပါ။ သူကရော ကျွန်မအနားမှာပဲ အမြဲ နေနိုင်မှာက အချိန်ဘယ်လောက်ကြာမှာတဲ့လဲ. . .

မိုးအေးက စကားနားမထောင်ရင် မချစ်ဘူးဆိုလို့သာ မလာရတာ။ လူကတစ်နေရာ၊ စိတ်ကတစ်နေရာဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်တွေက ကျောင်းကနေထွက်ပြီးရွာထဲဖြတ်လို့ မိုးအေးရှိရာအပြေးရောက်နေတယ်။

သိပ်ချစ်တယ်. . . မိုးအေးရယ်. . .

ယုံကြည်နိုင်ဖို့ အချိန်တစ်ခုတော့ စောင့်ရမယ်ဆိုတာ ဘယ်လိုသိသိ. . . မိုးအေးနဲ့လက်ထပ်ချင်နေပြီ။ ခေါင်းငြိတ် လိုက်ပါလား ချစ်သူရယ်တဲ့. . .

ခေါင်းငြိတ်ပြီးရင်တော့ ကျွန်မရှက်ရွံ့စွာ ရှင့်ရင်ခွင်မှာ မျက်နှာဝှက်ထားမိလေမလားပဲ. . .

* * * * * * * * * * *

ကလေးတွေက ပျော်ရွှင်စွာအော်ဟစ်လို့ ထော်လာဂျီ ပေါ်တက်ကုန်ကြပြီ။ သည်နေ့တော့ ကိုယ့်အလုပ်ကလေး ပြန်စကြရပြီလေ။ စိန်ကတုံးကဖျားနေလို့ ကျောင်းမလိုက်ရဘူး။ ကျောင်းလှေကားလေးကနေ ကားပေါ်တက်နေတဲ့ သူငယ်ချင်း တွေကိုငေးကြည့်လို့။ နေမကောင်းရင်တောင်မှ အနွေးထည် ထူထူထဲထဲမရှိရှာတဲ့ ဘုန်းကြီးကျောင်းက မိဘမဲ့ကလေး လေးတွေကို မြင်ရတဲ့အခါမှာ သူ. . . စိတ်ထိခိုက်တတ်ပါပြီ။

"စိန်ကတုံးရေ. . . တဲ့တာ။ ဦးပြန်လာရင် အနွေး ထည်လည်းဝယ်ခဲ့မယ်။ ဘီစကစ်လည်း ဝယ်ခဲ့မယ်. . ."





လိုက်ချင်လို့ မျက်နှာငယ်လေးနဲ့ ကျန်နေရစ်တာမို့ အော်ပြီးအားပေးရတယ်. . .

"ဦးဦး. . . ဖျားမှ အနွေးထည်ဝယ်ပေးမှာလား. . ."

ငွေဇော်ရဲ့ မပီတပီအသံလေးနဲ့အတူ ကလေးတွေရဲ့ မျှော်လင့်မျက်ဝန်းလေးတွေ. . .

အားလုံးက သူ့ကို ဝိုင်းကြည့်လို့ပါလား. . .

ဇော်ကြီးကိုယ်တိုင် ကျောင်းသွားရင် မိုးကာ၊ ဂျာကင် လေးတစ်ထည်မရှိပါလား။ ပလပ်စတစ်ကိုခြုံလို့။ ငါဟာ ဘာလို့ များ သည်ကလေးတွေကို အကျီအဝတ်အစားလေးတွေ များများစားစား ဝယ်မပေးမိပါလိမ့်။ ငါ့မှာ ပြည့်စုံနေတိုင်း မေ့နေခဲ့တာပါလား။

"အားလုံးကို အနွေးထည်တစ်ယောက်တစ်ထည် ဝယ်ပေးမယ်. . ."

"ဟေး. . ."

အကုန်လုံးဝိုင်း လက်ခုတ်တီးကြလို့ ဦးဇင်းတောင်မှ ပြတင်းပေါက်က ထွက်ကြည့်ရတယ်. . .

"ဇော်ကြီးကိုလည်း မိုးကာဂျာကင်လေးတစ်ထည် ဝယ်ပေးရမယ်. . ."

"နေပါစေအစ်ကိုရာ. . . ကျောင်းစရိတ်တွေလည်း အစ်ကိုကုန်နေတာပါ. . . ကျွန်တော့်မှာ ပလပ်စတစ်ရှိရင် ဖြစ်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထော်လာဂျီလေးဟာ ကလေးတစ်သိုက်ဆူဆူညံညံနဲ့ ရွာဘေးလမ်းအတိုင်းမောင်းလာခဲ့တယ်။ မိုးအေးတို့တိမ်ရှေ့ ရပ်လိုက်တဲ့အခါမှာတော့ ချစ်သူမျက်နှာဝင်းပပကိုမြင်ရ စိတ်အေးချမ်းသွားတော့တာပါပဲ။

"ကျွန်တော် နေကောင်းပါတယ် မိုးအေးမေးနေရ စိုးလို့ မေးရတာ. . ."

ချစ်သူမျက်စောင်းလေးကို မရိုးနိုင်လွန်းစွာရပေမယ့် ကြည်နူးနှစ်ခြိုက်ရတာပါပဲ"

"ဆရာမ. . . ဆရာမ ဦးက သည်နေ့ ကျွန်တော်တို့ အားလုံးကို အနွေးထည်တစ်ထည်စီ ဝယ်ပေးမယ်တဲ့. . ."

ကလေးတွေက ပျော်ပျော်ရွှင်ရွှင်နဲ့ မိုးအေးကို ဝိုင်းပြော ကြတယ်။ မိုးအေးကတော့ ရယ်နေတာပါပဲလေ. . .

စိန်ကတုံးလေးမပါတော့လည်း ခြောက်ကပ်နေသလို ပါပဲ။ ဖိုးကြွယ်ဆိုတဲ့ ပထမတန်းကျောင်းသားလေးက ဘာပြော တယ်မှတ်သလဲ. . .

"ဦးဦး. . . သည်နေ့ သားတို့ကို အနွေးထည် တစ်ထည် စီဝယ်ပေးမယ်ဆိုရင် ဆရာမကိုပါတစ်ထည်ဝယ်ပေးပါလား"

"ဟုတ်တယ်. . . ဦး"

"ဟုတ်တယ်. . . ဦး"

"ဟုတ်တယ်. . . ဦး ဆရာမဖို့ပါ ဝယ်ပေးပါ"





အားလုံးဝိုင်းဆူညံပြောကြတော့ သူရယ်မိတယ်။ မင်းတို့ဆရာမကို အနွေးထည်ဝယ်ပေးဖို့မလိုဘူး ကလေးတို့ရဲ့။ မင်းတို့ဆရာမကို ဦးက ရင်ခွင်မှာပွေ့ပိုက်ဖက်ထားလိုက်ရင် အနွေးထည်ဝယ်ပေးစရာ မလိုဘူးလို့ပြောလိုက်ရလို့ ကကော့ကွာ. . .

မျက်စောင်းအလွန်ထိုးတတ်သော မိုးအေးရဲ့ မျက်စောင်းက အချိန်မရွေးရောက်လာမှာ အသေအချာ ပါပဲလေ. . .

"ဆရာမမှာ အနွေးထည်တွေရှိပါတယ်. . . မလိုပါ ဘူးကွယ် သားတို့ရရင်ပဲ ဝမ်းသာပါတယ်. . ."

"ဆရာမအတွက် အနွေးထည်တစ်ထည် ဦးဝယ်ပေး မှာပါ"

"ကိုသက်မင်းခိုင်. . ."

အသံကလေးကတော့ နည်းနည်းလေး ကျွတ်ဆတ် ဆတ်ဖြစ်လာပြီ။ ကလေးတွေရှိနေလို့ မရှိရင် သူ့ကိုကြိမ်လုံးနဲ့များ နောက်ကရိုက်လိုက်လေမလားပဲ. . .

"သိပ်နွေးထွေးတဲ့ အနွေးထည်တစ်ထည်လေ မိုးအေးရဲ့"

"အစ်ကို. . . ဆရာမအေးအတွက် နွေးတဲ့အနွေးထည် ဆို ယုန်မွေးဝယ်ပါလားအစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ကြီးစကားကြောင့် သူ နှစ်သက်သဘောကျစွာ ရယ်မိတဲ့အခါမှာ မိုးအေးရဲ့လက်သည်းချွန်စူးစူးလေးက လက်ကို လာဆိတ်တော့တယ်။ ပြောထားရဦးမယ်။ ဆရာမဆိုတာ လက်သည်းရှည်မထားရဘူးလို့လေ။

"အမေ့ဆီသွားချင်တယ် ကိုသက်မင်းခိုင်... ညနေကြရင် အသွားထဲက ကျွန်မကိုဝင်ခေါ်ပါ... အမေ့ကို ခဏဝင်ကြည့်ချင်လို့ပါ..."

"ကောင်းပြီလေ... ကျွန်တော် ဝင်ခေါ်ပါ့မယ်..."

ညနေ နှစ်ယောက်ထဲတွေ့မှ နွေးထွေးသော ရင်ခွင်လေးအကြောင်းပြောပြရဦးမယ်။ အဲသည့်အခါကြရင်တော့ လက်သည်းချွန်ချွန်လေးနဲ့လာဆိတ်ရင်...

ရင်ခွင်ထဲထည့်ပြီး ဖက်ထားလိုက်မိလေမလား...

ချစ်တယ် မိုးအေးရယ်...

ယုံကြည်ပါလို့ ပြောပေမယ့်လည်း သူ့အကြောင်း သူသိပဲပေါ့။ တစ်သက်တစ်ယောက်ချစ်မယ်ဆိုတာကို မိုးအေး ယုံစေချင်ပါတယ်...။

* * * * * * * * * * *





မနက်ဖြန်ကျောင်းပိတ်ရက်ဆိုတော့ အမေ့ကို ဇော်ကြီးကစောင့်ကျန်ရစ်သည်။ အမေနေကောင်းသွားပြီဆိုလို့ ကျွန်မတို့ အားလုံးဝမ်းသာကြရတယ်။ အမေက သူ့ကိုဆေးရုံ လိုက်ပို့သော ကျွန်မနဲ့ သွေးပါလှူပေးသော ကိုသက်မင်းခိုင်ကို ကျေးဇူးတင်ကြောင်း ခဏခဏနဲ့တဖွဖွပြောမဆုံးပါ။

"ဒါဆို ပြန်ဦးမယ်အမေ... ကျွန်မကလေးတွေကို ကျောင်းရှေ့မှာ စောင့်ခိုင်းထားခဲ့တယ်... သည်ည ဇော်ကြီး ရှိမှာပဲ၊ တစ်ပတ်လောက်နေရင် အမေလည်းဆေးရုံဆင်းရမှာပါ"

ကလေးတွေက ကျောင်းရှေ့မှာစောင့်နေကြမှာမို့ ကျွန်မနဲ့ကိုသက်မင်းခိုင် ပြန်လာခဲ့ကြတယ်။

"မိုးရယ်... ရှာပါ"

"ဘယ်လိုဖြစ်နေလဲ ကိုသက်မင်းခိုင်"

"ပျော်နေတာလေ... ချစ်သူနဲ့နှစ်ယောက်ထဲ ပြန်ရတဲ့ အခါက ရှားရှားပါးပါးမဟုတ်လား... ကလေးတွေက အမြဲ ပါနေတာကိုး... လက်ထပ်ဖို့တောင်ခွင့်တောင်းလို့ မရ သေးဘူး။ ကလေးက အယောက်နှစ်ဆယ်လောက်ရှိနေပြီ"

"မဟုတ်တာတွေပြောပြန်ပြီလား... မနက်ကလည်း ကလေးတွေရှေ့လျှောက်ပြောနေ။ ဇော်ကြီးက လူပျိုပေါက်လေး ဖြစ်နေပြီ၊ သိသွားရင် မကောင်းဘူး"

"ဒါဆို တစ်ခါတည်းလက်ထပ်လိုက်"

www.burmeseclassic.com



"လာပြန်ပြီ. . ."

"အနွေးထည်ဝယ်ပေးမယ်နော်. . . ကိုယ့်ရင်ခွင်ထဲဝင်နေလိုက်"

"မနက်ကဆိတ်တာ မမှတ်မိသေးဘူးလား"

"ဆရာမက လက်သည်းရှည်ထားရသလား"

"အမယ်. . . လက်သည်းရှည်မထားဘူး။ လက်မနဲ့လက်ညှိုးလေးမှာပဲထားတာ. . . ရှင့်ကိုဆိတ်ဖို့ တမင်ရည်ရွယ်ထားတာ"

"ဒါဆို ဆိတ်ချင်နေတာ ကြာပြီဆိုပါတော့။ မေတ္တာထားတယ်ဆိုပါတော့. . ."

ကျွန်မတို့နှစ်ယောက်ဈေးဝင်ပြီး သူဝယ်ထားသော အနွေးထည်တွေလည်း ယူရတယ်။ ကလေးတွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုအတွက် သူပီတိအရမ်းဖြစ်ရကြောင်းပြောပါတယ်။

"ကျွန်တော်လေ. . . တစ်ခါတစ်ခါမှာ အနွေးထည်တစ်ထည်မှမရှိတဲ့ ကလေးတွေရှိပါလားဆိုတာ ဟိုးအရင်က မသိဘူး။ ပြည့်စုံတဲ့ဘဝမှာနေခဲ့ရတော့ ချို့တဲ့တယ်ဆိုတာ ဘာလဲလို့မေးရမလိုဖြစ်နေပြီ. . . အခုမှပိုသိလာတာ။ အနွေးထည်၊ အဝတ်အစား မပြည့်စုံတာထားပါဦး။ မိဘဆိုတဲ့ အနွေးထွေးဆုံးအရာမရှိရှာတာ စာနာမိတယ်။ ကျွန်တော်ခုအရွယ်ရောက်မှ အမေဆုံးတာတောင် ရင်ထဲမှာလပ်ဟာ





နေတာအရမ်း။ သူတို့ဘယ်လောက် သနားစရာကောင်းမလဲ၊ အဲသည့်ကလေးတွေကို ကျွန်တော်သနားတယ်။ အနည်းဆုံးသူတို့ရဲ့ စားဝတ်နေရေးလေးတော့ ပြေလည်စေချင်တယ်. . ."

သူ့ဆီမှာ ကရုဏာတရားကိုတွေ့ရလို့ ကျေနပ်ဝမ်းသာရပါတယ်။ စာနာတတ်သူဆီမှာမှ ကြင်နာတတ်သော နှလုံးသားလေးရှိနေမှာမဟုတ်လား။ ကျွန်မချစ်မိသောသူဟာ ဟိုးအရင်ကလို ဘဝကိုနားမလည်တဲ့လူမဟုတ်တော့လို့လည်း ဝမ်းသာရပါတယ်။

"မိုးအေးနဲ့အတူ ဘဝခရီးကိုလျှောက်မယ်ဗျာ၊ တစ်ရွာလုံးကလူတွေကို ကျွန်တော်မကူညီနိုင်ရင်တောင်မှ သည်ရွာမှာရှိတဲ့၊ ဦးဇင်းကျောင်းမှာရှိတဲ့ မိဘမဲ့ကလေးတွေ၊ မိဘရှိလျက် စာမသင်နိုင်တဲ့ကလေးတွေ. . . ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး သူတို့ဘဝလေးတွေ အေးချမ်းပြည့်စုံပျော်ရွှင်အောင် ကြိုးစားရအောင်လား မိုးအေးရယ်. . ."

ကျွန်မရင်မှာ ပီတိဖြစ်ရပါတယ်။ ကျွန်မချစ်သူဟာဒါဆိုရင်. . . ကျွန်မအနားမှာထာဝရနေမယ်လို့ ဆိုတာပေါ့နော်၊ ဘယ်တော့မှ ကျွန်မကိုမခွဲခွာတော့ဘူးလို့ဆိုတာပေါ့. . . ရှင့်ကို ကျွန်မချစ်မိပါတယ်။

"ဟင်. . . မိုးအေး၊ ပြောပါကွာ. . . ယုံပါ။ ကျွန်တော် ဘယ်လိုကတိပေးရမလဲဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို အသက်ထက်ဆုံး မခွဲခွါပါဘူးလို့ ကတိပေး"

"သိပ်ပေးတာပေါ့"

"ကတိဆိုတာ အသက်နဲ့ထပ်တူ တည်ရမှာနော်..."

"စိတ်ချ... အသက်နဲ့ထပ်တူ တည်မယ်..."

"တကယ်နော်..."

"တကယ်... နှစ်ကယ်... သုံးလေးကယ်။ ဒါဆို ချစ်တယ်နော်..."

ချစ်တယ်လို့ မဖြေရဲပါဘူး...

ဒါကြောင့် ခေါင်းငုံ့ငြိမ်သက်နေမိတယ်...

"မိုးအေး..."

"ရှင်..."

"ခေါင်းမော့ပါဦး... ချစ်သူမျက်နှာလေး ကြည့်ချင်လို့ပါ..."

သူဟာ ကျွန်မချစ်သူတဲ့လား။ ဘဝမှာ သည်မျှ ချစ်ရသောသူတစ်ယောက် ကျွန်မဘဝထဲ ရောက်ရှိလာမယ်လို့ မထင်မှတ် ထားခဲ့မိပါဘူး။ သူ့ကိုတော့ ကျွန်မ... အရမ်းချစ်တာပါ။ ကျွန်မလက်ကို သူက ငြင်သာဖွဖွဆုပ်ကိုင်တဲ့အခါမှာ ရင်ထဲမှာ လှုပ်ရှား တုန်ခိုက်သွားပါလား။

"ချစ်တယ် မိုးအေးရယ်... သစ္စာဘယ်လောက် တည်တယ်ဆိုတာ မိုးအေး ကြာလေသိလေ သိရမှာပါ... မောင့်ကို မောင်လို့ခေါ်နော်..."

❀ ရန်ပိုင်ဦးစာပေ ❀



"ဟင်... မခေါ်ရဲသေးပါဘူး..."

"ဒါဆို ဘယ်တော့ခေါ်မလဲ"

"တဖြည်းဖြည်းခေါ်ကြည့်မယ်"

"ခုတစ်ခါတည်းခေါ်"

"ဟော... ဟိုမှာ ကျောင်းရှေ့မှာ ကလေးတွေ စောင့်နေပြီ"

"တစ်ခါလေးပါ မိုးအေးရယ်..."

ချစ်သူကို ချစ်မိတာနဲ့ စိတ်မကောင်းဖြစ်မှာ ကျွန်မစိုးရိမ်တတ်ပါတယ်။ တော်ကြာ ကလေးတွေပါလာရင် သူနဲ့ကျွန်မ လွတ်လွတ်လပ်လပ် စကားပြောလို့မကောင်းတော့ဘူးပေါ့။ ဒါကြောင့်လည်း...

"မောင်..."

"ဗျာ..."

ကြည့်စမ်း...

တော်တော်ကဲ။ ဘာဗျာလဲ။ မျက်စောင်းထိုးမိပြန်တယ်။ သူ့ပျော်ရွှင်ကြည်နူးစွာရယ်နေတဲ့ ရယ်သံကိုကြားရတာ မှတ်သလိုပေမယ့် ရင်မှာပီတိရှိနေပါလား။ ကလေးတွေဟာ သူဝယ်လာတဲ့ အကျီထုပ်ကြီးကို ကွက်ကြည့်ကွက်ကြည့် တတွတ်တွတ်ပြောပြီး ပျော်နေကြလေရဲ့။

www.burmeseclassic.com



မောင်. . .

ရှင့်ကတိအတိုင်းနော်. . .

* * * * * * * * * * *

ချစ်သူ့အချစ်ကိုရခဲ့ပြီ. . .

ဘဝမှာ တကယ့်အင်အားပါပဲ။ မိုးအေးရှေ့က အမြဲ ရမယ်။ သေတာပန်သက်တဆုံးချစ်မှာပါလို့ ကတိအမြဲတည် မယ်လေ။ "မောင်"ဆိုတဲ့ သံစဉ်တစ်ခုဟာ နှလုံးသည်းပွတ်မှာ ပဲ့တင်ရိုက်ခတ်နေတိုင်း ကြည်နူးချမ်းမြေ့ရပါလား။

"အဖေဆီရော ဖုန်းဆက်ရဲ့လား သက်မင်းခိုင်. . . မိဘဆိုတာ သားသမီးအပေါ် မှာမေတ္တာတရား အမြဲရှိတာပါ. .

"ဆက်ပါတယ်ဘုရား. . . နေကောင်းပါတယ်တဲ့. . တပည့်တော်လည်း ဒက်ဒီ့ကို မာမီ့လောက် မချစ်ဘူးဆိုပေမယ့် ဖခင်ပါပဲ။ ငွေကိုဆို လိုသလိုပေးတာပါ။ ကျေးဇူးဆို တပည့်တော်နားလည်ပါတယ် ဘုရား. . ."

"ကောင်းပါတယ်။ မိဘကျေးဇူးဆိုတာ သိလည်း ဆပ်လည်းဆပ်နိုင်အောင် ကြိုးစားပါသက်မင်းခိုင် သိ မလုံလောက်ဘူး တတ်နိုင်သရွေ့ဆပ်ပါ။ မင်းရဲ့အဖေ



ငွေမလိုဘူး၊ မေတ္တာလိုလိမ့်မယ်။ ကျန်းမာနေချိန်ဆိုတော့ ငွေလည်းရှိတော့ သူ့အနားမှာ မိတ်ဆွေစစ်၊ မိတ်ဆွေတု ခွဲမရအောင် ဝန်းရံနေမှာ။ သားသမီးကလည်း တကယ်ချစ်တဲ့လူ၊ ကျေးဇူးမသိတဲ့လူ၊ ဘယ်သူက အစစ်အတု မသိနိုင်ဘူးပေါ့လေ၊ မင်းက အဖေ့ရဲ့သားအစစ်ဖြစ်ပါစေ။ မင်းအဖေမမာတဲ့အချိန် ပြုစုပါ။ ဘယ်တော့မှ တန်ဖိုးမဖြတ်နိုင်တဲ့အကျိုးကို ရလိမ့်မယ်"

"တင်ပါ့ဘုရား. . . တပည့်တော်လည်း အရှင်ဘုရား ပြောသလိုပဲ စိတ်ကူးထားပါတယ်။ တကယ်လည်း လက်တွေ့ ဖြစ်စေရပါမယ်"

"သာဓုပါ သာဓု. . . သာဓု"

ဦးဇင်းက စာဖတ်ဦးမည်ဆို အခန်းထဲဝင်သွားတဲ့အခါ တစ်ယောက်ထဲ ကျန်နေခဲ့ပါတယ်။ ကျန်နေခဲ့တဲ့အချိန်မှာ အတွေးများစွာ ပွားနေမိတာပေါ့။ အတွေးတော်တော် များများဟာ ချစ်သူအကြောင်းချည်းပါပဲ။ ဒက်ဒီနဲ့ပြောခဲ့တဲ့ စကားလေးတွေလည်း အမှတ်ရပြန်ပါတယ်။

သား ပျော်တယ်ဆို ဒက်ဒီဝမ်းသာလိုက်တာ။ ပျော်ရာမှာ နေရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လားသားရယ်။ ငွေလိုရင် ထပ်မှာ။ ကျန်းမာရေးထိခိုက်မယ့်အလုပ်တလွဲလို့ သားကြိုက်ရာ သုံးပါ။ ဒက်ဒီ့ကျန်းမာရေးကိုမပူနဲ့။ အာဂန္တုပါကွာ။ ချောင်းလေး နည်းနည်းဆိုးတာပါ။ သား နေကောင်းအောင်နေ. . ."တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝေးနေလို့လား မသိ. . . .

ဒက်ဒီ့အသံကြားတော့ သတိအရမ်းရသွားပြီး အိမ်ခဏပြန်ချင်လာတယ်။ အခုအချိန်ပြန်လို့တော့ မဖြစ်နိုင်။ ချစ်သူက ငိုမည်ထင်ပါရဲ့။ ချစ်သူမျက်ရည်ဒဏ်ကို သူ ခံနိုင်လိမ့်မည်မထင်။ နွေရာသီကျောင်းပိတ်ရက်ကြမှ မိုးအေးနဲ့ဒေါ်လေးကိုပါခေါ်ပြီး ရန်ကုန်ခဏပြန်မယ်။ ဒေါ်လေးတို့ဘုရားဖူးကြပေါ့။ မိုးအေးပါ ရန်ကုန်မှာရှိနေခိုက် တစ်ပါတ်ဆယ်ရက် ဒက်ဒီ့ဆီခဏ ပြန်မယ်လို့ စိတ်မှာဆုံးဖြတ်လိုက်တယ်။

"အစ်ကို. . ."

"ဘာလဲ ဇော်ကြီး။ ဘာလဲ. . ."

"ကျေးဇူးပဲနော် အစ်ကို။ အစ်ကိုဝယ်ပေးတဲ့ မိုးကာအုပ်ကင်လေး ကျွန်တော်အရမ်းကြိုက်တာပဲ။ ကလေးတွေကို သွားကြည့်ဦးအစ်ကို။ အားလုံး အနွေးထည်ဆင်တူတွေ ဝတ်ထားကြတယ်. . .ဦးထွန်းကလည်းပြောပါတယ်။ သူတို့ အစ်ကို ပုဆိုးနှစ်ထည်ဝယ်ပေးထားတယ်တဲ့။ အားလုံး သိပ်ပျော်ကြတယ် အစ်ကို"

ဇော်ကြီးစကားလေးကြားတော့ သူ ကြည်နူးရသလို စိတ်မကောင်းလည်းဖြစ်မိသား။ အင်္ကျီလေးတစ်ထည်စီ ရကြတာကို သူတို့ပျော်ရွှင်မှုများလှချေလား။ အိမ်ကဘီရိုထဲ



ကျန်ခဲ့တဲ့ သူ့အဝတ်အစားတွေကိုသာရကြမယ်ဆို. . . ။ ဟုတ်တယ်။ လူဆိုတာ ပိုနေတဲ့နေရာမှာနေရင် အလကားပဲ။

လိုနေတဲ့နေရာတွေကို ဖြည့်ဆည်းပေးဖို့က အဓိက ကျတာပါလား. . .

"မိုးကုန်လို့ ဆောင်းရောက်လာရင်လည်း အနွေးထည် တွေလိုလာမယ်။ နောက်ထပ် အင်္ကျီတွေဝယ်ဦးမယ်ကွာ. . ."

"အစ်ကိုပြန်သွားရင် ကျွန်တော်တို့လွမ်းရတော့မယ်။ အစ်ကိုက ကျွန်တော်တို့ရဲ့ တကယ်ကယ်တင်ရှင်ပဲ။ အစ်ကိုရှိလို့ ကျွန်တော်တို့ဘဝလေးတွေ စိုပြေလာခဲ့တယ်။ အစ်ကိုက မိုးရေစက်တွေလိုပေါ့ သစ်ပင်လေးတွေကို ရှင်သန်စေတယ်. ."

စေတနာရဲ့ရောင်ပြန်ပီတိဆိုတာတလည်း သူ . . . ကောင်းကောင်းသိပါပြီ။ ပျော်ရွှင်ခြင်း အစစ်အမှန်ဆိုတာ ဒါပါလား။ အင်းလေ. . . ချစ်ရသူ မိုးအေးကိုလည်း ကတိပေးခဲ့ပြီ။ နှစ်ဦးလက်တွဲပြီး မေတ္တာလိုအပ်နေတဲ့ ကလေးတွေရဲ့ ဘဝကို သာယာစိုပြေအောင်လုပ်မယ်လို့လေ။

ခေါင်းရင်းပြတင်းမှ ရုပ်ကြည့်မိတယ်။

ခုနက ရွာထားတဲ့မိုးကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုနေတာပါပဲလား။

ဇော်ကြီးပြောသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မိုးရေစက်ကြောင့် သစ်ပင်တွေ စိမ်းလန်းရှင်သန်ရ သလိုပဲတဲ့လေ. . .။

"ဦး. . . လက်သမားဘဘကြီး ရောက်နေတယ်"

လာခေါ်သံကြောင့် လှည့်ကြည့်မိပါတယ်။

အစိမ်းရောင်ကွက် အကျီဆင်တူလေးတွေနဲ့မြင်ရတော့ သူ့ရုတ်တရက် လှည့်မသွားနိုင်သေးပဲ ကြည့်နေရပါတယ်။

တန်ဖိုးဆိုတာ ဒါလား. . .

ပြုံးမိသောအပြုံးမှာ ပီတိတွေက ပြည့်လျှံနေတယ် ဆိုတာ. . .

* * * * * * * * * * *

မောင်. . .

သိပ်ချစ်မိရင် ချစ်သူကို အလိုလိုယုံကြည်သွားရော လားဟင်။ မောင့်ကတိဟာ အသက်နဲ့ထပ်တူတည်မယ့်ကတိလို့ ကျွန်မယုံကြည်ခဲ့မိပြီ။ ကျွန်မအနားမှာ မောင်သေတပန် သက်တဆုံး ရှိနေလိမ့်မယ်လို့ ယုံကြည်နေပါပြီ။

"အမယ်. . . အမယ်။ ဇီဇဝါပန်းခူးရင်း ပြုံးလို့ပါလား။ မဟုတ်မှလွဲရော. . ကိုကို့အကြောင်း စဉ်းစားနေတာလားဟင်"

"နှင်းနုနော်. . . မတွေ့လိုက်နဲ့၊ တွေ့လိုက်ရင် ဒါပဲ"



"ဒါပဲရတာပေါ့အေ. . . ကျုပ်တို့သူငယ်ချင်းက ကျောင်းတုန်းကလိုက်ချစ်သမျှလည်း ဟင့်အင်း. . . ဟင့်အင်း ချည်းပဲဆိုတော့ အခုလို သင့်တော်တာလေးတွေ့တုန်းမှာ ခေါင်းငြိမ့်အောင်တော့ အတင်းစေ့စပ်ရမှာပဲ. . ."

"မနက်ဖြန်ဆို အမေ ဆေးရုံကဆင်းရပြီ။ မိုးအိမ်ခြေ အနေကြည့်ပြီး ကြိုလာခဲ့မယ် သိလား. . ."

"ညည်းတို့ဇနီးမောင်နှံပဲ အားကိုးနေရတာပါ"

လာပြန်ပါပြီ· တစ်မျိုး. . .

တစ်မျိုးမဟုတ် တစ်မျိုးနဲ့ကို စနေတော့တာမပါလား။ ပြီးတော့ ပြောနေသေးတယ်။ ကိုသက်မင်းခိုင် သွေးလှူလို့ အမေ အသက်ရှင်ရတာ။ မိုးအေးက ဆေးခန်းသွားဖို့အတင်းစီစဉ်လို့ အသက်ရှင်ရတာ။ သည်နှစ်ယောက်ရဲ့ကျေးဇူးကို အမေက သိမှာပါပဲ။ သည်နှစ်ယောက်ဖူးစာဆုံဖို့ အမေကလိုလားမှာ ပဲတဲ့. . .။

"နှင်းနု. . . အိမ်ပေါ်မှာ ဒေါ်လေးနဲ့နေပါလား။ ဘယ့်နှယ် ငါပန်းခူးတဲ့ဆီ ဆင်းလိုက်လာရသလဲ. . မိုးရေတွေ ရွှံ့တွေနဲ့ ညည်းချော်လဲလို့လည်း ရတာမဟုတ်ဘူး. . ."

"ပန်းခူးမယ်ဆို မြန်မြန်ခူး။ အိမ်ပေါ်မှာ ရှင့်လူ ရောက်နေလို့လာခေါ်တာ ဇီဇဝါပန်းထက်ပိုမွှေးနေတယ်၊ ရေမွှေးတပုလင်းလုံးများ မှောက်ကျလာရော့မှတ်တာ. . ."

www.burmeseclassic.com



"ဟင်. . ."

မောင် ရောက်နေတယ် ထင်ပါရဲ့။

အဲသည့်မောင်ကလည်းလေ. . .

ကျောင်းပိတ်ရက်လေးတစ်ရက်ရပါတယ်။ ကျောင်းမှာ နားနေမလား။ ဘယ်သွားဦးမလို့လဲ။ ထော်လာရိုဏ်တော့ ပါလာပုံမရ။ ပန်းခူးပြီးသမျှလေးယူပြီး အိမ်ပေါ်တက် ခဲ့တယ်. . .

မောင့်အပြုံးဟာ ရင်ကိုတငြိမ့်ငြိမ့်လှုပ်ခတ် စေပါလား. . .

နှင်းနုရှေ့မှာတော့ ကုန္ဒြေရရနေမှပါ။

လွယ်တဲ့နှင်းနုမဟုတ်. . .

မောင်ပြန်သွားရင် နောက်ပြောင်ကျီစယ်ဦးမှာ အမှန် ပါပဲ. . .

"မိုးအေး. . . ကိုယ်တို့အမေ့ဆီသွားရင်း မြို့ဈေး သွားရအောင်. . ."

"ဘာတွေ ဝယ်ဦးမလို့လဲ. . ."

"ကလေးတွေအတွက် အဝတ်အစားတွေလည်း ဝယ်မယ်လေ. . ."

"ကျောင်းဖွင့်တဲ့ရက်မှဝယ်လည်း ရရဲ့သားနဲ့. ကျောင်းပိတ်ရက်ကလေးနားပါလား။ အမေ့ဆီမှာလည်း



တင်မောင်သန့်စောင့်နေတာ။ မနက်ဖြန်ပဲ အမေလည်း ဆေးရုံကဆင်းရတော့မှာကို. . ."

ကျွန်မအဲလိုပြောတော့ ရှေ့ဆက်ဘာပြောရမှန်း မသိလို့ထင်ပါရဲ့။ ကြည့်နေတယ်။ မြို့တက်ဈေးပဲဝယ်နေတာ။ ဖွင့်ရက်မှာမှ လမ်းကြုံရင်း ဝယ်လိုက်ပါတော့လား။ မောင်နဲ့ နှစ်ယောက်အတူ မသွားချင်ဘဲရှိပါ့မလား။ ဒါပေမယ့် ကျောင်းဖွင့်ရက်မှာလို ကလေးတွေလည်းမပါဘဲ နှစ်ယောက်ထဲ သွားရမယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ။

"ဒေါ်ကြီးတင်ရွှေတို့ မအုန်းမြင့်တို့ ကိုမြစ်တို့တွေလည်း ဈေးဝယ်လိုက်ကြမလို့တဲ့ မိုးအေးရဲ့. . .။ လာမယ့်ဥပုဒ်ရက်မှာ ဘုန်းကြီးကျောင်းလာမယ့် ဥပုဒ်သည်တွေကို ကိုယ်က ဟင်းချက် ကျွေးမှာမို့ အခြောက်အခြမ်းလေးလည်းဝယ်ရင်း ဈေးဝယ်ချင်တဲ့ လူတွေပါပါတယ်။ မိုးအေး. . . လိုက်ခဲ့ပေးပါဦး"

"သွားလိုက်ပါ မိုးအေးရယ်။ ဆေးရုံဝင်မယ်ဆိုရင် တိုသန့် အနွေးထည်လေး ယူသွားပေးပါဟာ. . ."

ဒေါ်လေးကပါ ဈေးဝယ်ချင်သမျှ မှာနေပြန်တယ်လေ။ ဒေါ်ကြီးတင်ရွှေတို့ပါဆိုရင်တော့ လိုက်သွားလိုက်တော့မယ်။

"အဝတ်လဲထားနော်. . . ထော်လာဂျီက ကိုမြစ်တို့ အိမ်ရှေ့ရပ်ခဲ့တာ။ အားလုံးကိုခေါ်ပြီးလာခဲ့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွက်သွားတာနဲ့ နှင်းနုကပြောတော့တာပါပဲ။ ဘယ်နေရာသွားသွား သည်မျက်နှာလေးကို အနားမှာထားပြီး တစိမ့်စိမ့်ကြည့်ချင်လို့ ခေါ်နေရတာပါကွယ်။ အလိုက်သိသိလေးနဲ့ လိုက်ခဲ့ပေးသင့်ပါတယ်တဲ့. . .

"နှင်းနု. . . ဒေါ်လေးရေ နှင်းနုကိုကြည့်ပြောဦးနော်။ ကျွန်မ စိတ်ဆိုးလာပြီ"

"စိတ်ဆိုးမယ်ဆိုရင်တော့ တစ်ခါတည်းသာ ခိုးရာလိုက်သွားတော့. . . လာပါပြီ. . . လာပါပြီ။ အဝေးကပင်ကောင်းကောင်းကြားနိုင်တဲ့ ရှင့် ထော်လာဂျီ. . ."

ထော်လာဂျီပေါ်မှာ လူစုံလွန်းပါလား. . .

အားလုံးက မမိုးအေး လာ. . . လာဆို လက်ကမ်းကြိုကြတယ်။ ကျွန်မလက်ထဲက ကြိမ်ဆွဲခြင်းကြီးကို မောင်ကလှမ်းယူတယ်။

"လာ. . . မိုးအေး သည်မှာ ထိုင်. . ."

မောင့်ကျောနားကနေရာမှာ ဖယ်ပေးတယ် စကားတွေ တစ်ယောက်တစ်မျိုးပြောနေကြတာ ထော်လာဂျီသံ တောင်ဖောက်ထွက်နေကြတာပေါ့။ နဂိုရ်ကတည်း ဒေါ်ကြီးတင်ရွှေ က အသံကျယ်ကျယ်နဲ့လေ. . .

"မောင်သက်မင်းခိုင်ရယ်. . . မင်းက သူဌေးသားဆိုဒါဆိုရင်. . . ရွာကနေမြို့သွားဖို့ ကားကောင်းကောင်းလေး





တစ်စီးဝယ်ပါလားဟယ်။ ငါ့မှာ ဘတ်စ်ကားခပ်စုတ်စုတ်ကလွဲပြီး တခြားကားကောင်းကောင်း မစီးဘူးလို့ပါ"

"ဝယ်တာကဟုတ်ပါပြီ ဒေါ်ကြီးရဲ့။ ရွာလာတဲ့လမ်းက သိပ်ကောင်းသေးတာမှမဟုတ်တာ တော်ကြာ. . ကားသစ်ကြီးနဲ့နစ်နေရင် ထော်လာဂျီနဲ့ပဲ ဆွဲတင်ရမှာ. . ."

"ဒါဆို မင်းကလမ်းအရင်ပြင်လေ. . ."

"ရွာကနေ မြို့ရောက်တဲ့ထိ လမ်းတွေခင်းဖို့ ကျွန်တော်မတတ်နိုင်သေးဘူးဒေါ်ကြီးရဲ့။ ရွာလယ်လမ်းကိုတော့ မြန်မလားလို့ ကိုမြစံကြီး ဂဝံဝယ်ဖို့ လိုက်လုပ်ပေးမယ်ဆို"

"မနက်ဖြန် မောင်ရင်အားရင် လိုက်လုပ်ပေးမယ်. . . တိုဘက်ရွာတင်သွားရမှာပါ. . ."

မောင်က အားလုံးနဲ့စကားတွေပြောနေသမျှ ကျောပြင်နားကပ်လို့ ကျွန်မငြိမ်နေမိပါတယ်။ ကျွန်မနေတဲ့ ပတ်ဝန်းကျင်လေးမှာ မောင်နေတတ်၊ ပျော်ရွှင်တတ်နေပါရောလားလို့ တွေးမိရင်း ကြည်နူးရတယ်မောင်

"မောင်သက်ရယ် မင်း မြို့ကိုပြန်သွားမှာတောင် စိတ်ကြောက်ကယ်လို့ ငါက ဘုန်းဘုန်းရှေ့ညည်းမိတယ်"

"မတင်ရွှေကလည်း မောင်သက်ရွာကမပြန်စေချင်ရင် သမီးတောင်ကိုင် တစ်ယောက်ယောက်နဲ့ အဆင်ပြေအောင်စီစဉ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် မနှင်းဆီလေးဆို ဘယ်လိုနေမလဲ"

"ဒေါ်ကြီးရယ် နေပါစေ ကျွန်တော်ကလူပျိုကြီးလုပ်မှာ"

မောင့်စကားကြောင့် အားလုံးဝိုင်းရယ်ကြတယ်။

သူကများ လူပျိုကြီးလုပ်မှလို့တဲ့။

လူကြီးတွေရှိလို့. . .

မဟုတ်လို့ကတော့ ကောင်းကောင်းဆိတ်ဆွဲမိဦးမယ်။ နေရောင်မရှိပေမယ့် မိုးလည်းမရွာပါဘူး။ သာယာတဲ့ရာသီဥတုလေးပါပဲ။

မောင့်ထော်လာဂျီရောက်လာမှ ဦးလေးသောင်းတို့၊ ဦးလေးသိန်းမောင်တို့ နွားလှည်းလေးတွေ တော်ဇတ်နားရ ရှာတာပါ။

"ဥပုဒ်နေ့ကြရင် ဦးကြီးတို့၊ ဒေါ်ကြီးတို့အားလုံး ကျောင်းလာဥပုဒ်စောင့်မှာပဲလေ။ ကျွန်တော်အဲသည့်နေ့မှာ အလှူရှင်လုပ်မလို့၊ မနက်ဆွမ်းအားလုံး ကျွန်တော်လှူမလို့. ."

"ဒါဆို စားရဦးမှာပေါ့လေ. . ."

"ဆရာမအေးက ကျွန်တော့်ကို လာကူချက်ပေးနော်."

အားလုံးရှိနေလို့ ဟုတ်ကဲ့ပဲပြောလိုက်ရတယ်။ ဘာပဲပြောပြောလေ။ မောင့်ရဲ့တက်ကြွရွှင်လန်းနေတဲ့ သဏ္ဍာန်ဟာ ကျွန်မစိတ်ကိုပါ ကူးစက်လန်းဆန်းနေစေတာအမှန်ပါပဲ။

* * * * * * * * * * *





"ချက်သင့်သလောက်ပဲချက်နော်. . . သက်မင်းခိုင်။ မင်းအလှူကို မဖိတ်ပင်ချင်ပါဘူး။ ဥပုဒ်သည်တွေအပေါ်ထားတဲ့ စေတနာသိပါတယ်။ သိပ်ပိုပြီးနေမယ့်အစား နောက်တပတ်ဆက်လှူရင် နှစ်ရက်ကုသိုလ်ရတယ်။ လိုသလောက်လှူပါ. . ."

ဟင်းအမယ်အများကြီးချက်မှာလို့ ဦးဇင်းက တွေးပုံရပါတယ်။ ဦးဇင်းကတော့ ဘယ်လိုနေ့ဖြစ်ဖြစ် မနက်စောစောဆွမ်းခံကြွသေးတာ။ ဥပုဒ်ပေးဖို့အမီ တရားပေးဖို့ အမီသာပြန်ကြွလာမှာပါ။

"အစ်ကို. . . မီးဖိုထဲမှာ ဆရာမအေးရောက်နေပြီ။ အစ်ကို ကြက်သားဟင်းချက်မှာလား. . . သူ အာလူးတွေနွှာထားမလို့တဲ့"

"လာမယ်. . . ဇော်ကြီး"

မိုးအေး ရောက်နေပြီဆိုပါလား. . .

ဒါကြောင့် မီးဖိုထဲကို လာခဲ့တယ်. . .

ချစ်သူ့ပါးမို့မို့ပေါ်က ပါးကွက်ကျားလေးကိုလည်း ချစ်တယ်။

"မောင်. . . လာခေါ်မလို့ပဲ။ ဦးဇင်းနဲ့လမ်းခင်းဖို့ကိစ္စ ပြောနေတာနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောပါမောင်ရဲ့. . . တစ်ယောက်ယောက် ကြားသွားမယ်"

"ကြား ကြားပေါ့. . . လူပျိုအပျိုချစ်တာ ဘာဆန်းလို့လဲ မိုးအေးက လက်ထပ်ဆိုတာနဲ့ မောင်က လက်ထပ်လိုက်ရုံပဲ"

"လက်ထပ်ဖို့ကိုတော့ မလောပါနဲ့ဦးမောင်ရယ်. . . နောက်တစ်နှစ်၊ နှစ်နှစ်ပေါ့. . ."

"ကောင်းပါပြီဗျာ. . ."

မိုးအေးက ဟင်းတွေကူချက်ပေးပါတယ်။ မီးဖိုထဲမှာ ကျွမ်းကျင်သူလို့မပြောရဘူး။ ဟင်းချက်တာ ခဏလေးနဲ့ မြန်မြန် ကျက်သွားတာပါပဲ။ ဦးဇင်းက ဟင်းတွေအများကြီး မချက်ရဘူး ဆိုလို့ ကြက်သားတစ်ခွက်ကို အဓိကထားပြီး ချဉ်ပေါင်ရေကျဲနဲ့ ငပိကြော်၊ တို့စရာပဲ များများစီစဉ်ရတယ်။

"နောက်ဆို မောင့်ကို ဟင်းတွေချက်ကျွေးမှာပေါ့ ဟုတ်လား. . ."

"ကျွေးပါ့မယ်. . . ငပိရည်၊ တို့စရာပဲရမယ်"

"ကိုယ့်ချစ်သူလက်ရာဆိုတော့လည်း ငပိရည်၊ တို့စရာပဲ ဖြစ်ဖြစ် မြိန်အောင်စားရမှာပေါ့ဗျာ. . ."

ထမင်းပွဲ၊ ဟင်းပွဲတွေ အဆင်သင့်ဖြစ်အောင် ပြင်ဆင် ရတယ်။ အနားမှာ ချစ်သူရှိနေတော့ သည်အလုပ်လေးအတွက် လည်း သူ ပျော်ရွှင်နေမိတာပါပဲ။ ဖော်ကြီးတို့ပါ ဝိုင်းကူကြတော့ တရားနာပြီးလောက်ရင် အားလုံးအဆင်သင့်ဖြစ်သွားမှာပါ။





"မိုးအေး. . . အချိုပွဲပြင်ပေးဦးနော်"

"ဘာတွေဝယ်ထားလဲ. . . ငှက်ပျောသီးတွေ ရှိနေတာ။ ဘာဝယ်လာသေးလဲ. . ."

"ငှက်ပျောသီးက ရွာမှာအမြဲစားနေရတော့ ရိုးနေပြီ။ ဒါကြောင့်မို့ ကိတ်မုန့်ဝယ်ခဲ့တယ်။ ကျောက်ကျောတဖန်း အော်ဒါ မှာပြီးယူခဲ့တယ်။ အဲဒါ ပြင်ပေးဦးနော် မိုးအေး"

"ဟုတ်ကဲ့ပါ. . ."

မာမီရှိတုန်းက အိမ်မှာခဏခဏအလှူလုပ်ပါတယ်။ တစ်ခါတစ်လေဆို အလှူနေ့မှာ ဒက်ဒီနဲ့မာမီကလွဲပြီး သားသမီး တွေ တစ်ယောက်မှမရှိတာတွေလည်း အများကြီးပါပဲ။

ဒါနနဲ့ပီတိဆိုတာ ခုတစ်ခါမှ သူ ခံစားဖူးပါတယ်။ ဦးဇင်းက တရားပေးပြီးတဲ့အခါ အားလုံးစုပြီးဆွမ်းစားဆောင်မှာ ဆွမ်းစားကြတယ်လေ. . .

အလှူရှင်အနေနဲ့ ရေစက်ချအမျှဝေရတယ်။ ဘဝမှာ ပျော်ရွှင်ချမ်းမြေ့မှုတွေ အပြည့်အဝရတယ်လို့ပဲ စိတ်မှာခံစား ရတာပေါ့။

"လူကြီးတွေ ဥပုဒ်စောင့်နေပြီ။ ကလေးတွေ လျှောက် လည်ကြမယ်. . ."

"ဘယ်သွားဦးမလို့လဲ"

"ထော်လာဂျီ လျှောက်မောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ"

"အလကားပြောတာပါ မိုးအေးရယ်။ ဂဝံသယ်မလို့ ကိုမြစံနဲ့ချိန်းထားလို့ပါ။ မိုးအေးတို့ ဖော်ကြီးတို့ အကုန်လိုက် လုပ်အားပေးကြ။ ဂဝံသွားယူမယ်. . ."

"ကလေးအငယ်လေးတွေ မခေါ်ခဲ့ပါနဲ့ ကိုသက်မင်းနိုင် ရယ်. . . ဂဝံတစ်ခဲတောင် မနိုင်တဲ့အရွယ်ဆို ပြောနေရတာနဲ့ အချိန်ကုန်တယ်"

ဂဝံသယ်မယ်ဆို ထွက်လာခဲ့ကြပါတယ်။ ကျောက်စရစ် တွေလည်း မှာထားသေးတယ်လေ။ လောလောဆယ်တော့ ရွာလယ်လမ်းမှာ အလွန်ပျက်နေတဲ့ ချိုင့်ကျင်းကြီးတွေကို အရင်ဖို့ကြမယ်။ ကတ္တရာလမ်းမတွေအထိ အပြင်နိုင်သေး ပေမယ့် ညီညာပြန့်ပြူးနေတဲ့ ကျောက်ခင်းလမ်းတလေး ဖြစ်ရင်တော့ အများကြီးပိုကောင်းလာမှာပါ။

"မိုးရွာရင် ကောင်းမယ်"

"ဟယ်. . . ဖော်ကြီးကလည်း။ ဂဝံသယ်ပါမယ်ဆိုမှ ဘာမိုးရွာရင် ကောင်းမှာလဲ"

"မိုးရွာထဲ ထော်လာဂျီစီးရတာ အရမ်းပျော်တာပဲ ဆရာမအေးရဲ့"

"နင်ပျော်ရင် နောက်မှပျော်။ ငါကတော့ မိုးရွာရင် စိတ်ညစ်တယ်"



"မင်းဆရာမအေးက နာမည်ကသာမိုးအေး . . . ကြောက်လိုက် ရတဲ့မိုး. . ."

"ကျွန်မ မိုးကိုမကြောက်ဘူးရှင့်။ ကျွန်မက မိုးမိလို့လည်း မဖျားဘူး၊ နာမစေးဘူး။ မိုးလေးနည်းနည်းမိရင် ဘယ်သူဖျား၊ ဘယ်သူနာစေသလဲ ပြောစမ်းပါဦး။"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်။ ဖျားတာက မောင်"

"ဟယ်. . ."

ဖော်ကြီးကတော့ ဝင်းလွင်တို့နဲ့ စကားပြောနေလို့ တော်သေးရဲ့။ တခြားလူတွေရှိရင် မောင်လို့မပြောရဘူးလေ။ ကိုမြစံကြီးတို့ မပါသေးလို့ပေါ့။ မဟုတ်ရင် သိသွားကြမှာပေါ့။ ဒါကြောင့်မို့ အသံတိတ်ဆိတ်ဆွဲလိုက်တယ်။

"အား. . . နာတယ်"

"အစ်ကို. . . ဘာဖြစ်တာလဲ"

"ပုရွက်ဆိတ်နီနီလေး ကိုက်တယ်"

"အစ်ကိုက ကားပေါ်ကို မုန့်တွေလည်းတင်၊ ပစ္စည်းတွေ အကုန်လျှောက်တင်တော့ ပုရွက်ဆိတ်ရှိမှာပေါ့။ နေဦး. . . ဂဝံတွေတင်ပြီးရင် ကျွန်တော် ရေဆေးဦးမယ်. . ."

ဖော်ကြီးအပြောကြောင့် သူ အားပါးတရ ရယ်တော့ တယ်။ ကျွန်မလည်း ပြုံးမိတော့တာပေါ့လေ။ အနားမှာ မောင် ရှိနေခြင်းဖြင့် အရာခပ်သိမ်း လှပနေတော့တာပါလား။



www.burmeseclassic.com

www.burmeseclassic.com



* * * * * * * * * * *

"ဘာလို့ မတရားသယ်နေတာလဲ။ ကိုယ်တွေလက်တွေ နာပြီး ဖျားဦးမယ်။ ကျန်တဲ့လူတွေ သယ်မှာပေါ့. . ."

အားကြိုးမာန်တက် သယ်နေတဲ့မောင့်ကိုကြည့်ပြီး ကျွန်မမှာ ပြောရဖြန်ပါတယ်။ တကယ်ဆိုမောင်က ကြမ်းကြမ်းတမ်းတမ်း နေခဲ့ရတဲ့သူမှမဟုတ်တာ။ ကျွန်မတို့ကမှ ကလေးဘဝထဲက ကစားတာကအစ ကြမ်းတမ်းခဲ့သေးတာပဲ။မိုးလေးနဲ့နဲ့ မိရင်တောင်မှ နှာစေးတတ်တဲ့မောင့်ကို ချစ်မိတော့လည်း စိတ်ပူပင်ရပါလား. . .

"ကုသိုလ်ရတာပေါ့။ မိုးအေးနဲ့အတူ ကုသိုလ်ယူချင် တာ"

"ဒါတော့ ဒါပေါ့မောင်ရယ်. . . ဒါပေမယ့် ကိုယ်က ဟိုတုန်းထဲက ကြမ်းတမ်းခဲ့တဲ့လူမှ မဟုတ်တာ။ ကြမ်းမယ်ဆို ဖြည်းဖြည်းအကျင့်လုပ်ယူမှပေါ့. . . လက်တွေမှာကြည့်၊ ပေါက်ပြဲကုန်ပြီ မဟုတ်လား"

တကယ်လည်း မောင့်လက်တွေ နီရဲပြီး ပေါက်ပြဲ နေပြီလေ။

"တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုအားမရဘူး။ ယောကျ်ား လေးဖြစ်ပြီး စိန်ကတုံးတို့ကလေးတွေလောက်တောင် အကြမ်း မခံနိုင်ဘူး. . ."

ရန်ပိုင်ဦးစာပေ



"မောင်ရယ် . ဒါကတော့ မောင့်မှာငယ်ထဲက ကြမ်းတမ်း ခဲ့တဲ့အကျင့်မှမရှိတာ။ ကျွန်မတို့က ငယ်ထဲက ကြမ်းခဲ့ကြတာ။ အိမ်မှာက ဒေါ်လေးပဲရှိပြီး ယောကျ်ားလေး ကြီးကြီးမားမားက မရှိလေတော့ ဒေါ်လေးနဲ့ကျွန်မပဲ ထင်းခုတ်တာကအစ ကိုယ်တိုင်ခုတ်ကြရတယ်။ အကျင့်တွေ ရှိနေပြီ. . ."

ရွာလယ်လမ်းမကြီးဘေးမှာ ဂဝံတွေတစ်ခေါက်ပြီး တစ်ခေါက် စုပုံကြတယ်လေ။ မောင်ကဂဝံတွေထုပြီး ကျောင်းတွေဖို့ ကို လှူဒါန်းမယ်ပြောပါတယ်။ ဒါပေမယ့် ရွာထဲမှာရှိတဲ့ ...ကြီးတို့အရွယ် ကလေးတွေကတော့ သူတို့တွေ ဝိုင်းလုပ်အား ...ကြမတဲ့လေ။

"ရွာထဲမှာလည်း လူငယ်တွေက စေတနာထားကြ ...တယ်။ အားလုံးလမ်းခင်းကြမှာပါ။ ကိုမြစံကြီး လိုက်ဆော်ဩ ...လိမ့် မယ်. . . မနက်ဖြန်ကြမှစပြီး ဂဝံထုကြတာပေါ့. . ."

"မိုးအေးကတော့ ပင်ပန်းလို့။ မောင်က ထိုင်ကြည့် ...နေမှာ မကောင်းပါဘူး"

"မောင်က ငွေနဲ့သည်ပစ္စည်းတွေသယ်ရတဲ့ ...လေ. . .။ မောင်က ငွေအားဒါနပေါ့။ ကျွန်မတို့က လုပ်အား ...အတူတူပါပဲ မောင်ရာ. . .။ ထားတတ်ရင် စေတနာက ...တ်တာပါပဲ. . ."

www.burmeseclassic.com



"မနက်ဖြန်ကြတော့ လမ်းခင်းဖို့လုပ်အားတွေစကြမယ်။ လမ်းခင်းတဲ့လူငယ်တွေကို ကျွေးမွေးဖို့ မလှလှရီတို့ကို မောင် တစ်နေ့တစ်မျိုး မုန့်လုပ်ခိုင်းမလို့။ သည်နေ့မုန့်ဟင်းခါးဆို မနက်ဖြန်ခေါက်ဆွဲပေါ့. . ."

"မလှလှရီတို့က ဟင်းချက်ကောင်းတွေလေ။ အလှူ ရှိရင် သူတို့ပဲချက်ကြတယ်။ ကောင်းတာပေါ့။ ကလေးတွေ ပင်ပန်းကြတော့ မြိန်မြိန်လေးစားရတာပေါ့လေ. . ."

"မောင်. . ဂဝံမသယ်ပါနဲ့တော့။ မောင်က တစ်ခေါက်ပြီး တစ်ခေါက် ကားမောင်းတဲ့ကုသိုလ်လည်း ရနေတာပါ။ မောင့် လက်တွေ ပဲ့ကုန်ပြီကွာ"

ကျွန်မအတွက် ချစ်သူ့ဒဏ်ရာဟာ ထပ်တူညီနာကျင်မှု ကို ခံစားရတာပဲမဟုတ်လား။ မောင်ကတော့ရယ်နေပါတယ်။ ထော်လာဂျီသံကတော့ သည်ဖက်ရွာ၊ ဟိုဖက်ရွာ ခေါက်တုန့် ဆူညံနေတော့တာပေါ့။

"ဇော်ကြီးကို ထော်လာဂျီမောင်း သင်ပေးမလို့"

"ထော်လာဂျီမောင်းသင်ပေးမလို့. . . ဟုတ်လား။ မောင်. . . ဘာလို့လဲ"

"ပညာတစ်ခုဆိုတာ တတ်ထားတော့ ကောင်းတာပေါ့။ မောင် မအားတဲ့အခါ သူမောင်းရင်ရတာပေါ့မိုးအေးရဲ့. . ."

မောင် မအားတဲ့အခါတဲ့။





မောင်ကရှိနေပါလျက်ဆိုတဲ့အခြေအနေကတစ်မျိုး။ ရန်ကုန်ကို မောင်ပြန်မလို့လား။ အဲသည့်အခါမျိုးကြရင် ထော်လာဂျီလို ကားတစ်စီးလောက်ကို မောင်က နှမြောနေမည့် သူမှမဟုတ်ဘဲ။ ထော်လာဂျီကို ဘုန်းဘုန်းကျောင်းမှာ ထားခဲ့ မှာပေါ့။ မောင်ပြန်ရင်လို့များ တွေးမိတဲ့အခါ ချက်ခြင်း မျက်ရည်တွေ ဝဲလာပါရော. . .

ဂဝံတွေကို ကားပေါ်တင်ရင်း ခေါင်းငုံ့နေမိတယ်. . .

"မိုးအေး. . . ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး"

"ဖြစ်ပါတယ်ကွာ။ မညာပါနဲ့။ မိုးအေးမျက်နှာကို မောင်ကအလွတ်ရနေတာပါ။"

ပြောတော့မှ ပိုပြီးဝမ်းနည်းလာသလိုပါပဲလေ။ မျက်ရည် တွေ ရစ်ဝဲလာသမျှ မျက်တောင်များ ပုတ်ခတ်နေရတယ်"

"ပြော. . . ဘာဖြစ်လဲ ဟင်"

"မောင်က ပြန်မှာမို့. . . မဟုတ်လား"

"ဟာ. . . မဟုတ်ရပါဘူး မိုးအေးရယ်။ မောင် နေမကောင်းဘူးကွာ။ ဥပမာ အမေ့လို ဗိုက်အရမ်းအောင့်ပြီ တဲ့။ ထော်လာဂျီကို ဘယ်သူကမောင်းပြီး ဆေးရုံပို့မလဲ"

"မပြောကောင်းဘူး။ လျှောက်မပြောနဲ့. . ."

www.burmeseclassic.com



"ဥပမာပြောပြတာလေ။ သည်လိုမှမပြောရင် မိုးအေးက မောင်ပြန်သွားမယ်လို့ ထင်နေတာကိုး. . .။ မောင်မပြန်ပါဘူး။ တစ်ခုတော့ရှိတယ်။ ဒက်ဒီကျန်းမာရေးတော့ရှိတယ်။ ဒက်ဒီနေမကောင်းဘူးဆိုရင် မောင်ခဏပြန်ရလိမ့်မယ်"

ဒါကတော့ ဟုတ်ပါတယ်။

အမေကဆုံးပြီ။ အဖေတစ်ယောက်ထဲရှိနေတဲ့ဘဝမှာ အဖေ့ကျန်းမာရေးအတွက်ဆိုရင်တော့ သူခဏပြန်တာကို ကျွန်မနားလည်ပေးရမှာပေါ့။ ဒါပေမယ့် ရင်ထဲရှိတဲ့အတိုင်းသာဆို စက္ကန့်လေးမျှ ခွဲမနေချင်ဘူးမောင်ရယ်. . .

"မိုးအေးနားကနေ တစ်ဖဝါးတောင် မခွါချင်ပါဘူး။ တကယ်ဆို မောင်တို့လက်ထပ်လိုက်ကြရအောင်လား။ ဒါဆိုရင် ဒက်ဒီနေမကောင်းလို့ ရန်ကုန်ပြန်ရင်လည်း မိုးအေးကိုပါ ခေါ်သွားလို့ရမှာ"

"ကျောင်းကိုပစ်ပြီး ကျွန်မမလိုက်နိုင်ဘူး။ ကျွန်မ စိတ်ထဲမှာတော့ မောင့်အနားမှာအမြဲနေချင်တာပေါ့ကွယ်။ နောင်တစ်နှစ်လောက်တော့ စောင့်ပါဦး။ ချစ်သူဘဝနဲ့ နေချင်သေးတယ်"

ကျွန်မစိတ်မှာ မောင့်အပေါ်ယုံကြည်ခြင်းတွေရှိပါတယ်။ ဒါပေမယ့် "မောင်ပြန်သွားရင်"ဆိုတဲ့ ခံစားမှုကတော့ ကျွန်မနှလုံးသားကို ဆူးတစန့်တစစ်စစ် ထိုးဆွနေဆဲ၊



မောင့်ကိုကျွန်မ မခွဲခွါနိုင်ပါဘူး။ ဘယ်သို့ဆိုဆို မောင့်မိသားစုတာ ဟိုးအဝေးမှာ ရှိနေဆဲပါ။

* * * * * * * * * * * *

ဘုန်းကြီးကျောင်းဝင်းဟာ အကျယ်ကြီးဆိုတော့ နေ့စဉ်စဉ်လည်း အစွန်အဖျားထိမရောက်ပါဘူး။ သည်နေ့တော့ မိုးမရွာတော့မို့ ကျောင်းအနောက်ဘက်ကို လျှောက်လာခဲ့ပါတယ်။ စားပင်သီးပင်ကြီးတွေက ကြီးမားအုံ့ဆိုင်းလွန်းနေပါလား။ ပိန္နဲပင်တွေကလည်း မရေမတွက်နိုင်။ သရက်ပင်တစ်ချို့ဆို ခုချိန်ထိ အသီးတစ်ချို့ရှိနေဆဲ။

"ဘယ်လဲ မောင်သက်"

"တစ်ခါမှ ကျောင်းဝင်းအဆုံးထိ မရောက်ဘူးလို့ သွားကြည့်မလို့ ဦးထွန်းရဲ့. . ."

"အောင်တော်မူ စေတီထိ မရောက်ဖူးဘူးလား"

"စေတီရှိသလား ဦးထွန်း"

"ရှိတယ် စေတီဆိုပေမယ့် ပျက်စပြုနေပါပြီ။ စေတီကောင်းပေါ့ ဦးဇင်းကပြန်ပြင်ဖို့ ကြိုးစားနေတာ၊ နေရာလေးကသာယာပါတယ်၊ စိတ်ပုတီးစိတ်၊ တရားထိုင်လို့ အလွန်ကောင်းတဲ့ တိတ်ဆိတ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သွားကြည့်ဦးမယ်"

"သောချာတော့ ကြည့်လျှောက်နော် မောင်သက်. . .။ သစ်ရွက်ဆွေးတွေ အရမ်းစုပုံနေတာ အကောင်ဗလောင် ကြည့်သွား"

"ဟုတ်ကဲ့ပါ"

စေတီထိသွားလို့ရတဲ့ လမ်းကလေးတော့ ပြင်ချင်သေးတယ်။ ခုတော့ ရွှံ့တွေ၊ သစ်ရွက်ဆွေးတွေက ပြည့်နေတာပဲ။ နေပူတဲ့ ရာသီဆိုရင်တောင် သစ်ပင်ကြီးတွေက သည်လောက်လှောင်ပိတ်နေတော့ အခုလိုမိုးရာသီဆိုတော့ အရမ်းကိုအုံ့ဆိုင်းမှုံမှိုင်းနေတာပါပဲ။

စေတီကို ခုတစ်ခါပဲရောက်ဖူးတာပါလား. . ဘုန်းဘုန်းကျောင်းကနေ စေတီထိ အတော်လျှောက်ရတယ်။

စေတီကပျက်စပြုနေတယ်ဆိုပေမယ့် ထီးတော်က အကောင်းပါ။ ထုံးသယ်န်းတွေ ကွာနေတာတစ်ခုပါပဲ။ စေတီပရဝုဏ်က ပါတ်လမ်းနဲ့လှေကားအတိုင်းတက်ရတယ်။ ပါတ်လမ်းတစ်လျှောက်ခင်းထားသော အုတ်ချပ်တွေကွာနေပြီး မြက်ရိုင်းတစ်ချို့ ပေါက်နေပါတယ်။ သိပ်ပြုပြင်စရာများများ မရှိပါဘူး. . . ထုံးသယ်န်းတွေ ပြန်ကပ်ရမယ်၊ ပါတ်လမ်းတစ်လျှောက် ကျောက်ပြားတွေပြန်ခင်းရမယ်၊ ပြုပြင်လိုက်





မည်ဆို စေတီကသည်ထက်ပိုပြီးကြည်ညိုစရာ ဖြစ်လာမှာပါလား. . .။

စေတီတစ်ပါတ် လက်ျာရစ်ပတ်ကြည့်တဲ့အခါမှာ တနလ်ာထောင့်အရောက် ခွေနေတဲ့မြွေတစ်ကောင်ကို တွေ့ရတယ်၊ သူဖာသာနေတာပဲလေဆို ရှောင်ထွက်လာခဲ့တယ်။

စေတီကအပြန်လမ်း တစ်ဝက်ရောက်သေးတယ်. . .

"မိုးအေး. . ."

"ဘာလို့ စေတီအထိလျှောက်သွားနေတာလဲ. . .။ မိုးတွင်းမှာ လမ်းမှမရှိတာ။ မြက်တွေ၊ ရွှံ့တွေနဲ့"

"မိုးအေးကရော ဘာလို့လိုက်လာရတာလဲ. . ."

"စိတ်ပူလို့ပါ. . ."

"စိတ်ပူတယ်ဆိုတာ ချစ်လို့လို့ပြောတာနဲ့အတူတူပဲနော်။ ကောင်းတာပေါ့. . ."

နှစ်ယောက်အတူတူ ကျောင်းဆီပြန်လျှောက်လာခဲ့တယ်လေ. . .

ဒေါ်လေးက ဦးဇင်းနဲ့တွေ့ချင်လို့ဆို ကျောင်းကိုလာသောကြောင့် မိုးအေးလိုက်လာတယ်လို့ ဆိုပါတယ်။ ကောင်းတာပေါ့။ ချစ်သူမျက်နှာလေးတွေ့ရတာပေါ့လို့ သူပြောလိုက်တယ်။ ချစ်သူမျက်စောင်းလေးက အရင်ရောက်လာပါတယ်။

"အချိန်တိုင်း သတိရနေတာလေ မိုးအေးရဲ့. . ."

www.burmeseclassic.com



"အပြောပဲ. . ."

"အပြောမဟုတ်ရပါဘူးဗျာ၊ ညနေကြရင် လမ်းခင်းတဲ့ အဖွဲ့တွေနဲ့ လမ်းခင်းရင်းအကြောင်းပြပြီး မိုးအေးကိုလာခေါ် မလို့"

"ညနေ လမ်းခင်းကြမှာလား. . ."

"ကိုမြစ်တို့က နေ့ခင်းကောက်စိုက်အဖွဲ့နဲ့ သွားစရာ ရှိတယ်ဆိုလို့ မလှလှရီတို့တွေကလည်း ညနေမှခင်းရအောင် တဲ့လေ၊ ညနေ လာခေါ်မယ်. . ."

"မလိုက်ပါဘူး. . . မလှလှရီတို့နဲ့ပဲ ခင်းလိုက်ပါ မာချိုကကွမ်းတောင်ကိုင်၊ လှမှလှ. . ."

"ကောင်မလေးတစ်ယောက်ဆီမှာ မနာလိုစိတ်ကလေး ရှိနေပါတယ်။ အဲဒါ သူ့ချစ်သူကို သူများကိုမပေးနိုင်လို့ပါ သူများကိုပေးရမှာစိုးရိမ်လို့ပါ၊ အဲဒါ သူ့ချစ်သူကို သူ. . . သိပ်ချစ်လို့ပါ ခင်ဗျာ. . ."

"မချစ်ပါဘူး သူ့ကိုများ. . စကားပုံရှိတာ မသိဘူးများ မှတ်နေလား၊ တစ်ရွာသားကို ရည်းစားလုပ်ရင် လွမ်းရမယ်တဲ့"

"တစ်ရွာသားမှမဟုတ်တာ. အခုတစ်ရွာတည်းသား ဖြစ်သွားပြီ။ ကိုယ်က ဘုန်းကြီးကျောင်းသား. . ."

"တော်ပါ ရန်ကုန်သားရယ်. . ရန်ကုန်ပြန်ဖို့ အဆင်သင့်ဖြစ်နေပြီ မဟုတ်လား. . ."





"မဖြစ်ပါဘူးဗျာ. . . အနားကတဖဝါးတောင် မခွဲချင်ဘူး. . ."

စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ။ ချစ်သူအနားမှာ ရှိနေရင် ပြီးပြည့်စုံပါတယ်ဆိုတာလေ။ ကိုယ့်ချစ်သူကိုစွန့်ခွာပြီး ပြန်သွားဖို့ဆိုတာ စိတ်ထဲမှာလုံးဝမရှိတဲ့ ခံစားမှုတစ်ခုပါပဲ။

* * * * * * * * * * *

ရွာထဲကလူငယ်တွေ အကုန်တက်ညီလက်ညီ လုပ်အား ပေးကြတာ ပျော်ရွှင်စရာပါပဲ။ မိုးအုံ့နေပြီး မိုးမရွာတာ အရမ်း ကောင်းတဲ့အခြေအနေပေါ့။ ကျွန်မကတော့ ကိုမြစ်တို့ဆီက ဂဝံမှုန့်ကွေ့သယ်ပြီး ကျင်းတွေထဲလိုက်ဖြည့်တယ်လေ။

"မိုးအေး. . . လက်တွေလည်း နာကုန်ဦးမယ်"

"အမယ်. . . ကျွန်မကမနာဘူး. . ကိုယ့်ဟာသာပြော သိပ်လည်းလုပ်မနေနဲ့၊ ကျင်းပြည့်သွားတော့မှ လိုက်ဖိသိပ်ပေါ့။ ထိုင်ပြီးတော့ မြေသိပ်ရတာက သယ်ရတာထက်နည်းနည်း သက်သာလိမ့်မယ်. . ."

"ဟုတ်ကဲ့ပါ ခင်ဗျာ. . ."

"မလှရီတို့က လုပ်အားပေးတဲ့သူတွေကို ကြာဇံချက် ကျွေးဖို့ ချက်ထားတယ်တဲ့. . . နှင်းနုက သူ. . . လုပ်အားမပေး



www.burmeseclassic.com

www.burmeseclassic.com



ရလို့ဆို စိတ်မကောင်းဖြစ်နေတယ်. . .”

“မလုပ်ပါနဲ့ဗျာ. . . တော်ကြာ သူ့ဗိုက်တစ်ခုခုဖြစ်ရင် ဘယ်လိုလျှော်ပေးမလဲ. . .”

မောင့်အပြောကြောင့် ပြုံးရတယ်။

တင်မောင်သန့်ကလည်း သူ့အလုပ်နဲ့မြို့သွားနေရတာ သုံးလေးရက်ရှိနေပြီလေ။ အမေကတော့ နေကောင်းနေပါပြီ။

ကျွန်မရဲ့ကလေးတွေကလည်း မြေသယ်နိုင်သမျှ ဝိုင်းသယ်ကြပါတယ်။ ရွာလယ်လမ်းမှာကို စုစုရုံးရုံးလုပ်အား ပေးကြတယ်လေ။

“ကိုသက်မင်းခိုင်. . . ရှင်က ရန်ကုန်ကိုရှင်ပြန်ရင် တစ်ရွာလုံးက လွမ်းအောင်လုပ်နေတာလား၊ ရွာလယ်လမ်းကိုဆို ရွာသူရွာသားတိုင်း ဖြတ်ရမှာပေါ့လေ၊ ဖြတ်တိုင်းလမ်း ရှင်ခင်း ပေးသွားတဲ့ လမ်းဖြောင့်ဖြောင့်ဖြူးဖြူးလေးမြင်ရင် သတိတရ ဖြစ်နေတော့မှာပါပဲ. . .”

“ကျွန်တော် ရန်ကုန်ပြန်မယ်လို့ မစိုးဝေးကို ဘယ်သူက ပြောလဲ. . . မပြန်ပါဘူးဗျာ။ မပြန်ရအောင် ခင်ဗျားတို့ရွာမှာပဲ အိမ်ထောင်ပြုပြီးနေတော့မှာ”

မောင့်စကားကြောင့် မလှလှရီတို့၊ မစိုးဝေတို့သာမက ကိုမြစ်ကြီးတို့ယောကျ်ားလေးအုပ်စုတွေကပါ သဘောကျ





အားပေးကြပါတယ်။ မောင်တော့ လျှောက်ပြောနေပြီ။ တော်ကြာ အိမ်ထောင်ပြုမယ်ဆို ဘယ်သူ့ကိုပြုမလဲဆိုမှ ပြောရ တော့ဦးမယ်။

“ကဲ. . ဆိုပါဦး ကိုသက်ရေ. ခင်ဗျား အိမ်ထောင်ပြုပြီး ရည်မှာနေမယ်ဆိုလို့ကတော့ ကျွန်တော်တို့တစ်ရွာလုံးက ကြိုဆိုကြမှာပါ၊ ဘယ်လိုလဲ. . . တွေ့ထားပြီလား”

“ယောကျ်ားလေးပဲ ကိုကြီးမြစ်ရာ. . . ပန်းလှလှ လေးတော့မြင်တာပေါ့”

“ဟုတ်ပါပြီ သည်လောက်ဆိုသဘောပေါက်ပါ ပြီးသာပါတယ်။ ကိုသက်တို့မင်္ဂလာဆောင်ရင် တစ်ရွာလုံး ဆိုးတီးတက် ကျွေးမယ်ဆိုတာယုံလို့ ကြိုဆိုပါတယ်ဗျာ ကြိုဆို တယ်၊ ကိုသက်လိုလူတစ်ယောက် ရွာမှာရှိရင်တော့ ရွာအကျိုး သွား တိုးတက်ဖို့ချည်းပဲရှိတာပါ. . .”

“ကိုကြီးမြစ်. . ကျွန်တော် ဘုန်းဘုန်းကျောင်းဝင်းထဲက တိုကို ကျောက်ပြားတွေပြန်ခင်း၊ ထုံးသယ်န်းပြန်ကပ်ချင် သေးတယ်၊ အဲသည့်ကြရင်လည်း ကူညီပါဦး. . .”

“ပြောနေစရာမလိုပါဘူး ကိုသက်ရာ. . .။ ကျွန်တော် ရွာတိုးတက်ဖို့ပဲ ကူသိုလ်ရမယ့်အလုပ်တွေပဲလေ ဝိုင်းကူညီ တာပါ။ အားလုံးက လုပ်အားဒါနပဲရှိကြတာပါ။ ကိုသက်လို ငွေကြေးဒါနပေးတဲ့လူရှိမှလည်း ကူညီလို့ရတာပါ. . .”

www.burmeseclassic.com

www.burmeseclassic.com



ကိုမြစ်တို့နဲ့မောင် စကားတွေပြောနေကြတယ်။ ကျွန်မကတော့ မြေသယ်ရင်းမှ မောင်သည်နေရာမှာ ပျော်ရွှင်နိုင်ပါစေလို့ပဲ ဆုတောင်းနေမိပါတယ်။

မောင့်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်လည်း မောင်က လက်ထပ်ကြရအောင်လို့ ပြောနေတာပဲဟာ... ချက်ခြင်း ခေါင်းငြိတ်၊ ချက်ခြင်းလက်ထပ်လို့ရပါတယ်။

ဒါပေမယ့် လက်ထပ်ပြီးကြမှ ခွဲခွာကြရပြန်ရင် ကျွန်မ ခုချိန်ထိ ပိုပြီးထိခိုက်ခံစားရလိမ့်မယ်...

မောင်က သီချင်းလေးတညည်းညည်းနဲ့ အလုပ်လုပ် နေတဲ့အခါမှာတော့... ချစ်သူ ပျော်နေပါလားဆို ကျွန်မလည်း ပီတိဖြစ်ရပြန်တာပေါ့။ ကျွန်မအနားမှာ ထာဝရပျော်ရွှင် ချမ်းမြေ့စွာနေပါ မောင်...။

* * * * * * * * * * *

"စေတီလေးက တော်တော်ကြည်ညိုစရာကောင်းပြီး မြင်ချင်တာပါဘုရား... လှသွားလမ်းလည်းပျောက်တောင်နေ ဆိုတော့ ဦးဇင်းကျောင်းတစ်ခုလုံးကို တပည့်တော် အကောင်းဆုံးပြင်ဆင်ချင်နေတာ..."

"မင်း... ပျော်နေပြီလား..."





"ပျော်နေပြီလို့ပဲ ပြောရမှာပါဘုရား... တပည့်တော်က ဦးဇင်းကို ဖွင့်ပြောစရာတစ်ခုရှိပါတယ်။ ဆရာမ မမိုးအေးနဲ့ တပည့်တော် မေတ္တာမျှနေတယ်ဘုရား... အဲဒါ ရှေ့နှစ် လောက်မှာတော့ လက်ထပ်ဖို့ ဆုံးဖြတ်ထားပါတယ်ဘုရား..."

"ဒါဆိုရင်တော့ မင်းသည်ရွာမှာနေရတော့မှာပေါ့။ နေနိုင်ပါ့မလား... စဥ်းစားဦး သက်မင်းခိုင်...။ သည်မှာ တစ်သက်လုံးပျော်နိုင်ပါ့မလား။ အိမ်ထောင်ပြုတယ်ဆိုတာ မလွယ်ဘူးလေ။ မင်းပတ်ဝန်းကျင်ကရော မိုးအေးနဲ့သဘော တူပါ့မလား..."

"တပည့်တော် ဘဝခရီးကို တပည့်တော်စိတ်ကြိုက် လျှောက်နိုင်ပါတယ်လို့ အဖေကပြောပြီးပါပြီ"

"မိုးအေးက ရွာမှာလိမ္မာရေးခြားရှိပြီး ကုန္ဒြေလည်း ရတယ်။ ရွာအတွက် လုပ်အားအပြည့်အဝပေးနေတဲ့ ဆရာမ တစ်ယောက်ပါ။ ထာဝရအတွက် လက်တွဲဖော်အဖြစ်ရွေးတာဆို ခင်းကို ဦးဇင်းကယုံကြည်ပါတယ်။ မင်းလိုလူတစ်ယောက် ရွာမှာနေတယ်ဆို သိပ်ကိုကောင်းတာပေါ့"

"တပည့်တော်မှာ ရွာအတွက် လုပ်ပေးချင်တာတွေမှ အများကြီးပါပဲ၊ အဓိကနှစ်ခု လိုအပ်ဆုံးလို့လည်း ဖြစ်နေတယ်။ အဲဒါက ရွာမှာအနည်းဆုံး ကျန်းမာရေးမှူး တစ်ယောက် လောက်ရှိတဲ့ ဆေးခန်းလေးတစ်ခန်းရှိချင်တယ်။ မူလတန်း ကျောင်းလေးတစ်ကျောင်း ရှိချင်တယ်..."

www.burmeseclassic.com

www.burmeseclassic.com



သူ. . . လောဘများနေပြီလား။

ဦးဇင်းကတော့ ကောင်းမြတ်တဲ့စေတနာတွေ ရင်ထဲရောက်နေတာပါပဲ။ စေတနာကအကျိုးပေးလာမှာပါ။ တဖြည်းဖြည်းချင်းပေါ့တဲ့. . ဟုတ်ပါတယ်လေ. . သည်ကို သူရောက်တာ ဘယ်လောက်မှမရှိသေးပါဘူး။ တဖြည်းဖြည်းချင်း ဖြစ်ချင်တာတွေဖြစ်အောင် လုပ်ရမှာပေါ့လေ. . .။

"ကျောင်းကမှ ဟိုဘက်ရွာသွားပြီးတက်ရင် ရနိုင်သေးတယ်။ ဆေးခန်းလေးတစ်ခန်းက တကယ်လိုတာ။ ညရေးညတာတို့ အရေးကြီးတဲ့ရောဂါတစ်ခုခုဖြစ်ရင် ဟိုးအရင်ကပိုဆိုးသေး။ အမေဆယ်သာကြည့်. . . မင်းတို့မိုးအေးတို့မှာ ပညာဗဟုသုတမရှိပဲ သည်အတိုင်းထား သေသွားမှာပေါ့။ ကျန်းမာရေးဗဟုသုတက လူတိုင်းရှိသင့်တာ. . ။ ကျန်းမာရေး အတွက်ဆို အနည်းဆုံးတော့နားလည်သင့်တာပေါ့။ ဆရာဝန် တစ်ယောက်လောက်ရှိလည်းကောင်းမှာ. . ."

"တပည့်တော် ရှိနေသရွေ့တော့ လိုအပ်ရင် မြို့ဆေးရုံကို မရောက်ရောက်အောင် ပို့မှာပဲဘုရား. . ."

"ကောင်းပါတယ်. . . ရွာမှာ စေတနာရှိတဲ့လူ ရှိပေမယ့် ငွေအင်အားမရှိတော့ ချို့တဲ့နေကြရတာ။ မင်းလို ငွေ စေတနာ ပြည့်စုံတဲ့လူရှိရင် ရွာမှာတအားပါပဲ. . ."





မိုးအေးရှိတဲ့နေရာဟာ သူ့အတွက်ပျော်စရာတွေ ရှိနေမှာပဲလို့ ယုံကြည်နေပြီပဲ။ ချစ်သူ့အနားမှာနေ၊ ချစ်သူ့ ဝန်းကျင်ကို ပြည့်စုံသည်ထက်ပြည့်စုံအောင် သူ. . . ကြိုးစား ချင်တယ်. . .။

"တပည့်တော် ခုချိန်ကြမှနောင်တရတယ်ဘုရား. . .။ တပည့်တော်သာ ဆရာဝန်တစ်ယောက်ဖြစ်လာခဲ့မယ်ဆို ဘယ်လောက်ကောင်းမလဲလို့ပါ. . ."

"နောင်တရနေလည်း ဖြစ်လာနိုင်မှာမဟုတ်ရင် စိတ်အနှောင့်အယှက်ဖြစ်ရုံပေါ့။ သက်မင်းခိုင်ဆိုတာ ဆရာဝန် တစ်ယောက် မဖြစ်နိုင်ပေမဲ့ပေမယ့် ဘွဲ့ရတစ်ယောက်ပဲ။ ကျောင်းဆရာတစ်ယောက်တော့ ဖြစ်နိုင်တယ်လေ။ ကလေး တွေကို စာတတ်အောင်သင်ပေးနိုင်တာပဲ။ ဖော်ကြီးက ပြောတယ်။ ညညမှာ မင်းသူ့ကို အင်္ဂလိပ်စာပြပေးတာ သူ့အရမ်း တိုးတက်လာတယ်။ မင်း သိပ်တော်တာပဲတဲ့. . ."

ဘဝမှာ လူအများစုအတွက် ဘာမှလုပ်မပေးနိုင် သေးပေမယ့် လူတစ်ယောက်အတွက်တော့ သူဟာ ကူညီ ပေးနိုင်သူ ဖြစ်နေတယ်ဆိုရင် ကြည်နူးဝမ်းသာရမှာပါ။

"ကလေးတွေက အင်္ဂလိပ်စာအခြေခံ ညံ့တတ်ကြ တယ်. . မင်း. . . ကူညီသင်ပေးမယ်ဆိုရင် ဘယ်လောက် ကောင်းမလဲ။ မင်းလိုလူတစ်ယောက်ဟာ အင်္ဂလိပ်ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ဖြစ်လာရင်လည်း ကလေးတွေအတွက် အရမ်းအကျိုးရှိမှာပါ. . ."

ဦးဇင်းကပြောပါတယ်. . ရွာလယ်လမ်းမှာရှိတဲ့ ချိုင့်တွေဖြည့်လိုက်တဲ့အခါ လမ်းမကြီးကဖြောင့်ဖြူးပြီး မြင်ရှုနဲ့ ပီတိလွှမ်းစရာ ပါပဲတဲ့။ အဲသည်လို လိုနေတဲ့နေရာတွေကို တတ်စွမ်းသရွေ့ဖြည့်ရင် တဖြည်းဖြည်းဖြည့်နေတဲ့လူရဲ့ ဘဝ လေးပါပြည့်လျှံလာတယ်။

တူသော့အကျိုးကို ရရှိကြတာပါပဲ. . .

ဘဝမှာ အေးချမ်းပျော်ရွှင်ခြင်းဆိုတာ ဘာလဲလို့ သိချိန်မှာ မာမီမရှိတော့ဘူး။ လက်ထဲမှာ ငွေတွေအလျှံပယ် များပြားပြီးတော့ ဘယ်လိုနေရာတွေ သုံးရမှန်းမသိခဲ့တဲ့ မာမီ့ရဲ့ အိမ်ထဲမှာ ပျင်းရိငြီးငွေ့နေသမျှကို သူ. . . မပြေသိမ့်ပေးတတ် ခဲ့ပါဘူး။

"စေတီကို ထုံးသယ်န်းပြန်ကပ်ပြီး စကြံန်လမ်းတွေ ပြင်ချင်ပါတယ်ဘုရား. . ."

"မိုးကုန်ရင် ထုံးသယ်န်းကပ်ကြတာပေါ့။ ခုလောလော ဆည်တော့ စေတီဝန်းကျင်တွေ မှင်းကြယ်ပဲကောင်းပါတယ်"

"တပည့်တော် ရှင်းမယ်ဘုရား. . ."

စိတ်ကအချိန်တိုင်းလို ဖြည့်ဆည်းချင်တဲ့စိတ်တွေနဲ့ လန်းဆန်းတက်ကြွနေပါလား. . . ဟိုးအရင်ကလို အခန်း





ကျဉ်းထဲမှန်းကျပ်ရင်း ပြေးစရာမြေမရှိတဲ့စိတ်ခါတ်မျိုးတွေ မရှိတော့ပါဘူး။

"အရှင်ဘုရား. . ရွာနောက်ဖက်အစွန်က ဘကြီးတင်ရဲ့ မြေကို ဖွဲ့ရောင်းဖို့ပြင်နေတယ်ဘုရား။ အဲဒါ တပည့်တော် ဝယ်မလို့"

"ဘာလုပ်မှာလဲ"

"တစ်နေ့နေ့မှာ ဆေးခန်းလေးတစ်ခု၊ ကျောင်းလေး တစ်ကျောင်းဖြစ်အောင် ကြိုးစားချင်ပါတယ်. . ."

"ကောင်းတာလုပ်မှာပဲလေ။ ဝယ်ချင်လည်းဝယ်ပေါ့"

စိတ်ကူးတွေမှ သူ့မှာအများကြီးပါ။

အဲသည့်စိတ်ကူးတွေဟာ တိမ်တိုက်တွေလို ဘယ်တော့မှ မရွေ့လျားသွားစေရဘူး။ မရ ရအောင်အကောင် အထည်ဖော် ဆောင်ရွက်မယ်. . ရင်ထဲကအိပ်မက်တွေစာ ပျော်ရွှင်ကြည်နူး ခြင်းအပြည့်ပါပဲလေ။ သူလျှောက်မယ့်လမ်းမှာ ချစ်သူမိုးဒွေးက သားမှ အတူပါရမီဖြည့်ရင်းလိုက်ပါလိမ့်မယ်လို့လည်း ယုံကြည် နေတာပါပဲ. . .

* * * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ ဘကြီးတင်ရဲ့ခြံကွက်ကိုဝယ်ပြီးရင် အိမ်ဆောက်မယ်စိတ်ကူးဖူးတယ်. . အဲဒါက အတ္တများတဲ့ စိတ်ကူးပေါ့။ မိုးအေးနဲ့လက်ထပ်ပြီးရင် အတူနေမယ်. . . တကယ်ပြန်စဉ်းစားကြည့်တော့ မိုးအေးရဲ့ဒေါ်လေးကို တစ်ယောက်တည်းထားခဲ့လို့လည်း မဖြစ်ဘူးလေ၊ သည်တော့ မိုးအေးနဲ့မောင် လိုက်နေပါ့မယ်. . . အဲသည့်ခြံကွက်မှာ ဆေးခန်းပဲဖြစ်ဖြစ် ကျောင်းလေးပဲဖြစ်ဖြစ် ဆောက်မယ်. . ."

သူပြောသမျှ မိုးအေးကပြုံးရင်းနားထောင်ပါတယ်။ သည်နေ့တော့ ကျောင်းပိတ်ရက်ပေမယ့် မိုးအေးရဲ့ကျောင်းကို လာခဲ့ကြတာ။ ထော်လာဂျီယှူမလာတော့ဘဲ နှစ်ယောက်အတူ လမ်းလျှောက်လာခဲ့ကြတယ်၊ ချစ်သူနှင့်လျှောက်ရသော လမ်းပါပဲ. . .။

"မောင်. . . လျှောက်နိုင်ရဲ့လား"

"မိုးအေးဆီမှာ မောင့်ကိုအမြဲစိုးရိမ်ပူပန်နေတာ တွေရှိနေတယ်. ."

"ဒါကတော့ ချစ်တာကိုး မောင်ရဲ့. ."

"ပြန်ပြောပါဦး နောက်ထပ်နှစ်ခေါက်လောက်ပြော"

"ရှင့်ကိုချစ်ရတာ ကျွန်မအတွက် သောကတော်တော် များများကို ရရှိခံစားရစေတယ်. . . ရှင်နေမကောင်းမှာ စိတ်ပူရတယ်၊ ရှင်ကခွဲခွါသွားမှာစိတ်ပူရတယ်. ."





"မိုးအေးကလည်းလေ. . . မောင်နေမကောင်းမှာ စိတ်ပူတယ်ဆိုတာကထားပါဦး. . . မောင်ခွဲခွာသွားမှာက ဘာပူစရာရှိလဲ. . ."

"ပြောနိုင်လား. . ."

"လာပြန်ပြီ. . . မိုးအေးဆီမှာ မောင့်ကိုမယုံသင်္ကာ စိတ်တွေရှိနေဆဲပါလား. . . အင်းလေ. . . မောင်အပြစ် မပြောပါဘူး စောင့်ကြည့်ပေါ့. . . မောင်က ဘယ်လိုယောကျ်ား မျိုးလည်းဆိုတာ မိုးအေးသိလာရမှာပါ. . ."

စပါးခင်းထဲမှာ ဇျိုင်းတစ်ကောင်. . .။

အစိမ်းရောင်နှင့် အဖြူရောင်ကလှပနေပါတယ်။

ပတ်ဝန်းကျင်မှာ မိုးဥတုရဲ့တောက်ပသော နေခြည် ရှိနေတယ်လေ. . .။

"ဒေါ်လေးကို ကျွန်မဖွင့်ပြောလိုက်မိတယ်. . . ဒေါ်လေးက မောင့်ကိုခင်မင်နေတာဆိုတော့ သဘောကျ ပါတယ်၊ ဘယ်တော့ လက်ထပ်မလဲမေးလို့ ရှေ့နှစ်လောက်မှလို့ ကျွန်မဖြေလိုက်တယ်"

"အခုလို့ ဖြေလိုက်ရင်ပြီးရော"

"အခု ဝါဝင်နေပြီလေ တိုကိုရဲ့"

ချစ်သူအပြောလွှေးကတော့ နားဝင်ပီယံပါလေ. . .။



www.burmeseclassic.com

www.burmeseclassic.com



ပြောမည့်သာပြောရတာ မိုးအေးပြောတာမှန်တယ်၊ လမ်းများများလျှောက်တော့ ခြေထောက်ကနာချင်တယ်၊ ကြမ်းတမ်းခြင်းတွေနှင့် ဘဝကအချိုးမပြေနိုင်သေးပါလား. . .၊ သည်လိုမျိုး ခရီးအကွာအဝေးကို ကလေးလေးတွေတောင် လမ်းလျှောက်ကျောင်းတက်နေကြတာ။

"မောင် ခြေထောက်နာနေပြီ မဟုတ်လား"

"မနာပါဘူး"

"မညာပါနဲ့ မောင်က မိုးအေးရဲ့ကြေးမုံပြင်ပါ၊ မောင် ဘာဖြစ်နေလဲ သိတယ်"

"သိလှချည်လား အချစ်ကလေးရယ်. ."

"အပြန်ကြရင်တော့ လှည်းကြုံရှာလိုက်မှပါ မောင် ခြေထောက်နာနေပြီ၊ ထော်လာဂျီနဲ့ပဲ လာခဲ့ရကောင်းသား ကွာ. . . ထော်လာဂျီကို ဖော်ကြီးကဘယ်ယူသွားတာလဲ"

"ကိုမြစ်နဲ့ဖော်ကြီး ရွာပြင်မှာ လျှောက်မောင်းနိုင်းထားတာ. . သူတို့တက်တော့ မောင်နေမကောင်းရင် ရွာအတွက် မောင်းပေးနိုင်တာပေါ့"

ခြေထောက်နာနေလို့ ဖြည်းဖြည်းမှန်မှန်ပဲ လျှောက်လာခဲ့ကြတယ်၊ ခပ်လှမ်းလှမ်းမှ လှည်းတစ်စီးလာနေပေမယ့် ပြောင်းပြန်ခရီးဆိုတော့ လိုက်လို့တော့မရပါဘူး. .။

"သက်မင်းခိုင်. . သက်မင်းခိုင်"





လှည်းပေါ်ကလှမ်းအော်လို့ ကြည့်မိပါတယ်. . . .။

ဇေယျာပါလား. . .။

ဟိုရက်တွေကတော့ ငွေချေးတာမရလို့ စိတ်ဆိုးနေတာ အခုတွေ့ပြန်ပြီ။

"ဘယ်လဲ"

"ဟိုးဖက်ရွာသွားမလို့. . . ကျန်ခဲ့တဲ့ တစ်ပါတ်က ရန်ကုန်ရောက်တယ်၊ ဝေဠုနဲ့တွေ့ခဲ့တယ်. . . မင်းပြန်လာခဲ့ပါဦးတဲ့"

"ငါက ဘာလို့ပြန်လာရမှာလဲ"

"သူသတိရလို့လို့ ပြောတာပဲ"

"ဝေဠုကသတိရတယ်. . . ဒါဆို ရွာကိုလိုက်လာခဲ့ရတာပဲ ဝေဠုမှာဘာအလုပ်ရှိတာလိုက်လို့. . ."

လှည်းကလေးက တအိအိထွက်ခွာသွားပြီ။

မောင်. . ဘယ်သူကပြန်နိုင်းတာလဲလို့ မိုးအေးက မေးတယ်။

"ဝေဠုဆိုတာ မောင့်ညီအငယ်ဆုံးလေ ပျော်သလို နေနေတာ၊ ဘာအလုပ်မှလုပ်တာမဟုတ်ဘူး၊ သူသတိရရင် ရွာကိုအချိန်မရွေး လာလို့ရတာပဲ မောင်ကဘာလို့ပြန်ရမှာလဲ. . . ."



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ့မျက်နှာလေး အဲလိုကြည်လင်ဝင်းပနေတာကို မြင်ချင်ပါတယ်။

"မောင့်ကို ကျွန်မမခွဲနိုင်ဘူးမောင်. . အဲလိုပြောလို့ အထင်သေးလဲခံရမှာပဲ"

"ကိုယ့်ချစ်သူကိုချစ်တာ မခွဲနိုင်တာဟာ အထင်သေးစရာလား. . . မိုးအေးကိုလည်း မောင်ကချစ်တာပါပဲ. . . သီတင်းကျွတ်ရင် လက်ထပ်ကြရအောင်လား. . . နော် မိုးအေး. . နော်"

မိုးအေးငြိမ်နေတယ်။

သူနှင့် ထပ်တူညီချစ်တယ်လို့ ယုံကြည်ပါတယ်။

သီတင်းကျွတ်တာနှင့် လက်ထပ်ဖို့စီစဉ်မည်၊ ဒက်ဒီ့ကို တယ်လီဖုန်းဆက်ပြီးလှမ်းခေါ်မယ် ဘုန်းဘုန်းနှင့်ဒက်ဒီ့မွေးခေါ်လေးတို့ကို ပြောဆိုလက်ထပ်ကြရုံပေါ့။

"ကိုမြစ်ပြောသလို တစ်ရွာလုံးကို မီးခိုးတိတ်ညှော်ခံရမယ်တဲ့. . ပျော်စရာကြီးနေမှာနော် မိုးအေး. ."

"မောင်ပျော်လား"

"ဘယ့်နှယ့်မြော့ပါလိုက် အတွေးမှာကိုပျော်နေတယ်"

"ဝမ်းသာပါတယ်မောင် မောင်ပြောဘူးတယ်နော်၊ မာမီဆုံးပြီးတော့ အပျော်ဆိုတာ ဘာလဲလို့မေးယူရတယ်တဲ့. . အခုမောင်ပျော်တယ်ဆို ကျွန်မဝမ်းသာပါတယ်"





ဘဝမှာနေပျော်တယ်ဆိုတာဘာလဲ သူသိသွားပြီလေ၊ တစ်ယောက်တည်းအတွက် အတ္တတွေပဲရှိသူမှာ ဘယ်လိုပျော်စရာရှိမှာလဲ၊ အများအတွက် ကိုယ်လုပ်ပေးနိုင်သမျှလုပ်ပေးနေရင် ပျော်ရွှင်စရာတွေ တွေ့နေရမှာပဲမဟုတ်လား။

* * * * * * * * * *

"ကြည့်စမ်း ကောင်မစုတ်မိုးအေး. . ငါ့ကိုဖုံးထားတယ်၊ ငါဝမ်းသာရအောင် စောစောစီးစီးပြောပါတော့လား။ တကယ်ဝမ်းသာတယ် မိုးအေးရယ်၊ တင်မောင်သန့်သိလည်း ဝမ်းသာမှာ၊ အမေဆို ပိုတောင်ဝမ်းသာဦးမယ်၊ သီတင်းကျွတ်လက်ထပ်မှာနော် ပျော်စရာကြီးဟယ်"

နှင်းနုကပျော်စရာကြီးတဲ့။

ကျွန်မကိုယ်တိုက်လည်း မောင့်ကိုသိပ်ချစ်လို့ မောင်နှင့်အတူနေရမည့်ဘဝလေးဟာ ပျော်စရာတွေချည်း ရှိမယ်လို့ယုံကြည်ပါတယ်၊ ဒါပေမယ့် ရင်ထဲမှာ တစ်ခုခုကခုခံနေသလိုလို။

"နှင့်မျက်နှာက ဘယ်လိုကြီးလဲ"

"သူက သူ့ဒက်ဒီကိုပြောမယ်တဲ့ မောင်နဲ့မတွေ့လည်းရှိကြတယ်၊ သဘောတူပါ့မလား. . . သဘောမတူအားမယူရဘူးဆို ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ သဘောမတူရမှာလည်း မိုးအေးမှာ ဘာသဘောထားစရာရှိလဲ"

"ရှိတာပေါ့ ကျွန်မက အလိမ်မာအိမ်ပါ ချွေးမ ဘယ်လိုမှမဖြစ်နိုင်ဘူးလေ. ."

"ဒါကတော့ဟယ် သူ့အဖေကို သူရှင်းပြမှာပေါ့ သူကိုယ်တိုင်တောင် ဟိုမှာမပျော်လို့ သည်မှာလာနေတာ. ။ နှင်အတွေးမခေါင်စမ်းပါနဲ့ မိုးအေးရာ၊ အဓိကက ကိုသက်မင်းခိုင်ပါပဲ၊ သူကသာ နှင့်အပေါ် သစ္စာရှိရှိချစ်မယ်ဆို ကျန်တာတွေက အသေးအမွှားတွေပါဟယ်. ."

နှင်းနုကို မောင်နှင့်သီတင်းကျွတ် လက်ထပ်မည့် အကြောင်း ဖွင့်ပြောပြလိုက်ပြီ၊ ဒေါ်လေးကလည်း သဘောတူနေပြီပဲ။

"မောင်သက်နဲ့မိုးအေးလက်ထပ်တော့မယ် ဟုတ်လား အစမဝမ်းသာလိုက်တာ"

"အမေ အိပ်နေတာလားလို့"

"အိပ်ပျော်နေတာ နိုးလာတော့ သမီးတို့ပြောတာတွေ ကြားတယ်၊ အဓိကက စိတ်ရင်းစေတနာကောင်းဖို့ပါ။ မောင်သက်က စိတ်ရင်းစေတနာကောင်းတာပဲ. . ၊ ငွေကြေးဆိုတာက ရှာယူရင်ရပါတယ်. . . ပင်ကိုယ်စိတ်စေတနာ ကောင်းဖို့က လုပ်ယူလို့မရဘူးသမီး. . ."





အမေကလည်း မောင်နဲ့ကျွန်မ လက်ထပ်မှာကို ဝမ်းသာသတဲ့။ ကျွန်မချစ်သူကို အားလုံးကနှစ်သက်လက်ခံကြတာ ကျွန်မအတွက်လည်း ကြည်နူးပျော်ရွှင်စရာပါပဲ။

"သူ့အသိုင်းအဝန်းက သူချမ်းသာလို့ ကျွန်မတ လက်ထပ်ချင်တာများထင်မလား။ အဲလိုအထင်ခံရမှာလည်း ကြောက်တယ်"

"ဘာဆိုင်လဲကွယ်. . .။ သမီးရင်ထဲက စစ်မှန်တဲ့ မေတ္တာနဲ့ချစ်တာမဟုတ်လား. . ကိုယ်မှန်တာပဲ၊ စေတနာ မေတ္တာမှန်ဖို့က အဓိကပါ၊ တစ်ပါးသူတွေရဲ့ ထင်မြင်ယူဆချက်က အလကားပဲ။ သမီးတို့နှစ်ယောက်မေတ္တာစစ်နဲ့ ချစ်မယ်ဆိုပြီးတာပဲ. . ."

အားလုံးကတော့ ခုလိုပဲပြောကြပါတယ်။ ဒါပေမယ့် ကျွန်မရင်မှာရှိနေတဲ့ ကြောက်ရွံ့ခြင်းအစုအခဲတစ်ခုက ဘယ်အချိန်ကြမှ ပျက်ပြယ်လေမည်လဲမသိပါ။ မောင်က သည်သို့ဆို အမြန်ဆုံးလက်ထပ်မယ်လို့ဆိုပေမယ့် လက်ထပ်ပြီးရင်ကော. . .။

လက်ထပ်ပြီးရင် ပိုလို့တောင်ခွဲခွါရမှာတို့ ကြောက်ရဦးမယ်။

"ငါ့သူငယ်ချင်းရဲ့ဖူးစာကမှ အံ့ဩဖို့ကောင်းတာ. ။ ဖူးစာရှင်က ကိုယ်ရှိရာဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာရတာယ်။ ကောင်းတယ်၊ နင်နဲ့ငါ ခမည်းခမက်တော်ကြမယ်



www.burmeseclassic.com

www.burmeseclassic.com



"နှင်းနုဟာလေ. . ."

နှင်းနုကတော့ ပျော်ရွှင်မြူးကြွနေတာပါပဲ။ ကျွန်မကတော့ ပျော်ရွှင်တယ်ဆိုပေမယ့် ပျော်ရွှင်မှုအားလုံးဟာ လွတ်လပ်ပေါ့ပါးမနေပါဘူး။

"နင်က ကိုသက်မင်းခိုင်ကို မယုံကြည်ဘူးလား"

"မယုံဘူးတော့မဟုတ်ပါဘူး။ ဒါပေမယ့်သူကမြို့ပြန်မယ်ဆို ငါရင်ကွဲမှာ"

"အဲလိုလုပ်ပါ့မလားဟယ်၊ သူ သည်လိုလုပ်ချင်ရင် တောင် ဘုန်းဘုန်းတစ်ယောက်လုံးမျက်နှာရှိပါတယ်. . ."

"နှင်းနုကလည်းဟယ် ဘုန်းဘုန်းခမျာ လောကီရေးတွေ စိတ်ကုန်လို့ ဘုန်းဘုန်းဝတ်ပါတယ်။ နင့်ကြွမှ အချစ်ရေးထဲ ဝင်ပါစေချင်နေပြန်ပါပြီ. . ."

"ကိုသက်မင်းခိုင်က ဘုန်းဘုန်းသူငယ်ချင်းလေဟာ။ ဒါကြောင့် ဘုန်းဘုန်းစိတ်အနှောင့်အယှက်ဖြစ်အောင်တော့ ကိုသက်မင်းခိုင် ဘယ်ပြုရက်ပါ့မလဲ"

ကျွန်မကတော့ကိုယ့်ကိစ္စကိုယ့်ဖာသာဖြေရှင်းရတာပဲ ကြိုက်ပါတယ်။ ကျွန်မကြောင့် ကျန်တဲ့ဘေးကလူတွေပါ လိုက်စိတ်ရှုပ်ကြရမှာမျိုး မကြိုက်ပါဘူး။

"ငါမွေးတဲ့ရက်တွေတော့ နင် မင်္ဂလာမဆောင်နဲ့ဟာ။ ငါမွေးပြီးမှဆောင် ဒါမှ နင့်မင်္ဂလာဆောင်မှာ ငါ အလှပြင်ရမှာ"





"နှင်းနုကလေ နင်ကလေးအမေပဲဖြစ်တော့မယ်။ ခုထိ ကလေးစိတ် ဖြစ်နေတုန်းပါလား။

"ငါက ကြိုတင်ပျော်နေပြီ"

နှင်းနုလိုပျော်ချင်လိုက်တာ။ ကျွန်မစိတ်မှာတော့ မောင်နဲ့လက်ထပ်ပြီးရင်လည်း ပျော်နိုင်ပါ့မလား။ မောင့်က ခွဲခွါသွားမလားဆိုတဲ့ စိုးထိတ်မှုတွေရှိနေသမျှ ကျွန်မစိတ်မှာ သောကတော့ရှိနေဦးမှာပါပဲလေ။

မောင်. . ကျွန်မချစ်တတ်လာမှ သောကတွေကို ပိုင်ဆိုင်ရလိုက်သလိုပါပဲ။

* * * * * * * * * *

စေတီသွားတဲ့လမ်းကို ကျောက်ပြားတွေခင်းဖို့ စီစဉ်နေပြီလေ။ တဖြည်းဖြည်းချင်းပြင်ဆင်ပြီး မိုးကုန်လို့ ဆောင်းရောက်ရင် ထုံးသုတ်ဖို့ပြန်ကပ်ဖို့ရည်စူးထားတယ်၊ ခုတော့ စေတီပရဝုဏ်ကိုပဲ ရှင်းလင်းထားဦးမယ်၊ တစ်နေ့တို နည်းနည်း ချင်းပြင်ဖို့စိတ်ကူးတယ်၊ ဖော်ကြီးကျောင်းပိတ်တဲ့ရက်မှာ နှစ်ယောက်ပြင်မယ်၊ ကူသိုလ်ယူချင်တာမို့ တခြားသူတွေလည်း ခေါ်မခိုင်းတော့ဘူး၊ ဖော်ကြီးနဲ့ မိုးတွင်းတစ်တွင်းလုံး ဖြည်းဖြည်း ချင်းပြင်ယူမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်သက်. . . မင်းကို ဦးထွန်းလည်းကူပါ့မယ်"

"ဟုတ်ကဲ့ ဦးထွန်း. . ကျွန်တော်တို့တွေစိုင်းပြီး ဦးဇင်းကျောင်း သန့်ရှင်းပြီးသစ်လွင်လာအောင် ပြင်ကြတာပေါ့. . ."

"မိုးတိတ်တဲ့အခိုက်တွေမှာ ရှင်းကြတာပေါ့။ မိုးထဲတော့ မလုပ်နဲ့၊ မင်းက ကြမ်းလို့မရဘူး။ မမိုးအေးကမှာထားတယ်။ မင်း မိုးရွာထဲမှာ အလုပ်လုပ်ရင် ဦးထွန်းကြည့်ပြောပါတဲ့။ မင်းနဲ့ မိုးအေးက ရေ့သွားနောက်လိုက်ညီပါတယ်။ ရွာအတွက် လိုက်ဖက်ညီတဲ့ ဇနီးမောင်နှံဖြစ်မှာပါ"

ကျောင်းမှာတော့ သီတင်းကျွတ်ရင် သူနဲ့မမိုးအေး လက်ထပ်ကြမယ်ဆိုတာ အားလုံးသိနေပြီပဲလေ။ သစ်ရွက်ဆွေးတွေကို တုတ်တစ်ချောင်းနဲ့စုပြီး လမ်းဖြစ်အောင် ထွင်နေမိတယ်။

မိုးမရွာဘဲ အုံ့ဆိုင်းနေတာပါလား။

မိုးအေးတော့ ခုချိန်စာသင်နေရောပေါ့။ သူတို့တွေကို ကျောင်းမှိုပြီးပြန်လာရင် ဘုန်းဘုန်းကျောင်းက အလုပ်တွေ လုပ်တယ်၊ ဘာမှာလုပ်စရာအလုပ်တွေက အစီအရီရှိနေလို့လားမသိ သူမှာ အားလပ်ချိန်တောင်မရှိအောင်ပါပဲ။

"မောင်သက်ရေ. . . စာလာတယ်၊ မောင်သန့်မြို့ အပြန် ယူလာတာတဲ့။ မင်းစာ"





"ဘယ်ကပါလိမ့်"

မမလေးဆီကပဲလား. . .

လက်ရေးကြည့်တော့ ဝေဠုလက်ရေးပဲ၊ ဝေဠုတဘာကိစ္စရှိနေလို့ စာရေးပြန်ပါလိမ့်။ ရွံ့တွေပေနေလို့ သူ လက်ဆေးရသေးတယ်။ ဝေဠုကတော့ အိမ်မှာဟိုးအရင်တအတိုင်း ပျော်သလိုနေနေတုန်းပဲထင်ပါရဲ့။

ကိုကို. . . သတိရတယ်။ အိမ်ခဏပြန်လာပါလား။ အိမ်မှာတော့ ဟိုးအရင်ကအတိုင်းပါပဲ၊ ဘာမှထူးခြားမလာပါဘူး၊ တစ်ခုတော့ရှိတယ် ဒက်ဒီ့ကျန်းမာရေး အရင်ကလောက်မကောင်းတော့ဘူး၊ ဒါပေမယ့် အရက်ကမလျှော့ဘူး။ ခုဆို ပိုတောင်သောက်နေသေးတယ်၊ ကျွန်တော်လည်း သဘောတက်မလို့စဉ်းစားထားတယ်။ ကိုကိုပြောတဲ့. . . ဖျင်းလိုက်တာ၊ တစ်နေ့လာဒါ၊ တစ်နေ့လာဒါနဲ့ ထွက်ပြေးချင်နေပြီဆိုတဲ့ခံစားမှုမျိုး ကျွန်တော့်ဆီရောက်နေတယ်။ ဒါကြောင့် သဘောတက်တော့မလို့။ ကျွန်တော်မထွက်ခင် အိမ်ခဏပြန်လာပါလား၊ တွေ့ချင်တယ်. . .

သူပြုံးမိတယ်။

ဝေဠုတစ်ယောက် သူ့ခံစားမှုကို နားလည်စပြုလာပြီပေါ့။ တွေ့ချင်ပါတယ်။ ဝေဠုနဲ့သူ့ကနားလည်မှုအစရှိဆုံးလို ဖြစ်နေတော့ သူလည်းဝေဠုကိုတွေ့ချင်ပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်တွေ့ချင်ရင်ငါရှိရာသည်ရွာကို မင်းလာရ လိမ့်မယ်ဝေဠု

ငါကတော့ မြို့ကိုရုတ်တရက်မပြန်ချင်သေးဘူး

ငါ့ချစ်သူ မရွှေမိုးအေးရဲ့မျက်ရည်ကို မမြင်ရက်လို့ပါ။

ခဏတဖြုတ်ပြန်ပါမယ်ဆိုရင်တောင်မှ လက်ခံမှာ မဟုတ်ဘူး၊ ငိုလိမ့်မယ်အသေအချာ ဝေဠုဆီဖုန်းဆက်ဦးမှပါ။ မင်းကိုယ်လည်းသတိရတယ်. . ရွာကိုလာခဲ့လို့လေ၊ ဒါဆို ရင်တော့လာမှာပါ။

ဝေဠုသင်္ဘောလိုက်မယ်ဆိုလည်း ကောင်းပါတယ်။ ကိုယ့်ဘဝလမ်းခရီးလေးကို ကိုယ့်ဖာသာထွင်ပြီး လျှောက်ကြ မယ်ဆိုရင် ပျော်ရွှင်နိုင်လိမ့်မယ်ထင်ပါတယ်။

"ဦးထွန်း. . . ညနေစာဘာရှိလဲ၊ မနက်အာရုဏ် အတွက်လည်းရှိရဲ့လား. . မရှိရင်ညနေရွာထဲထွက်ရင်း ဝယ်ခဲ့မယ်။"

"အာလူးတော့ရှိတယ်"

"ဟင်းစားရရင်ဝယ်ခဲ့မယ်၊ မြို့ဈေးမှာ ဇော်ကြီးကိုကြိုပြီး အပြန်ဝယ်ခဲ့မယ်"

အာရုဏ်ဆွမ်းဆို အာလူးနှပ်လေး၊ ပဲနှပ်လေးနဲ့ ဖြစ်သလိုဆွမ်းကပ်နေရတော့ သူမနှစ်သက်လေတော့ ညနေ မြို့ရောက်ရင် ဈေးဝယ်ရတာလည်း ပျော်စရာလိုဖြစ်နေပါပြီ

* * * * * * * * * *





"မောင့်ညီက အလည်လာတာဟုတ်ပါတယ်နော်။ မောင့်ကိုလာခေါ်တာတော့ မဟုတ်ပါဘူးနော်. . ."

မောင့်ညီကို မြို့မှာသွားကြိုရမယ်ဆိုတော့ စိတ်မှာ ထင့်သွားသလိုပါပဲ၊ မောင့်ညီက ဘာလို့များလာလည်တာလဲ။ အပြန်မှာ မောင့်ကိုခေါ်သွားချင်လို့လား. . မခွဲခွါနိုင်ခြင်းက သောကကိုကြဲဖန်မွေးယူနေသလိုများ ဖြစ်နေလေပြီလား. . .။

"အာလို့လာခေါ်ရမှာလဲ. . . ဝေဠုက သင်္ဘောတက် တော့မှာမို့ မောင်နဲ့တွေ့ချင်လို့၊ ဘယ်ရာပြန်ခေါ်ရမှာလဲ။ သူတောင် အိမ်မှာနေရတာပျင်းလာလို့ သင်္ဘောတက်တော့မှာ။ မောင့်ကိုအိမ်ပြန်ခေါ်ပြီး ဘာလုပ်မှာလဲ. . ."

"ကျွန်မကတော့ အမြဲစိုးထိတ်နေသလိုပါပဲလေ. . .။ မောင်ကထားရစ်မလားဆိုတဲ့ အတွေးဟာ ကျွန်မကို အမြဲလိုနှိပ်စက်နေတယ်. . ."

"မိုးအေးကတော့လေ. . . တရားသဘောလေးနဲ့ပဲ ဆင်ခြင်မှပေါ့. . . မောင်က မိုးအေးကို အသက်ရှင်လျှက် တော့ ဘယ်တော့မှမထားခဲ့ပါဘူး။ ဒါပေမယ့် မောင်သေ သွားရင်ကော. . သေသွားရင်တော့ ထားခဲ့ရမှာပဲလေ. . ."

"မောင်ဘာတွေလျှောက်ပြောနေတာလဲ မောင်နော်၊ မပြောကောင်းတဲ့စကားတွေ အရမ်းပြောတာပဲ၊ ဖွဟဲ့. . . လွဲပါ စေယ်ပါစေ၊ မောင်. . . မကောင်းဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



အဲလိုမျိုးခွဲခွါခြင်းကိုလည်းစကားနဲ့တောင် ကျွန်မမကြားရဲပါဘူး။ တရားမရှိဘူးပဲဆိုဆို ကျွန်မကလည်း မောင့်ကိုခွဲခွါပြီး မသေချင်၊ မောင်ကလည်း ကျွန်မကိုခွဲခွါပြီး မသေရဘူး။ မျက်နှာတောင် ကုန်ခြွေမဆည်နိုင်အောင် ထိခိုက်ပျက်ဆင်းသွားတယ်။

"မိုးအေး. . . ဟာတွာ. . ဘယ်လိုကောင်မလေးလဲ။ ဒါလေးပြောတာကို။ မောင်က မသေသေးပါဘူး။ စိတ်ချပါ။ မိုးအေးနဲ့ မောင် လက်ထပ်ပြီး သားတွေသမီးတွေ မြေးတွေ မြစ်တွေနဲ့နေဦးမှာ၊ မိုးအေးတော့မဟုတ်တော့ဘူး။ သည်လောက် အတွေးခေါင် နေရင်တော့ စိတ်ကျန်းမာရေးဆေးရုံ ရောက်တော့မယ်. . ."

ဟုတ်တယ် မောင်။

ကျွန်မရူးချင်နေပြီလား။

မောင်က ထားရစ်ခဲ့မှာ. . . .

မောင်က ခွဲခွါသွားမှာ. . . .

မောင်မုန်းလိုက်မှာကို ဘာလို့များသေမလောက် ကြောက်နေမိပါလိမ့်။

"သီတင်းကျွတ်တာနဲ့ လက်ထပ်မယ်။ မိုးအေး သည်လောက်စိတ်ပူပန်နေရတာ မောင်မကြိုက်ဘူး. . ."

"လက်ထပ်ပြီးရင်ကော. . ."



"လက်ထပ်ပြီးမှတော့ ခင်ဗျားကကျုပ်မိန်းမပဲ။ ကျုပ်သွားလေရာခေါ်သွားလို့ရနေပြီ။ အဲသည်ကြမှ ရန်ကုန်ခဏပြန်ရအောင် မိန်းမရေဆိုရင် ကျောင်းအခွင့်ယူမရလို့တို့၊ ကလေးတွေစာသင်ပျက်လို့တို့ မကြားချင်ဘူးနော်။ မောင်ခေါ်ရာနောက် တကောက်ကောက်လိုက်ရမှာပဲ. . ."

အနားမှာမောင်ရှိနေမယ်ဆို ကျွန်မစိတ်တွေကြည်နူးချမ်းမြေ့နေမှာပါ။

ဟုတ်ပါတယ်လေ. . .

သီတင်းကျွတ်တာနဲ့ မောင်နဲ့လက်ထပ်လိုက်တာ အကောင်းဆုံးပါပဲ။

"စေတီသွားတဲ့လမ်းကလေးကို မောင်တို့ ဘီလပ်မြေဖြူးတွေခင်းနေတာ တော်တော်ရောက်နေပြီ မိုးအေး. . .၊ ကျောင်းကို တစ်ရက်လာကြည့်ဦးနော်။ မောင့်ကုသိုလ်က မိုးအေးကုသိုလ်ပဲမဟုတ်လား. . ."

"မောင်တစ်နေ့တစ်နေ့ အလုပ်မရှိဘူးဆိုတဲ့နေ့ မရှိတော့ဘူးမဟုတ်လား. . ."

"ဟုတ်တယ်။ ဝယ်ထားတဲ့ခြံမှာ အဆောက်အဦးဆောက်ဖို့တော့ မိုးကုန်မှစဉ်းစားမယ်လေ။ [illegible] မိုးတွင်းမှာကို မောင်ဖြစ်ချင်တာတွေ အများကြီး. . ."

www.burmeseclassic.com



မောင့်ပုံစံဟာ တွေ့ရကာစကလို ထုံထိုင်းလေးလံမနေတော့ပဲ သွက်လက်ပျော်ရွှင်လာတာ အသိသာကြီးပါ။ ကျွန်မအနားမှာ မောင်ပျော်ရွှင်တယ်ဆိုရင်ကျွန်မလည်း ကြည်နူးချမ်းမြေ့ရမှာပဲပေါ့. . .။

"ဟိုမှာကြည့်စမ်း မိုးအေး. . .။ ဖျိုင်းကလေးသုံးကောင်ပျံနေတယ်. . .။"

"ဖျိုင်းပျံတာပဲ ဆန်းလို့လားမောင်ရာ. . ."

"သုံးကောင်ဆိုတော့ အဖေအမေနဲ့ကလေးနဲ့လားမသိဘူး။ နောက်ဆို မောင်တို့လည်း နှစ်ယောက်ကသုံးယောက်ဖြစ်လာမှာနော်"

"မောင်. . . လျှောက်ပြောနေ"

မောင်ရေ့ကလျှောက်မသာလမ်းမှာကျွန်မတို့ မိသားစုလေးအဖြစ် အတူလျှောက်ကြရမှာတော့ ကျွန်မလည်း သိသလို စိတ်မှာလည်း ကြည်နူးပါတယ်။ မောင်ကကျွန်မတို့ကို ဘယ်တော့မှ ခွဲခွါသွားမှာမဟုတ်ဘူးလို့လည်း ကျွန်မယုံကြည်ပါတယ်။

"သီတင်းကျွတ်ချင်ပြီကွာ. . .။ သည်လိုမှန်းသိ ဝါမဝင်ခင်က လက်ထပ်ပါတယ်"



"ဝါမဝင်ခင်က ရှင့်ကိုကျွန်မမှ အဖြေမပေးတာ. . ."

"သီတင်းကျွတ်ဖို့ရက်တွေကို ဆွဲချုံ့ရမလို ဖြစ်နေပြီ"

"မောင်ကတော့လေ"

ကျွန်မချစ်သူဟာ ကျွန်မမျက်ဝန်းမှာထာဝရချစ်စရာ အတိပြီးနေတာပါပဲ။

မောင်ပျော်ရင် ကျွန်မပျော်ပါတယ်။

မောင့်အပြုံးဟာ ကျွန်မအပြုံးပါပဲ။

အချစ်ဆိုတာ အံ့ဩဖွယ်သောခံစားမှုမျိုးစုံနဲ့ ကျွန်မနှလုံးသားဆီဝင်ရောက်လာလိုက်တာ မြန်ဆန်လျှင်မြန်လွန်းပါလားကွယ်

* * * * * * * * * *

ကားပေါ်ကဆင်းလာတဲ့ဝေဠုဟာ အရင်ထက်တောင် ပိုဝလာသလိုပါပဲ။ ဝေဠုက သူ့ကိုမြင်တဲ့အခါမှာ အံ့ဩလွန်းစွာနဲ့ ချက်ခြင်းပဲ. . . ပိန်ပြီးအသားတွေမည်းသွားပါလား။ ကိုကို. . . နေကောင်းရဲ့လားတဲ့လေ. . .။

"ဒက်ဒီနေကောင်းလားဝေဠု"

အံသိချင်ဆုံးသောအရာကို အရင်မေးရတယ်။

www.burmeseclassic.com



"ကောင်းပါတယ်. . . ဒါပေမယ့် ကျွန်တော်ပြန်ရင် ကိုကိုစာတော့ရေးပေးလိုက်။ အရက်နဲ့စီးကရက် လျှော့ပါလို့။ ဆရာဝန်က မသောက်ပါနဲ့ဆိုလည်း ပြောမရဘူး. . ."

"အင်း. . ရေးတော့ပေးလိုက်ပါ့မယ်။ ဒါပေမယ့် ဒက်ဒီကပြောစကားနားထောင်မှကောင်းမှာ။ မာမီမရှိတော့လည်း ဒက်ဒီ့ကိုချော့မော့ပြောမယ့်လူကမရှိနဲ့။ မမကြီးတို့ကလည်း မပြောဘူးလား"

"ပြောပါလိမ့်မယ်။ သူတို့မိသားစုတွေအရေးနဲ့တောင် အားကြလို့လား။ ပိုက်ဆံလိုတော့မှသာ လက်ဖြန့်ကြတာလေ"

အိမ်မှာကတော့ အရင်အတိုင်း ပုံစံမပြောင်းလဲသေးပါလား။ ထော်လာဂျီကိုမြင်တော့ ဝေမှုက ကိုကိုတား ကောင်းလှချေလားတဲ့။

"သည်နေရာမှာတော့ သည်ကားဟာအကောင်းဆုံးနဲ့ အသုံးဝင်ဆုံးပါပဲ. . . လာ"

မိုးမရွာလို့ တော်ပါသေးရဲ့။

ဝေမှုက သူ့ဘေးမှာထိုင်နေတယ်။

ညီကိုတွေ့ရတာလည်းစိတ်မှာချမ်းမြေ့ပါတယ်။မောင်နှမတွေထဲမှာ သူနဲ့ဝေမှုဟာ အရင်းနှီးဆုံးလို့ ပြောရမှာပါပဲ။

"မသန္တာက ကိုကို့လိပ်စာတောင်းနေတယ်။ ကျွန်တော့်အထင်တော့ လွမ်းနေပြီထင်တယ်"



"မဟုတ်တာဝေမှုရာ. . ။ အေးအေးနေပါ။ ငါ. . အခုချစ်သူတွေ့နေပြီ"

"ကိုကိုချစ်သူတွေ့နေပြီဟုတ်လား။ ဒါဆိုရင်တော့ အိမ်ကိုကိုကိုပြန်တော့မှာ မဟုတ်ဘူးပေါ့. . ."

"ငါတို့ရွာက ကျောင်းဆရာမလေးပါ။ မမိုးအေးတဲ့။ မင်းတွေ့ရင် ခင်သွားမှာပါ။ မိုးအေးရှေ့မှာ သန္တာအကြောင်း မပြောမိစေနဲ့နော်၊ မိုးအေးက ငါပြန်သွားမှာကို အရမ်းကြောက်တာ။ ငါတို့ သီတင်းကျွတ်လောက်လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်။ အဲသည်ကြရင်တော့ ဒက်ဒီ့ကို လှမ်းခေါ်မှာပေါ့ကွာ။ ငါ. . . ကျောင်းသွားကြိုရဦးမယ်"

ဇော်ကြီးကို ကျောင်းမှာဝင်ကြိုရတယ်။ ဝေမှုလည်း ရောက်လာတော့မယ်ဆိုတော့ ဈေးထဲမှာ လိုချင်တဲ့ပစ္စည်းတွေလည်း ကြိုဝယ်ထားတယ်လေ။

"ဇော်ကြီးရေ. . ဒါ အစ်ကိုညီ ဝေမှုတဲ့။ ဝေမှု. . သူက ဇော်ကြီး။ ကိုးတန်းတက်နေတာ. . ."

"ကျွန်တော့်ကို အစ်ကိုကျောင်းထားပေးတာပါ။ ဘုန်းကြီးကျောင်းမှာနေတဲ့ မိဘမဲ့ကလေးတွေအကုန်လုံးကို အစ်ကိုက ကျောင်းထားပေးတယ်"

"တယ်ဟုတ်ပါလား။ ဒါဆိုကိုကိုက သားတွေ သမီးတွေ အများကြီးရှိနေတာပေါ့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဝေဠုက ဒွေးဖော်ကြီးပြောတော့ရယ်ပါတယ်။ ထော်လာဂျီကို မြို့ကနေရွာဖက်မောင်းလာခဲ့တယ်လေ။

"လေကတော့ လန်းဆန်းလတ်ဆတ်နေတာပဲ ကိုကို. ."

"ဒက်ဒီ့ကို တစ်ခါလောက်တော့ရွာကို ရအောင်ခေါ်ချင်တယ်"

"ကိုကို့မင်္ဂလာဆောင်ကြရင် လာရမှာပဲပေါ့"

ထော်လာဂျီကိုမောင်းလာခဲ့တယ်။ မိုးအေးကတော့ ကျောင်းရှေ့မှာကလေးတွေနဲ့စောင့်နေရောပေါ့။ သူ့ထော်လာဂျီကိုမြင်တော့ လမ်းကြုံလိုက်နေကြ ဒေါ်ကြီးကြိုင်တို့တွေက လက်တားလိုက်လာကြသေးတာပေါ့. . .။

"ကိုကို့ကားက အဟုတ်ပါလား။ ပါဆင်ဂျာလည်းဆွဲတယ်"

"ရွာမှာ လှည်းကြုံရှိမှဝေဠုရဲ့။ လှည်းကြုံမရှိရင် ဘယ်လောက်ဝေးဝေး လမ်းလျှောက်ကြရတာ။ မင်းသည်မှာ ဆယ်ရက်လောက်ပဲနေ။ စာနာတတ်လာလိမ့်မယ်"

မိုးအေးတို့ရဲ့ကျောင်းလေးကို လှမ်းမြင်နေရပြီ။ ကလေးတွေက သူ့ထော်လာဂျီအဝေးက လာနေတာမြင်တယ်ဆိုရင်ပဲ ခုန်ပေါက်အော်ဟစ်နေကြအတိုင်း ဆူဆူညံညံ အော်ကြဟစ်ကြပေါ့. . .။

"ကိုကို့ပရိသတ်က တယ်များပါလား. . ."



ဝေဠုအပြောကြောင့်သူပြုံးရတယ်။ အဲသည့်ဆူညံနေတဲ့ ကလေးပရိသတ်တွေကြားမှာ သူနေတတ်နေခဲ့တာလည်း အမှန်ပဲမဟုတ်လား။

"အဲသည့်ကလေးတွေရဲ့အလယ်က ဆရာမမိုးအေးက မင်းကိုခုနက ငါပြောထားတဲ့မမိုးအေးပေါ့"

"ဩော်. . . ဆရာမလား"

ဆရာမကတော့ ဆွဲခြင်းလေးဆွဲလို့ သူ့တာလေးတွေက သူ့ကို ပတ်ချာလည် ခုန်ပေါက်နေပြန်တယ်လေ။

"မိုးအေး. . . ကိုယ့်ညီလေးလေ။ ဝေဠုတဲ့။ ဝေဠု. . ဆရာမမမိုးအေး. . ."

"ဟုတ်ကဲ့ကိုကို. . ."

မိုးအေးအပြုံးက မရှင်လန်းဘူးဆိုတာ သူရိပ်မိပါတယ်။ အဲသည့်ကောင်မလေးဟာ အဓိပ္ပါယ်မရှိတဲ့သောကကို မွေးယူတတ်တဲ့ကောင်မလေးမဟုတ်လား။ ဝေဠုပြန်ရင် သူလိုက်သွားမလားလို့ စိတ်ပူပန်နေပုံရပါတယ်။ မိုးအေးကို မောင် မခွဲနိုင်အောင်ချစ်တယ်ဆိုတာ ပြောမှသိမှာတဲ့လား ချစ်သူရယ်. . .

* * * * * * * * * *



www.burmeseclassic.com

www.burmeseclassic.com



မောင့်ညီက လူချောလေးပါ။

ဒါပေမယ့်မောင့်ကို လာခေါ်တာလားဆိုတဲ့ ရင်ထဲက ခံစားချက်ကြောင့် သူ့ကိုကျွန်မပြုံးပြမိတဲ့အပြုံးက သိပ်ပြီးမိုးမိုး ပြုံးပြုံး ရှိမယ်မထင်ဘူးလေ. . .

"ဝေဗျူ. . . မင်း သဘော်ဘယ်တော့တက်မလဲ"

"သည်ကပြန်မှပါ. . . စီစဉ်တုန်း။ သည်မှာအေးအေး ဆေးဆေး နေဦးမှာပါ။ ကျွန်တော်လည်းအိမ်မှာနေရတာ ပျင်းနေပြီလေ။ ကိုကိုနဲ့ကြာကြာနေဦးမယ်"

"ကောင်းတယ်. . . မင်းတို့ငါလုပ်နေတဲ့အလုပ်တွေ ကူနိုင်းရမယ်"

"ကိုကို ဘာတွေလုပ်နေလဲ"

"ဦးဇင်းကျောင်းဝင်းထဲ ပြင်ဆင်နေတယ်။ ရွာထဲမှာ တော့ လမ်းပဲပြင်ရသေးတယ်"

"ကူမှာပေါ့ ကိုကိုရဲ့"

"မင်းကငါ့ကို လာခေါ်တာမဟုတ်ဘူးဆိုတာ မင်းအစ်မ ကို ပြောပြလိုက်စမ်းပါကွာ. . ."

"ဟယ်. . ."

မောင်ကလည်းလေ ဝေဗျူရှေ့မှာ သည်လိုတိုက်ရိုက်ကြီး ပြောရသလား။ ကျွန်မရင်ထဲမှာ စိတ်မကောင်းဖြစ်နေတာတော့ အမှန်ပေါ့။ ဒါပေမယ့် ခုလိုမျိုးဝေဗျူသိသွားတော့ သည် အမျိုးသမီးက အကဲပိုတယ်လို့မထင်ပေဘူးလား။





"ကိုကို့ကို လာခေါ်တာမဟုတ်ပါဘူး။ သည်ကအမြန် သဘော်တက်တော့မှာ။ ကိုကို့ကို သတိရလို့ပါ။ အိမ်မှာဆို ကိုကိုနဲ့ ကျွန်တော်ပဲ လူပျိုရှိတော့တာ။ ကျန်တဲ့အိမ်ထောင်သည်တွေ ထက်စာရင် ပိုခင်ကြတယ်။ ကိုကို့လိုတော့ ရွာမှာမနေနိုင်ဘူး လေ။ ခဏနေမှာပါ။ ပြန်ရင်လည်း ကိုကို့ကို ခေါ်မသွားပါဘူး"

ဝေဗျူအပြောကြောင့် ကျွန်မခေါင်းငုံ့လို့ပြုံးရတယ်။

မောင့်ကို ကျွန်မမခွဲခွါနိုင်တာ အပြစ်မဟုတ်ဘူး။ အချစ်ပါနော်-မောင်. . .

"ဦးရေ. . . သည်နေ့စာမေးပွဲစစ်တာ ကျွန်တော် ပထမ ရတယ်"

ဒွေးကြွယ်လေးက သည်လိုပြောလာတယ်။

စာမေးပွဲမှာ ပထမ၊ ဒုတိယ၊ တတိယ ရရင်ဆုပေးမယ် လို့ ကလေးတွေကို မောင်ကပြောထားတာကိုး. . .

"ကျွန်တော်က ဒုတိယ"

"ငါလည်း တတိယရပါတယ်နော်"

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ ပထမ၊ ဒုတိယ၊ တတိယ စာရင်းတွေ ဆရာမဆီကနေ ဦးတောင်းယူလိုက်မယ်။ ပြီးတော့ မြို့ကနေ လက်ဆောင်တွေဝယ်ပေးမယ် ဟုတ်ပြီလား"

လုပ်ခုပ်တီးတဲ့လူက တီး

ပျော်လိုက်တာ၊ ပျော်လိုက်တာလို့ အော်တဲ့လူကအော် ဆူညံနေတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲဝေမျှ။ နားငြီးနေပြီလား"

"ရပါတယ်ကိုကိုရယ်။ ခဏတဖြုတ်ပဲ"

"ထော်လာဂျီစီးပြီး ကိုယ်တွေလက်တွေလည်း နာနေဦးမယ်။ မင်း တောင်းအော့စ်ရောကာ ရှိသေးလား"

"ရှိတာပေါ့. . . ကိုကို့ကားလည်း သည်အတိုင်းပါပဲ။ ဒက်ဒီက ဝိုဒေါင်ထဲမှာ သည်အတိုင်းထားတာပဲ။ အမှန်အတိုင်းပြောရရင် ဒက်ဒီ့စိတ်မှာ ကိုကိုဟာရွာမှာပျင်းပြီး တစ်နေ့ပြန်လာမယ်လို့ထင်နေသလား မသိပါဘူး။ ကိုကိုလက်ထပ်ပြီး သည်မှာပဲနေတော့မယ်ဆိုရင် ဘယ်လိုခံစားရမလဲမသိဘူး"

ဝေမျှခုလိုပြောတော့ ကျွန်မစိတ်မှာပူပန်မှုလေး ဖြစ်ရပြန်ပါတယ်။ မောင့်ဒက်ဒီက ကျွန်မနဲ့လက်ထပ်ပြီး သည်မှာပဲနေတော့မယ်ဆို သဘောကျပါ့မလား။ ရွာမှာအပြီးနေမှာစိုးရိမ်ပြီး ကျွန်မနဲ့သဘောမတူပါဘူးဆိုရင်ကော. . .။

"ဒက်ဒီနဲ့မာမီက ငါတို့အိမ်ထောင်ရေးကို ဘယ်တုန်းကချုပ်ချယ်လို့လဲ။ မမကြီးတို့အားလုံးလည်း သူတို့ကြိုက်တာယူခဲ့တာပဲ"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် ဒက်ဒီ့အချစ်လည်း ကိုကိုသိသားနဲ့။ သားသမီးတွေအိမ်ထောင်ကျရင် သမက်ချွေးမအားလုံးအိမ်ပေါ်တင်၊ မြေးတွေလည်းကျွေးထား၊ လက်ဖြန့်သမှုပေးနေတာ။ သည်အထဲက ကိုကိုတစ်ယောက်ပဲ ဖောက်ပြန်





ပြီး ထွက်သွားတာလေ။ သူ့စိတ်မှာ ကိုကို့ကိုမခွဲခွါနိုင်ပေမယ့် မပြောရက်ဘူးထင်တာပဲ။"

"ဒက်ဒီ့မေတ္တာတော့သိပါတယ်။ ဒါပေမယ့် အဲသည့်နေရာမှာ ငါ စိတ်ရှုပ်နေတယ်။ မပျော်ဘူးလေ။ ငါ့မိသားစုလေးနဲ့ငါ နေလာရရင် ဒက်ဒီ့ကို ငါလာခေါ်ဦးမှာပေါ့. . ."

အိမ်ရှေ့ရောက်တော့ ထော်လာဂျီရပ်တယ်ဆိုရင် ဝေမျှတို့ ကျွန်မနှုတ်ဆက်လိုက်ပါတယ်။ အိမ်ကိုလည်းလာလည်ပါဦး။ ဒေါ်လေးနဲ့လည်း တွေ့ဖူးအောင်လို့ ဖိတ်လိုက်တယ်။

"နောက်ရက်ကြရင် မောင်ခေါ်လာပါ့မယ်။ အမေ့ဘယ်တို့နဲ့လည်း တွေ့ရတာပေါ့။ သွားမယ် မိုးအေး။ စိတ်ချပါ မောင်လိုက်မသွားပါဘူး။ အလကားစိတ်ညစ်မနေနဲ့နော်. . ဟုတ်လား"

"ကျွန်တော် ခေါ်မသွားပါဘူး မမ. . ."

သူတို့ညီအစ်ကိုအပြောကြောင့် ပြုံးရတယ်။

ကျွန်မရင်ထဲမှာ သောကကိုဖြေသိမ့်ပေးဖော်ရလို့ အေးလူ့တင်ပါတယ်။ မောင့်ကိုမခွဲခွါနိုင်လို့ အဲသည်သောကတွေကို မွေးယူသလိုဖြစ်နေတာလည်း ကျွန်မရဲ့အားနည်းချက်ပဲ ဖြစ်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"အားပါး . . ကိုကို့အိပ်ယာနေရာလေး ကောင်းလိုက်တာ။ အရမ်းအေးချမ်းတယ် . . ."

ဝေဠုကိုသူ့အနားမှာ အိပ်ယာပြင်ပေးလိုက်တယ်။ အသုဘတစ်ခုရှိလို့ ဦးဇင်းကတဖက်ရွာကြွနေလို့ ကျောင်းမှာမရှိဘူးလေ။ ဝေဠုလာတာကို စိတ်မှာပျော်ရွှင်နေမိတာဟာ ငါးရာနှစ်ဆယ့်ရှစ်ရဲ့ သကော်တလား။ ဒက်ဒီ့ကိုလည်း သတိရနေပါတယ်။

"မမမိုးအေးရှေ့ အရမ်းမပြောချင်လို့၊ ဒက်ဒီက ကိုကို့ကိုပြန်ခေါ်ချင်နေပုံရတယ်။ သတိရတယ်ဆိုတဲ့စကားကို မှုးတိုင်းမှုးတိုင်း ညည်းတယ် . . ."

"ငါလည်း ဒက်ဒီနဲ့မင်းကိုတော့ အမြဲသတိရပါတယ်"

"မမမိုးအေးက ယဉ်ယဉ်လေးနဲ့လှပါတယ်။ ဒါပေမယ့် ကိုကို . . မမသန္တာက ကိုကို့ကို စိတ်ဖျက်ပုံမရဘူး။ ကျွန်တော်သည်လာမယ်ဆိုတော့ ကိုကို့ဖို့ဆိုပြီး ပုဆိုးလေးငါးထည် လက်ဆောင်ထည့်ပေးလိုက်တယ်။ သူ့လက်ဆောင်လို့ပြောတာပဲ"

"သန္တာ့အတွက် ချစ်သူမရှားပါဘူး ဝေဠုရာ . . .။ သူ့မာနကြောင့်သာ ငါ ခင်ခင်မင်မင်နေရတာ။ ချစ်လို့မှ မရတော့



"ဒက်ဒီတောင်မသေသေးဘူး။ မမကြီးတို့လင်မယားကအမွေလိုချင်နေကြပြီကိုကို။ လက်ဖြန့်တောင်းတိုင်း မငြင်းတမ်းပေးနေတဲ့ဒက်ဒီ့ဆီက၊ အမွေလိုချင်တာများ ကျွန်တော်ဖြင့်အံ့ရောပဲ . . ."

မောင်နှမတွေမှာ စိတ်ဓါတ်အမျိုးမျိုးရှိနေကြတာပါပဲ။ အထူးသဖြင့် အိမ်ထောင်ကျပြီးကုန်ရင်သွေးကွဲကုန်ကြတာလား။ သူတို့အိမ်ထောင်ဖက်ရဲ့စိတ်ချမ်းသာမှုတစ်ခုကိုပဲ ကြည့်ကြတော့တာလား။

ညီအစ်ကိုနှစ်ယောက် အိမ်ကမိသားစုအကြောင်းတွေပြောနေမိကြတယ်။

"ဖြစ်နိုင်ရင်သည်မှာကြာကြာနေကြည့်ပါ ဝေဠုရာ။ ငါအခု . . . နေတတ်သွားပြီ"

"ကျွန်တော်ချက်ခြင်းမပြန်ပါဘူး။ နေဦးမှာပါ"

"မင်း တရေးအိပ်လိုက်လေ။ နိုးတဲ့အချိန်ကြရင် ကျောင်းဝင်းထဲမှာ ငါပြုပြင်ထားတာလေးတွေ လိုက်ကြည့်ရအောင်"

"မအိပ်ချင်ပါဘူးကိုကိုရာ။ ကျောညောင်းလို့ ခဏလှဲတာပါ။ ခဏနေရင်ခြံထဲဆင်းကြည့်မယ်လေ။ တော်ကြာမိုးချုပ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း နားနေဦး။ ငါ မီးဖိုထဲမှာ စားစရာတွေ စီစဉ်ဦးမယ်။ မနက်အာရုဏ်အတွက်လည်း ဆွမ်းဟင်း စီစဉ်ရဦးမှာ . ."

ဝေဠုကိုထားခဲ့ပြီးတော့ မီးဖိုဆောင်ဆီ ထွက်လာခဲ့တယ်။ ဖော်ကြီးတစ်ယောက်တော့ ဘာတွေချက်ဖို့စီစဉ်နေတယ် မသိ။ မီးမွှေးထားတာတွေ့ရတယ်။

"ဖော်ကြီး . . . ဘာချက်မလဲ"

"အာရုဏ်ဆွမ်းအတွက် ဆတ်သားခြောက်ဖုတ်ပြီး ထုထားတယ် အစ်ကို။ မနက်မှဆီဆမ်းရမလား"

"ခုထဲက စိမ်ထားပါလား"

"ကိုဝေဠုအတွက်တော့ ညနေစာကြက်သားတစ်ခွက် ချက်ရင် ဖြစ်မလားအစ်ကို။ ငပိရည်တို့စရာပဲရှိတယ်။ ဘဲဥ ကြော်ပေးရ ဦးမလား"

"ကြက်သားချက်ထားပြီပဲ။ ဘဲဥကြော်မနေပါနဲ့တော့။ စားနိုင်ပါတယ်"

"ကိုကို"

"အိပ်ပါဆို"

"မအိပ်ချင်ဘူး ကိုကိုရာ။ ခြံထဲလိုက်ပြမယ်ဆို"

ဝေဠုကို စေတီသွားတဲ့လမ်းခင်းနေရာဆီ ခေါ်လာခဲ့တယ်။ နေခြည်မရှိတော့တဲ့အတွက်အမှောင်ရိပ်တော့ ရှိနေတယ်။



"သည်နေရာထိကို ကိုကို၊ ဦးထွန်းနဲ့ ဖော်ကြီးတို့ သုံးယောက်ထဲရဲ့ လုပ်အားနဲ့ခင်းထားတယ်။ စေတီဆီရောက်ဖို့ နောက်ထပ် တဝက်ချိုးလောက်ရှိသေးတယ်"

"ကျွန်တော်ရှိနေတုန်းလည်း ကူပါမယ်။ အလကားထိုင် ပျင်းနေမယ့်အစားပေါ့"

"ငါရောက်ကာစက မိုးမိရင်ခဏခဏ နှာစေး အအေးမိ များတယ်။ အခုတော်တော်အကြံမ်းခံနိုင်လာပါပြီ. . ."

"သစ်ပင်ကြီးတွေ များတယ်နော်"

ဝေဠုအတွက်တော့ နေရာကအသစ်အဆန်းဆိုတော့ ထူးဆန်းနေတာပါပဲလေ။ သူရောက်ကာစက ခံစားမှုမျိုးပေါ့။ ညီအစ်ကိုနှစ်ယောက် စကားရပ်ပြောနေတာ ခြင်ကိုက်တယ်ဆို ကျောင်းကိုပြန်လာခဲ့ကြတယ်။

"အာရုဏ်ဆွမ်းစားဖို့ ဘာတွေချက်နေလဲကိုကို"

"အာရုဏ်ဆွမ်းအတွက်က ဆတ်သားခြောက် ဖုတ်ပြီးပါပြီ။ မင်းအတွက် ကြက်သားဟင်းချက်နေတယ်"

"ပင်ပင်ပန်းပန်းမချက်ပါနဲ့လို့တော့ ပြောချင်ပေမယ့် ပြောလို့လည်းမဖြစ်ဘူးကိုကို။ ကျွန်တော်က ဟင်းမကောင်းရင် မစားနိုင်ဘူးလေ"

သူလည်းဟိုအရင်ကသည်လိုပါပဲ။ အခုတော့ ကျောင်း အတွက် တနပ်စာပိုရနည်းလားဆို ချွေချွေတာတာချက်တဲ့ အခါတွေလည်း စားနိုင်အောင်စားရတော့တာပါပဲ။

❀ ရန်မိုင်ဦးစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"မင်းရှိနေတဲ့ရက်မှာတော့ ဟင်းကောင်းကောင်း ချက်ကျွေးပါမယ်"

"ဒါဆိုရင် ကိုကိုတို့ချည်းပဲဆိုရင် မချက်ဘူးပေါ့"

"မချက်ဘူး။ ဦးဇင်းကလည်း အာရုဏ်ဆွမ်းအတွက် ကြုံသလိုချက်ပါ။ အထူးအထွေလုပ်မနေနဲ့ မှာထားတယ်။ အားလုံးအတူတူ ကြုံသလိုချက်လိုက်တာပဲ။ တစ်ခါတစ်လေ ပဲပြုတ်ဆီဆမ်း စားလိုက်တဲ့အခါတွေလည်း ရှိတယ်..."

"ကိုကို... စားနိုင်လို့လား"

"အခုကတော့ မစားနိုင်ဘူးပေါ့။ အခုတော့မဆိုးပါဘူး။ ဆာတဲ့အချိန် စားလိုက်တာပါပဲ။ ကလေးလေးတွေတောင် စားနိုင်သေးတာ။ နောက်ကို မင်းတွေ့ရမှာပါလေ..."

"ဘုန်းဘုန်းကျောင်းအတွက် မီးစက်တလုံး ဝယ်လှူချင်တယ် ကိုကို"

ဝေဠုဆီက စကားတစ်ခွန်းဟာ နှစ်သက်သဘောကျစရာ ပါလား။ သူ သည်ကိုရောက်နေတာကြာပါပြီ။ မီးမရှိတာလည်း သိနေပါလျက် တခြားပြင်ဆင်သင့်တာတွေကိုသာ ပြင်ဆင်နေမိတယ်။ မီးစက်တစ်လုံးဝယ်လှူဖို့တို့ မတွေးမိခဲ့ပါလား။

"ဟုတ်ပါရဲ့ဝေဠုရာ။ သည်တစ်ခါ ကိုကိုတကယ် ညံ့သွားပြီ။ မင်းတော်တယ်။ တကယ်တော်တာ"

"မှောင်ရင် ကျွန်တော်မနေတတ်လို့ပါ။ မတော်ပါဘူး"





အာပဲပြောပြော မှောင်ထဲမှာမနေတတ်တာနဲ့ စာနာစွာ တွေးတောစဉ်းစားပေးဖော်ရတဲ့ဝေဠုကို သူ... ကျေးဇူးတင် ရမှာပါပဲ။

**********

"ဟင်... ဝေဠုက ထော်လာဂျီမောင်းတတ်သလား"

"ကားမောင်းတတ်တဲ့သူအတွက် ဘာခက်တာလိုက်လို့ မမမိုးအေးရဲ့..."

"ဝေဠုက သည်နေ့မြို့မှာဘုန်းဘုန်းကျောင်းအတွက် မီးစက်ဝယ်မှာမို့လိုက်လာတာတဲ့လေ။ ပြီးတော့ ရွာကို သူ ရောက်ပြီ ဆိုတာလည်း ဒက်ဒီ့ဆီဖုန်းဆက်ကြမလို့"

သည်နေ့တော့ ဝေဠုကထော်လာဂျီမောင်းပြီး မောင်က ကျွန်မနဲ့ကလေးအုပ်စုတွေထဲ တိုးဝှေ့ထိုင်ပါတယ်။ မိုးမှုံ့ဖွဲဖွဲ ကြောင့် ထီးဆောင်းကြတယ်။

"သည်မှာတိုက်တဲ့လေကိုတော့ ကျွန်တော် အရမ်း သဘောကျတယ်ကိုကိုရာ။ သိပ်ကိုလတ်ဆတ်နေတာပဲ"

"မိုးလေတွေတိုက်နေတာ ဝေဠုရဲ့။ နေမကောင်း ဖြစ်နေမယ်"

"မင်းအစ်မက စိုးရိမ်ပြုပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက စိုးရိမ်ပိုတာလား။ မောင်ကအကြမ်းမခံနိုင်ဝဲနဖြစ်နေတာလား။ ကျောင်းရောက်သည်အထိ မိုးမှုန်လေးတွေက ကျမစဲ။ ကလေးတွေကတော့ ပလပ်စတစ်စတွေ ဆောင်းလို ဆောင်း။ ဦးထုပ်ဆောင်းတဲ့လူကဆောင်းနဲ့ ကျောင်းဝင်းထဲ ပြေးဝင်ကုန်ကြပြီ။

"မိုးအေး. . . လိုက်ခဲ့ပါလား"

"မလိုက်တော့ဘူး၊ ကလေးတွေချည်း ဖြစ်နေမှာပေါ့။ ညနေလာကြိုတော့မှပဲ စကားပြောတော့လေ"

"ကိုကိုတို့များ ခဏလေးကိုမခွဲနိုင်မခွါရက်ဖြစ်နေတယ်။ မမမိုးအေး စိတ်ကောက်အောင်ကျွန်တော်လုပ်လိုက်ရမလား။ ဒါမှ ကိုကိုချော့နေရမှာ။ မမမိုးအေး ကိုကို့ကိုမယုံနဲ့သိလား။ ရန်ကုန်မှာတုန်းက ကိုကိုအရမ်းစွံတယ်။ ရည်းစားကို ဘယ်နှစ်ယောက်မှန်း မသိအောင်ကို ထားတာ. . ."

"ဝေဠု. . မင်းမဟုတ်တာမပြောနဲ့နော်။ မိုးအေးတကယ်ယုံမှာ"

"ဝေဠုပြောတာ ဟုတ်ချင်ဟုတ်မှာပါ"

"မဟုတ်ဘူး။ ဟာ. . . မဟုတ်ဘူး မိုးအေး"

"ဟုတ်တယ် မမ။ ရအောင်မေး. . ရအောင်မေး. ."

ဝေဠုကရယ်ရင်း ထော်လာဂျီကို မောင်းထွက်သွားတယ်လေ။ ကျွန်မကတော့ ဝေဠုနောက်ပြောနေတာနေမှာပါလို့





တွေးမိတဲ့ကြားက ဟုတ်များဟုတ်မလားဆိုတဲ့ စိုးရိမ်ပူပန်စိတ်ကလေးက ရင်ထဲကိုရောက်လာခဲ့ပါတယ်။

"ဟယ် မောင်. . . မောင်။ လိမ့်ကျမယ်"

ထော်လာဂျီသွားနေတဲ့ကြားကများ ခုန်ချရတယ်လို့။ အတင့်ရဲလိုက်တာ မောင်ရယ်

"မိုးအေး. . စိတ်မကောင်းဖြစ်သွားတယ် မဟုတ်လား။ မောင်သိတယ်။ မိုးအေးမျက်နှာရဲ့အပြောင်းအလဲကို မောင်အလွတ်ရပါတယ်ကွာ။ ဝေဠုနောက်တာပါ။ မောင်အဲလိုလူစားမဟုတ်ပါဘူး။ အချစ်ကိုတန်ဖိုးထားမြတ်နိုးတတ်တဲ့ လူစားမျိုးပါ"

"ကိုကိုတို့များဗျာ မမမိုးအေးစိတ်ကောက်မှာကြောက်ပြီးကားပေါ်ကခုန်ချရတယ်လို့။ မတော်တဆလိမ့်ကျရင် မခက်ပေဘူးလား။ မမမိုးအေးရေ ကျွန်တော်နောက်တာနော်။ ကိုကိုတော့မလွယ်ဘူး။ နောက်ဆို မနောက်ရဲအောင်တောင် ဖြစ်နေပြီ"

"ဟုတ်သားပဲမောင်ရယ်။ မတော်တဆ ချော်ပြုတ်ရင်စိုးထိတ်သွားမှာအခက်၊ မိုးအေးယုံပါတယ်။ နောက် အဲလိုမလုပ်နဲ့နော်"

ကျွန်မလေး စိုးရိမ်ထိတ်လန့်ပူပန်သွားတဲ့ကြားက မောင့်ဂရုစိုက်မှုအတွက် ကြည်နူးကျေနပ်ရပါတယ်။ မောင်ကားပေါ်ပြန်တက်သွားတဲ့အထိ ရပ်ကြည့်နေမိဆဲပါ။

"မမမိုးအေး ကိုကို သည် လောက် ကဲ အောင်၊ သည်းအောင်ချစ်တာ သည်တစ်ခါပဲ တွေ့ဖူးပါတယ်ဗျာ. . ယုံ"



www.burmeseclassic.com

www.burmeseclassic.com



ဝေဠုတကားမောင်းရင်းမှ လှည့်အော်သွားသေးတယ်။ မောင်က ကျွန်မကိုသိပ်ချစ်ပါလားလို့သိရပြီ။ သိပ်ကို ကြည်နူးရပါတယ်။ မျက်ရည်တွေသိပ်ပေါတဲ့မိုးအေးလို့ မပြောပါနဲ့လား မောင်. . .။

ပီတိကြောင့်လည်း ကျွန်မမျက်ရည်ဝဲတတ်ပါတယ်။ မောင့်ကို သိပ်ချစ်တယ်။ ဘဝခရီးလမ်းမှာ သေတပန်သက်တဆုံး အချိန်ထိ လက်တွဲမဖြုတ်စတမ်းနော် မောင်. . .။

* * * * * * * * * *

မိုးစက်ဝင်ဝယ်တယ်။ လိုမယ်ထင်သမျှ ပစ္စည်းအကုန် ဝယ်ခဲ့တယ်။ ဝေဠုကတော့ မမမိုးအေးကိုချစ်တော့ ကိုကို ရူးမတတ်ပါလားဆို ခဏခဏပြောပြီး ရယ်ပါတယ်။ မသန္တာကို အဲလိုမျိုးချစ်ခဲ့ရင် မြို့ကခဲတောင်ခွါနိုင်မှာမဟုတ်ဘူးလို့လည်း ပြောသေး။

"ကိုကို ဖုန်းအရင်ဝင်ဆက်ရအောင်။ ပြီးရင် ကျွန်တော့်ကို တစ်ခုခုကျွေး ဗိုက်ဆာနေပြီ. . ."

"အေးပါကွာ"

ရန်ကုန်အိမ်ကို ဖုန်းခေါ်ရတာလည်း မလွယ်။ တော်တော် ခက်ခက်ခဲခဲ ခေါ်ယူရတယ်။

ရန်ပိုင်ဦးစာပေ



"မမလေးလား. . ကိုသက်ပါ။ ဗျာ. . ဟုတ်လား။ ဘယ်တုန်းက သွားတာလဲ။ ဟုတ်ကဲ့. . ဟုတ်ကဲ့။ လာမယ်. . လာမယ်။"

"ဘာတဲ့လဲ ကိုကို"

တယ်လီဖုန်းချလိုက်ပြီ။

"ဒက်ဒီ ဆေးရုံတင်ထားရတယ်တဲ့ဝေဠု။ မနေ့က ညကမှ သွေးအန်လို့လို့ပြောတယ်။ ခုတိသတိမရသေးဘူးတဲ့။ အဲဒါ မင်းနဲ့ငါ ပြန်လာပါလို့ ကိုစိုးကို အခေါ်လွှတ်ထားတယ်တဲ့။ လာ. . ငါတို့ ကားလက်မှတ်တစ်ခါထဲ ဝင်ဖြတ်ရအောင်"

ကားလက်မှတ်ဝယ်တော့ မနက်ဖြန်ညနေမှရပါတယ်။ ကိုမိုးတ မနက်ဖြန်မနက်တော့ရောက်မယ်။ ကိုမိုးအတွက်ပါ ကြိုဝယ်လိုက်တယ်။ ကားလက်မှတ်ဝယ်ပြီးတော့ ဝေဠုက ပြောပါတယ်။

"မမမိုးအေးကတော့ ကျွန်တော်ကိုကိုကို လာခေါ်တယ်လို့ အထင်ခံရတော့မှာပဲ"

"ဟုတ်မှမဟုတ်တာကွာ။ ရုတ်တရက်ဖြစ်လာတဲ့ကိစ္စပဲ။ မင်းနဲ့မဆိုင်ပါဘူး။ ငါ ဒက်ဒီကိုစိတ်ပူတယ်"

ညီအစ်ကိုနှစ်ယောက် ခေါက်ဆွဲဝင်စားတော့လည်း စားမကောင်းတော့။ ဒက်ဒီများတစ်ခုခုဖြစ်သွားရင်ဆိုတဲ့ အတွေးစဟာ ကျွန်တော့်ကိုဖိအားပေးနှိပ်စက်နေသလိုပါပဲ။

ရန်ပိုင်ဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဒက်ဒီကိုကျွန်တော်လည်း သတိပေးနေတာပဲ။ ချောင်းတွေဆိုးနေတယ်။ စီးကရက်၊ အရက်လျှော့ပါဆို ပြောမရဘူး။ ဘာများဖြစ်သလဲမသိဘူး။ မမကြီးတို့က ဂရုတော့စိုက်မှာပါနော် ကိုကို"

"ကိုယ့်အဖေပဲဝေဠုရယ်. . . ဂရုစိုက်မှာပေါ့"

"မထင်နဲ့ကိုကို. . ဟိုတစ်လောက ဒက်ဒီနေမကောင်းတော့လည်း သူတို့ ပိုက်ဆံပဲတောင်းနေကြတာ။ ဒက်ဒီသေရင် အမွေခွဲဖို့တွေတောင်ကြိုတိုင်ပင်နေတာ ကျွန်တော်နားနဲ့ဆတ်ဆတ်ကြားရတယ်. . ."

ဝေဠုပြောတော့ စိတ်မကောင်း။

ဒက်ဒီ့ခမျာ မာမီမရှိထဲက မေတ္တာစစ်ကို မရတော့ပါလား။ သားသမီးတွေ လက်ဖြန့်ငွေတောင်းတိုင်း မငြူမစူပေးတတ်တဲ့ ဒက်ဒီ့သံယောဇဉ်နဲ့ ချစ်ခြင်းကို ခုချိန်မှသူ မြင်လာရတာပါ။

"ငါတို့မြန်ကြရအောင် ဦးဇင်းကိုလည်း လျှောက်ရဦးမယ်"

ညီအစ်ကိုနှစ်ယောက်ရဲ့ အပြန်ခရီးဟာ စိတ်မကောင်းစရာ-အတွေးကိုယ်စီနဲ့ ငြိမ်သက်နေပါတယ်။ သူ အိမ်ပြန်နေတဲ့အခိုက်မှာတော့ ထော်လာဂျီကို ကိုကြီးမြစ်ကိုအပ်ခဲ့မယ်။ ကျောင်း မှာတော့ဇော်ကြီးလည်း မောင်းတတ်တာပဲ။ မိုးအေးနဲ့ကလေးတွေ ကျောင်းအသွားအပြန် ကြိုပို့လေးအဆင်ပြေဖို့တော့ လိုပါတယ်။





မိုးအေးလေး. . .

ဒက်ဒီ့ကိုပြုစုချင်လို့ မောင်ပြန်မှာပါ. . .

သည်အတွက်မောင့်ကိုနားလည်ပေးပါ။

မိုးအေးမှာ လိမ္မာယဉ်ကျေးသော စိတ်ဓါတ်ရှိတာပဲလေ။ နားလည်ပေးမယ်လို့ သေချာသိပါတယ်။

ကျောင်းပြန်ရောက်တော့ ဦးဇင်းကိုအရင် ဝင်လျှောက်ရတာပေါ့။

"ဆေးရုံတက်နေတယ်ဆိုရင်တော့ ပြန်ရမှာပေါ့။ ပြန်ပါ။ မိဘကအရေးကြီးတယ်။ နေမကောင်းတုန်း သေချာပြုစုပါသက်မင်းခိုင်။ မိဘမကျန်းမာတာကို ပြုစုခွင့်ရဖို့ဆိုတာ သားသမီးတိုင်း ရနိုင်တာမဟုတ်ပါဘူး။ ပြုစုထိုက်သူမှသာ ပြုစုခွင့်ရတာပါ"

"တပည့်တော် အိမ်ပြန်နေတုန်း ကိုကြီးမြစ်နဲ့ ဇော်ကြီးကိုပဲ ကျောင်းပို့ကျောင်းကြိုလုပ်ခိုင်းပေးပါဘုရား. . ."

"နောက်ကြောင်းတွေစိတ်ချ။ သံယောဇဉ်ကပူပန်မှုကိုပဲဖြစ်စေမယ်"

ဦးဇင်းပြောတော့ မှန်ပါတယ်

သည်ကိုလည်းသံယောဇဉ်ကမပြတ်၊ စိတ်ပူပန်မှုတွေပြည့်နေသလိုပါပဲလား။

www.burmeseclassic.com

www.burmeseclassic.com



* * * * * * * * * *

"ဟင်. . . ဒါဆို မောင်တို့မနက်ဖြန် ပြန်မှာပေါ့ ဟုတ်လား"

"ဟုတ်တယ်. . .။ ဒက်ဒီဆေးရုံပေါ်ရောက်နေမှတော့ မောင်ပစ်မထားနိုင်ဘူးမိုးအေး။ ဒက်ဒီနေကောင်းတာနဲ့ ချက်ခြင်းပြန်လာခဲ့ပါမယ်။ မောင့်ကို ယုံကြည်ပါ. . ."

ဖခင်တစ်ယောက်လုံး ဆေးရုံပေါ်ရောက်နေလို့ ပြန်ပါမယ်ဆိုတဲ့ ချစ်သူကို ကျွန်မဘယ်လိုနှလုံးသားမျိုးနဲ့ တားဆီးရမှာတဲ့လား။ ကျွန်မသာ စိတ်ထိခိုက်ခံစားရတော့မှာပါ။ မောင့်ကို မတားရက်တော့ပါဘူးလေ။

"စိတ်မကောင်းမဖြစ်ရဘူးနော်။ မောင်ကတိပေးတယ်။ ဒက်ဒီနေကောင်းတာနဲ့ချက်ခြင်းပြန်လာမယ်"

"ဟုတ်ကဲ့ပါ"

ဖခင်အတွက်လည်း သောကနဲ့။ ကျွန်မကလည်း စိတ်ထိခိုက်စေဦးမည်ဆို ချစ်ရသူရင်မောရလိမ့်မည်မို့ မပြုရက်ပါဘူးလေ။ ဒါပေမယ့် မောင့်ကို တရံတဆစ်မှ မခွဲခွာလိုသော နှလုံးသားသည်စိုးထိတ်ခြင်းကြီးစွာနှင့်တော့ ကြေကွဲနေပါပြီ။

"ဒါလေး. . . ဒက်ဒီနေကောင်းတာနဲ့ ကျွန်တော် ပြန်လာမှာပါ"



"စိတ်ဖြောင့်ဖြောင့်ပြန် မောင်သက်. . ၊ မိဘကဘဝမှာ အဓိကအရေးကြီးဆုံး။ မင်းအမေကို ခုချိန်ပြုစုချင်လို့ ရသေးလား။ သည်တော့ အဖေကို ပြုစုခွင့်ရတုန်းပြုစုပါ"

"အခြေအနေကို ကိုသန့်ရုံးကို ဖုန်းဆက်ဆက် ပြောမယ်နော် မိုးအေး"

"ဟုတ်ကဲ့"

ဘယ်လိုအကြောင်းရှိရှိ မပြန်ရဘူးနော်မောင်လို့ ဟိုအရင်ကပြောခဲ့ဖူးပေမယ့် ခုချိန်မှာတော့မပြောရက်ပါဘူး။

"ညက မီးစက်ဖွင့်တာ မီးတွေလည်း လင်းထိန်လာရော ကလေးတွေက လက်ခုပ်တိုင်းတီးကြတယ်။ ဟိုးအရင်ကလို သာဆို ကျွန်တော်အရမ်းပျော်မှာ။ အခုတော့ သည်နေရာကို ခေတ္တခွဲခွာရမယ်ဆိုတဲ့အတွေးနဲ့ မပျော်နိုင်အောင်ပါပဲ။ ဦးဇင်းပြောတာ မှန်တယ်။ သံယောဇဉ်ဆိုတာ ပူပန်မှုကို ရစေတယ်တဲ့"

မောင့်နေရာကနေ ခံစားပေးလို့ရပါတယ်။

သည်စကားတွေကိုမောင့်နှလုံးသားထဲကပြောနေ တယ် ဆိုတာလည်း ကျွန်မသိပါတယ်လေ။

"ကိုကြီးမြစံက ကျောင်းကြိုပို့လုပ်ပေးမယ်မိုးအေး။ မောင်ပြန်မယ်၊ မောင့်ကိုလိုက်ပို့ပါလား။ ကျောင်းခဏပြန်ကြ ရအောင်လေ။ ပစ္စည်းတွေ ပြန်ယူမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်မှာ ငိုချင်နေပေမယ့် မောင့်ကိုပူပန်မှုတွေ မပေးချင်ပါဘူး။ မောင်နဲ့အတူ လမ်းလျှောက်ထွက်လာခဲ့တယ်။ ဖြောင့်ဖြူးပြီး ချိုင့်ကျင်းလုံးဝမရှိတော့သော ရွာရှေ့ဆယ်လမ်းမကြီးမှာ ကျွန်မတို့နှစ်ယောက်ရဲ့လုပ်အားတွေ အပြည့်အဝ ပါနေတယ်နော်။

မိုးရွာလာပြီ။

မောင်က ဘုန်းဘုန်းစွန့်ထားတဲ့ ထီးစုတ်ကြီးကို ဆောင်းတဲ့အခါမှာ ကျွန်မစိတ်ညစ်တဲ့ကြားက ပြုံးချင်မိပါတယ်။

"မိုးအေး. . . မိုးမိပြီ"

"ရပါတယ်။ မောင်သာ ဆေးကြိုသောက်"

နှစ်ယောက်အတူ ယာယ်ကွင်းတွေဖြတ်လျှောက်ကြတယ်။ မိုးသည်းလာပြီ။ မောင်ကမိုးသည်းထဲမှာ လယ်ကွင်းထဲပေတောပြီး ရပ်နေတဲ့ ဗျိုင်းတစ်ကောင်ကို လှမ်းပြပါတယ်၊ ကျွန်မငေးကြည့်မိခိုက် ပျိုးမှို့မှို့ပေါ် ဖျော်ခနဲရောက်လာတဲ့ အနမ်းတစ်ပွင့်. . .

"ဒါ သေတပန်သက်တဆုံးချစ်မယ်လို့ ပေးတဲ့ ကတိအနမ်းနော်. . .။ မျက်နှာသစ်တဲ့အခါ၊ သနပ်ခါးလူးတဲ့အခါ မောင်ဟာကတိတွေပေးခဲ့တယ်လို့ အမှတ်ရ. . ."

"မပြောနဲ့ကွာ. . . သူများ ငိုချင်နေတယ်နော်"



"မငိုပါနဲ့. . . မောင် ပြန်လာမှာပဲဟာ"

မိုးအရမ်းသည်းနေပြီ၊ ငိုလို့အလွယ်လေး မျက်ရည်စတို့ မိုးပေါက်တွေက ထင်ယောင်ထင်မှား ပြုပေးပါလိမ့်မယ်။

"မောင်ကသာ အဝေးမှာရောက်နေမှာပါ။ မောင့်စိတ်တွေက မို[illegible]ထာဝရရောက်နေမယ်လို့ ယုံကြည်ပါ။ မောင်က အချစ်ကြီးတတ်တဲ့သူပါ"

"ကျွန်မကရော. . .မောင့်ကိုသိပ်ချစ်တဲ့သူပါ မောင်ရယ်"

မိုး. . . ရွာပဲရွာနိုင်လွန်းတယ်။

ကြေကွဲနေတဲ့ ကျွန်မနှလုံးသားကိုများ ငြိုးပြီးရွာနေတာလားဟင်။ ကျွန်မချစ်သူမောင်နဲ့တစက္ကန့်လေးမျှ မဝေးချင်သော ကျွန်မကို ခုလောက်မငြိုးပါနဲ့ မိုးရယ်. . .

* * * * * * * * * *

မျက်ဝန်းထဲမှာတော့ ဆုပေးနေတဲ့ဦးဇင်းရဲ့ တုန်ရင်နေတဲ့ သံယောဇဉ်သံစဉ်တွေ။ ပြီးတော့ သူ့ကိုကြည့်နေတဲ့ ကလေးတွေရဲ့ ငြိုးငြိုးငယ်ငယ်အကြည့်လေးတွေ။ ဘယ့်လိုပြုံးပြုံး မျက်ဝန်းအပြည့်မျက်ရည်စတွေနဲ့ မိုးအေး၊ ဆုပေးရင်း မျက်ရည်ကျတဲ့ အမေဆယ်။ ဒါတွေဟာ မျက်ဝန်းထဲမှာ အစီအရီရှိနေဆဲပါ။ ခဏလေးနေခဲ့ရတဲ့ သည်ဝန်းကျင်ကို သူတွေ့တာလွန်းနေပြီလား။

ရန်ပိုင်ဦးကာဝေ

www.burmeseclassic.com

www.burmeseclassic.com



"စပြီး သတိလစ်သွားထဲက ခုထိ သည်အတိုင်းပါပဲ"

ဒက်ဒီ့ကို ပိုက်တွေနဲ့သတိလစ်နေတာပဲတွေ့ရပါတယ်။ အနားမှာဘယ်သူမှလည်း မရှိပါလား။ အထူးသူနာပြု တစ်ယောက်ပဲ ထိုင်စောင့်ပေးနေရှာပါတယ်။

"ငါ . . . ဆေးရုံမှာနေခဲ့မယ်။ မင်း အိပ်ပြီးနားလိုက်"

"ကိုကိုနားပါဦး"

"မနားတော့ဘူးဝေ့။ ငါမပင်ပန်းဘူး"

ဒက်ဒီ့အတွက်အချိန်မရှိတော့ဘူးလို့ သူခံစားရတယ်။ ဒါကြောင့် အိမ်ကိုတောင်မပြန်တော့ပဲဆေးရုံမှာနေလိုက်တယ်။ ဆရာမရှိပေမယ့်သူကိုယ်တိုင်ပြုစုသင့်သမျှ ပြုစုမယ်လို့လည်း စိတ်ဆုံးဖြတ်လိုက်ပြီလေ။

"ဆရာမ . . . ကျွန်တော့်ကို အမှန်အတိုင်းပြောပါနော်။ ဒက်ဒီဟာ သတိရလာစရာအကြောင်း ရှိသေးလား"

"ပြောလို့တော့ မရပါဘူး၊ ရနိုင်ပါတယ်၊ ကျွန်မတို့ အတွေ့အကြုံမှာ မရတော့ဘူးဆိုပြီးမှ အခြေအနေအများကြီး ကောင်းလာတဲ့ လူမမာမျိုးတွေလည်း ရှိပါတယ်။"

ဒက်ဒီ့နားမှာ နေ့နေ့ညညနေတော့မယ်လို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။ ဘာကိုမှ သတိမရတဲ့လူတစ်ယောက်ဆိုတော့ အညစ်အကြေးကအစ သန့်ရှင်းပေးရတယ်လေ။ ဆရာမရှိနေတော့ ထိုင်စောင့်နေရုံပါပဲ။





အပြင်မှာ မိုးသည်းနေပါလား။

ခုချိန် မိုးအေးဘာလုပ်နေမလဲ

အိပ်နေပြီလား . . .

အိပ်မက်များမှာ မောင်ရှိနေမယ်လို့ ယုံပါတယ် မိုးအေးရယ်

ကတီအနမ်းပွင့်လေးမှ သနပ်ခါးနံ့သင့်ပျံ့ပျံ့ကလည်း နှလုံးသည်းပွတ်မှာ ခိုဝင်နေဆဲပါ။ မိုးပေါက်တွေကို ပိတ်ထားသော မှန်ပြတင်းမှတစ်ဆင့် မြင်နေရတယ်။ မိုးအေးနဲ့အတူ မိုးသည်းမှာလျှောက်ခဲ့တာ အမှတ်ရနေပြန်ရော။

ဒက်ဒီကတော့ ဘာမှမသိပါလား

ဒက်ဒီနဲ့စကားတွေ ပြောချင်တယ်

ရွာမှာဦးဇင်းတို့နဲ့တွေ့တာကအစ သူပျော်ရွှင်နေခဲ့သမျှ ဒက်ဒီ့ကိုပြောပြချင်မိတယ်။ သူ့စကားတွေကို ဒက်ဒီနားထောင်ပေးနိုင်တော့မည်မထင်ပါ။

"ကိုသက်"

"ဩော် . . . မမကြီး"

မမကြီးကတော့ လုပမ္မွေးကြိုင်လို့။ ဘယ်ကပြန်လာသည်မသိ။

"နင့်ဟာယ် ခရီးကပြန်ရောက်ရောက်ခြင်း အိမ်လာဦးမှပေါ့။ ဒက်ဒီကလည်းစကားမပြောနိုင်တော့ပါဘူး။ သည်မှာလာ ပင်ပန်းအောင် . . . "

www.burmeseclassic.com



"ဒက်ဒီ့ကို နောက်ဆုံးခုလိုပြုစုခွင့်လေးတောင်မှ ရချင်မှ ရတော့မယ်။ ကျွန်တော်မပင်ပန်းပါဘူး"

"ဒါဆိုလည်း နင့်သဘောပဲ။ ဆရာဝန်ကြီးကပြောပြီးပြီ ကိုသက်. . . ဒက်ဒီက အလွန်ဆုံးခံ သုံးလေးရက်ပဲတဲ့"

"ဗျာ. . ."

"ငါသွားမယ်။ ဒက်ဒီကမရှေမရှည်တော့ဘူး။ နင်အပင်ပန်းခံ မနေနဲ့။ အိပ်ရေးပျက်တယ်။ ပြန်လာခဲ့. . ."

မမကြီးကတော့ ဒက်ဒီ့ကိုညှော်ဝတ်တွေ့စွာ တစ်ချက် လှမ်းကြည့်ပြီး ပြန်သွားပြီ။ ဒက်ဒီရှာဖွေခဲ့သမျှ ငွေကြေးတွေနဲ့ အထူးသူနာပြုငှားပေးပြီးရင် တာဝန်ကျေကုန်ကြတာလား။ သူတို့ဘာပြောပြော ဒက်ဒီ့နောက်ဆုံးအချိန်လေးကို ငါရအောင် ပြုစုမယ်. . .။

ဒက်ဒီ သုံးလေးရက်ပဲခံမယ်ဆိုလည်း သုံးလေးရက် မအိပ်ရ ဘာဖြစ်လဲ. . .။

ဒက်ဒီ

သားဆီကို ကောင်းတဲ့ခံစားမှုအသိဉာဏ်တွေ ရလာတဲ့ အချိန်မှာ ဒက်ဒီရှိမပေးနိုင်တော့တာ စိတ်ထိခိုက်ရပါတယ် ဒက်ဒီ ရှာဖွေသမျှ သားသမီးတွေလက်ဖြန့်တိုင်း ကျေကျေနပ်နပ် ပေးလေ့ရှိတဲ့စိတ်ကို တခြားလိုအပ်တဲ့နေရာတွေမှာ သုံးရအောင် ဒက်ဒီလို့ သူပြောရင်လည်း ခေါင်းငြိမ့်မှာမလွဲပါဘူး။





"ရှင်က အဖေကိုအချစ်ဆုံးသားလား။ ကျန်တဲ့လူတွေက ခဏတဖြုတ်ပဲလာကြည့်ပြီး ပြန်သွားကြတယ်။ ရှင်က အညစ်အကြေးကအစ ပြုစုပေးနေတော့ အချစ်ဆုံးသား ထင်တယ်။"

"ကျွန်တော်ကအငယ်ဆုံးလေးမှာနေတာပါ။ မိဘရဲ့တန်ဖိုးကို အခုမှပိုသိလာတဲ့သူဆိုပါတော့ ဆရာမရယ်။ ပြုစုခွင့် သုံးလေးရက်ပဲ ရတော့မယ်ဆိုတာ သေချာသိနေပြီလေ။ ရသမျှ အချိန်ပိုင်းလေးကို ရသမျှကုသိုလ်ယူတော့မယ်. . ."

"အဲသည့်ကုသိုလ်က ရှင့်အတွက် တကယ့်ကောင်းကျိုး ချမ်းသာကို ပေးမှာပါ ကိုသက်မင်းခိုင်. . ."

ပင်ပန်းလွန်းလို့ သိပ်အိပ်ချင်လာရင် နံရံကိုမှီပြီး ခေတ္တခဏလေး ငိုက်နေရတယ်။

"ရှင်. . . နေကောင်းရဲ့လား"

"ကျွန်တော်သိပ်တော့နေမကောင်းချင်ဘူးဆရာမ။ ရွာမှာထဲက အအေးမိထားတယ်. . ."

"ဒါဆို ဆေးသောက်. . ."

ဆရာမကဆေးတိုက်တဲ့အခါမှာ မိုးအေးကို သတိရမိပါတယ်။ မိုးအေးကတော့ မောင်တစ်ယောက် ဘာတွေဖြစ်နေပြီလဲလို့ စဉ်းစားနေမလား။

* * * * * * * * * *

www.burmeseclassic.com



မောင်ရေ. . .

အလွမ်းဆိုတာ ပြောရတော့လွယ်လွယ်လေး

ရင်တနင့်လွမ်းရတာပါလား။ မောင်ပြန်သွားတာ တစ်ပါတ်ရှိပြီ။ ကျွန်မစိတ်မှာ အရာရာဟာခြောက်သွေ့အထီးကျန်သွားသလို ခံစားရပါတယ်။

ထော်လာဂျီသံ ဆူဆူညံညံ၊ ကလေးတွေရဲ့ ဆူဆူညံညံအသံတွေကိုလည်း ကျွန်မစိတ်မှာ ဆူညံမှုတစ်စ မရှိသလို၊ ကျွန်မဟာ ကျောက်ဆစ်ရုပ်တစ်ရုပ်လို ဖြစ်နေပါရောလား။

"ဟဲ့ . . . မိုးအေး။ ဩော် . . . ငါခေါ်နေတာ နင်ဘာတွေငေးနေလဲ"

"ဘာလဲကိုကြီးမြစ်ရဲ့"

"ကိုသက်မင်းခိုင်ဆီက ဘာအဆက်အသွယ်ရလဲလို့ မေးနေတာ။ တင်မောင်သန့်ဆီ ဖုန်းဆက်မယ်ဆိုတာရော ဆက်လား"

"ဟုံငနုကမုန်တိုင်းကြောင့် ဖုန်းတိုင်တွေလဲလို့ မြို့မှာတောင် ဖုန်းလိုင်းတွေပျက်နေတယ်လေ ကိုကြီးမြစ်ရဲ့။ သူ့ဖုန်းဆက်လည်း ရမှာမဟုတ်ဘူး. . ."

"အေး ဟုတ်သားပဲ။ သူ့အဖေရော နေမှကောင်းရဲ့လား မသိပါဘူး. . ."





"အစ်ကိုမရှိတာ အရမ်းခြောက်သွေ့သွားသလိုပဲနော်။ ကျွန်တော်တို့ရွာကို အစ်ကိုရောက်လာတုန်းက မသိသာပေမယ့် အစ်ကိုပြန်သွားတော့ သိပ်သိသာတယ်။ ကျွန်တော်ဖြင့် တစ်ခါတစ်ခါ အစ်ကို့ကို သတိရရင် ထမင်းတောင်မစားဘူး"

"ဦးမရှိတော့ ဟင်းကောင်းကောင်းမစားရဘူးနော် တိုဇော်ကြီး. . ."

အားလုံးလိုလိုရဲ့ရင်ထဲမှာ မောင်ရှိနေပါလား။ ကျွန်မရင်ထဲမှာတော့ အပြင်းထန်ဆုံးသောသတိရမှုတွေ ရှိနေတာပါပဲ။

"ဦးမြစ်. . အစ်ကိုတစ်လလောက်နေလို့မှ ပြန်မလာရင် ကျွန်တော်တို့ရန်ကုန် လိုက်သွားကြရအောင်လား. ."

"စဉ်းစားကြသေးတာပေါ့ကွာ။ ဘုန်းဘုန်းက လွှတ်ဦးမှကိုး။ လာမှာပေါ့. . မင်းတို့ဘယ်လိုဖြစ်နေလဲလို့ ဆုချင်ဆူမှာ။ မင်းလည်းစာမကျက်ပဲ လျှောက်သွားနေလို့ မရဘူးလေ. ."

"ဒါလည်း ဟုတ်တာပဲ"

မိုးအုံ့နေတဲ့ မိုးခိုးရောင်ကောင်းကင်ပြင်ကြီးမှာ ဖိုင်းကလေးတွေပျံနေပါလား။ သူတို့လိုဆိုလျှင်တော့ အတောင်ညောင်းကာမှ ညောင်း ။ မောင်ရှိရာအရောက် ပြန်သွားလိုက်ချင်ပါတယ်။

မောင်. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုမေ့ပြီလို့ မထင်ရက်ပါဘူး။

မောင့်အချစ်ကို ကျွန်မယုံပါတယ်။ မောင့်မှာ အခက်အခဲတွေကြောင့်သာ ကျွန်မဆီရောက်မလာစေကာမူ မောင့်နှလုံးသားမှာ ကျွန်မရှိနေလိမ့်မယ်လို့ သေချာသိရှိယုံကြည်နေဆဲပါ။

"အစ်ကိုထော်လာဂျီလေးကတော့ အသုံးဝင်ပါတယ်။ ဘကြီးပု ခြေထောက်ကျိုးလို့လည်း ဆေးရုံပို့ပေးနိုင်တယ်။ အစ်ကိုပြန်လာမှ ပြောပြရဦးမယ်။"

"ဦးပြန်လာရင် ကြက်သားဟင်းဝယ်ကျွေးခိုင်းမယ်"

"ငါကတော့ ဘောင်းဘီဝယ်ပေးပါလို့ ပြောမယ်. . ."

"စာအုပ်လည်း မရှိတော့ဘူး"

အားလုံးရဲ့စိတ်မှာ မောင့်အပေါ် တစ်ယောက်တစ်မျိုး ငမ်းတကြစေကာမူ မောင့်ကိုသတိရစိတ်က ကိုယ်စီရှိနေကြတာပဲ မဟုတ်လား။

"မိုးအေး. . . ညနေကြရင် ငါ လာမကြိုတော့ဘူးနော်။ နင့်ဖာသာပြန်လို့ဖြစ်လား။ ငါ ဟိုဖက်ရွာမှာ ကျောက်ပြား သွားသယ်ရဦးမယ်"

"ရပါ့၊ ၂ယ် ကိုကြီးမြစံ။ ကိစ္စရှိရင်သွားပါ။"

ကျွန်မအတွက်ကတော့ သည်လမ်းသည်လမ်းတွေမှာ လမ်းလျှောက်သွားခဲ့ရချိန်တွေလည်း များခဲ့ပြီမို့ သွားနိုင်နေပါပြီ။





ကလေးတသိုက်နဲ့ စကားတပြောပြော လျှောက်ပြန်ခဲ့ရတာ ပဲလေ။

"ဖော်ကြီး. . . တင်မောင်သန့်ဆီ ဝင်လို့ရရင် ဝင်လိုက်ဦးနော်"

"ဟုတ်ကဲ့ ဆရာမအေး. . ."

မောင်များတစ်ခုခု ဆက်သွယ်လေမလားဆိုတဲ့ မျှော်လင့်ချက်ကတော့ ရင်ထဲမှာရှိနေဆဲပါလေ။ စက္ကန့်အားလုံးဟာ မောင်အနားမှာမရှိတဲ့အခါမှာ တုန့်ခဲနေသလိုလည်း ခံစားရတယ်။

မောင်. . . မြန်မြန်ပြန်လာပါတော့ကွာ

ကျွန်မလွမ်းလှပြီ။

* * * * * * * * * *

မျက်ဝန်းရှေ့မှာပဲ ဒက်ဒီငြင်သာစွာ အသက်ထွက်သွားတာပါ။ သုံးရက်သုံးညတိတိပြုစုလိုက်ရတယ်။ မနားရလို့ ဝင်ပန်းနေတယ်ဆိုပေမယ့် စိတ်ကဆောင်နေပါတယ်လေ ဒက်ဒီ့ကို မြေကျပြီးချိန်မှာမှ သူဘုန်းဘုန်းလဲကျသွားခဲ့တာပါ

"ကိုကို. . . ဆရာဝန်က နားရမယ်ပြောထားတယ် ဘာမှတွေးမနေနဲ့။ နားလိုက်တော့. . ကိုကိုပင်ပန်းထားနည်းနည်း အဖျားလည်းရှိတယ်။ စိတ်ရောလူပါနားတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဝေဠု. . ဒက်ဒီကို ရက်လည်ပြီးရင် ရွာကိုပြန်ချင်တယ်။ ငါ့ကို စီစဉ်ပေးပါ"

"ပြန်ရမှာပေါ့ကိုကိုရာ။ အခုတော့နားပါဦး. . ."

ဝေဠုဘယ်လိုပြောပြော ခုချိန်မှာစိတ်က ရွာကိုပြန်နေပြီ။ မိုးအေးစိတ်ပူနေလောက်ရောပေါ့။ ကိုတင်မောင်သန့်ဆီ ဖုန်းဆက်တော့လည်း ဆက်မရ။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်

စောင့်ရဦးမယ်

ဖြစ်နိုင်ရင် ချက်ခြင်းပြန်ချင်ပြီ။

"ကိုကို. . နေကောင်းတာနဲ့ပြန်ရမှာပါ။ ခု ခဏနေပါဦး။ မမကြီးတို့မမလေးတို့တွေအကြောင်း ကိုကိုသိသားနဲ့။ သူတို့အမွေခွဲဖို့ စီစဉ်နေကြတယ်။ ကိုကိုမရှိခိုက်ဆို ကိုကို့ဝေစု လျော့သွားနိုင်တယ်။"

"လျော့ လျော့ကွာ။ ဒက်ဒီလည်းမရှိ မာမီလည်း မရှိနဲ့။ ငါမနေချင်တော့ဘူး။ အမွေမရလည်း အရေးမကြီးဘူး"

"ဘာလို့အရေးမကြီးရမှာလဲ။ အရေးကြီးတာပေါ့။ ငွေတွေရမှ ရွာမှာကိုကိုလုပ်ချင်ရာတွေ လုပ်လို့ရမယ်လေ. . ."

ဝေဠုပြောတော့လည်း ဟုတ်နေပြန်ပါတယ်။ ရွာမှာဖြစ်ချင်ရာတွေက အများကြီးရှိသေးတယ်။ သည့်အတွက် ငွေလိုမှာပဲ။





"သူတို့အမွေခွဲနေသမျှ ငါ ကြာကြာမစောင့်ချင်ဘူး။ ငါ့ကို မိုးအေးမျှော်နေလိမ့်မယ်။ မြန်မြန်ခွဲခိုင်းကွာ"

"ကိုကို လောစရာမလိုဘူး။ သူတို့လောနေကြပြီ။ ဒက်ဒီ ရက်လည်တဲ့ညမှာပဲ အန်ကယ်ဦးတင်အေးကို ချိန်းထားတယ်။ မမကြီးတို့က ကိုကို့ထက်ပိုလိုချင်ကြသေးတယ်"

ဒက်ဒီ့အသုဘမြေချတဲ့နေ့မှာ မူးလဲသွားတဲ့လူနဲ့၊ တက်သွားလို့ နှိပ်ရတဲ့လူနဲ့။ အဲသည့်လူတွေက အခုတော့ အမွေတွေရဖို့ ဆိုင်းပြင်းနေကြတာ ရည်လည်ဆွမ်းကျွေးဖို့ထက်ပဲ အရေးကြီးနေကြပြန်ပါပြီ။

"ကိုကို နေကောင်းအောင်နေ။ ခုလိုဖျားနေပုံနဲ့တော့ ရွာပြန်ရင်မကောင်းဘူး"

"ရပါတယ်ကွာ။ ငါခံနိုင်ရည်ရှိပါတယ်။"

"မရပါဘူး. . . နားဦး။ ကိုကိုသိပ်သွားချင်နေရင် ကျွန်တော်ကိုယ်တိုင် ကားမောင်းပြီးလိုက်ပို့မယ်"

"ဟင့်အင်း. . မနားချင်တော့ဘူး။ သည်မှာလက်မှတ်ထိုးစရာကိစ္စတွေပြီးတာနဲ့ ငါသွားပါရစေ။ ဖျားရင် မြို့ဆေးရုံမှာ ကုလို့ရပါတယ်"

"ကိုကိုနဲ့တော့ ခက်ပြီ"

ဝေဠုခမျာ သူ့ကိုစိတ်မချလို့ဆို အနားမှာကို လာစောင့်နေပေးရှာပါတယ်။ အိပ်ပြန်နေတဲ့အခါမှာလည်း ဒက်ဒီနဲ့မာမီတို့သာ အိပ်မက်တွေ မက်နေပြန်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝေဠုအနားမှာရှိနေတယ်ဆိုပြီး စိတ်ချလက်ချ အိပ်ပေမယ့်လည်း ဖျားနေတဲ့အရှိန်ကြောင့်ရောလား။ နောက်ပြီးတော့ လူကသာဖျားနေလို့ အိပ်ယာပေါ်မှာ နေရတာလေ။ စိတ်ကတော့ မိုးအေးရှိရာအပြင်းနှင်နေပြီ။ အိမ်ပြင်မှာ မိုးရွာနေသံသဲ့သဲ့ကို ကြားရတယ်။

"ဝေဠု. . . ဝေဠု"

"ကိုကို ဘာလိုချင်လို့လဲ"

"ကိုမြစံကို ကျောက်ပြားတွေသယ်ခိုင်းထားခဲ့တယ်။ ထော်လာဂျီတစ်စီးနဲ့ အဆင်မှပြေပါ့မလားကွာ။ ပြီးတော့ မိုးအေးတို့ကို ကျောင်းပို့တာရော အဆင်ပြေရဲ့လားမသိ။ ဦးဇင်းကျောင်းမှာရော ငါမရှိရင် ကလေးတွေကို ဟင်းကောင်းကောင်း ချက်ကျွေးနိုင်ပါ့ မလား. . .။ ဝေဠု ငါပြန်ချင်တယ်"

"ကိုကိုနဲ့တော့ခက်ပြီ။ ခုနေဖျားလို့သေရင်တောင် ရွာပြန်ရောက်သွားမလားမသိဘူး။ ပြန်ရမယ်ဗျာ ပြန်ရမယ်။ မနက်ဖြန် ရက်လည်ပြီးရင် ညနေမမကြီးတို့အမွေကိစ္စပြောမှာ။ သဘက်ခါပြန်ရမယ်"

"သဘက်ခါ. . ."

မနည်းစောင့်ဆိုင်းရမည့်ရက်တစ်ရက်ပါပဲ။ ဒါပေမယ့် ဝေဠုပြောတာ သဘာဝကျမှန်ကန်နေပြီဆိုတော့ နောက်ထပ် ပြောလို့လည်း မကောင်းတော့ဘူးလေ။ ငါ့ကိုဆေးတိုက်ရင်





နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေအောင် အိပ်ဆေး ထည့်တိုက်စမ်းပါလို့ နောက်တစ်မျိုး ပူဆာရပြန်ရော။

"ကိုကိုကတော့ တစ်မျိုးပြီးတစ်မျိုးပါလား။ မမမိုးအေးတော့ ခုလိုပုံဆိုရင် စိတ်ရှုပ်ရမယ်"

"မိုးအေးကိုတော့ ဂျီမလား။ မင်းကိုမို့ ဂျီတိုက်နေတာပေါ့။ ငါ့ကို အိပ်ဆေးများများတိုက်စမ်းပါကွာ. . ."

"ကိုကိုကတော့လေ. . ."

အနားမှာ ရှိတဲ့ဝေဠုကိုပဲ တစ်မျိုးပြီးတစ်မျိုးဂျီတိုက်နေမိတယ်။ ဝေဠုခမျာလည်း သူ့ကိုစိတ်ရှည်လက်ရှည်နဲ့ ပြောသမျှ သည်းခံဆောင်ရွက်ပေးရှာပါတယ်။ သည်အခါမှာ စိတ်ကတစ်မျိုးပြောင်းလာပြန်ရော. . .။

"ဝေဠု. . . ငါနို့ရွာမှာလိုက်နေပါလား။ သဘော်မတွက်နဲ့တော့။ ဒက်ဒီ မာမီလည်း မရှိဘူး။ မင်းနဲ့ငါမှာ ငွေတွေလည်း ရပြီ။ မင်းကို ငါ မခွဲနိုင်တော့ဘူး။

မိုးအေးနဲ့ငါ လက်ထပ်ပြီးရင် ငါတို့အိမ်မှာမင်းလိုက်နေပါ။ ငါ မင်းနဲ့အတူနေချင်တယ်။ မင်းကသချော်တော်တာပဲ။ ရွာကျောင်းမှာ သချာ်ပြတဲ့ဆရာလုပ်ပေါ့. . . နော် ဝေဠု။ ငါနဲ့ပြန်လိုက်ခဲ့ပါ ငါ မင်းကိုလည်း မခွဲချင်ဘူး"

သူ့စိတ်တွေကို ဘာဖြစ်နေတယ်မသိပါဘူး။

www.burmeseclassic.com



ဖျားလွန်းလို့များ အတွေးတွေဟိုရောက်သည်ရောက် ရောက်နေလေသလား

"ဝေဠု"

ဝေဠုလက်ကိုဆွဲထားမိပါတယ်။

"ကိုကို. . . စိတ်ကို အေးအေးထားအိပ်ပါ။ ဆရာဝန် ပေးတဲ့ထဲမှာ စိတ်ငြိမ်ပြီးအိပ်သွားမယ့်ဆေးတွေလည်း ပါပါတယ်။ ကျွန်တော့်အတွက်လည်း စိတ်မပူပါနဲ့။ ကိုကို့ကို မမမိုးအေးဆီရောက်အောင် ကျွန်တော်လိုက်ပို့ပေးမှာပါ။ ကျွန်တော်ပျော်သလောက် လည်း ရွာမှာနေပေးပါဦးမယ်။ ကဲ. . . မျက်စေ့တွေမှိတ်ထားစမ်းပါကိုကိုရာ"

ဝေဠု ခုလိုပြောတော့ စိတ်နည်းနည်းအေးပြီး မျက်ဝန်း စုံမှိတ်ထားလိုက်တယ်။ ပင်ပန်းနွမ်းနယ် နေသောကြောင့်လား မသိပါ။ ခဏအတွင်းမှာမသိစိတ် ကင်းလွတ်အိပ်မောကျသွား ခဲ့ပါတယ်။

* * * * * * * * * * 

အပြင်မှာ မိုးဖွဲဖွဲကျနေတယ်။

မီးပူတိုက်နေရင်း စိတ်တွေကမောင့်ဆီပဲ ရောက်နေ ပါလား။ ညက အိပ်မက်မကောင်းဘူး။ အိပ်မက်ထဲမှာမောင်က အဝတ်အစားအသစ်တွေဝတ်ထားပြီး အလှူ မင်္ဂလာဆောင်





သွားမယ့်ပုံစံမျိုးနဲ့ သွားမယ်မိုးအေးလို့ နှုတ်ဆက်တယ်။ မိုးလင်း နိုးကတည်းက စိတ်ထဲမှာခံစားနေရတာ လေးလံထိုင်းမှိုင်းခြင်း တွေပါ။

"အမေ့. . ."

အတွေးများပြီး မီးပူနဲ့လက် ထိမိသွားတယ်။ လက်ချောင်းလေး တွေတောင် အပူလောင်သွားပေါ့။

"ဆရာမအေး. . . ဆရာမအေး"

"ဖော်ကြီးလား. . . ဖော်ကြီး ဘာလဲ"

"အစ်ကိုလေ အစ်ကို"

"ဟဲ့ ပြောစမ်းပါ. . . ဘာဖြစ်လို့လဲ"

ဖော်ကြီးက မပြောနိုင်အောင် မောနေသေးတယ်။ ကျွန်မမှာဖြင့် ထူထူပူပူနဲ့ ဘာလုပ်ရမှန်းမသိတော့။

"အစ်ကို မြို့ဆေးရုံရောက်နေတယ် ပြောတာပဲ။ ဟိုဘက်ရွာက ကိုလှမောင်ကြီးမြို့ကပြန်လာတယ်။ မြို့အဝင်မှာ လိုင်းကားမှောက်သွားတယ်ပြောတယ်။ မင်းတို့ဘုန်းကြီးရဲ့ သူငယ်ချင်းလည်းပါတယ်။ သွေးတွေနဲ့တဲ့။ ဆေးရုံကိုရောက်သွား ရောပေါ့လို့ ပြောတယ်"

"ဘုရား. . . ဘုရား"

ဒေါ်လေးတော့ ရင်ဘတ်ဖိ ဘုရားတနေပြီ။ ကျွန်မ တတော့ ငါဘာလုပ်မလဲဆိုတဲ့ အတွေးတွေချည်းခြင်း တွေးနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ထော်လာဂျီဘယ်မလဲ ဇော်ကြီး"

"ကိုမြစံက ဟိုဘက်ရွာမှာ ကျောက်ပြားသွားယူတယ်။ အစ်ကိုပြန်လာရင် ကျောင်းထဲကစေတီကို သွားမယ့်လမ်း ဆက်ခင်းရအောင်တဲ့"

"ဘကြီးသောင်းလှည်းရော"

"လှည်းမရှိဘူး။ မြို့တက်သွားတယ်"

ငါ ဘာလုပ်မလဲ။

ကျွန်မဘာလုပ်ရမလဲ။

"လာ. . . ဇော်ကြီး"

ဇော်ကြီးလက်ကိုဆွဲပြီး အိမ်ပေါ်ကဆင်းလိုက်တယ်။

ဟဲ့. . . မိုးအေး။ ဟဲ့. . . မိုးအေးနဲ့ ဒေါ်လေးက ခေါ်နေတာလည်း မကြားတော့။

ကျွန်မမှာ ခြေထောက်တွေရှိနေတာပဲ။ ရင်ကိုဖိပြီး လှည်းကြုံစောင့်လို့ အိမ်မှာထိုင်မနေနိုင်။ ကျွန်မချစ်တဲ့ မောင်ရှိရာကို ခြေလှမ်းတွေနဲ့အရောက် ဘာလို့မလှမ်းနိုင်ရမှာလဲ။ အရောက်လှမ်းမယ်။

"ဆရာမအေး မိုးသည်းလာပြီ"

"သည်းပစေ"

မိုးသည်းမှာ ဆောင်းစရာမပါ။ ရပါတယ်။ မိုးလည်း ဂရုမစိုက်နိုင်။ ကျွန်မစိတ်ဟာ မောင့်ဆီအပြေးနှင်နေပြီ





ကျွန်မချစ်သူ ဘာမှမဖြစ်ပါစေနဲ့။ မိုးတွေက ရွာမှထွက်ကတည်းက ပိုသည်းလာတယ်။ သည်းလိုက်သမှ ဘေးပတ်ဝန်းကျင် တော်တော်လှမ်းလှမ်းပင် ဘာမှမမြင်ရ။

မိုး. . .

ငြိုးတတ်ပါသလား. . .

ကျွန်မမျက်ရည်စကို အနိုင်ယူဖို့များ အငြိုးနဲ့ရွာသလား မိုးရယ်. . .

ကျွန်မ ဘာကိုမှမမြင်နိုင်ပါဘူး

ပါးပေါ်ဖြိုင်ဖြိုင်ကျဆင်းနေတာ မျက်ရည်စပါ။ မိုးစက်တွေနဲ့ပူးပေါင်းပြီး ကျွန်မရင်ကိုခွဲနေတာလား

မပြေးယုံတမယ် လှမ်းရတဲ့ခြေလှမ်းတွေကလည်း ဗွက်ပြင်ရွာအရောက်မှာ အယိုင်ယိုင် အနဲ့နဲ့ဖြစ်စပြုနေပြီ။ ခဏခဏ ချော်လဲလို့လည်း ရွှံ့တွေရေတွေက ရွဲနစ်နေသလိုပါလား။

အချစ်ဟာ ပြင်းစွာသော သောကကိုရရှိစေပါလား။

"ဆရာမအေး. . . ကျွန်တော်ဆေးမှူးအိမ်က လှည်း သွားကြည့်ဦးမယ်။ ဖြည်းဖြည်းလျှောက်ခဲ့ပါ။ မြို့ကို တဝက်ခရီး ရှိသေးတယ်။ ခုပုံစံဆို ဆရာမအေးလျှောက်နိုင်မယ်မထင်ဘူး"

ကျွန်မကိုကြည့်ပြီး ဇော်ကြီးက သူ့ဖာသာအစီအစဉ် ချခဲ့တယ်။ စိတ်ကြောင့်လားမသိ တစ်ကိုယ်လုံးလေးလံနေပါလား။ ခြေလှမ်းတွေက မသွက်လက်နိုင်ဘဲ နောက်ပြန်ဆွဲနေသလိုလို။

www.burmeseclassic.com



မောင် ဘာမှမဖြစ်ပါစေနဲ့ဆိုတဲ့ ဆုတောင်းဟာ ခုတောင် ထပ်တလဲ ရေရွတ်နေယုံပါပဲ. . .။

လှည်းကို အဆင်သင့်တွေ့နိုင်တာတောင် လှည်းပေါ် ခြေလှမ်းမကြွနိုင်တော့။ ဖော်ကြီးကလှည်းပေါ် ဆွဲတင်ရတယ်။ ဆေးမှူးရဲ့ညီ ကိုမြတ်ကျော်ကတောင်မှ ကိုသက်မင်းခိုင်လား။ သိတာပေါ့။ ထော်လာဂျီတစ်စီးနဲ့ သည်လောက်သွားလာနေတာ ဘယ်မသိဘဲရှိပါ့မလဲ။ ဖြစ်မှဖြစ်ရလေတဲ့။ မောင် ဘာမှမဖြစ်ပါဘူး။ ဘာလို့ဖြစ်ရမှာလဲ။ ကျွန်မနဲ့ထာဝရလက်တွဲလျှောက် ရမယ့် ခရီးလမ်းရှည်ကြီး ကျန်သေးတယ်။ မောင်ကဘယ်တော့မှ လွယ်လွယ်နဲ့ကျွန်မကို လက်တွဲဖြုတ်မှာမဟုတ်ပါ။

"ဆရာမဒေါ်. . .စိတ်မညစ်ပါနဲ့။ အစ်ကို ဘာမှ မဖြစ်နိုင်ပါဘူး။ အစ်ကိုက စိတ်စေတနာကောင်းတဲ့လူပါ။ ဘုန်းဘုန်းပြောသလို သူ့စေတနာကသူ့ကို အကျိုးပေးပါ လိမ့်မယ်။ ဘာမှမဖြစ်နိုင်ပါဘူး"

ကလေးက ပြန်အားပေးရတဲ့အခြေအနေ ရောက်နေခဲ့ ပါပြီ။ မိုးရေစက်တွေနဲ့ မျက်ရည်စဟာ ကျွန်မရဲ့သောကကို သိသာနေစေပါလား။

မောင့်ကို သိပ်ချစ်ပါတယ်။

ကျွန်မအနားက မောင် ထွက်ခွါသွားဖို့ဆိုတာ အပြီးတိုင် မပြောနဲ့ ခေတ္တခဏကလေးပင် မခွဲရက်သူပါ မောင့်ရယ်. . .

* * * * * * * * * *



ဝေမျှက သူကျိုတိုက်လွန်းလို့ ကိုယ်တိုင်လိုက်ပို့တာပါ။ သူဖျားနေတာ မပျောက်သေးပါဘူး။ အမွေကိစ္စတွေ လက်မှတ် ထိုးလိုက်ကြပြီ။ ဝေစုတော်တော်များများရပါတယ်။ နေလက်စ တိုက်ကြီးကိုတော့ မမလေးတို့ကရသွားတယ်လေ။ ဝေမျှက နေစရာတောင် မရှိတော့ဘူး။ ကိုကိုနဲ့ရွာပဲလိုက်သွားမယ်ဆိုပြီး ညီအစ်ကိုနှစ်ယောက် ထွက်လာခဲ့တာပါ။

"ကိုကို. . .စိတ်ဆောင်နေလို့သာ။ လူတာမဟန်နိုင် သေးပါဘူး။ အဖျားသွေးရှိသေးတယ်"

ဝေမျှကသူ့ရင်ခွင်ထဲမှာ သိမ်းဖက်ထားပေးပါတယ်။ ဝေမျှကိုမှီပြီး တစ်လမ်းလုံးလိုက်ခဲ့ရတာ။

ညီအစ်ကိုမောင်နှမတွေရဲ့သွေးတွေဟာ ကျဲတဲ့လူကြ တော့လည်း ကျဲပါလားလို့ ကျွန်ရစ်ခဲ့တဲ့ အစ်ကိုတွေအစ်မတွေ ဆီလည်း စိတ်ရောက်တယ်။

"ကျွန်တော့်သဘောကတော့ ကိုကိုရွာထိမပြန်နဲ့ဦး။ မြို့ဆေးရုံမှာ တစ်ရက်၊ နှစ်ရက်ဆေးကုခံလိုက်။ ရွာကိုကျွန်တော် လှမ်းအကြောင်းကြားပြီး မမမိုးအားခေါ် ပေးမယ်. . ."

"မလုပ်ပါနဲ့ကွာ။ ငါဆေးရုံတက်ရတယ်ဆိုပြီးများ မိုးအားဆီသတင်းရောက်ရင် မင်းအစ်မစိတ်ပူလိမ့်မယ်မှာ. . .။ ရွာပြန်ရအောင်ပါ။ မြို့ဆေးခန်းမှာ ဆေးဝင်ထိုးပြီးရွာပြန်မယ်"

www.burmeseclassic.com



"ကိုကိုကလေ သိပ်မပေနဲ့။ ဒက်ဒီလည်း အဲလို ပေလွန်းလို့ မသေသင့်ပဲသေတာ။ ကိုကို့ဘဝမှာအသက် ရှည်ရှည်နဲ့ ပျော်ပျော် ရွှင်ရွှင်နေရဦးမယ့်အချိန်တွေမှာအများကြီး။ ပေနေရင်မကောင်းဘူး။ ခုချိန်ကျွန်တော့်စကားနားထောင်။ ကျွန်တော့်စကားကို ကိုကိုနားမထောင်ရင် ရွာမှာကျွန်တော် မနေဘူး"

"အေးပါကွာ. . . အေးပါ"

ဝေဠုစိတ်မကောင်းမဖြစ်စေလိုပါ။

သံယောဇဉ်ဆိုလို့ သူတို့မှာသည်ညီအစ်ကိုပဲ ရှိတော့တာလေ။ ဝေဠုကို မီပြီးလိုက်လာခဲ့တယ်။ မိုးအေး ကတော့ သူပြန်လာပြီဆိုရင် ဝမ်းသာမှာပါပဲ။ ပြောမည့်သာ ပြောရတာ။ ဝေဠုစီစဉ်တာအရမ်းကောင်းပါတယ်။ နေမကောင်း နေတာမှ စိတ်ကြောင့်သာ မိုးအေးရှိရာအရောက်လာခဲ့တယ်။ ပတ်ဝန်းကျင်က ခရီးသည်တွေလည်း မရှက်နိုင်။ ဝေဠုရင်ခွင်ထဲ ခွေနေမိတယ်။

"မောင်သက်ပါလား. . . နေမကောင်းဘူးလား"

နှုတ်ဆက်နေတာဘယ်သူလဲလို့တောင် မျက်ဝန်းဖွင့် မကြည့်နိုင်တော့ပါ။ လူက လေးလံထိုင်းမှိုင်းလွန်းနေပြီလေ။

"ကိုကိုနဲ့သိလား။ ကိုကိုဖျားနေလို့ ဒေါ်ဒေါ်"





"သိပါတယ်။ အကြီးတို့က မောင်သက်ထော်လာရို ကပ်စီးနေတြလေ။ အကြီးက စံပြရွာကပါ. . ."

မိုးအေးတို့ကျောင်းကလေးရှိတဲ့ ရွာကပါလား။ မျက်ဝန်းဖွင့်နိုင်ရင်တော့ အသိဖြစ်ပါလိမ့်မယ်။ ခုတော့ စကားသံတွေကပင် ကြားတစ်ချက်၊ မကြားတစ်ချက်ဖြစ်နေ ခဲ့ပြီပဲ။ ကားသံကလည်း ဆူညံလွန်းပါလား. . .။ ဘာသံတွေ ဆူညံနေမှန်းကိုမသိ။

"သား. . ."

"ဟင်. . . ဒက်ဒီပါလား"

ဒက်ဒီက ဘယ်လိုရောက်လာတာလဲ။ ဒက်ဒီမသေ သေးပါလား။ လက်စသတ်တော့ ဒက်ဒီ့ကို သေဆုံးသွားပြီလို့ သူတို့ထင်နေကြတာပဲ။ တကယ်တော့ ဒက်ဒီက သေမှမသေ သေးတာ။ ဝမ်းသာလိုက်တာ။

"ဒက်ဒီ. . . ဝမ်းသာလိုက်တာ၊ ဒက်ဒီမသေဘူးနော်"

"ဟဲ့. . . ဟဲ့. . . ဟဲ့နွား. . . နွားကတော့လေ"

"မအော်နဲ့လေ. . . မအော်နဲ့"

ဘာသံတွေလဲ. . . ဆူညံနေတာပါလား၊ လူတစ်ကိုယ် လုံးလည်း ယိမ်းထိုးလှုပ်ခါနေသလိုပါပဲ။ ဒက်ဒီရောရှိသေးလား ဆိုတော့ ရှိနေပါသေးလား။

"မှောက်တော့မယ် ကား"

www.burmeseclassic.com



ဘာဖြစ်တာလဲ ကျွန်တော့်တစ်ကိုယ်လုံးက နာကျင်ခြင်းတွေနဲ့ တလိမ့်လိမ့်လိမ့်ဆင်းနေသလိုပါပဲ။ မရပ်မနား မြုတ်ကျနေတဲ့ အသည်းတအေးအေးခံစားမှုကြောင့် ကြည့်မိတယ်။

"ဟင်. . . ဒက်ဒီ"

ဒက်ဒီက သူ့ကိုပွေ့ပေးထားပါလား။ သူ့ကိုပွေ့ထားပေးတာ ဝေဠုမှမဟုတ်ပဲ၊ ဒက်ဒီဖြစ်နေပါလား၊ သည်အခါမှာ နာကျင်မှုတွေက ဖော်ဖော်သက်သာသလိုဖြစ်သွားတယ်။

"ဒက်ဒီ"

"မင်း နေခဲ့ဦးလေ"

"ဟင့်အင်း. . . ဒက်ဒီနဲ့ကျွန်တော်လိုက်မယ်"

"မင်းကိုခေါ်မလာနဲ့လို့ မင်းအမေကပြောတယ်။ မင်းနေခဲ့ဦး"

"ဟင့်အင်း. . . ကျွန်တော်လိုက်ပါရစေ"

ဒက်ဒီလက်ကိုဆွဲထားမိတယ်။ ဘာလို့အတင်းရုန်းနေရတာလဲဒက်ဒီရယ်။ မီဘနှစ်ပါးနဲ့အတူ နေရမယ့်နေရာမှာ သူနေချင်လွန်းလို့ပါ။

"သွားစမ်း. . . မင်းနေခဲ့၊ မင်းနေရမှာ သည်နေရာပဲ"

တွန်းပစ်လိုက်တဲ့အခါ ထူးဆန်းစွာလွင့်ထွက်သွားပါလား။ လွင့်စင်ထွက်လာတဲ့အရှိန်ဟာ နူးညံ့တဲ့အတွေ့အထိ





တစ်ခုကြောင့် ရပ်တန့်သွားတယ်၊ မော့ကြည့်မိတဲ့အခါမှာ ဝေဠုပါလား။ ဝေဠုကသူ့ကို တင်းတင်းကြပ်ကြပ်ဖက်ထားတယ်။

ညီအစ်ကိုနှစ်ယောက် ပူးပူးကပ်ကပ်၊ တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်ကြတာ။

"ကိုကို. . . ကိုကို"

ဝေဠုနှုတ်ဖျားမှအသံဟာ ဟိုးအဝေးကြီးကလာနေသလိုပါပဲလား၊ ဝေဠု. . . ဝေဠု ဒက်ဒီနဲ့မာမီက ငါ့ကိုမခေါ်ဘူးကွာလို့ ညည်းညူရင်း ဝေဠုကိုဖက်ငိုနေမိတယ်။ နာကျင်နေတဲ့ ခံစားမှုဟာ ရင်ထဲမှာသာမက တစ်ကိုယ်လုံးဆီကူးခတ်ပျံ့နှံ့နေသလိုပါပဲလား။

* * * * * * * * * *

ဆေးရုံလှေကားသုံးထစ်တောင်မှ ကျွန်မခြေလှမ်းက မလှမ်းနိုင်တော့သလိုပါပဲ၊ ဇော်ကြီးကို အတင်းမှီထားရတယ်။ လူတစ်ကိုယ်လုံးလည်း မိုးတွေရွှံ့တွေနဲ့ ဖြစ်ချင်တိုင်းဖြစ်နေပါပေါ့။ သည်အခိုက်မှာ ခုံတန်းလေးမှာထိုင်နေသူကို ကျွန်မမြင်လိုက်ပါတယ်။

"ဝေဠု. . . ဝေဠု"

"ဟင် မမမိုးအေး"

ဝေဠုလျှောက်လာတဲ့အခါ၊ အနီးရောက်တဲ့အခါ ကျွန်မအင်အားတွေအကုန် ကုန်ခမ်းသွားသလို ဝေဠုကိုမှီပြီး ကျွန်မယိုင်လဲနေမိတယ်။

"မောင်. . . ဘယ်မှာလဲဟင်"

အဖြေစကားကိုကြားချင်သလို။

ကြားရမှာမဝံ့ရဲလိုက်တာ။

မောင့်ကို မခွဲနိုင်ဘူးနော်။

မောင် ကျွန်မကိုဘယ်တော့မှမခွဲရဘူး. . .

"ကိုကိုရှိပါတယ်။ နဂိုရ်ထဲက အရမ်းဖျားနေတယ် မမမိုးအေး။ မပြန်ပါနဲ့ဆိုတာ ပြောမရဘူး။ ဖျားနေတဲ့ကြားက ပြန်လာတာ"

"ကားမှောက်လို့ဆို. . ."

"ကားကနွားကိုရှောင်ရင်း အေးယိုင်သွားတာပါ။ ကျွန်တော်တောင် လက်အဆစ်လွဲသွားသေးတယ်"

ခုမှပင် ဝေဠုလက်ကပတ်တီးမြင်မိတယ်။ ဝေဠု မျက်နှာလေးပေါ်မှာ ပွန်းပဲ့နေတဲ့ ဒဏ်ရာလေးတွေလည်း ခုမှမြင်မိတယ်။

"တစ်လမ်းလုံး ကျွန်တော်ပွေ့လာတာ၊ သည်ရောက်တော့ သတိလစ်ပြီး ကယောင်ကတမ်းတွေပြောနေလို့ ဆေးရုံတန်းတင်လိုက်ရတယ်။ မမမိုးအေးဆီ အကြောင်းကြားမလို့ လူကြုံမတွေ့သေးလို့. . ."





"ခုရော. . ."

"အခုတော့ ဆေးထိုးဆေးတိုက်ထားတယ်။ အိပ်ပျော်နေတာပဲ။ သတိရလာမှာပါလို့ ဆရာဝန်ကပြောတယ်။ မမမိုးအေး အဝတ်လဲမှထင်တယ်၊ ရွှဲနစ်နေတာပဲ။ တော်ကြာ နေမကောင်းဖြစ်မယ်. . ."

"ရပါတယ်. . ."

"ကိုကို့ကို မမမိုးအေး ခဏစောင့်ပေးပါ. . ."

မောင်. . .

အိပ်ပျော်နေတာလား. . .

အနားမှာ ကျွန်မရောက်နေပြီလေ. .

မောင်ကဖျားနေတာတဲ့ ကျွန်မလက်တွေက မိုးရေတွေကြောင့် စိုရွှဲအေးစက်နေတာ။ မောင့်လက်ကိုဆုပ်ကိုင်ပေးဖို့တောင်မဖြစ်နိုင်။ မောင့်ကိုပဲ တစိမ့်စိမ့်ကြည့်နေမိပါတယ်။ ဖျားနေလို့နားပါဦးပြောတာတောင်မရဘူး၊ ဟိုကကိစ္စတွေ ပြီးတာနဲ့ အတင်းပြန်လာသတဲ့. . .။

ဘာကြောင့်လဲ မောင်။

ကျွန်မကခံစားတတ်ပါတယ်။

ကျွန်မကိုသိပ်ချစ်လို့မဟုတ်လား။

ကြည်နူးပီတိဝေရပါတယ်။

www.burmeseclassic.com



ကျွန်မကလည်းမောင့်ကို သိပ်ချစ်ပါတယ် မောင်ရယ်. . .

"မိုးအေး. . . မိုးအေး"

မောင့်နှုတ်ဖျားမှခေါ်သံသည်ပင် ကျွန်မနာမည်လို့ သိရတဲ့အခါ. . . မျက်ရည်ရစ်ဝဲမျှ ကြည်နူးရပြန်ပါရော. . .။

"မောင်. . . ကျွန်မရှိပါတယ်"

ဘဝ်တူညီသော ချစ်ခြင်းရှိတယ်ဆိုတာ ကျွန်မယုံပါပြီ။ မောင့်ကို ဟိုးအရင်က မယုံကြည်နိုင်ခဲ့တာလည်း သိပ်ချစ်လွန်းလို့ပါမောင်၊ အခုတော့ ကျွန်မသိပြီ။ မောင့်ကကျွန်မကို သိပ်ချစ်ပါတယ်။ သည်ခံစားမှုတစ်ခုနှင့်ပင် ကျွန်မကြည်နူးချမ်းမြေ့ရပါပြီမောင်ရယ်. . .။

* * * * * * * * * *

မိုး. . .

သည်းနေပါတယ်။

အခုတော့ သည်းချင်သလောက်သည်း. . .

မိုးက မခြိုးတတ်ဘူးလို့ ကျွန်မသိပြီ။

မောင်နဲ့ကျွန်မရဲ့ လက်အစုံကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ထားမိကြပြီလေ။





"စိတ်ပူလိုက်ရတာမောင်ရယ်၊ ခုမှပဲ ကျွန်မရင်ထဲအေးသွားရတော့တယ်"

မောင့်အပြုံး. . .

ကျွန်မအတွက်တော့ ချစ်စရာအတိပြီးပါတယ်။

"မောင်ပြန်လာမှာပါ မိုးအေးရယ်. . . ကတိပေးခဲ့တယ်လေ။ နောက်တစ်ခါ ထပ်ပေးရဦးမယ်. . ."

ပါးပြင်ပေါ်မှာ အနမ်းပွင့်ဟာ ခုထိနွေးထွေးဆဲပါလေ။

"ဖော်ကြီးပြောလို့ မောင်သိရပြီ၊ မောင့်ကိုမိုးအေးသိပ်ချစ်တာပဲနော်"

"မောင်လည်း မိုးအေးကိုသိပ်ချစ်တာ မိုးအေးယုံပါပြီ"

ထပ်တူညီချစ်ခြင်းအတွက် နှစ်ယောက်လုံးပီတိ ဖြစ်ရတာပဲမဟုတ်လား။

"မောင်တို့နှစ်ယောက် ဟိုးအရင်ကစိတ်ကူးခဲ့တဲ့အတိုင်း ကိုယ်တတ်စွမ်းသမျှ လိုအပ်တဲ့နေရာအားလုံးကို ဖြည့်ဆည်းကြမယ်နော် မိုးအေး"

"ကျွန်မတို့စိတ်ကူးအားလုံးဟာ ချစ်ခြင်းလိုပဲထပ်တူညီပါ မောင်. . ."

ပြတင်းမှလှမ်းကြည့်ရင် နှယ်သာကီပင်လေးတွေ ယိမ်းထိုးနေတာမြင်ရတယ်။ သည်းနေတဲ့မိုးဟာ မခြိုးတတ်ပါဘူးလို့ ကျွန်မယုံပြီမောင်. . ။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီကိုပြုစုခဲ့တဲ့ကုသိုလ်တွေလည်း မောင်ရခဲ့ပြီ။ နောက်ထပ်မိုးအေးလက်ကိုတွဲပြီးတော့ အများအကျိုး ကိုယ့်အကျိုးမျှတတဲ့၊ စာနာတဲ့ဘဝလေးကိုပဲ တည်ဆောက်တော့မယ်"

"ကျေးဇူးတင်တယ် မောင်"

"ကျေးဇူးတင်ရင် တနမ်းနမ်း"

"ဟယ် ပေါက်ကရ"

မောင်ရယ်နေတယ်။

ကျွန်မချစ်သူရယ်သံလောက် နားစည်မှာချိုမြိန်သော သံစဉ် ရှိအုံ့မထင်ပါ။

"မောင်. . ."

"ဟင်. . ."

"ဟိုမှာကြည့်စမ်းပါဦး"

ကောင်းကင်မှာဗျိုင်းလေးသုံးကောင် ပျံသွားတာ မြင်ရတယ်။ မိုးတွေတော့ စိုကုန်ပါပြီ။ မောင်ပြောတဲ့ မိသားစု ကလေးတစ်ခုနေမှာပါ။ သူတို့ဘဝလေးမှာ သူတို့ပျော်နေကြမှာ ပါလား။

"သုံးယောက်ဆိုနည်းတယ်။ မောင်တို့မိသားစုက ဆယ်ယောက်၊ ဆယ့်ငါးယောက်ရှိမှ"

"မောင်. . . နော်"





"ဘာပြောလို့လဲ၊ ဝေဠုလည်းရှိမယ်၊ ဖော်ကြီးလည်း ရှိမယ်၊ ကလေးတွေလည်း အများကြီးလေ. . ."

ကျွန်မရဲ့မျက်စောင်းလေးကိုမြင်တော့ အရမ်းလွမ်းတဲ့ အထဲမှာ အဲ့သည့်မျက်စောင်းကလေးလည်းပါတယ်လို့ မောင်ကဆိုပါတယ်၊ တော်ပြီမောင်ရယ်. . . နောက်ဆိုဘဖြစ်လို အလွမ်းတွေမှ မရှိချင်တော့ပါဘူး။

မောင်က ကျွန်မပုခုံးစွန်းမှာမှီထားတယ်၊ အနားမှာ မောင်ရှိနေခြင်းဟာ အရာအားလုံးကိုပြီးပြည့်စုံစေပါတယ်လို့ ကျွန်မ ဟိုးအရင်ကပင် ပြောပြီးပါပြီကော. . .။

"မိုးအေးကို ချစ်တယ်"

အတူတူပဲပေါ့မောင်ရယ်. .

ပြတင်းကနေတစ်ဆင့် မိုးပေါက်တွေဝင်လာပါ ရောလား. . .။

တံခါးတစ်ချပ်က လေအရှိန်နဲ့ပွင့်သွားတယ်။

သည်းလည်းသည်းတဲ့မိုး။

သည်းစမ်းပါစေ။

ကျွန်မချစ်သူဟာ ကျွန်မရင်ခွင်ထဲမှာ ရှိနေပြီပဲ။

မငြိုးတတ်ပေမယ့် သည်းလွန်းသောမိုးကတော့ အပြင်မှာရွာလို့ကောင်းနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် ရင်ထဲမှာရှာနေတဲ့မိုးကတော့ အချစ်မိုးတွေဖြစ်ပါလိမ့်မယ်။

သည်တော့ အဲသည့်အချစ်မိုးတွေကလည်း ငြိုးတတ်မှာ မဟုတ်ပါဘူး။

ရွာစမ်းပါစေ. . .

သည်းစမ်းပါစေ. . .

ကျွန်မကမောင့်ကိုသိပ်ချစ်လို့။

မောင်ကကျွန်မကိုသိပ်ချစ်လို့။

ရွာတဲ့အချစ်မိုးတွေပဲလို့ ကြည်နူးလိုက်တော့မယ် နော်. . . မောင်. . . . ။

* * * * * * * * * *

BURMESE CLASSIC

www.burmeseclassic.com